www.burmeseclassic.com

# လရောင်ကျူးရင့်

## မှော်ဝင်နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်နိုင်ယုဝင်း (၀၁၆၆၁)
ရွှေငွေပိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃
မော်ဝင်နှင်းဆီ/ လရောင်ကျူးရင့်၊
ရန်ကုန်၊ ရွှေညာဆိုလင်းစာပေ၊ ၂၀၁၆။
၂၄၀ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) မော်ဝင်နှင်းဆီ




## အခန်း (၁)

တစ်သံတည်းသော ခွေးအူသံက ဆွဲငင်ရှည်လျားစွာထွက်ပေါ်လာ
...လျက် ညဥ့်၏နက်ရှိုင်းခြင်းကိုပို၍ အကျည်းတန်သွားစေခဲ့သည်။
...ပြင် ...။

ရာသီဥတုရဲ့ ကတိမတည်ခြင်းကြောင့် လာချင်တိုင်းလာ၍ ပြန်
...သလိုပြန်သွားတတ်သည့် လေပြင်းရိုက်ခတ်မှုက ငြိမ်သက်သွားတာ
...သော်လည်း ခေါင်းထောင်လာပြီဆို ဟူးဟူးရားရားပြင်းထန်စွာ ...။

မှောင်၍နက်ရှိုင်းသော တောကြီးအလယ်မှာ "လိပ်ကျွန်း" ရွာလေး
...ာ ပုပင်ကြောင့်ကြမ့် အိပ်မောကျနေခဲ့၏။ ထိုစဉ် သစ်လုံးအိမ်ကလေး
...တစ်လုံးမှာ နီကျင့်ကျင့်မီးရောင်လေးလက်လာ၏။ ခဏအတွင်းမှာ ထို
...အိမ်ကလေးက ရွေ့လျားလာခဲ့သည်။

ပိတ်ထားသည့် တံခါးချပ်ပွင့်သွားသည်နှင့် လေတိုးသံတွေစတင်
...ည်ဟီးလာလျှင် မီးအိမ်အဝက အတွင်းဘက်ကိုလှည့်သွား၏။ ထိုအခါ
...မှ မီးအိမ်ကိုဆွဲကိုင်လာသူ၏ အသွင်သဏ္ဌာန်က ပီပြင်လာခဲ့သည်။

လှပချောမောသည့် မိန်းကလေးတစ်ယောက်၏အသွင်သဏ္ဌာန်က

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်သက်သော မီးရောက်အောက်မှာ စိတ္တဇဆန်နေ၏။ အဖြူရောင် အကျီလက်ရှည်ပွပွနှင့် ဖျင်ထမီကိုဝတ်ထားကာ ကျောနောက်မှာ ဖြန့်ချထားသည့်ဆံပင်ရှည်တွေက ခြေသလုံးတစ်ဝက်အောက်ကျော်ကာ ခြေဖနောင့်ဆီပြေးထိဖို့ ဦးတိုက်ကြိုးပမ်းနေကြ၏။ ဆံပင်တစ်ရပ် လူတစ်ရပ်နှင့် သူမသည် …၊

"ဥဒေါင်း …"

သူမ ခြေလှမ်း အပြင်ကို ကျူးလွန်ရောက်ရှိသွားသည်နှင့် သူမရှေ့မှာ လူရိပ်တစ်ရိပ်က တားဆီးထားလျက် …၊

"ရာသီဥတုမကောင်းဘူး အပြင်မထွက်ပါနဲ့ …"

သူမထံမှ ရုတ်တရက်အသံထွက်မလာခဲ့ပေ …။

"ဥဒေါင်း ဘာလုပ်မလို့လဲဆိုတာ ကျွန်တော်သိတယ် …"

"စပ်စုတာ ငါ မကြိုက်ဘူး …"

နူးညံ့သည့် မိန်းကလေးသံသည် ခက်ထန်ပြတ်သားနေပေမယ့် နူးညံ့ခြင်းအလုံးစုံကို ဖုံးကွယ်နိုင်ခြင်းမရှိ …။ သူမ မျက်နှာလေးကိုမြင်ရဖို့ သူကြိုးစားခဲ့သည်။ သူမရဲ့အသံလေးကိုကြားလိုက်ရတိုင်း အသွေးအသားထဲကလာသည့် နှစ်သက်မြတ်နိုးခြင်းက အချိန်တိုင်းမှာ အင်အားကြီးမနေလျက်ရှိ၏။

စကားနည်းလွန်းသဖြင့် ကြားခဲ့ရသည့်ထိုအသံကို နားစွံ့ရင်း သူ တဒင်္ဂငေးငိုင်သွားခဲ့၏။ ပြီးမှ …၊

"ကျွန်တော်စပ်စုတာ မဟုတ်ပါဘူး … ဥဒေါင်း ရဲ့ဘေးမှာ အနေကြာလာခဲ့တဲ့အတွက် …"

"ငါ့ကို စောင့်ကြည့်နေတာ … မင်း …"

"မဟုတ်ရပါဘူး … ကျွန်တော်က ဥဒေါင်း ပေးတဲ့အသက်နဲ့ ဆက်လက်အသက်ရှင်သန်နေရတဲ့သူပါ …"

သူမထံမှ တိတ်ဆိတ်နေ၏။



"ရာသီဥတုက ဒီ့ထက်ဆိုးတော့မှာ … ဥဒေါင်း ရဲ့ ခေါင်မိုး မိုးယိုမှာစိုးလို့ ဒီမှာလာပြီး …"

"ငါ့အတွက် မင်း တာဝန်ကျေချင်နေတာ ငါမကြိုက်ဘူး …"

"ကျွန်တော် …"

"သွားတော့ …"

လေတိုးသံတွေ တဖျောဖျောမြည်လာပြီး ချက်ချင်းဝုန်းဒိုင်းကြဲတိုးတိုက်သွား၏။ ပြီးတော့ အဝေးကိုရောက်သွားသလိုနှင့် ပတ်ဝန်းကျင်မှာ ခဏလေးတိတ်ကျသွားကာ …၊

"ဝုန်း … ဖြောင်း …"

လေပြင်းက ရုန်းရင်းဆန်ခတ်ဖြစ်လာသည်။ သစ်ပင်ကြီးတွေ ဖျတ်ဖျတ်လူးရမ်းခါလာစဉ် သစ်ကိုင်းခြောက်တွေ ကျိုးကျေကုန်၏။

"ဥဒေါင်း လုပ်မယ့်အလုပ်ကို ကျွန်တော် လုပ်ပေးပါ့မယ်၊ တောင်းပန်ပါတယ် … အိမ်ထဲပြန်ဝင်ပါ …"

"မင်း … ခုထွက်သွားစမ်း …"

တင်းမာသည့် စကားသံက ဝင်းခနဲလျှပ်ရောင်နှင့်ထပ်တူကျကာ သူ့နောက်ကိုခြေလှမ်းဆုတ်လိုက်သည်။ သူမက ရှေ့ကိုဆက်လှမ်းသွားခဲ့၏။

နောက်ကြောင်းမပြန်လိုတော့သည့် မိုးသက်လေပြင်းက အရှိန်မမှန်ပေမယ့် ငြိမ်သက်သွားသည်မရှိတော့ပေ …။ ထိုအခါ ဘေးကနေ ဖြတ်လျှောက်သွားသည့် ဥဒေါင်း ရဲ့ ဆံနွယ်တို့သည် မြွေလွှာတစ်ခု၏ အနားစသဖွယ် တဖျတ်ဖျတ်လွင့်ခဲ့လျက် သူ့ရဲ့ လက်တစ်ဖက်ကို ပုတ်ခတ်ကျီစယ်သွားကြ၏။

ကိုယ့်လက်ကို ပြန်ငုံ့ကြည့်မိသည်။ မှောင်နက်မည်းမည်းမှာ ဘာမှ မမြင်ရပေမယ့် ဥဒေါင်း ရဲ့ ဆံနွယ်တွေ တို့ထိယှက်နွယ်သွားခဲ့သော လက်ကောက်ဝတ်နဲ့ လက်ခုံတို့က နွေးနွေးဖြာဖြာကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုပင့်၍ မျက်လုံးတွေရှေ့မှာ အနီးကပ်ကြည့်သည်။ ပြီးတော့ ထိုလက်ခုံနှင့် ကိုယ့်ပါးကို ထိကပ်၍ ...

"ကျွန်တော့်စေတနာကတော့ ဖြူစင်ပါတယ် ဥဒေါင်း ရယ် .."

တိုးသဲ့သည့်စကားသံသည် သစ်ရွက်သစ်ကိုင်းတို့၏ ဒေါသလေပြင်းကြားမှာ ပျောက်ကွယ်ခဲ့၏။ ဥဒေါင်း၏ ခြေလှမ်းတွေက သူမ၏ ခြံကျယ်ကြီးတစ်ဆုံးထိ ဖြောင့်တန်းစွာသွားနေခဲ့လျက် ကျွန်းပင်ပျိုလေးတွေ သုံးပင်တန်းလျက်ရှိနေသော ခြံ၏မျက်နှာစာခြေရင်းထောင့်မှာ ရပ်သွားခဲ့သည်။

သူမရဲ့ ရှေ့တည့်တည့်မှာတော့ အုပ်ခဲရှည်လျားစွာရှိနေကြသည့် စပါးလင်ပင်အုံကြီးတစ်အုံ ...၊

ယပ်တောင်ကဲ့သို့ ယှက်ဖြာနေသော သန်စွမ်းထောင်ကားနေသည့် စပါးလင်တွေကို တိတ်ဆိတ်စွာရပ်ကြည့်နေရင်း တဟူးဟူး တဖြန်းဖြန်း တိုက်ခတ်နေသော လေသံမိုးသံတို့ကို မသိကျိုးကျွံပြုနေခဲ့သည်။

ငြိမ်းသေတော့မတတ် လွန့်လူးလှုပ်ရှားနေသော ကိုင်ထားသည့် မီးအိမ်ထဲက မီးကိုလည်း ဂရုစိုက်မနေ အတန်ကြာတော့မှ ...၊

"ငါ့အရိပ်မှာနေရင် ငါ မကြိုက်တာကို မလုပ်ရဘူး၊ ငါကျွေးတာ စားနေရင် ငါခိုင်းတာလုပ်ရမယ် .."

တစ်ခွန်းချင်းစီ ပီသစွာပြောလိုက်ပြီး လက်တစ်ဖက်က မီးအိမ်ထဲကို နှိုက်ယူလိုက်၏။ သူမလက်ထဲမှာ ငါးပိရည်ပန်းကန်လုံးအရွယ် စဥ့်ခွက်လေးပါလာသည်။

မီးရောင်အောက်မှာ ခွက်ကိုငုံ့ကြည့်ပြီး ပင့်သက်ရှိုက်၏။ ခွက်ထဲမှာ သွေးတော့သွေးပေမယ့် ဘာသွေးတွေမှန်းမသိ ...။

ထိုစဥ် မီးအိမ်ထဲမှ မီးရောင် ဟုတ်ခနဲ ငြိမ်းသေသွားခဲ့သည်။ မိုးမှောင်ကျနေသော ညဥ့်နက်ထဲမှာ ကိုယ့်လက်ကိုတောင် မမြင်ရသော်လည်း လက်ရှည်အဖြူရောင်ဝတ်ထားသည့် သူမရဲ့ လက်တစ်ဖက်ဆန့်



ထွက်သွားတာကို ခပ်ရေးရေးမြင်နေရသည်။

လက်သည် စပါးလင်ပင်အုံပေါ်မှာ အတန်ကြာငြိမ်သက်နေပြီးမှ ခပ်ဖြည်းဖြည်းပြန်ကျသွားသည်။ ခဏကြာမှ သူမ လှည့်ထွက်လာလျှင် မိုးစက်တွေ တဖြောက်ဖြောက်ကျလာကြ၏။

ပို၍သည်းမည်းမလာသော်လည်း လေပြင်းက တဝုန်းဝုန်းတိုက်ခတ်လာ၏။ သူမခြေလှမ်းတွေက အိပ်မက်မက်ပြီး လမ်းထလျှောက်နေသကဲ့သို့ တုံ့ဆိုင်းတွေဝေခြင်းမရှိဘဲ ရှေ့သို့သာ ရဲဝံ့စွာတိုးနေ သည်။

အမှောင်ထဲမှာ မီးအိမ်ကိုဆွဲကိုင်ထားပေမယ့် မီးကမပါ။ ထီးလည်းမပါ။ ကာကွယ်စရာတစ်ခုခုလည်းမပါဘဲ ခြံတံခါးကိုဦးတည်ခဲ့ပြီး ဘယ်ထိရှေ့ဆက်ဦးမလဲဆိုတာလည်း မသေချာ ...။

"ကျိမ်း .."

မိုးခြိမ်းသံနှင့် လျှပ်ရောင်က တစ်ထပ်တည်းနီးပါးကျသွားသဖြင့် သူမ ခဏရပ်ကာ တံခါးကိုလှမ်းကြည့်သည်။ ပြန်၍မှောင်ကျသွားပေမယ့် ခြံတံခါးကို သူမ တန်းတန်းမတ်မတ်သွားနိုင်ခဲ့၏။

နောက်ထပ် လျှပ်စီးလက်သွားသည့်အချိန်မှာ သူမသည် တခြားအိမ်ခြံဝင်းတွေကို ဖြတ်သန်း၍ သွားနေဆဲဖြစ်ကာ ရွာ၏ ဘယ်အရပ်မျက်နှာကို ဦးတည်နေသလဲဆိုတာ တခြားလူတော့သိနိုင်မည်မထင်ပေ ...။

မိုးကြီးလာသည်နှင့် လေတိုက်နှုန်းက လျော့ကျသွား၏။ သူမက ညောင်ပင်အိုကြီးတစ်ပင်အောက်ကနေ ဖြတ်သန်းကာ အိမ်ခြံဝင်းတွေ မဟုတ်တော့သည့် ကမ်းပါးစောက်တစ်ခုနားကိုရောက်မှ ရပ်တန့်သွားခဲ့၏။

ထိုနေရာမှာ ရေကျသံကြားနေရသည်။ ရာသီဥတုကြောင့်မဟုတ်လျှင် ရေတံခွန်ကဲ့သို့ ရေကျသံက ဒီထက်ပို၍ပီပြင်စွာကြားရမှာဖြစ်သည်။

သူမရပ်နေသည့်အောက်မှာ ချောက် ဘယ်လောက်နက်သလဲမမြင်ရသော်လည်း သူမက စူးစိုက်ငုံ့ကြည့်နေခဲ့၏။ ရေကျသံကို နားစွင့်နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်လား တစ်ယောက်ယောက်ကို လာစောင့်နေတာလား ...။

ဘယ်လိုအကြောင်းမျိုးပဲရှိနေပါစေ ဒီလိုရာသီဥတုနှင့် ဒီလိုအချိန်အခါမျိုးမှာ သူမ ရောက်ခဲ့သည့်နေရာက ဘယ်လိုမှ မအပ်စပ်ပေ ...။

ထိုစဉ် လျှပ်ရောင်ဝင်းထိန်သွားခဲ့ပြီး ပတ်ဝန်းကျင်တစ်ခုလုံးက နေ့ခင်းကြောင်တောင်ကဲ့သို့ လင်းထိန်သွားခဲ့၏။ ထို့နောက် လုံးဝတိတ်ကျသွားခဲ့ပြီး ခဏအတွင်း ...။

"ဒိန်း .. ဂျိမ်း .."

မိုးကြိုးတန်းကြီးသည် သူမ ရပ်နေသည့်ဆောက သစ်ပင်ကြီးတစ်ပင်သို့ မီးကြိုးသဖွယ်ထိုးဆင်းလာခဲ့ပြီး ...။

"ဝုန်း ... ဖြောင်း .."

"အင့် .."

ကိုင်းဖျားဆိုပေမယ့် တုတ်ခဲသောသစ်ကိုင်းကြီးမို့ ကျိုးကျလာသည့်အရှိန်က သူမခေါင်းကိုရိုက်ချသွားသလိုဖြစ်ခဲ့ပြီး ညည်းသံသဲ့သဲ့နှင့်အတူ သူမ ခွေကျသွားလေသည်။

မိုးစက်သံတို့သည် အောင်နိုင်သူတစ်ဦးကဲ့သို့ ဆက်လက်၍ ဝုန်းဒိုင်းကြဲလျက် ...။

• • •



အခန်း (၂)

"အင်း ..."

လှုပ်လိုက်တာနှင့် နာသည်။ ကိုယ်တစ်ခြမ်းက အပူရှိန်တွေဟပ်နေခဲ့ပြီး ကိုယ်တစ်ခြမ်းမှာ အေးစိမ့်သောလေတွေ တိုးတိုက်ခံနေရသည်။

သူမ မျက်လုံးတွေဖွင့်လိုက်လျှင် နေအလင်းရောင်က စိတ်နဲ့လူကို ပြန်လည်စုစည်းပေးလိုက်သလိုရှိကာ ...။

"လုလင် ..."

နှုတ်မှ နာမည်တစ်ခုကို ရေရွတ်မိရင်း ဖျတ်ခနဲ ထလိုက်မိ၏။ သို့သော် မျက်လုံးထဲမှာ မြင်မြင်သမျှအရာအားလုံးက ရွှမ်းထိုးမှောက်ခုံ ဖြစ်သွားခဲ့ပြီး ...။

"ကျွတ် .. ကျွတ် .."

နှုတ်ခမ်းလေးစေ့ရင်း အံကြိတ်ထားပေမယ့် ညည်းသံသဲ့သဲ့နှင့်အတူ သူမ အိပ်ရာထဲကို ပြန်၍လဲကျသွားခဲ့၏။

သို့သော် သူမ မျက်လုံးတွေ မှိတ်ကျမသွားခဲ့ပေ ...။ တစ်ချက်လောက် ဖိမှိတ်ချလိုက်ပြီးပြန်ဖွင့်သည်။ ပြီးတော့ သူမကိုယ်ပေါ်မှာ ခြောက်သွေ့

www.burmeseclassic.com

www.burmeseclassic.com



သည့်အဝတ်အစားတွေရှိနေခြင်းကို ဆန်းစစ်မိ၏။

သေချာသိလိုက်တာ ညကအဝတ်စားတွေမဟုတ်ခြင်းပင် ...။ မှူးနောက် ထိုင်းမှိုင်းနေသည့်အာရုံတွေ ပြန်လည်စုစည်းမိအောင်ကြိုးစားရင်း တဖျစ်ဖျစ်မြည်ကာ အားကောင်းနေသည့်မီးပုံကို လှမ်းကြည့်မိ၏။

သူမကိုယ်တစ်ခြမ်းပူနေတာက ဒီမီးပုံကြောင့် ...။

ထို့ပြင် မီးပုံဘေးမှာ တန်းထိုး၍ လှန်းထားတာ သူမရဲ့အဝတ်စားတွေ ...၊

ကိုယ့်အိမ်ထဲကိုပြန်ရောက်နေပြီပေမယ့် မြေပြင်ပေါ်မှာ ဖောင်ကြမ်းကြီးတစ်ထည်ကိုပါ ထပ်ခြုံပေးထားသည်။ ဒါပေမယ့် သူမရင်ထဲမှာ ချမ်းစိမ့်စိမ့်ရှိနေဆဲ ...၊

အရာအားလုံးကို ခြုံငုံသုံးသပ်ရင်း သူမ မျက်နှာလေးက တစစ တင်းမာလာခဲ့၏။ လက်ဖဝါးလေးနှစ်ဖက်တင်းခနဲ ဖိဆုပ်သွားလျက် တဖြည်းဖြည်းပြန်ဖြည်၏။

အိပ်ရာထက်ကနေ ခုနကလို ဖျတ်ခနဲမထတော့ဘဲ ခပ်ဖြည်းဖြည်း ထထိုင်လိုက်လျှင် ဦးခေါင်းမှ ဆံနွယ်တို့ အလိုက်သင့်ပါလာတာကို ခံစားမိနေ၏။

သူမ နေသားတကျထိုင်လိုက်မိသည်နှင့် ဆံနွယ်တို့ သူမရဲ့ကျောပြင်ထက်သို့ ပိုးသားဝတ်လွှာရုံကဲ့သို့ နူးညံ့ခက်ဖြာစွာထိကပ်ဖေးတင်သွားခဲ့၏။

သူမ လဲလျောင်းနေစဉ် ဒီဆံပင်တွေကို ဘယ်လိုဂရုစိုက်၍ ပြုစုယုယထားခဲ့မှန်းလည်း တွေးကြည့်တာနှင့် သိနေ၏။ ခါးကြားထဲကနေ လက်လျှို၍ ဆံစတွေကို စမ်းကိုင်လိုက်ပြီး သူမ နှုတ်ခမ်းလေးခပ်လွန့်လွန့်မဲ့သွားခဲ့သည်။ ထိုစဉ် ...၊

"ဟာ .. ဉဒေါင်း သတိရနေပြီ .."

လုလင် ၏ အံ့ဩသော ရေရွတ်သံနှင့်အတူ မှိုပွင့်ကြီးတွေတစ်ဖက် ဟင်းရွက်တစ်ချို့ပါသော ပလိုင်းတစ်ဖက်နှင့်ဝင်လာ၏။

"မြန်လိုက်တာ ခဏလေးနော် .. ကျွန်တော် ဒါတွေထားလိုက်ဦး



မယ် .."

အပြာရောင်ဖျော့ဖျော့ တစ်စွန်းတစ်စမြင်နေရပေမယ့် ဖြူဖတ်ဖတ်နွမ်းနေသော ရှပ်အင်္ကျီနှင့် ရှမ်းဘောင်းဘီရှည်ပွပွကို ဝတ်ထားသော လုလင်သည် ဆံပင်တွေကလည်း လူရိုင်းတစ်ယောက်ကဲ့သို့ ခပ်ပွပွ ရှည်လျားစွာနှင့်ဖြစ်လေသည်။

တကယ်တော့ သူက လူရိုင်းတစ်ယောက်မဟုတ်ပါ။ ဒါပေမယ့် တောတွင်းကိုရောက်လာခဲ့သည့် ငါးနှစ်သောကာလမှာ သူ့စိတ်သူ့ပုံစံ အားလုံးသည် ...

ဟင်!...၊

သူ့နှာခေါင်းထဲမှာ ထူးခြားသည့်မွှေးရနံ့နှင့်ညင်သာသော လှုပ်ရှားမှုလေးတစ်ခုကို သတိထားလိုက်မိကာ နောက်ကို လှည့်ကြည့်လိုက်မိ၏။

"ဉဒေါင်း .."

သူမ အဖျားတွေတက်နေခဲ့သည်။ သတိမရတစ်ချက် ရတစ်ချက်နှင့် မျက်လုံးဖွင့်အောင်လည်း ခေါ်လို့မရခဲ့ ...။ မနက်မိုးမလင်းခင် သူထွက်သွားတာပေမယ့် ခုပြန်လာတာနဲ့ အရိုန်တွက်ကြည့်လျှင် တစ်နာရီနီးပါးလောက်ပဲကြာမည်ထင်သည်။

ခုတော့ သူ့ရှေ့ရောက်လာသည့် ဉဒေါင်း က လူကောင်းပကတိ အတိုင်း ...၊

သူမကို အံ့ဩရင်းကြည့်နေမိပြီးမှ စူးရဲသည့် မျက်ဝန်းတွေနဲ့ ဆုံမိလျှင် လုလင် ဖျတ်ခနဲ မျက်လွှာချမိ၏။ သို့သော် ...

"မင်း ပြန်တော့ .."

သူ ထိတ်လန့်သွားသလိုမော့ကြည့်၏။ မျက်တောင်ဖျားတို့ အနည်းငယ်မျှ မလှုပ်ခတ်ဘဲ မမိုတ်မသုန်စိုက်ကြည့်နေသော မျက်ဝန်းတို့နှင့် သူမက ထပ်မံ၍ ...၊

"မင်းကို ဒီထက်ပိုမပြောချင်ဘူး .. သွားတော့ .."

"ဉဒေါင်း .."

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း ..."

လုလင် မျက်နှာ လည်ထွက်သွားသည်။

"မျက်လုံးတွေကိုလွှဲထားပြီး ရှေ့ပြန်လှည့်လိုက် .."

လုလင် သူမပြောသည့်အတိုင်း မျက်လွှာချထားပြီး တည့်တည့်ပြန်လှည့်လိုက်၏။

"ဖြန်း ..."

ထိုပါးမှာပဲ နောက်ထပ်တစ်ချက် ...၊

"အဲဒါ ငါ့အိမ်ထဲကို ထင်သလို ဝင်ထွက်ခဲ့တဲ့အတွက် .. ပြီးတော့ ငါ့ခန္ဓာကိုယ်ကို .."

"ကျွန်တော် ဥခေါင်း အအေးပတ်ပြီး ဒုက္ခရောက်သွားမှာစိုးလို့.."

"ဖြန်း ..."

နောက်ပါးတစ်ဖက်မှာ အသစ်စက်စက် လက်ဝါးရိုက်ချက်က ပို၍ပြင်းရှသွားသည်။ ဦးခေါင်းတစ်ခုလုံး ပြုတ်ထွက်သွားပြီလားထင်ရအောင် နာကျင်သည့်ဝေဒနာက မူးမူးမိုက်မိုက် ...။

"ငါ့အဝတ်အစားကို မင်းထိဖို့မလိုဘူး၊ ငါ့ဦးခေါင်းက ဆံပင်ကို ဆံချည်တစ်မျှင်တောင် မင်း ထိခွင့်မရှိဘူး .."

"ကျွန်တော် မှားတယ်ဆိုရင် ရိုက်ပါ .."

"မင်း ခု ချက်ချင်းထွက်သွား .."

လုလင် သည် ရပ်နေရာကနေ ဒူးထောက်ကျသွားခဲ့ပြီး သူမရှေ့မှာ ဒူးထောက်လျက် လက်နှစ်ဖက်စုံချထားကာ ...၊

"စေတနာက အဖြူထည်သက်သက်ပါ၊ အသိအမှတ်ပြုပေးဖို့မလိုပါဘူး၊ မှားတယ်ဆိုရင်လည်း မှားတယ်လို့ဝန်ခံပြီးပြောပါရစေ၊ ရွာထဲမှာ ခြေသည်းတွေထပ်ရောက်နေတယ်၊ ဟိုတစ်ခေါက်က ခြေသည်းတွေ ပျောက်တဲ့ကိစ္စအတွက် သူတို့ရောက်လာကြတာ၊ အဲဒါကို ဥခေါင်း သိထားစေချင်လို့ သတိရတဲ့အထိ .."

"လုလင် .."



"ဟုတ်ကဲ့ .."

"ငါအမုန်းဆုံး၊ ငါ့အလှမှာယစ်မူးပြီး အနားကမခွာနိုင်တဲ့သူ.."

သူမက အသက်တစ်အောင့်နား၍ ...၊

"ငါ့ကို မျက်လုံးဒေါက်ထောက်ကြည့်ပြီး ငါ ခလုတ်တိုက်လဲပြိုသွားတဲ့အချိန်မှာ စေတနာတွေ ရေစီးကမ်းပြိုချင်တဲ့ယောကျ်ားမျိုး .."

ဒီစကားမှာ လုလင် မျက်နှာမော့လာ၏။

"ငါ့မျက်နှာကိုကြည့်ဖို့မလိုဘူး .."

ပြတ်သားသည့် တားမြစ်သံကြောင့် လုလင်မျက်နှာကို ချက်ချင်း လွှဲပစ်လိုက်သည်။

"ဥခေါင်း မမြင်ချင်ရင် ကျွန်တော် မလာပါဘူး၊ ဒါပေမယ့် တစ်ခုတော့ ပြောခဲ့ပါရစေ၊ လုလင် ဆိုတာ နာမည်တာသေးနုပ်သိမ်ဖျင်းပေမယ့် ကြောက်တတ်တဲ့ ယောကျ်ားမဟုတ်ဘူး .."

စကားသံတွေတိတ်ဆိတ်သွားတဲ့နောက်မှာ နှစ်ယောက်စလုံး မလှုပ်မယှက်ငြိမ်သက်သွားခဲ့သည်။ ပြီးမှ လုလင်က မျက်နှာလွှဲထားသည့်အတိုင်း ထရပ်လိုက်သည်။

မတ်တတ်ရပ်ပြီးမှ မျက်နှာသည်ခစ်ငုံ့ငုံ့ဖြစ်သွားခဲ့ပြီး သူမရဲ့ ဖွေးနုတင်းပြည့်သော ခြေဦးထိပ်ရဲရဲလေးတွေကို ခိုးကြည့်သည်။

မျက်တောင်ဖျားတို့ကို သတိကြီးစွာ ပင့်တက်စေကာ ရွှေသို့ရောင်ဆံနွယ်တို့ကို မြင်နိုင်သမျှငေးကြည့်မိ၏။ ဥခေါင်း က ဖျတ်ခနဲနောက်ဆုတ်လိုက်ကာ သူ့ရှေ့ကနေ လှည့်ထွက်သွားလေသည်။

ထိုအခါကျမှ သူ့မျက်နှာမော့လာခဲ့ပြီး လှပန္တနောင်းသော သူမရဲ့ လှုပ်ရှားဟန်လေးနဲ့ နောက်ပိုင်းအလှကို ဆွေးမြွေငေးမောကျန်ခဲ့လေသည်။

ရွှေရောင်ရောယှက်နေသည့် သဘာဝဆံနွယ်ရှည်တို့သည် သူမ လျှောက်ထွက်သွားတိုင်း သူမရဲ့ ပခုံးစွန်းလေးတွေကို မစို့မပို့မြင်ရသည်မှလွဲ၍ ...၊

လှပသည့် ကျောပြင် ခါး၊ တင် စသည့် ဘယ်အလှတရားကိုမှ

www.burmeseclassic.com

www.burmeseclassic.com



ရှုမြင်ခံစားခွင့်မပေးခဲ့ဘဲ ဆံဖျားမှသည် ခြေကျင်းဝတ်သို့တိုင်အောင် ခြုံလွှာရုံတစ်ခုကဲ့သို့ ဖေးတင်ကာကွယ်ထားခဲ့၏။

သူမ၏ နားသယ်စပ်ဆံယဉ်စလေးများမှစ၍ ခြေဖျားထိဆံနွယ်တို့က လမ်းလျှောက်သွားတိုင်း တလွန့်လွန့်နွဲ့ခါလျက် ဘယ်လိုစာဆိုရှင်မှ ရေးဖွဲ့မမီနိုင်သော အလှတရားတို့ဖြင့် အတိပြီး၏။

ဥခေါင်း ဆိုသည့် သူမ၏ဘဝ ဘယ်လိုစတင်ခဲ့သည်ကို သူမကို မွေးစားခဲ့သည့်မိဘများလည်း မသိခဲ့ကြ ..။

နတ်တို့ဖန်ဆင်းသကဲ့သို့ လှပပြေပြစ်သော သူမ မျက်နှာလေးနှင့် ယဉ်တစ်ကိုယ်လုံးကို ဘယ်လိုဖန်ဆင်းထုဆစ်ခဲ့သလဲ ..၊ ရွှေရောင်အဆင်းနှင့် ဆံနွယ်တွေကို ပိုးသားကဲ့သို့ နူးညံ့သန့်စွမ်းနေအောင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသလဲ ..။

ဒီတစ်ရွာလုံးကတော့ ပြောကြသည်။ သူမကို တောကြီးထဲက တပွတ်ပွတ်လိုက်ဆူနေသည့် ရွှံ့နွံအိုင်ကြီးဘေးမှာ ရွှံ့တွေအလူးသားနှင့် ကောက်ယူရရှိခဲ့သည်တဲ့ ..။

လုလင် ၏ စိတ်တို့သည် စေတနာအထင်လွဲခံရခြင်းနှင့်ပတ်သက်သော ဆွေးမြေ့ကြေကွဲခြင်းကနေ သူမ၏ ပဥ္စလက်ဆန်သောဘဝအကြောင်း တစ်ချို့ဆီကို ခဏတစ်ဖြုတ်အလည်ရောက်သွားခဲ့လျက် ..၊



## အခန်း (၃)

"ရော့ .. စား .."

ငှက်ပျောသီးပစ်ပေးလိုက်တော့ ဖမ်းယူထားလိုက်သည်။ ပြီးတော့ စားလည်းမစား ထွက်လည်းမသွား .. သစ်ခေါင်းအရက်နှင့် ခေါင်းစိုက်နေရင်း လုလင် မျက်နှာ ပြန်မော့လာ၏။

"တာဖဲ .. မင်း ဘာလုပ်နေတာလဲ .."

တာဖဲ ဟု အခေါ်ခံရသည့် သတ္တဝါသည် တကယ်တော့ မျောက်ကြီးတစ်ကောင်ဖြစ်ကာ ငုတ်တုတ်ထိုင်နေတာတောင် မတ်တတ်စမ်းကာစ ကလေးတစ်ယောက်အရွယ်လောက်ရှိ၏။

သူ နှစ်ခါပေးထားသည့် ငှက်ပျောသီးနှစ်လုံးကို တစ်ဖက်စီမှာ ကိုင်ကာ မျောက်မှိုင်မှိုင်နေတာမျိုး ..၊

"ဘာလဲ ငါ အရက်သောက်နေတာကို မင်း မကြိုက်တာလား .. ဟွန်း .."

တာဖဲ သည် စိတ်ကောက်နေသော ကလေးကဲ့သို့ သူ့မေးခွန်းကြောင့် မျက်နှာလွှဲသွားပြီး မျက်တောင်တွေဖိချတ်နေ၏။ လုလင် ဟွန့်ခနဲမဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ရယ်၏။

နောက်ထပ် ပုလင်းထဲကနေ ခွက်ပြည့်အောင် ထပ်ထည့်လိုက်ပြီးမှ ပုလင်းကိုချထားလိုက်ကာ ...။

"ငါ့ဘဝ .. ငါ့ရဲ့ကိုယ်ခန္ဓာ ငါ့ရင်ထဲမှာရှိသမျှ ခံစားတတ်တဲ့ အရာအားလုံးကို ငါ .. ငါ .. သူ့ဆီမှာ ပုံချပေးထားခဲ့တာ .. အေ့ .."

တာဓံ သူ့ကို မမိုတ်မသုန်စိုက်ကြည့်နေတာက ပြောသမျှကို နားလည်နေသည့်အတိုင်း ...။

"သူ့ကို ငါ အကျိုးလဲပေးခဲ့တာလေ၊ ငါ .. ငါ့ကိုယ်ငါ သစ်သားရုပ်ထုတစ်ခုလို ခံစားချက်အားလုံးကို သိမ်းထုတ်ဖယ်ထားပြီးမှ .. အဲဒါတွေကို ဖယ်ပြီးမှပါ၊ အဲ့ဒါ သူ ငါ့ကို မုန်းတယ်တဲ့ မင်းသိလား .."

မေးတော့ မော့ကြည့်လိုက်သည်။ သူ ကြည့်လိုက်တာနှင့် တာဓံက မျက်နှာလွှဲပစ်တတ်ကာ သူ ခေါင်းစိုက်ကျသွားသည့်အခါမှ နားလည်ကြင်နာတတ်သည့် မျက်ဝန်းတို့နှင့် ပျာပျာသလဲ လှည့်ကြည့်လေသည်။

တာဓံ သိတတ်တာကို သူ နားလည်သည်။ မျောက်ဆိုသည့် သတ္တဝါကတောင် ကြာရှည်ပေါင်းသင်းခဲ့ကြသည့် နီးစပ်မှုကို သံယောဇဉ်နဲ့ တုံ့ပြန်ခဲ့ပေမယ့် ...၊

"ငါ့ဘက်က သူ မကြိုက်တာ ဘာမှမလုပ်ခဲ့ဘူး၊ သူက .. သူက ငါ့အတွက် နတ်သမီး၊ ငါ့ဘဝရဲ့ ကိုးကွယ်ရာ၊ သူ့ကို မမြင်ရင် မြင်ခွင့်မရတော့ရင် ငါသေနိုင်တယ်၊ ငါ့ဘဝကို ဒီတောထဲမှာပဲ မြှုပ်နှံခဲ့တာ၊ သူ့ကိုချစ်လို့ပါ .. ငါ .. ငါ .. သူ့ကို သိပ်ချစ်တယ် .. မရဘူး .. ဒါကို တော့ တားဆီးလို့မရဘူး .."

သူ့မျက်နှာ ပျဉ်ချပ်ကြီးပေါ်မှာ မှောက်ကျမတတ် ငုံ့ကျသွားသည်။ ပြီးတော့ နဖူးနဲ့ ထိကပ်ငြိမ်သက်နေရင်း ...၊

"တောက် ..."

ခပ်ကြိတ်ကြိတ်တက်ခေါက်၍ ဒီအတိုင်းထိကပ်ထားရင်း ...၊



"သူ့ဆံပင်တွေကို ဆံချည်တစ်မျှင်တောင် မတင်းရအောင် ငါ တယုတယဖြီးပေးခဲ့တယ်၊ အဲ့ဒါကို ပြောရက်တယ်ကွာ၊ ဥခေါင်း သိပ်ရက်စက်တယ် .. မမ .. ခင်ဗျား .. ခင်ဗျား သိပ်လှလို့ခွဲလမ်းကြတာလေ၊ အဲ့ဒီထဲမှာ ကျွန်တော် ပါနေခဲ့တာ အပြစ်ကြီးသွားတာလား .."

ငုံ့ချထားသည့်ခွက်ကိုကိုင်၍ တကျိုက်ကျိုက်မော့ပစ်လိုက်မိသည်။ ပြီးတော့ ခွက်ကို ဒိုင်းခနဲဆောင့်ချလိုက်ပြီး ငိုက်စိုက်ကျသည့်ခေါင်းက ဒီတိုင်း ...။

ဒါပေမယ့် သူ သတိကောင်းနေပါသေးသည်။ လွန်ခဲ့သော ငါးနှစ်က သူ ဒီကိုရောက်လာခဲ့သည့်အဖြစ်သနစ်တို့ဆီ ရီဝေဝေပြေးသွားခဲ့ရင်း ရင်နာခြင်းက အစကနေ တစ်ပတ်လည်ချင်နေသည်။

မတွေ့ခဲ့ကြရင် အကောင်းသား ဥခေါင်း ရယ် ...၊

ဒါပေမယ့် သူမနဲ့မှ တည့်တည့်တိုးခဲ့သည်။ ဒီလို ရှီးမတောကြီးထဲမှာ လာရောက်ဆုံဆည်းရသည့် သူ့အသက်ရဲ့ ကယ်တင်ရှင်ဟာ မှင်တက်ငေးမောရလောက်အောင် လှပချောမွေ့သော နတ်မိမယ်လေးတစ်ပါး ဖြစ်နေလိမ့်မည်လို့ အိပ်မက်ထဲမှာတောင် မမက်ခဲ့ဘူးပေ ...။

တကယ်ဆို တောနဲ့သူ့ဘဝက ဘယ်လိုမှ မအပ်စပ်ပါ။ ငယ်စဉ်တည်းက မိခင်မဲ့ခဲ့ရပေမယ့် မိထွေးက နူးညံ့နွေးထွေးသည့် မေတ္တာတို့ဖြင့် မွေးဖက်ခဲ့သည်။

စည်းစိမ်ခြွေရံတို့နှင့် မရှိ မလှ မဝဆိုတာ မကြားဘူးခဲ့သော သူ့ဘဝက မင်းသားတစ်ပါးလို ပြည့်စုံခဲ့တာဖြစ်သည်။

ထိုအချိန်က သူ့နာမည်က 'စည်းစိမ်ထည်' ...။

တောထဲမှာ သူမနဲ့ ဆုံဆည်းခဲ့သည့်နောက်မှာ သူ့စိတ် သူ့ခံယူချက်အားလုံးက ပြည့်စုံခဲ့သမျှအားလုံးအပေါ်မှာ တစ်မက်မှုမရှိတော့သလို လွတ်မြောက်လိုခြင်းအလျဉ်းမရှိခဲ့ဘဲ ...။

"ငါ့ကိုယ်ငါ လုလင် လို့ ကင်ပွန်းတပ်ခဲ့တယ်၊ စည်းစိမ်ထည်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဘဝကိုမေ့ပြီး ပြန်ပါတော့ပြောလည်း မပြန်နိုင်ခဲ့တဲ့ သတ္တဝါတစ်ကောင်လေး၊ အဲဒါ ဘာသတ္တဝါလဲ မင်းသိလား တာဓံ ..”

သူ ကြာမြင့်စွာခေါင်းငိုက်စိုက်နှင့် ငိုကြွေးနေလည်း ပြန်မော့ကြည့်လိုက်သည့်အချိန်မှာ တာဓံ က သစ္စာကြီးမားစွာ ရှိနေဆဲ ..။

လုလင် က မျက်တောင်ဖျားတွေ စင်းနေလျက် ရီဝေဝေငေးရင်းရယ်သည်။ ရယ်ပြီးရင်း ရယ်နေလျက် ငိုချင်လာဟော့ မျက်ရည်ကချက်ချင်းဝေ့၏။

သူဟာ သတ္တိကြောင် ပျော့ညံ့တဲ့သူမဟုတ်ပေ ..။ ဒါပေမယ့် အချစ်ကြောင့် ရှုံးနေရသည့်အချိန်မှာ သူ ဘယ်လိုအသွင်ပြောင်းသွားခဲ့သလဲ..။

“တာဓံ ငါ့ပုံစံ ဘာဖြစ်နေလို့လဲဟင် .. အေ့ ..”

တာဓံ က သူ့ကို လက်ထောက်ငေးမှိုင်ရင်းကြည့်နေ၏။

“ငါ ဘာဖြစ်နေနေ မင်းထွက်မသွားနဲ့နော် .. ငါ မင်းကိုပြောပြချင်တယ်၊ မင်းကို အဲဒါတွေပြောလိုက်ရမှ ငါ့အတွက် မနက်ဖြန်တွေရှိနေမှာ၊ ငါ သူ့ကိုသိပ်ချစ်တယ်ကွာ .. သူ .. သူ ငါ့ရှေ့ကို ဘယ်လိုရောက်လာခဲ့တာလဲ မင်း သိလား တာဓံ ..”

ပြောနေရင်း တန်လျားလေးပေါ်မှာ ပက်လက်လှဲချလိုက်မိသည်။ တာဓံ က အိပ်ရာခြေရင်းမှာ ထိုင်နေရာကနေ သူ့စားပွဲစွန်းထိ ရွှေ့ခနဲဖင်ရွှေ့ထိုင်ကာ အပေါ်စီးကနေ ငုံ့ကြည့်၏။

“ကောင်းတယ် .. မင်းကမှ ငါ့အပေါ်သံယောဇဉ်ထားတဲ့ကောင်၊ ငါ့ဘဝထဲကို မင်း ဝင်လာသလိုပေါ့ကွာ .. ငါလည်း ဒီတောထဲကို လမ်းပြနှစ်ယောက်နဲ့ရောက်လာတာ၊ ပြီးတော့ .. ပြီးတော့ ငါ့သူငယ်ချင်းတွေလည်းပါတယ် ..”

လမ်းပျောက်ပြီး စိတ်ချောက်ချားနေကြသည့် လူငယ်အုပ်စုတွေမှာမိုးချုပ်လာတော့ ပိုဆိုးလာခဲ့၏။ လူငယ်တွေပီပီ စကားတွေအစွန်းမလွတ်ပြောမိကြရင်း ရန်ဖြစ်ကြ၊ ထင်ရာပြောကြနှင့် တောကြီးထဲမှာ တောမှောက်



သည်ဆိုသည့်အဖြစ်ကို ရင်ဆိုင်နေရမှန်း မသိကြဘဲ အခြေအနေတွေကပိုဆိုးကုန်သည်။

လမ်းပြတစ်ယောက်နဲ့ သူငယ်ချင်းနှစ်ယောက်ပျောက်သွားကာသူတို့နှစ်ယောက်နဲ့ရှိနေသည့် လမ်းပြကတော့ သူငယ်ချင်းဟိန်းထက်ကို ကယ်တင်ရင်း နွံအိုင်ကြီးထဲကျပြီး မျက်စိရှေ့မှာပဲ သေဆုံးသွားခဲ့၏။

ထို့နောက် တစ်ယောက်စီ တစ်ကွဲတစ်ပြားဖြစ်ကုန်ကာ မနက်မိုးလင်းတော့ စည်းစိမ်ထည် တစ်ယောက်တည်း ဘယ်သူ့ကိုမှ ခေါ်မရဘဲတလည်လည်ဖြစ်ကျန်ခဲ့၏။

မိုးမချုပ်ခင် တောကြီးထဲက ထွက်နိုင်ဖို့ကြိုးစားရှာဖွေခဲ့ပေမယ့်တောနက်ထဲသာရောက်သထက်ရောက်လာခဲ့ပြီး သူ ဘယ်သူ့ကိုမှလည်းရှာမတွေ့၊ ရွာဆိုတာလည်း မမြင်ရဘဲ ..၊

“အဲဒီမှာ ငါ ဘာတွေ့လဲသိလား .. ငါက ကျားနဲ့ပက်ပင်းတိုးတာ .. ဟွန်း ..”

မျက်နှာပေါ်မှာ အုပ်မိုးနေသည့် အင်ဖတ်တွေနဲ့ ခေါင်မိုးကိုငေးကြည့်ရင်းရယ်နေကာ မျက်နှာကိုလည်း ပွတ်ပစ်မိ၏။ ထိုကာလများဆီ စိတ်ကရောက်သွားသည်နှင့် အမူးအမောတွေပါ ပြေသွားခဲ့သလားမသိ ..။

‘ကျားနဲ့တွေ့ရင် နောက်လှည့်မပြေးရဘူး၊ မျက်နှာချင်းဆိုင်စိုက်ကြည့်နေရင် သူလည်း တန့်နေလိမ့်မယ် ..၊ အဲ့ဒီအချိန်မှာ ကိုယ့်ရဲ့ ထွက်ပေါက်ရှာဖို့ကြံစည် ကြိုးစားလို့ရတယ်၊ မျက်လုံးချင်းဆိုင်ကြည့်နေလိုက်ရင် ကျားဆိုတဲ့သတ္တဝါက ချက်ချင်း ဘယ်တော့မှ ခုန်မအုပ်ဘူး ..’

စသဖြင့်သော ကြားဖူးနားဝတွေကိုလည်း အကုန်မေ့ခဲ့၏။ ထိုစကားတွေ မှန် မမှန် မသိသော်လည်း ကျားကိုမြင်လိုက်တာနှင့် ချက်ချင်းလှည့်ပြေးခဲ့တဲ့သူက စည်းစိမ်ထည် ပဲဖြစ်လေသည်။

“အဟွန်း .. ဟွန်း .. ငါ ပြန်လှည့်ပြေးခဲ့ပေမယ့် ငါ့ကို ခုန်အုပ်ပြီပဲထင်တာကွ .. ဒါပေမယ့် မင်း မြင်ရင် အံ့ဩသွားမှာ၊ သူ ငါ့ရှေ့မှာပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာတယ် သူ့ကိုမြင်လိုက်တဲ့အချိန်မှာ ငါ .. ငါ .. ဘာဆိုဘာမှမသိတော့ဘူး၊ ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်ကို သားရဲတိရစ္ဆာန်တွေ ထုခြေတဲ့နေရာမှာ ရုပ်ထုလေးတစ်ရုပ်လို တည်တည်ငြိမ်ငြိမ်လေးရပ်နေတာကိုလေ .. ဟား .. ဟား .. ဟား .."

ခြောက်ကပ်ကပ်ရယ်သံက တော်တော်ကြာရှည်ခဲ့၏။ သူ ငိုနေနေ ရယ်နေနေ တာခံ ကတော့ မညည်းမညူထိုင်နေဆဲရှိလျက် ...။

"ကွိ .. ကွိ .."

"နေပါဦး .. ငါ ဘာမှမပြောရသေးဘူး မင်း ထွက်မသွားနဲ့ဦး.."

တာခံ က ခေါင်းကုတ်သည်။ ပြီးတော့ သေချာနောက်ဆုတ်ထိုင်လိုက်ပြီး ငှက်ပျောသီးတစ်လုံးကို ရင်ခွင်ထဲထည့်လိုက်၏။ တစ်လုံးကို အခွံခွာစားပြီး အခွံကို သူ့ဗိုက်ပေါ်ပစ်တင်သည်။

ခါတိုင်းအချိန်ဆို ဒေါသထွက်မိမှာပေမယ့် ခုတော့ သူ့အတွက် တာခံက တိုးတိုးဖော်ဖြစ်နေရကာ ငှက်ပျောခွံကိုကိုင်ထားလိုက်မိသေးသည်။

သို့သော် သူ လုပ်နေတာတွေကို သူ့ဘာသာမသိဘဲ ...။

"ဘယ်ရောက်သွားပြီလဲ ငါပြောတာ .. အဲ .. အင်း .. သူ .. သူ- ငါ့ရှေ့မှာ နတ်သမီးတစ်ပါးလိုပေါ်လာတော့ ငါ ဘာမှမသိတော့ဘူး ဟုတ်တယ် .. အဲဒီမှာပဲ အဲ့ဒီမှာသာ ငါ့ကို ကျားကခုန်အုပ်လိုက်ရင်ဟွန်း .. ခုချိန်မှာ ငါ့ရင်ဘတ်ကြီးသွေးမြေစုတ်ပြတ်သပ်ခွင့်တောင် ရလိုက်မှာမဟုတ်ဘူးကွ .."

"ကွိ .. ကွိ .."

"အင်း .. နေပါဦး .."

တာခံ ရှိုးတိုးရှတဖြစ်လာတော့ သူက မကြည့်ဘဲ လက်ကာတား၍ ...

"အဲဒါ သိလား .. ငါလည်း ကျားကိုမေ့သွားတယ်၊ ကျားလည်း



ငါ့နောက်မှာမရှိတော့ဘူး၊ မင်းက မေးခွန်းတွေမှမမေးတတ်ဘဲ ပြောရတာ ပျင်းလိုက်တာကွာ .."

"ကွိ .. ကွိ .. ဟီး .."

"မဟုတ်ဘူး .. မင်းကို ကဲ့ရယ်တာမဟုတ်ပါဘူး၊ ဥဒေါင်း ဆိုတဲ့ နတ်သမီးက အဲ့ဒီလိုမိန်းမမျိုးဆိုတာလေ မင်းမေးရင် ငါပြောပြချင်လွန်းလို့ပါ၊ သူ့ကို ဘယ်သားရဲမှ ခုက္ခမပေးကြဘူးကွ .. မင်းသိရဲ့လား၊ ဟွန်း .. သူ .. သူမှာ နတ်သမီးနှင်တံမရှိပေမယ့် သူက .. သူက .. တကယ့် နတ်သမီး .."

မျှော်နေရင်း ခုံစောင်းတွေကို ဆုပ်ဆွဲအားပြု၍ ငုတ်တုတ်ထထိုင်လိုက်သည်။ ပြီးတော့ တာခံ လက်မောင်းကိုပုတ်ကာ ...။

"သူက ငါ့ကိုရော ဘယ်သူ့ကိုမှ စကားများများမပြောဘူး၊ ဒါပေမယ့် တောထဲကသတ္တဝါတွေက သူပြောသမျှကို နားလည်ကြတယ်တဲ့၊ ငါ ဘယ်လိုလုပ်ယုံနိုင်မှာလဲ .. ကဲ .. မင်းရော .. မင်း သူ့ကို သိကာစမှာ အဲ့ဒါတွေကြားရရင် ယုံမှာလားပြောစမ်း .."

'ရစ်နေပြီ' ဆိုသည့် စိတ်ပျက်ခြင်းဖြင့် တာခံက မျက်နှာလွှဲ၍ ခေါင်းကုတ်ပြန်သည်။ မသိရင် လုလင် ပြောနေသမျှ သူ နားလည်နေသလိုလို ...။

"တိရစ္ဆာန်တွေကို သူ ဘယ်လိုမေတ္တာထားခဲ့လို့လဲ ငါ့ကိုကျတော့ ဝက်ဝံထောင်ချောက်မှာ ငါမိနေတာကို ဖြုတ်တော့ဖြုတ်ပေးပြီး သွေးသံရဲရဲနဲ့ ဒီတိုင်းထားပစ်ခဲ့တာ မင်းသိလား .."

တာခံ က စိတ်ဝင်စားသလိုလှည့်ကြည့်လာ၏။ လုလင် ကလည်း သူ့ရဲ့ ဘယ်တက်ဆောင်းဘီအနားစကိုလှန်၍ ဒဏ်ရာရခဲ့သည့် အမာရွတ်နေရာကို လက်နဲ့သေချာထောက်ပြသည်။ ပြီးတော့ အမာရွတ်ပေါ်ကို တယုတယ ပွတ်သပ်ကြည့်နေရင်း ...။

"အဲ့ဒါ ငါ့ကို ဒုတိယအကြိမ် သူ ကယ်ခဲ့တာ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို မထားခဲ့ပါနဲ့ .. ဒီဒဏ်ရာကြီးနဲ့ ဘယ်လိုလုပ်ရမလဲ .." လို့ သူ မေးခဲ့သေးသည်။ ဆံစဖျားတို့ လွင့်မျောနေလျက် သမင်လည်ပြန်ငဲ့ကြည့်လာသည့် မျက်တောင်ဖျားတို့ စိုက်ဆင်းနေပုံကို သူ ဘယ်လိုမှ ကြည့်မဝနိုင် ..။

ရှည်လျားကော့နက်သော မျက်တောင်တို့သည် စင်းချထားသည့်တိုင် ကော့ညွတ်ခြင်းမပျက်ရှိခဲ့လျက် သွယ်တန်းသော မျက်ခုံးတို့၏ အနားသတ်အောက်မှာ ဖြူနုစိမ်းဖန့်နေလေသည်။

သူမ၏ အလှတရားတို့ကို ဘယ်လိုမှ စာဖွဲ့၍ကုန်နိုင်မထင် ..။ ထို့ပြင် လှပနုငယ်သော မျက်နှာလေးနဲ့မလိုက်ဖက်စွာ သူမရဲ့ လေသံဟန်ပန်တို့က ပြတ်သားနေခဲ့ပြီး ..၊

"မသေချင်ရင် စပ်စုတတ်တဲ့ မင်းရဲ့ခြေထောက်တွေနဲ့ ကိုယ့်အသက်ရှင်အောင်မွေး .."

"ကိုယ် စပ်စုတာမဟုတ်ပါဘူး .. ကူညီလက်စနဲ့ အစအဆုံး ."

သူ့စကားမဆုံးခင် ပြန်ငဲ့ကြည့်တော့ မျက်ဝန်းညိုတို့က စူးစူးရဲရဲ လက်ဖြာနေကာ ကူညီဖို့တော့မဟုတ် ..။

"မင်းကို ကျော့ကွင်းက ဖြုတ်ပေးခဲ့တာ ငါ့အမှားပဲ .." ပြော၍ လှည့်မကြည့်စတမ်း ထွက်ခွာသွားခဲ့၏။ ထိုနေ့က သူ့ကို ဆေးမြစ်ရှာကြသည့်ရွာထဲက ညီအစ်ကိုနှစ်ယောက်ကသာ မကယ်ခဲ့လျှင် ဘယ်လိုရှေ့ဆက်စခန်းသွားရမည်မှန်းတောင်မသိနိုင် ..။

ဒါကိုပြန်တွေးပြီး နောက်ပိုင်းမှာတော့ ကြည်နူးလိုက်မောစွာပြုံးနေတတ်ခဲ့ပြီး ..၊

"အဟွန်း .. ဒါပေမယ့် သူ ဖြုတ်ပေးခဲ့တဲ့ကျေးဇူးကြောင့်သာ တောဝက်ပက်လို့ မသေခဲ့တာ၊ သေမယ့်ဘေးနဲ့ကြုံရတော့ အဲ့ဒီခြေထောက်ကိုပဲ ဒရွတ်ဆွဲပြေးရတာလေ၊ မဟုတ်ရင် ဆေးဆရာညီအစ်ကိုနဲ့ ဆုံတဲ့အထိ ငါ အသက်ရှင်နိုင်မှာမဟုတ်ဘူးကွ .."



ရယ်တစ်ဝက် ငိုတစ်ဝက်နှင့်အဖြစ်က လွမ်းခန်းကို ရောက်ခဲ့ပြန်လျှင် ..၊

"သူ့ကို မမေ့လို့ခေါ်တာမကြိုက်ဘူး၊ သူ့ကို လိုက်ကြည့်နေတာသိတော့ အပြစ်ပေးတယ်၊ ဒါသနဲ့ ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ နောင်တမရတတ်တဲ့သူ၊ ငါ .. ငါ .. သူ့ကိုမှ အရူးအမူးချစ်မိခဲ့တယ်၊ သူ့ကို မြင်လိုက်ရတဲ့နေ့ကစပြီး သူ့အနားက တစ်ဖဝါးမှ မခွာနိုင်ေ သင် ရူးသွပ်ခဲ့တာ၊ ငါ့ရဲ့ စည်းစိမ်ထည် ဆိုတဲ့ဘဝတစ်ခုလုံးကို စွန့်လွှတ်မေ့ပျောက်ပစ်ခဲ့တဲ့အထိ .."

ပြောနေရင်း ငိုချင်လာပြန်သည်။ ဒီသေရည်သေရက်တွေ သောက်လိုက်မိတိုင်း လွမ်းနေရတာကိုလည်းမထိန်းနိုင်၊ ချစ်တဲ့စိတ်တွေနဲ့ နာကျင်ရတာတွေကြောင့် ငိုချင်တော့လည်း မျက်ရည်က လွယ်လွယ်ကျ၏။

ငါ ဒီလိုယောကျ်ားမဟုတ်ဘူးဆိုသည့်စိတ်နဲ့ ဘယ်လိုတင်းထားလို့မှ မရပေ ..။ မျက်ရည်တို့ နားသယ်စပ်သို့စီးကျရင်း တန်းလျားပေါ်မှာပဲ အိပ်ပျော်သွားတော့ တာဓံ က အိပ်ရာထဲက စောင်တစ်ထည်သွားယူပြီး သူ့ကိုယ်ပေါ်မှာ ခြုံပေး၏။

ပြီးတော့ အိမ်တံခါးဝကိုထွက်ရပ်ကာ အုံ့ပျက်ပျက်မိုးရိပ်တို့နှင့် ရာသီဥတုကို အကဲခတ်နေခဲ့၏။ ထို့နောက် အပြင်မှာ ထင်းအစိုတွေ ထွက်ကောက်လာပြီး သေချာစုပုံထားလိုက်၊ ထင်းအခြောက်တွေကို သွားကြည့်လိုက်နှင့် တာဓံ ၏ သိတတ်လိမ္မာမှုတွေကို လုလင် ကတော့ ဘာမှမသိ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ရွာထဲမှာ သူကြီးဆိုတာမရှိပါ။ အားလုံး၏ တိုင်ပင်ခံအကြီးအကဲ လူထွားကြီးတစ်ယောက်ရှိသည်။ အသားနီးစပ်စပ် မျက်နှာလေးထောင့်နှင့် အမြဲတမ်း တစ်ဆက်ရှုံ့နေတတ်သည့် မျက်ခုံးအစုံကြောင့် မျက်နှာပေါက်ဆိုးသည်လို့လည်း ဆိုနိုင်၏။

ပြီးတော့ တခြားရွာသားတစ်ချို့၏ မျက်နှာပုံသဏ္ဌာန်တွေကို ခညွှသည်နှစ်ယောက်က တစ်ယောက်ချင်းစူးစိုက်အကဲခတ်လိုက်ပြီး တစ်ယောက်နားတစ်ယောက်ကပ်၍ ...

"မြန်မာမရှိဘူး .."

လို့ တီးတိုးပြောလိုက်သည်။ လူညို လူဖြူ လူမည်းပုံစံမျိုးစုံရှိနေလျက် ဘာလူမျိုးတွေဆိုတာ ခွဲခြားရခက်၏။ အဝတ်အစားတွေ ပုံပန်းအရ မြန်မာတွေမဟုတ်တာသိသာသော်လည်း ဒီလိုမြို့ပြကျေးရွာနှင့်အလှမ်းဝေးသော တောခေါင်ခေါင်မှာ ဝတ်စုံခွဲခြား၍ သေသေသပ်သပ် ဝတ်စားနေထိုင်ကြတာလည်း မဖြစ်နိုင်ပေ ..။

ထို့ကြောင့် အဝတ်အစားတွေကိုကြည့်၍ ခွဲခြားဖို့လည်း မလွယ်..။

"လိုရင်းကိုပဲပြောလိုက်ကွာ .."



"ငါတို့လူတွေ မရောက်သေးခင် သူတို့ကို .."

"ငါ ဂရုမစိုက်ဘူး အောင်ခန့် .. ငါ့ညီနဲ့ သူ့ရဲ့မယားညီအစ်ကို တစ်ယောက်ပြီးတစ်ယောက် ပြန်မလာတာ ငါသိချင်တယ် .."

ထိုစကားကို ကျယ်ကျယ်လောင်လောင်ပဲပြောလိုက်ကာ ရွာသားတွေဘက်လှည့်၍ ..

"ဟောဒီရွာကို လူသူအရောက်အပေါက်နည်းတယ်လို့ ဆိုးကြီးရွာက လူတွေပြောတယ်၊ လမ်းမသိရင် မရောက်နိုင်ဘူး၊ အန္တရာယ်များတယ်ဆိုတာတွေရောပဲ .. ပြီးတော့ လမ်းပြတွေလည်းမလိုက်ချင်ကြဘူး.."

"နင်တို့က လမ်းပြမပါဘဲ လာကြတာလား .."

စကားသံသည် လူသေကောင်က ထပြောလိုက်သလို ဘယ်သူ့ဆီက လာမှန်းရုတ်တရက်ရှာလို့မရ ..၊ ကြားလိုက်တာနှင့် ကြက်သီးထသွားလောက်ဖွယ်အေးစက်စက်နိုင်ခြင်းက ပိုဆိုးကာ ..၊

"ဘယ်သူမေးလိုက်တာလဲ .."

"ငါ .."

အရပ်ပုပု ကိုယ်လုံးဖိုင့်ဖိုင့်နှင့် လည်ကတုံးမျှင်ကြမ်းအင်္ကျီအနက်ကို ရင်ခွဲဝတ်ထားသူက ခါးထောက်လိုက်ပြီးမေး၏။ ခေါင်းကအရောင်ထွက်အောင်ပြောင်နေကာ လည်ပင်းမှာ အဝတ်စကြိုးတွေ ဘယ်နှစ်ကွင်းတောင် ဆွဲထားသည်မသိ ..။

သူတို့နှစ်ယောက် ထိုလူကိုကြည့်ပြီးမှ မျက်လုံးချင်းဆုံသွားမိကာ—

"မင်း .. သတိထားပြောနော် .."

ဦးဝင်းသော် က နှုတ်ခမ်းမလှုပ်ဘဲ ကပ်၍သတိပေး၏။ ဦးအောင်ခန့်က လည်ချောင်းတစ်ချက်ရှင်းကာ ..၊

"လမ်းပြပါလာတယ် .. ဒါပေမယ့် လမ်းတစ်ဝက်လောက်မှာ ပျောက်သွားလို့ .."

"မဟုတ်ဘူး .. ဒီနားမှာပျောက်တာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟင်!…၊

စကားသံက ဝဲနေတာလား၊ သရဲတစ္ဆေလိုတုန်နေတာလားမသိ၊ ပြောလိုက်တိုင်း နှစ်မြို့ဖွယ်ရာမရှိပေ …။

“နင်တို့လို ညွှန့်သည်တွေ ဒီတိုင်းပဲ .. လိမ်ညာကြတယ်နော်.. ယုတ်မာတယ် ..”

“ဘာကွ ….”

“အောင်ခန့် .. ဟေ့ ..”

“ဖယ်စမ်းပါကွာ .. ငါတို့က ညွှန့်သည်ပါ၊ အိမ်ရှင်ဖြစ်ပြီး ဒီလောက်ရိုင်းရလား၊ ဟုတ်တယ် .. ငါတို့ရဲ့လမ်းပြ ဒီတစ်ဖက်ကလျှိုကိုဖြတ်လာကာမှ ခင်ဗျားတို့ဆင်ထားတဲ့ ထောင်ချောက်ကျင်းထဲကျပြီး ဝါးချွန်တွေ စူးသေသွားတာ ဒီပတ်လည်မှာ ထောင်ချောက်ထားပြီး ခင်ဗျားတို့က ဘယ်လိုလျှို့ဝှက်လုပ်ငန်းတွေ လုပ်နေကြတာလဲ ..”

“ဟုတ်တယ် .. ကျုပ်တို့က ကိုယ့်လူကိုလာရှာတာပါ၊ ဘယ်သူ့ကိုမှ အန္တရာယ်ပေးဖို့မဟုတ်ပါဘူး၊ ဒါပေမယ့် ခုလိုပုံအရဆို ပျောက်သွားတဲ့ လူတွေက ခင်ဗျားတို့လက်ချက်နဲ့သေကုန်ကြတာပဲ ..”

သူတို့ပြောသမျှစကားတွေအပေါ်မှာ ဘယ်လိုမှမခံစား မတုန်လှုပ်သော မျက်နှာတွေဖြင့် စူးစိုက်နားထောင်နေကြသည်။ တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်းတိုင်ပင်တာမျိုးတောင်မရှိကြဘဲ ဝန်ခံနေသလိုလို ဂရုမစိုက်တာကိုပြနေသလိုလို …၊

“ကျုပ်တို့ပြောတာ ဟုတ်နေတဲ့သဘောပေါ့နော် ..”

ဦးဝင်းသော် မျက်နှာကလည်း နီမြန်းလာခဲ့လျက် …၊

“လူသူမနီးတဲ့ တောနက်ထဲမှာပေမယ့် မြန်မာ့ပိုင်နယ်နိမိတ်ထဲမှာ ဘယ်နေရာမှာမဆို ဥပဒေရှိတယ်ဗျ .. ဒီနေရာမှာ ကိုယ့်မင်းကိုယ့်ချင်းလုပ်လို့ရနေတယ်ထင်ရင် ခင်ဗျားတို့ မကြာခင်ဒုက္ခရောက်တော့မယ် ဘာဖြစ်လို့လဲဆိုတော့ ..”



“ဝင်းသော် .. တော်တော့ ..”

တစ်ယောက်ရဲ့စကား လွန်ကျူးတော့မည်ထင်လျှင် တစ်ယောက်က ဝင်ထိန်းပေးရင်း …၊

“တကယ်တော့ ကျုပ်တို့ကလည်း သူများရပ်ရွာမှာ မချေမငံတွေ ပြောပြီး ကူရာမဲ့အောင်မလုပ်ချင်ပါဘူး၊ ကျုပ်တို့ သိချင်တာလေးပဲဖြေပေးရင် ဘာစကားမှ ..”

“ဖြေမယ့်ပုံမှမရှိတာ ထပ်မေးမနေနဲ့တော့ အောင်ခန့် ..”

ခုနကတော့ သူချည်းပဲဒေါကန်နေကာ ခုကျတော့ သူ့ကိုပဲတားလို့မနိုင် …။

ဦးအောင်ခန့် က ဒီလူတွေ မျက်နှာတင်းတင်းနှင့် မပြောချင်သလို မဆိုင်ချင်သလို လုပ်နေကြတာကိုပဲ တနုံ့နုံ့ဖြစ်လာကာ ဝတ်ထားသည့် ဆောင်းဘီပွပွအိတ်ထဲက မြေပုံစာရွက်ကို ထုတ်ယူဖြန့်လိုက်၏။

ပြီးတော့ တန်းစီရပ်နေကြသည့်လူတွေမြင်အောင် လှည့်ပတ်ပြလိုက်ပြီး …၊

“ဒီမှာ ရှစ်မျက်နှာရွာနဲ့ ပတ်ဝန်းကျင်မြေပုံ ..”

ဟု ပြောလိုက်ပြီးမှ ထောင်ပြထားသည့်လက်ကို ပြန်ချလိုက်ကာ…၊

“မြေပုံပါလာပေမယ့် .. ကျုပ်တို့သိပ်မကြည့်တတ်ပါဘူး၊ ဒါပေမယ့် ဒီရွာနဲ့ နောက်ကျောမှာ ရေတံခွန်ရှိတယ်၊ လူဖြတ်လို့မရနိုင်တဲ့ ချောင်းလည်းရှိတယ် ..”

သူက ခဏစောင့်ကြည့်လိုက်ပြီးမှ ဘာစကားသံမှ ထွက်မလာသေးသဖြင့် ဆက်၍ …

“ကမ္ဘာ့မြေမျက်နှာသွင်ပြင်အရ ပြောင်းလဲကုန်တာတွေ ပျောက်ကွယ်သွားတာတွေရှိတော့ ဒီမှာပါသမျှထင်ရှားတဲ့နေရာအမှတ်အသားတိုင်းကို ကျုပ်တို့ရှာမတွေ့ခဲ့ဘူး၊ လမ်းပြတွေတောင် သိမကားတဲ့ အမှတ်အသားတွေလည်းပါတယ် ..”

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကြောင့်ပဲ သူတို့ကမေး လမ်းပြကရာရင်း လမ်းပြတွေလည်း လမ်းပြအလုပ်ကို ပီပြင်အောင်မလုပ်နိုင်ခဲ့ဘဲ မျက်စိလည်လမ်းမှားခြင်းတွေ ဖြစ်လာခဲ့တာပင် ..။

သို့သော် ဒီလိုလူတွေကို ကိုယ့်ဘက်က သေချာမှုနဲ့ ခြိမ်းခြောက်ပြီး ဦးကျိုးသွားအောင်လုပ်ကြည့်ဖို့တော့ လိုသည်မို့ ..၊

"ကျုပ်တို့ ပြောချင်တာက ပျောက်သွားတဲ့လူနှစ်ယောက်က ကျုပ်တို့အတွက် အဲဒီလောက်ထိအရေးပါတယ်ဆိုတာကိုပါ၊ ဒီတော့ သူတို့ သေလား ရှင်လားဆိုတာသိရဖို့အတွက် .."

"နင်တို့သေမလား .. ရှင်မလားဆိုတာရော .. မစိုးရိမ်ဘူးလား .."

"ဟင် ..."

အကြီးအကဲလူကြီးက ရှေ့ကိုတစ်လှမ်းတက်လိုက်ပြီးမှ စကားကို ဆက်၍ ..၊

"ဒီရွာကို ရှစ်မျက်နှာရွာလို့ ဘာဖြစ်လို့ခေါ်ခဲ့တာလဲ သိလား .."

သူတို့အကြည့်တွေ ပတ်ဝန်းကျင်ကို ဝေ့ဝဲပြေးလွှားသွားခဲ့၏။ သို့သော် သစ်လုံးအိမ်တွေမှလွဲ၍ ဘာမှလည်း မမြင် ..၊

လူကြီးကပဲ သူ့ကိုစိုက်ကြည့်ကာ ..၊

"မသိရင် သိအောင်ကြည့်ခွင့်ပေးမယ် .."

"ဒါဖြင့် အဝင်က သစ်ပင်ကြီးမှာ ဘာဖြစ်လို့ 'လိပ်ကျွန်း' လို့ရေးထားတာလဲ .."

ဦးဝင်းသော် က ဝင်မေးလိုက်၏။ လူကြီးရဲ့ အကြည့်တွေ သူ့ဆီရောက်လာပြီး ..၊

"လိပ်ကျွန်းလို့ရေးထားရင် လိပ်ကျွန်းပေါ့ .."

ဘယ်လိုအဖြေမျိုးပေးလိုက်မှန်းမသိပါ။ ထူးဆန်းသည်က လူကြီးနှုတ်ခမ်းတွေမှာ လျှို့ဝှက်သည့်လှောင်ရိပ်နှင့်အတူ အကြည့်တွေက ရက်စက်မည့်အသွင် ခက်ထန်နေကာ ..၊



"ငါတို့က လူ့ စိတ်ဝင်စားတာကိုမုန်းတယ်၊ မဖိတ်ဘဲ ရောက်လာတဲ့ လူတွေကို မကြိုဘူး၊ ပိုသိသွားအောင်ပြောလိုက်မယ် လိပ်ကျွန်းဆိုတဲ့ နာမည်ကို နောက်ဘပ်လူစိမ်းတွေသိကြတော့မှာမဟုတ်တဲ့အတွက်၊ တတိယနာမည်ထပ်ပြောင်းဖို့လည်း မလိုတော့ဘူး .."

သိရဲ့လားဆိုသည့်အကြည့်နှင့် စိုက်ကြည့်သည်။ ဦးအောင်ခန့်ကတော့ လူကြီးပြောလိုက်တာကို ရုတ်တရက် နားမလည်သေးပေ ..။ ဦးဝင်းသော် မျက်နှာ ကွက်ခနဲပျက်သွားခဲ့ပြီး ..၊

"ကျုပ်တို့ကို နှုတ်ပိတ်ပစ်မယ်လို့ ခြိမ်းခြောက်နေတာလား သူကြီး၊ ဘာလဲ ဒီနေရာက ပြန်လမ်းမရှိရ သတ်မှတ်ထားတဲ့နေရာမို့လား .."

သူတို့က တောကလူကြီးကို သူကြီးလို့ပဲ ခေါင်းစဉ်တပ်ခေါ်လိုက်ပြီး ..၊

"အဲ့ဒီလိုလုပ်ဖို့ ခင်ဗျားတို့မှာ .."

"ငါတို့မလုပ်ဘူး .. နင်တို့ကိုယ်နင်တို့လုပ်မှာ .."

"ခင်ဗျား ဘာပြောတာလဲ .."

ဦးအောင်ခန့် ဒေါနဲ့မောနဲ့ ဝင်မေးလိုက်ပြီးမှ သူ့မျက်လုံးသည် တစ်နေရာဆီ အကြည့်ရောက်သွားခဲ့ပြီး ...

ဟင်!..၊

နှုတ်မှပင် 'ဟင်' ခနဲ အသံထွက်သွားခဲ့၏။ သူ့လိုပဲ ဦးဝင်းသော်ထိုဆီကို လှမ်းကြည့်လိုက်မိကာ .. ဒါ .. ဒါ ....

လူဟုတ်ရဲ့လားလို့ ရင်ထဲမှာပဲ ပဲ့တင်ထပ်သွားခဲ့သည်။ နေရောင်မမြင်ရအောင် အုံ့မှိုင်းနေသည့် နေ့လယ်ခင်းမှာ သူတို့ရဲ့ ရှေ့တူရှုက သစ်လုံးအိမ်တစ်အိမ်ဘေးတွင် မိန်းကလေးတစ်ယောက် ..၊

ကကြီးပုံမဟာနဖူးပြေပြေနှင့် ခပ်သွယ်သွယ် မျက်နှာလေးသည် သန္တာရောင်နှုတ်ခမ်း၊ လက်လက်တောက်နေသော မဟူရာရောင်မျက်ဝန်းတို့နှင့် စကားဝါရောင်ဖွေးနုသည့် ပါးပြင်ညက်ညက် ..၊

www.burmeseclassic.com

www.burmeseclassic.com



လှလိုက်တာ ...

ဒါ လူမဖြစ်နိုင်ဘူး ...

ခဏလေးပဲ မျက်နှာချင်းဆိုင်စိုက်ကြည့်သွားခဲ့ပြီး အသာလေး လှည့်ထွက်သွားလျှင် ဖနောင့်အထက် တစ်ထွာခန့်ထိ အုပ်ဖြာနွဲ့ဆင်းနေသော ဒဏ္ဍာရီဆန်အောင်လှသည့် ရွှေညိုရောင်ဆံနွယ်တို့ဖြင့် ...၊

"ဟိုမှာ .. ဟိုမှာ .."

"သူက .. သူက .. ဟာ .."

ဦးအောင်ခန့်တို့နှစ်ယောက် သူမနောက်ကို ပြေးလိုက်တော့မတတ် လှုပ်လှုပ်ရှားရှားတွေဖြစ်ကုန်ကြ၏။ သူမသည် ခဏလေးအတွင်းမှာပဲ ဘယ်ထဲကိုဝင်ပျောက်ကွယ်သွားခဲ့မှန်းမသိ ...။

"ခုန .. ဟိုမှာ မိန်းကလေးတစ်ယောက်ဗျ .."

"အဖြူရောင်အကျီလက်ရှည်နဲ့ ဆံပင်တွေက သူ့တစ်ရပ်လောက်ကိုရှိတာ .."

နှစ်ယောက်သား လျှာခလုတ်တိုက်မတတ်မေးလိုက်မိကြသည်။ လူကြီးရဲ့ မျက်ခုံးတန်းတွေ မသိမသာတွန့်ကုတ်သွားသဖြင့် ဒီမိန်းကလေးဟာ ဒီရွာနဲ့ မသက်ဆိုင်သူလို့ ချက်ချင်းတွက်လိုက်မိကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြ၏။

ထပ်မေးကြည့်လည်း ဘာမှသိရမှာမဟုတ်တာတွက်ပြီးသားမို့ ငြိမ်တူ တံတွေးမျိုလိုက်မိကြ၏။ ပြီးတော့ ဖြစ်ပြီးခဲ့သည့် အချေအတင်စကားပြဿနာတွေကို ပြန်ဆက်ဖို့သတိမရတော့ဘဲ ...၊

"ကျုပ်တို့ တောက်လျှောက်ပြေးလွှားလှုပ်ရှားလာခဲ့ရတာ ဒီတစ်ညတော့ ဒီရွာမှာတည်းပါရစေ .."

လူကြီးက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ နေရာမှ လှည့်ထွက်သွား၏။ တခြားလူတွေပါ လိုက်ပါသွားကြလျက် မထမဆုံးမချေမင်ထပြောခဲ့သော ထိပ်ပြောင်ပြောင်လူသာ ကျန်ခဲ့ပြီး ...၊



"ငါနဲ့ လိုက်ခဲ့ .."

ပြောပြီး ရှေ့ကနေဦးဆောင်ထွက်သွားခဲ့သည်။ တော်တော်ဟုတ်နေကြပါလား ...။ သူကြီးက အကြည့်တစ်ချက်တောင် ပို့လွှတ်ခဲ့ခြင်းမရှိပါဘဲ လက်အောက်ငယ်သားက သူ့တာဝန်သူယူနေသည်။

အချင်းချင်းအကြံဉာဏ်တောင်းတာမရှိ မျက်လုံးချင်းဆုံပြီး တိုင်ပင်တာလည်း မမြင်ပါဘဲ အားလုံးက စက်ရုပ်တွေနဲ့တူလေသည်။

ဇာတ်လမ်းတွေထဲမှာ မြင်ဖူးသည့် လူမိုက်တွေလို လူနဲ့လုံးဆမနီးစပ်သည့် ပုံပန်းသဏ္ဌာန်ဝတ်စားဆင်ယင်မှုတွေနဲ့ဆိုရင်လည်း နားလည်ကြည့်လို့ရသေးသည်။

ခုတော့ သူလိုငါလို ဒေါသမာန်မာနတွေနဲ့ လူချင်းအတူတူ ...။

ဘာကြောင့် ဒီရွာက ထူးခြားနေရတာလဲ ...၊

'ရှစ်မျက်နှာရွာ' ဒါမှမဟုတ် 'လိပ်ကျွန်း' ဟု ခေါ်တွင်သော ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

"တံခါးတွေ အိမ်တံခါးတွေက မျက်နှာစာလေးဘက်စလုံးကွ .."

"ဟုတ်တယ် .. အိမ်တွေက ခြံတွေဆက်မနေဘူး၊ ခြံတိုင်းမှာလည်း တံခါးလေးပေါက်ချည်းပဲ .."

မိုးစုပ်စုပ်ချုပ်တော့ သူတို့အတွက်ပေးထားသည့် အိမ်လေးထဲ ပြန်ရောက်လာကြကာ ကိုယ်မြင်ခဲ့သမျှ ကိုယ်ပြောကာ ကိုယ့်ဘာသာအံ့သြနေရင်း နှစ်ယောက်တည်းပေမယ့် မျက်နှာချင်းမဆိုင်ဖြစ်သေးဘဲရှိကြ၏။

ဦးအောင်ခန့် က မျက်လုံးတွေ လှုပ်ရှားကစားရင်း သူမြင်သမျှကို ဆက်စပ်သုံးသပ်နေသလို ဦးဝင်းသော် ကလည်း သူနဲ့ ထောင့်မှန်ကျပုံစံ တစောင်းထိုင်နေရင်း ငေးငေးငိုင်ငိုင်နှင့် ..၊

"အိမ်တိုင်းမှာ သစ်လုံးတွေနဲ့ချည်းပဲ၊ ပြီးတော့ ခြံတံခါးဝတိုင်းမှာ ရှိနေကဲ့ သစ်ပင်တွေရောပဲ .."

"လမ်းတွေက လူနှစ်ယောက်တောင်မသွားသာတဲ့လမ်းတွေ၊ ပုံစံလည်းအတူတူတွေ၊ အောင်ခန့် .. ငါတို့ ဒီအိမ်ထဲကို ဘယ်လိုပြန်ရောက်လာကြတာလဲ .."



"ထိပ်ပြောင်ကြီးပဲ လှမ်းခေါ်တာလေ .."

သူတို့ရွာကို လှည့်ပတ်ကြည့်၍ အံ့သြခြင်းတွေ ပြောမကုန်အောင် ဖြစ်ကြလျက် မိုးချုပ်တော့မှာကိုတောင် သတိမရခဲ့ပေ ..။

ဒါကို ထိပ်ပြောင်လူကြီးက တစ်ခေါ်လောက်ကနေ လက်ခုပ်တီးကာ လက်ယပ်ခေါ်သည်။ ပြီးတော့ သူတို့အတွက် အိမ်ကိုလက်ညှိုးညွှန်ပြ၏။

ထိုအခါကျမှ မိုးချုပ်လာပြီကို သူတို့သတိရကာ ထိပ်ပြောင်ကြီး လက်ညှိုးညွှန်ပြသည့်အတိုင်း လာကြသဖြင့် ကိုယ့်နေရာကို ချောချော မောမောရောက်လာခဲ့ခြင်းဖြစ်သည်။

"သူက ငါတို့ကို အဲဒီအိမ်လိုက်ပို့ပြီးသား .. ဘာဖြစ်လို့ ထပ်လိုက်လာပြီး လမ်းညွှန်မှာလဲ .."

"ငါတို့ အဲ့ဒီအိမ်ကို လွယ်လွယ်နဲ့ ပြန်ရောက်မယ်မထင်လို့ပေါ့.."

အမေးအဖြေတွေရှိကြပြီးမှ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်လှည့်ကြည့်မိကြကာ ..၊

"ဟုတ်တယ် ဝင်းသော် .. အိမ်လုံးတွေက ရှေ့နောက်ဘယ်က ကြည့်ကြည့် ရှေ့မှန်းနောက်မှန်း ဘေးမှန်း လုံးဝမသိရဘူး၊ အိမ်ကြားတွေထဲမှာလည်း ဒီလမ်းတွေပဲ ရွာလယ်လမ်းဆိုတာမတွေ့ဘူး၊ ငါကလေးတွေ ဆော့နေကြတဲ့ ဂိမ်းထဲက ဝင်္ကဘာလမ်းတွေလိုပဲ၊ ..တို့ တစ်ခုခုတော့ မှားနေပြီထင်တယ် .."

"ဒီတောလမ်းကို ရောက်လာတည်းက မှားနေတာပဲကွ .."

"မင်းက လူပျိုကြီးကိုး .."

"ဘာဆိုင်လို့လဲ .."

"ငါကတော့ ခေါင်းတွေပူထူနေပြီ၊ ငါ့မှာ သားနှစ်ယောက်ရှိသေးတယ်၊ ငါသာတစ်ခုခုဖြစ် .."

"အောင်ခန့် ရာ .. ငါတို့ခေါ်လာတဲ့ လမ်းပြတွေမှာလည်း သားနဲ့

www.burmeseclassic.com

www.burmeseclassic.com



မယားနဲ့ပါပဲ .. မင့်မှာ မိန်းမလည်းရှိတယ် ..”

“ဒါနဲ့ပဲ ငါက သေပျော်ပါပြီလို့ အော်နေရမှာလား .. ငါ့မိန်းမက တစ်နေ့မှာ နှစ်ဆယ့်နှစ်နာရီလောက်က အိမ်မှာကပ်တာမဟုတ်ဘူး၊ သူကစားဖို့ သူသွားဖို့ ငွေနဲ့ကားနဲ့ အမြဲအဆင်သင့်ရှိနေမှ ..”

“မင်းလည်း ထင်သလိုနေတာပဲကွာ .. အဲ့ဒီတော့ မအေကတောင် နေသေးတာ .. မင်းက အသေမဖြောင့်အောင်ပူမနေစမ်းပါနဲ့ ..”

“ဝင်းသော် .. မင်း ဘာဖြစ်လို့ အသေစကားတွေချည်းပြောနေတာလဲ .. အလိုလိုကာမှ တစ်လမ်းလုံး သေချင်စော်နံလာတာ မပျောက်သေးဘူး ..”

“ငါကလည်း ကိုယ့်လွတ်ကြောင်းကိုယ်ရှာလို့ မင်း မမေ့အောင် ပြောတာပါ၊ ဒီရွာအခြေအနေက တော်တော်မဟန်တာ ငါ စံစားမိနေတယ်၊ မြင်မြင်သမျှ မိန်းမသိပ်မတွေ့ဘူး၊ ယောကျ်ားပုံဆိုးပန်းဆိုးတွေ ချည်းပဲ၊ ဟို သူယောင်မယ်လေးကို ထပ်တွေ့မလားလို့ ရှာနေခဲ့တာလည်း အလကားပဲ ..”

“သူယောင်မယ်မှန်နေမှတော့ ထပ်တွေ့တော့မလာဘူး .. ဒီလောက် တောကြီးထဲမှာ သားရဲတိရစ္ဆာန်တွေရော သူယောင်မယ် ဥစ္စာစောင့် သရဲမ စုန်းမ အားလုံးရှိနိုင်တာပဲ၊ ငါ့အထင် ဒီလူတွေတောင်မှ ..”

“ဘုန်း ...”

“အောင်မယ်လေး ..”

ကျောချမ်းစရာတွေပြောနေတုန်း ဘုန်းခနဲအသံကြီးကြောင့် ဦးဝင်းသော် ဆတ်ခနဲ ခုန်ထလိုက်၏။ ထိပ်ပြောင်လူပုက စိုထိုင်းထိုင်းထင်းစတွေကို အစည်းလိုက်ပစ်ချလိုက်ပြီ ခါးကြားထဲမှာ ထိုးထည့်လာသည့် ဓား နှစ်ကောင်ကို လက်ပြန်ဖြုတ်ယူလိုက်ပြီး ထပ်ပစ်ချသည်။

ပြီးတော့ အတွင်းဘက်ကို လက်ညှိုးထိုးပြကာ ...၊

“နင်တို့ဘာသာ ဒါကို ဖျက်ပြီးကင်စားကြ၊ ဟိုထဲမှာ ဓားရှိတယ်



တံစက်မြိတ်အောက်က သစ်ခေါင်းထဲမှာ ရေ ..”

“ဘာ .. ဘယ်လို ..”

“နေပါဦး .. ဦး .. အဲ .. ခင်ဗျားနာမည်လေးပြောပါလား ..”

“လီဒ ..”

နာမည်ကြားလိုက်တော့ ဦးအောင်ခန့် မျက်နှာရှုံ့တွတွဖြစ်သွားသည်။

“ဦး .. အဲ .. ကျုပ်တို့နဲ့ သိပ်မကွာဘူးထင်ပါတယ် .. ကိုလီဒ ပေါ့နော် ..”

“မဟုတ်ပါဘူး .. လီဒ .. လီဒ ..”

“ဟုတ်ပါတယ် .. လီဒ လို့ပဲခေါ်တာပါ ..”

“ဟာ .. ဒီလူတွေတော့ ..”

လီဒ ခေါ်သတွေထဖြစ်နေတော့ ဦးအောင်ခန့် ဘယ်လိုဆက်ပြောရမှန်းမသိဖြစ်သွား၏။ သို့သော် ...၊

“ကျုပ်သိပြီ .. သူပြောတာ လဒ ဖြစ်မယ်၊ ဟုတ်တယ်မို့လား .. ငှက်နာမည်လေ ခင်ဗျား စကားဝဲနေလို့ပါ ..”

လဒ က ခေါ်သအရှိန်မသေသော မျက်နှာကြီးနှင့် ပြန်လှည့်ကြည့်၍ ...

“ဒီမီးကို ရေနံမကုန်ခင်ထပ်ဖြည့် .. အထဲမှာရှိတယ် ..”

“ထင်းက ဒါတွေလား .. ရေနံဆိုတာ ရေနံဆီလား ရေနံချေးလား..”

သူ့မေးခွန်းတွေကြောင့် လဒ က မျက်မှောင်ကုတ်ကြည့်၏။ နီကျင်ကျင်မီးရောင်က တလွန့်လွန့်ယိမ်းနွဲ့နေရာ လဒ မျက်နှာကြီးက ကြည့်ရဆိုးနေ၏။

“မသိလို့မေးကြည့်တာလေ .. ဒီမှာတော့ ကြိုးစကိုမီးလောင်နေတာပဲတွေ့တော့ ..”

“ဒီမှာရှိတာတွေ ငါပြောပြီးပြီ .. သုံးတတ်ရင်သုံး မသုံးတတ်ရင်

www.burmeseclassic.com

www.burmeseclassic.com



နေ .. နောက်နေ့ မိုးလင်းတာမြင်ချင်ရင်တော့ နင်တို့သိချင်တာတွေကို မေ့ဖျောက်ပြီးအိပ် ..”

“ကျုပ်တို့က နေရာစိမ်းမို့ သိထားချင်တာပါ ..”

“တစ်ညနေလုံး လှည့်ပတ်စပ်စုပြီးပြီမို့လား ..”

“ဒါကတော့ ကျုပ်တို့က လူရှာဖို့လာကြတာကိုးဗျ ..”

“ကြိုက်သလိုရှာ .. နင်တို့ကို ဘယ်သူမှတားမှာမဟုတ်ဘူး .. တစ်ခုခုဖြစ်နေရင်လည်း ကယ်ပါဦးလို့ မအော်နဲ့ ..”

“ဘယ်လို ...”

“ဘယ်သူမှ လာကယ်မှာမဟုတ်ဘူး ..”

ဒါပဲပြောပြီး ခြေလှမ်းပြင်လိုက်လျှင် ဦးဝင်းသော် က ကမန်းကတန်း သွားပြီးတားကာ ...

“ခဏနေပါဦး ကိုလဒ .. ကျုပ်တို့ကို ခင်ဗျားပဲ ဒီထိကူညီခဲ့တာပါ၊ ပြန်ပြီးဖြေဖော်ပြောဖော်လည်းရတယ်၊ ကျေးဇူးတင်ပါတယ် .. တစ်ခုပဲဖြေခဲ့ပါ .. ဒီရွာမှာ ညဘက်မလုံခြုံဘူးလား ..”

လဒ က ခပ်ကျဉ်းကျဉ်းမျက်လုံးတွေနဲ့ သူ့မျက်နှာကို ပြန်ကြည့်၏။ ပြီးတော့ ခံစားချက်ကင်းမဲ့နေသည့်မျက်နှာနှင့် မဲ့၍ ...

“ဘယ်မှာပဲဖြစ်ဖြစ် နေတတ်ဖို့ပဲလိုတာ ..”

“ဟုတ်ပါပြီ .. ကျုပ်တို့ပြောမှားဆိုမှားတွေဖြစ်ခဲ့ပါတယ်၊ ဟိုမေး ဒီမေးစပ်စုမိတာတွေလည်း တောင်းပန်တယ်ဗျာ .. ကျုပ်တို့ကို မျက်မုန်း ကျိုးတဲ့ အမှုအတွက်နဲ့ သတ်ပစ်ဖို့ထိ ခင်ဗျားတို့ စီစဉ်နေကြလား ..”

ဦးဝင်းသော် က မျိုသိပ်မရတော့သဖြင့် တည့်တည့်ကြီးမေးချ လိုက်ကာ ...၊

“မျက်မုန်းကျိုးလို့ ဒါမှမဟုတ် ဒီရွာရောက်လာပြီးရင် ပြန်ခွင့်မရှိ တော့လို့ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ကျုပ်တို့ကို မိုးလင်းတာနဲ့ သတ်ပစ် တော့မှာလား .. ကျုပ်တို့က ခင်ဗျားတို့လက်ခုပ်ထဲကရေပါ၊ ပယောဂ



တွေလုပ်မနေပါနဲ့ .. ဘယ်အရာဘယ်လိုဂုဏ်သတ္တိတွေရှိနေနေ ရေများ ရေနိုင် မီးများမီးနိုင်ပါပဲ ..”

အရှုံးပေးနေသလိုနှင့် ဦးဝင်းသော် ဒေါသထွက်တာသိသာနေ၏။ ဦးအောင်ခန့် စိတ်ပူသွားကာ ..၊

“မဟုတ်ပါဘူး .. ဝင်းသော် နေဦး .. ဒီမှာ ကိုလဒရာ ကျွန်တော် တို့က ..”

“တော်စမ်း .. နင်တို့ချည်းပဲ ငါတို့ရှေ့ရောက်လာတည်းက ကြိမ်း လားမောင်းလား ဟင် .. ဟုတ်တယ်တွေ မဟုတ်ဘူးတွေ နင်တို့ပဲဖြစ်နေ တာ ..”

လဒ ကလည်း မျက်လုံးကိုပြူးပြီးစိုက်ကြည့်ကာ ..၊

“ငါ့ကိုမေးမနေနဲ့ သတ်ပစ်မယ်ထင်ရင် ထွက်သွားကြ၊ မထင်ဘူး ဆိုရင်နေ .. အလကား ဗလောင်းဗလဲလူလိမ်တွေ ..”

စကားက မပီသမယ့် ဘာတွေပြောသွားတယ်ဆိုတာ သေချာကြား လိုက်ရသည်။ သူတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ကျန်ခဲ့ ကြလျက် ..

“ဘာလဲဟ ..”

“အဲဒါ မင်းပဲလေ .. အတင်းစွပ်ကောနေတာကိုး ..”

“အံမာ .. သူတို့ပြောလိုက်ရင်ရော .. ငါတို့ကို ခြိမ်းခြောက်နေတာ တွေပဲမဟုတ်ဘူးလား ..”

“ဟုတ်ဟုတ် မဟုတ်ဟုတ် .. ကိုယ်က ညှိသည်လုပ်နေရတာကို..”

“အောင်ခန့် မင်းကစပြီ ဘုတောခဲ့တာနော် ..”

“အစကတော့ ပင်ပန်းပြီး ဒေါသထွက်နေတာလေ .. သူတို့မျက်နှာ တွေကလည်း ချစ်ခင်ရင်းနှီးဖွယ်တွေရှိလို့လား ..”

“အဲဒါ ငါ့ကျမှ မင်းကြောင့်ဖြစ်ရလား ..”

ပြောနေရင်း အမွေးစုတ်ဖွားဖွားနှင့် ရှုံ့သေနေ[illegible]ကောင်ဆီ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်။ ပြီးတော့ ထင်းခြောက်အစိုတွေရယ် ဆီခြောက်စပြု ပြုံးဖြစ်သည့် မီးခွက်မီးရယ် ...။

"ရောက်ဆောလာပြီ ဘာမှလည်းမလုပ်တတ်ဘူး .. မင်းရော .."

"ခြော် .. ခြော် .. မေးရှာတယ် .. ငါက လူပျိုနော် .."

"မိန်းမရှိတဲ့လူက ပိုအကျင့်ပျက်တယ်ကွ .. အိမ်မှာဆိုလည်း လက်ဆေးရွက်ရှုရောက် မိန်းမက စီစဉ်ပြီးသား၊ ဆိုင်ပဲသွားသွား ကလပ်ပဲသွားသွား .."

"တဲ .. တော်ပါတော့ အောင်ခန့်ရာ ခုချိန်မှာ မြို့တစည်းစိမ်ကို တွေးနေရင်း မင်း ဒီမှာတင် ဗုန်းဗုန်းလဲသွားလိမ့်မယ်၊ စားသောက်ဖို့လည်း နောက်မှစဉ်းစား .. အခု လောလောဆယ် နောက်ကိုဝင်ပြီး ရေနံရှာရမယ် မီးရှိဖို့ ဒီမီးမငြိမ်းဖို့က စားဖို့ထက်အရေးကြီးတယ် .."

မီးခွက်မီးစာကို ဘယ်လိုအရာတွေနဲ့ ကြိုးကျစ်ပြီး ခွေထည့်ထားသည်တော့မသိ ရေနံကုန်ခါနီးတာသိသာပေမယ့် မီးစာက တောင့်လျှက်ကျန်ရစ်ဆဲ ...။

နောက်ထဲမှာ သူတို့ရှာဖွေရင်း ရေနံဆိုတာကိုရှာမတွေ့ခဲ့ မီးခွက်ကိုင်သည့် ဦးဝင်းသော်ဗ လေ့လက်ကိုင်လဲသေသည်။

ထိုအခါ ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်နဲ့မည်းမည်း ...။

"အဲဒီမှာလဲသာသေလိုက်တော့ ဝင်းသော် ရေ .."

"မေတ္တာပို့မနေနဲ့ကွ .. ဒီမှာ ရေနံဆိုးလားမသိဘူး .. မွှမ်းမွှမ်းအရည်တွေ .. ဟာ .. ဟုတ်တယ် .. ဟုတ်တယ် .."

"ဘယ်မှာလဲ .."

"ငါ ကိုင်မိနေပြီ .. ဒါပေမယ့် ဆီးကိုဘာနဲ့စီဖွာရလဲမသိဘူး၊ ဆွဲထုတ်လို့မရဘူး၊ ဘာမှမမြင်ရတာ ခုက္ခပဲကွာ .."

"အဲဒါမှ တကယ့်ပြဿနာ၊ အပြင်လည်း မရှုတ်ရဲဘူး .. ဘယ်လိုလုပ်မလဲ .. ဝင်းသော် .. ဝင်းသော် မင်းကိုငါသိတယ်နော် .. မင်း ဉစ္စာစောင့်



မကိုပဲ စိတ်ရောက်နေတာ .."

"မစွပ်စွဲနဲ့ အောင်ခန့် .. စိတ်ရောက်တာနဲ့ ခြေထောက်က လှုပ်တိုက်တာ တခြားစီ .."

"အေးပေါ့ .. ခြေထောက်မှာ ပုလင်းကွဲစူးတာကို မျက်စင်းစတ်ပေးတဲ့ဆရာဝန်နဲ့ မင်းကိုပြနိုင်းသင့်တာ .."

"ပြောစရာရှိရင် ထောင်နေဖွယ် .."

"ဟုတ်တယ် .. စိတ်ကတွေးနေတုန်း ဒီခြေထောက်က နင်းချင်တာ နင်းရလားဆိုပြီး အဲ့ဒီဆရာဝန် မင်းရဲ့ခြေထောက်ကို ခွဲစိတ်လိမ့်မယ်.."

ငယ်သူချင်းတွေမို့ တစ်ယောက်ကိုတစ်ယောက်မမြင်ရဘဲလည်း ရန်ဖြစ်နိုင်သေးသည်။ နောက်ဆုံးမှာ အိမ်ပြင်ထွက်၍ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိလျှင် ...၊

"ဟိုဘက်ထောင့်မှာ မီးရောင်တွေ့တယ်၊ မီးခွက်ကို ရေနံစိုအောင် ဆွတ်ခဲ့ရဲ့လား .."

"ဆွတ်ခဲ့ပါတယ် .."

"မီးရောင်ကိုပဲကြည့်နေ မင်းက .. ငါက အောက်ကိုစမ်းနင်းမယ်၊ တော်ကြာ မျက်စိလည်ပြီး မရောက်ဘဲနေမှ ဒုက္ခ .."

တောတွင်းတောက်လျှောက်မှာ ထိတ်လန့်ပြေးလွှားခဲ့ရတာတွေကို နှုတ်ထိ မပြီးဆုံးနိုင်ပါလား ...၊

သူတို့ရဲ့ အကြိုသောင်းဆိတ်တွေလည်း၊ စွန်းထင်းစုတ်ပြဲထားတာတွေ မြင်လို့တောင်မကောင်းတော့ပါ။ နှစ်ယောက်စလုံး အလှအပကြိုက်ကြသည်။

ကိုယ့်ကိုယ်ကိုယ် အမြဲလှပချောမောနေစေသလို မြင်မြင်သမျှကိုလည်း လှနေမှကြိုက်တဲ့လူတွေ ...။ ခုတော့ သူတို့ကျမှ စုတ်ပြဲပေပွနေသဖြင့်မှောင်နေတာတောင် ခပ်ကောင်းကောင်းလို့တွေးလိုက်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လျှင် ကိုယ့်ကိုယ်ကိုယ် ပြန်မြင်နေရတာ စိတ်မချမ်းသာ..။

"ရှူး .."

ခြေသံလုံဖို့ အောင်ခန့် က သတိပေးကာ မီးရောင်မြင်နေရသည့် အိမ်ကို လက်ညှိုးထိုးပြ၏။ အိမ်တွေက ထစ်ပုံစံတည်းတွေဖြစ်ကာ ရှေ့နောက်တံခါးမကြီးနှစ်ပေါက်ရှိကာ ခေါင်းရင်းပြတင်းပေါက်ပုံစံသစ်နှစ်လုံးစာကို ကွက်ချန်ထားတာဖြစ်သည်။

ထိုအပေါက်နေရာကို ဘယ်အိမ်မှာမှတံခါးအဖြစ် ကာရံပိတ်ဆို့ထားကြတာမရှိကြပေ။ ထို့ကြောင့် အဝါရောင်လေးကာထားတဲ့အိမ် အနီရောင်လိုက်ကာချထားတဲ့အိမ် စသဖြင့်ခွဲခြားသတ်မှတ်ထားဖို့က မလွယ်ပေ ..။

ညနေတုန်းက သူတို့အဖြစ်ကိုပဲ ပြန်တွေးမိနေသည်။ ဘယ်လောက်သွားနေနေ ဒီနေရာပဲ ပြန်ရောက်နေသလို ခံစားနေရပြီး ဘယ်လိုအရာကို ထူးခြားတဲ့အမှတ်အသားလုပ်ထားရမလဲဆိုတာရှာလို့မရ ..။

ညရောက်တော့ ထူးဆန်းနေတာက ဘယ်အိမ်မှာမှ မီးရောင်မမြင်ဘဲ ဒီအိမ်ပြတင်းပေါက်က မီးရောင်ကိုပဲတွေ့ကြရသည်။

"ငါတို့ သတိတော့ထားရလိမ့်မယ် .."

"အေး .."

နှစ်ယောက်သား တိုးတိုးကြိတ်ကြိတ်ပြောမိကြစဉ် ..၊

"ဖျောက် .. ဖျောက် .. ဖျောက် .. ဗျွတ် .."

တောထဲက တိုးတိုက်နင်းဖြတ်လာသည့်အသံ ..၊

နှစ်ယောက်စလုံး တောင့်မတ်သွားကြသည်။ ဒီတစ်ခါ တိုင်ပင်ချိန်မရလိုက်ဘဲ တစ်ယောက်ယောက်လျှောက်လာနေလိုလို ခံစားမိလိုက်သဖြင့် အသက်ရှူမှားသွားကြသည်။

မှောင်မိုက်နေသည့်ကြားက မျက်လုံးတွေကျွတ်ကျမတတ် စူးစိုက်ကြည့်မိလျက် ..၊



"ဟာ .."

"ဘာကြီးလဲ .. သရဲ .."

ခေါင်းလုံးရှည်ရှည်နှင့် သစ်ပင်ပေါ်မှာ ဖောက်ထိုးလွှဲယမ်းနေတာ နည်းတာကြီးမဟုတ် ..။

သူတို့ပြေးဖို့ခြေလှမ်းပြင်လိုက်သော်လည်း ..၊

"ဘုန်း .."

"အင့် .."

"ဘုန်း .."

ဝင်းသော် အော်ချိန်ပင်မရလိုက်ဘဲ တစ်ကိုယ်လုံးလွင့်ခနဲမြောက်တက်သွားတာကို သိလိုက်သည်။ ပြီးတော့ ဘုန်းခနဲပြန်ကျတာ ရင်ဘတ်နဲ့ ..၊

"အား .. ကျွတ် .. ကျွတ် .."

သစ်ရွက်ခြောက်ပုံနေသည့်နေရာကို ကျသွားသဖြင့် အသက်ထွက်မသွားသော်လည်း ..၊

ဟင်!...၊

ခေါင်းထောင်ကြည့်လိုက်တော့ မီးရောင်ကို ကျောပေးရပ်နေသည့် ယောကျ်ားတစ်ယောက်၏ပုံရိပ် ..။

အရပ်ကြီးထောင်ထောင်မားမားနဲ့ပေမယ့် ဒါတော့ လူစင်စစ်ပဲဆိုတာ သေချာသိလိုက်၏။ ပြီးတော့ ဆံပင်ရှည်ချထားပုံနဲ့ ကာယဗလအရ လူကြီးတစ်ယောက်လည်းမဖြစ်နိုင် ..။

ဒါပေမယ့် သူတို့ကို ဘယ်လိုမှ ရိုးသားသည်ထင်မှာမဟုတ် ..၊

"ဒီ .. ဒီမှာကွာ .. ကျုပ်တို့ .. အား .."

ဦးဝင်းသော် က လက်ကာပြရင်း ငြိမ်းချမ်းရေးယူလိုက်ကာ အားယူထလိုက်၏ သူ့ခြေထောက်နားမှာကျလာသည့် ဦးအောင်ခန့် ကတော့ ဗိုက်ကိုနှိပ်ထားပေမယ့် ထရပ်နိုင်ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အတူတူယှဉ်ရပ်နိုင်သည်နှင့် အိမ်တံခါးဝမှာ ရပ်နေသူက တစ်လှမ်းချင်းထွက်လာပြီး ...၊

"ဘာလာလုပ်ကြတာလဲ .."

"ငါတို့က ..."

မီးခွက် .. မီးခွက် ဘယ်ရောက်သွားပြီလဲ ...၊

အိမ်ထဲက မီးရောင်အရှိန်နှင့် ပတ်ဝန်းကျင်ကို နည်းနည်းတော့ မြင်ရပြီဖြစ်ကာ ဦးအောင်ခန့် က မြေပြင်ပေါ်မှာ လှည့်ပတ်ရှာသည်။

"ဒီနားမှာကျသွားတာပါ .."

ဦးဝင်းသော် က နေရာကိုမှန်းပြီး လိုက်ငုံ့ရှာလျှင် မီးခွက်ကိုတွေ့ပေမယ့် သူ ကောက်မယ်ဖြင့်လိုက်တာနှင့် ...၊

"ဟာ .."

လက်လှမ်းလိုက်သည့်ရှေ့မှာ အမွေးတွေနဲ့ ခြေထောက်ကြီး ...၊

နောက်ကို အယိမ်းအယိုင်ပြန်ဆုတ်၍ ကြည့်လိုက်တော့ မျောက်သိုးကြီး တစ်ကောင် ...၊

"ငါ .. ငါတို့ကို ခုန သူ ရိုက်ထည့်လိုက်တာ .."

"မဟုတ်ဘူးကွ .. ကိုင်ပေါက်တာ .."

သူတို့တိုင်ကာမှ တာစံ က ရှေ့တိုးလာ၏။

"ဒါ .. ဒါကြီးက မင့်ကောင်ကြီးလား .. လုပ်ပါဦး – လုပ်ပါဦးဟ.. လည်ပင်းညှစ်မလို့ထင်တယ် .."

"တာစံ ..."

လူရှယ့်အသံကြားတာနှင့် မျောက်ကြီးက တုံ့ခနဲရပ်၏။ ဦးဝင်းသော် ရင်တွေတုန်နေဆဲပါ။ နည်းတဲ့မျောက်ကြီးမဟုတ်ပါလား ...၊

ဒါကြီးသာ ကိုယ့်ဘက်မပါရင် သွားပြီ ...၊

တောထဲမှာ ဝက်ဝံတစ်ကောင်နဲ့ တိုးခဲ့သည်။ သူ့ဘာသာ အစာရှာနေတာကို ကိုယ်က အဝေးကမြင်ပြီး လှုပ်ထွက်မတတ်ပြေးခဲ့ရတာဖြစ်



သည်။

ပြီးတော့ ကျွဲတွေ ဆတ်တွေနဲ့လည်းတိုး၏။ ပြေးရလွှားရသော်လည်း လမ်းခြတွေရှိနေသဖြင့် တော်ရုံဆို အားကိုးစိတ်နှင့် ခံနိုင်ရည်ရှိနေခဲ့တာဖြစ်သည်။

ခုချိန်မှာဆို ဒီသတ္တဝါဟာ မျောက်ကြီးတစ်ကောင်ဖြစ်နေပေမယ့် စိတ်ထဲမှာ ဂေါ်ဇီလာကြီးတစ်ကောင် ကိုယ့်ရှေ့ရောက်နေသလို ဘယ်ပြေးပုန်းလို့ပုန်းရမှန်းမသိ ...။

"ငါတို့ မီးငြိမ်းသွားလို့ပါ .. ရေနံထရှာရင်နဲ့ မီးငြိမ်းသွားလို့ ဒီမှာ မီးရောင်မြင်တာနဲ့ .."

ဦးအောင်ခန့် ဝင်းရှင်းပြသည်။ လူရှယ်က ကိုယ့်ရှေ့ရောက်နေသလို ဘယ်ပြေးပုန်းလို့ ပုန်းရမှန်းမသိ ...။

"ငါတို့ မီးငြိမ်းသွားလို့ပါ .. ရေနံထရှာရင်းနဲ့ မီးငြိမ်းသွားလို့ ဒီမှာ မီးရောင်မြင်တာနဲ့ .."

ဦးအောင်ခန့် က ဝင်ရှင်းပြသည်။ လူရှယ်က သူ့စကားဆုံးတာနှင့် အိမ်ထဲကို ပြန်လှည့်ဝင်သွားသည်။ မီးကိုင်ပြီး ပြန်ထွက်လာမည် ထင်သော်လည်း ထွက်မလာသဖြင့် သူတို့ဘာလုပ်ရမှန်းမသိဖြစ်သွားကြ၏။

ဝင်လိုက်သွားရအောင် လိုက်ခဲ့ပါလို့လည်း မခေါ် ...၊

ဒီတိုင်းနေပြန်ရင်လည်း မျောက်ကြီးထပ်ထွက်လာရင်း အခက် ...၊

မီးမရဘဲ ပြန်လှည့်သွားဖို့က ...၊

"ခင်ဗျားတို့ ဝင်လာခဲ့ပါ .."

ဟော ...၊

ခွင့်ပြုချက်ရသည်နှင့် တစ်ယောက်ကိုတစ်ယောက် ဖေးမရင်း အိမ်ထဲဝင်လိုက်ကြသည်။ အထဲမှာ အပြင်ခန်းဟု သတ်မှတ်သော ပျဉ်ခင်းထားသည့် ကွပ်ပျစ်တစ်ခုရှိသည်။ ပြီးတော့ တန်းလျားရှည်လေးတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စားပွဲတစ်လုံး ...၊

ဒီဘက်မှာ ကြပ်နိုးစင်လိုကြိုးဆွဲထားသည့်အထပ်စင်တစ်ခုနှင့် အောက်မှာ မီးဖိုကြီးလည်းတွေ့သည်။ ပြီးတော့ မြက်ခြောက်တွေခံထားသည့် တိရစ္ဆာန်အရေခွံခင်းထားသော အိပ်ရာ ...၊

ကြုံသည့်နေရာမှာ လှဲချလိုက်လို့ရအောင်လား ...၊

ဒါဆို ဒီနောက်ကအတွင်းမှာ ဘာတွေရှိသလဲ၊ အိပ်ခန်းတွေလား၊ ဘာတွေသိုလှောင်ထားတာလဲ ...၊

ဒီရွာမှာ မြင်ရသမျှမှာ ကျွန်းတွေပျဉ်တွေချည်းဖြစ်ကာ ဝါးတွေသိပ်မသုံးကြပေ ...။ သစ်လုံးအိမ်တွေကလည်း သေးသေးလေးတွေမဟုတ်ဘဲ အိမ်တစ်ဆောင် မီးတစ်ပြောင်စာ အသင့်အတင့်ကျယ်ဝန်းသည့် အဆောက်အဦးတွေပဲဖြစ်၏။

"ခင်ဗျားတို့ကြည့်ရတာ သေသေးနီးလာရင် ရင်တုန်အောင်ကြောက်တတ်ပြီး အခွင့်အရေးကြုံလာတာနဲ့ ရသလောက်ယူမှာပဲဆိုတာမျိုးတွေပဲ ..."

ဟင်!...၊

သူတို့တွေ ဝင်လာပြီး မျက်လုံးကစား၍ အကဲခတ်နေတာ မပြီးသေး ...။

"သိချင်တတ်ချင်စိတ်ရှိတာ ကောင်းပေမယ့် စပ်စုတာက ရှုံ့စရာကောင်းတယ် ..."

"ဟာကွာ ... မင်းကလည်း လူလေးငယ်ငယ်နဲ့ပြောတော့ တစ်လုံးကြီးပဲ ..."

"ငါတို့အတွက်က အရာရာက အထူးတဆန်းချည်းပဲမို့လို့ပါ ..."

"ထူးဆန်းတာတွေ လျှောက်ကြည့်ဖို့ ခင်ဗျားတို့လာတာလား ..."

သူတို့မဖြေနိုင်ပေ ...။ ပြီးတော့ မီးရောင်တစ်ခြမ်းကျနေသော မျက်နှာကို မြင်လိုက်သဖြင့် အံ့သြသွားတာလည်းပါသည်။ ဒီကောင်လေးရဲ့ မျက်နှာသွင်ပြင်သဏ္ဍာန်ကတော့ မြန်မာစစ်စစ်ဖြစ်ပုံရှိကာ ဖြူဖြူချောချော

www.burmeseclassic.com



လေးပါလား ...။

"ခုလည်း ထူးဆန်းပြန်ပြီ ညီလေးရ ... စင်းက ဒီကလူတွေနဲ့ လုံးဝမတူတဲ့ ကောင်ချောလေးပါလား ..."

တစ်ခုခုကို စိတ်ဝင်စားပြီဆို သူတို့တွေမျက်နှာမှာ ကြောက်လန့်ဖျားများခြင်းတွေ အလျှင်းမရှိတော့ဘဲ ဂရုမစိုက်တတ်သော အပြုံးတို့နှင့် ...၊

"အဟွန်း ... ငါ့ညီ ခုနပြောလိုက်တာမလွန်ပါဘူး၊ ဒါပေမယ့် လိုနေသေးတယ်ကွ ... ငါတို့က အခွင့်အရေးကြုံတာနဲ့ ရသလောက်ယူမယ့်လူတွေဆိုတာလေ၊ ဒီတောထဲမှာ ငါတို့အတွက် မက်စရာဘာရှိလို့လဲ၊ ငါက အောင်ခန့် စီးပွားရေးလောကမှာ ဂုဏ်သတင်းမွှေးလာတော့ ဦးအောင်ခန့် ပေါ့ကွာ ... ငါ့မှာ ဖက်စပ်ကုမ္ပဏီကြီးတွေရှိတယ်၊ အကြမ်းဖျင်းပြောရရင် တစ်နေ့ကို သိန်းရာနဲ့ချီပြီးရှာနိုင်တဲ့သူပါ ..."

"ဟုတ်တယ်ကွ ... ငါက ဝင်းသော် လူကအင်ဂျင်နီယာပေမယ့် သူ့လိုပဲ ကုမ္ပဏီလုပ်ငန်းနဲ့ အကျိုးပေးနေတဲ့သူပေါ့၊ တို့တွေအတွက်က ကိုယ်ကြိုးစားလှုပ်ရှားရသလောက် ပြန်ရနိုင်မယ့် စိတ်အပန်းဖြေမှုပဲ၊ ငွေရှာနိုင်ပေမယ့် ကိုယ့်စိတ်က အမြဲတမ်း ဖရုပ်(ရှ်)ဖြစ်နေမှ ကျန်းမာမှာလေ ..."

တစ်ယောက်တစ်မျိုးစီ အားပါးတရကြွားလိုက်ကြပြီး မီးခွက်တင်ထားသည့် တိုင်ကြီးဘေးမှာ တူတူသွားထိုင်ကြ၏။

"ပြောရရင် ငါတို့အတွက် မက်မောစရာမရှိလောက်အောင် ဘဝကပြည့်စုံပြီးသားပါ၊ မင်းက ဟိုလူတွေနဲ့ မတူဘူးဆိုတော့ ငါတို့ချင်းနားလည်မယ်ထင်ပါတယ် ..."

လုလင် နားလည်လိုက်သည်က ဒီလူနှစ်ယောက်စလုံး၏ စိတ်ဓာတ်ကိုဖြစ်သည်။

တစ်ယောက်ကအရပ်မြင့်မြင့် အသားညိုညိုနှင့် ပုံစံအရ စမတ်(တ်)ကျ၍ ချောမောသည်လို့ဆိုနိုင်၏။ ထိုသူက ဝင်းသော် ...၊

www.burmeseclassic.com



နောက်တစ်ယောက်က အရပ်အနေတော်နှင့် ဗိုက်ကခပ်စူစူ၊ ဒါပေမယ့် အသားဖြူဖြူနီစပ်စပ်နှင့် မျက်နှာက ဖော်ရွေသည့်ပုံပိုပေါက်၏။ သူက သူ့ကိုယ်သူ အောင်ခန့် လို့ မိတ်ဆက်သူဖြစ်၏။

မြို့မှာဆို လူကုံထံလို့ထင်ရလောက်သော အဝတ်စားတွေက ခုချိန်မှာတော့ စုတ်ပြဲရာဗလပွနှင့် ဖွန်းထင်းညစ်ပေလျက်ရှိကာ ..၊

"ခင်ဗျားတို့ ဘယ်လိုပုဂ္ဂိုလ်ကြီးတွေပဲဖြစ်နေနေ ဒီတောကိုဖြတ်ပြီး ဒီနေရာကိုရောက်လာခဲ့ရင် ပြီးခဲ့တဲ့နာရီမိနစ်တွေကို မေ့ပစ်လိုက်ရမယ်၊ နောက်ထပ်လာမယ့် အချိန်တိုင်းမှာ အရေးကြီးတာက ကိုယ်ဘယ်လိုရှင်သန်မလဲဆိုတာ .."

"နေပါဦးကွ .. မင်းတို့ရဲ့ရွာက ဘာလဲ .. ပညာရှင်တွေလား၊ ဘာမှမလုပ်ဘူး ချုပ်မထားဘူးလို့ပြောတယ်၊ မနက်ဖြန် မိုးမလင်းခင်ပဲ သေရတော့မလိုလို .."

"အဲ့ဒါ မင်း ငါတို့ကို ပြောပြနိုင်ရင် ပြောစမ်းပါကွ .. ခြေမထိလက်မထိဘဲ စုန်းတိုက်သတ်ပစ်မှာမျိုးလား၊ ငါတို့ တကယ်ပဲ အသက်ကို ဖက်နဲ့ထုပ်ထားရတော့မှာလား .."

နှစ်ယောက်စလုံးက မကျေနပ်ချက်တွေကိုမေးကြသည်။ ထိုစဉ် တာခံ နောက်ထဲကထွက်လာလျှင် သူတို့ရဲ့ အကြွားသန်သည့်လေသံ ဟန်ပန်တွေ ပျောက်ကွယ်သွားကြ၏။

ထိုင်နေရာကနေ လုလင် ရပ်နေသည့်ဘက်ကို ကမန်းကတန်း တိုးကပ်ထိုင်ကာ ...

"ညီလေး .. သူ .. သူက မျက်နှာပေါက်တော့ ဆိုးတယ်နော် .. ရတယ်မို့လား ..."

"ငါတို့ကို ကြည့်နေတယ် .."

တာခံ က သူတို့ကို မျက်မှောင်ကြီးကုတ်ထားပြီးကြည့်နေလျက် လုလင် က လှမ်းကြည့်လိုက်မှ မလှမ်းချင်လှမ်းချင် ခြေလှမ်းတွေနှင့်



အပြင်ကိုထွက်သွား၏။

လုလင် က သူတို့နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သဖြင့် မျက်နှာတစ်ခုလုံးကို မီးရောင်အောက်မှာ ရှင်းလင်းစွာမြင်လိုက်ရသည်။

"ညီလေး .. မင်းက ဆံပင်ရှည်တွေနဲ့ဆိုတော့ လူရိုင်းပုံပေါက်ချင်ပေါက်နေလိမ့်မယ် .. ဒါပေမယ့် မင်းရဲ့ အသားအရေ မင်းမျက်နှာကြန်အင်လက္ခဏာအရ မင်းက တောနဲ့မတန်တဲ့ ခပ်နုနုလူချောလေးပါ၊ ဘာဖြစ်လို့ ဒီတောထဲမှာနေတာလဲ .. ဒီရွာသား မဟုတ်ဘူးဆိုတာ ငါတို့က.."

"ခင်ဗျားတို့ ဘာကိုသိချင်တာလဲ .. ဒီရွာအကြောင်းလား ကျုပ်အကြောင်းလား၊ ဒါမှမဟုတ် ခင်ဗျားတို့ မနက်ဖြန်သေမလား ရှင်မလား ဆိုတာလား .."

"ဟင် !...."

လာပြန်ပြီ သေမယ့်စကား ..၊

တကယ်ပဲ သူတို့ကို သတ်ဖြတ်ဖို့သေချာနေပြီလား .. သေရမယ်ဆိုရင်တောင် ဘယ်လိုလက်နက်မျိုးနှင့် သေရမယ်ဆိုတာ သိခွင့်ရှိရင် သိချင်ပါသေးသည်။

"တကယ်လို့ ငါတို့ရဲ့ ကံကြမ္မာကို မင်းကကြိုသိထားတယ်ဆိုရင်လည်း အခု မင်းပြောလိုက်သမျှ ငါတို့သိချင်ပါတယ် ပြောပြမှာလား.."

"ဟုတ်တယ်ကွာ .. သေရမယ့်လူကို အမှန်အတိုင်းတော့ ပြောပြသင့်တယ်မို့လား .. ငါတို့ကို ဘယ်လိုစီရင်မှာလဲ၊ ဘာကြောင့်လဲ ငါတို့လူနှစ်ယောက်ကိုလည်း ဒီရွာကသတ်လိုက်တာလား .. ငါတို့ လာခဲ့တဲ့ တောက်လျှောက်မှာ သူတို့သေတဲ့အလောင်း ဘာညာဘာမှမတွေ့ခဲ့ဘူး.. အဲ့ဒီတော့ .."

"ဒီရွာရောက်မှ သေတာလို့ပြောတာလွှား .."

"ငါတို့ကိုလည်း သတ်ပစ်မှာပဲမို့လား .."

"သတ်မှာလို့ထင်နေရင် အခု ခင်ဗျားတို့ ဘာလို့မပြေးသေးတာလဲ.."



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သည့်မေးခွန်းမို့ တစ်ယောက်ကိုတစ်ယောက်ပြန်ကြည့်မိပြန်သည်။

လုလင် ကလည်း သူတို့ဖြေမှာကိုစောင့်နေခဲ့၏။

"ငါတို့ပြေးခဲ့ရတာလည်း သေလုမတတ်ပဲလေ ... လမ်းဆုံးလို့ရှာတွေ့ကာမှ ..."

"လမ်းက မဆုံးသေးပါဘူး ..."

"မြေပုံအရ ..."

"အားလုံးက ပြောင်းလဲကုန်ပြီ ..."

"နေပါဦး ... မနေ့က ရှာလူကြီးနဲ့ ငါတို့အရေးအတင်တွေပြောနေတုန်းက မင်းမရှိပါဘူး၊ ဒါနဲ့တောင် ငါတို့ကို မင်းသိနေတယ်နော်..."

"ငါတို့ဖြစ်ခဲ့တဲ့ ပြဿနာအကြောင်းအရာတွေကိုတောင် သိနေတဲ့ပုံပဲ ..."

"ကျုပ်တို့ ဒရာမာရေးနေကြတာမဟုတ်ဘူးနော် ... ဘာကိုမှ လိတ်ပတ်လည်ဖို့တွေးမနေနဲ့ ..."

'ဒရာမာ' ဆိုတဲ့အသုံးအနှုန်းတွေ ပြောနေပါလား ...။

ဒါဆို ဒီကောင်လေး ခေတ်ပညာတတ်တစ်ယောက်ပဲ ...၊

စပ်စုတာကိုမုန်းသည့်ရှာမှာ သူတို့အတွက် ပဟေဠိတွေချည်းကြုံနေရသဖြင့် အသက်နဲ့လဲပြီး စပ်စုချင်စိတ်တွေဖြစ်လာခဲ့တာ ဘယ်လိုလုပ်ရမလဲ ...။

"ဒီရှာက သာမန်ရှာလေးတစ်ရှာပါပဲ ... ဒီရှာကလူမသတ်ဘူး ..."

"ဒါဆို ဘာဖြစ်လို့ ခြံတံခါးလေးပေါက်၊ အိမ်တံခါးလေးပေါက်နဲ့ တံခါးဝတိုင်းက သစ်ပင်တွေကအစ အရွယ်တူပုံစံတွေဖြစ်အောင် ဘာလို့ဖန်တီးထားတာလဲ ..."

"ရှစ်မျက်နှာရှာဆိုတာဖြစ်လာအောင် အဲဒီလိုဖန်တီးထားတာလား ဝက်ဘာလိုဖြစ်အောင် ဘာရည်ရွယ်ချက်နဲ့လုပ်ထားတာလဲ ..."



သူတို့မေးတာတွေကို လုလင် က ဘာတစ်ခုမှ ပြန်မဖြေ ...။

သူတို့ကလည်း လက်မလျှော့ပေ ...၊

"ဒီလောက်လူသူအရောက်အပေါက်နည်းတဲ့နေရာမှာ ဒီလိုမျိုးအဆောက်အဦးတွေ သေသေသပ်သပ်နဲ့ မာနကြီးကြီးလူတွေစုစည်းပြီး..."

"ခင်ဗျားတို့မေးခွန်းတွေမေးရင်း လျှာထွက်သွားလည်း ဘာမှသိရမှာမဟုတ်ဘူး ..."

စိတ်မရှည်သံနှင့် ပိတ်ပြောလိုက်ပြီး ထိုင်ရင်းကနေ ပေါင်ပေါ်မှာ လက်ဖဝါးတွေနဲ့ ထောက်ထားလိုက်ပြီး ...၊

"တောထဲမှာ သားရဲတိရစ္ဆာန်တွေရှိတယ်၊ သေစေနိုင်တဲ့ ခလုတ်ကန်သင်းထောင်ချောက် ကျူးချိုင့်တွေလည်းအများကြီးပဲ၊ ကိုယ်နဲ့ပါလာတဲ့လူတွေ ဘယ်လိုပျောက်ဆုံးကုန်လဲဆိုတာတောင် ခင်ဗျားတို့သိလို့လား ..."

မေးလိုက်ပေမယ့် သူတို့ပြန်မဖြေဘူးဆိုတာလည်း သိနေတာမျိုး လုလင် က ရှေ့ဆက်၍ ...

"ဒါနဲ့တောင် ကိုယ့်ရှေ့က ထွက်သွားတဲ့လူတွေ ဘာဖြစ်ကုန်သလဲဆိုတာကို ထင်သလိုလျှောက်တွေးနေတာ အလကားအလုပ်ရှုပ်ခံတာပဲ..."

"ဒါကတော့ကွာ ..."

"သူတို့ဒီရောက်လာပြီးမှ သေသွားတာမှန်ရင် ခင်ဗျားတို့လည်း သေကြမှာပဲ ..."

"ဘာ ..."

"ဒီရှာက လူသတ်ဖို့ဖြပြာထားတဲ့ ကျူးရဲ့ခံတွင်းမဟုတ်ဘူး၊ မျက်နှာပေါက်ဆိုးဆိုး အကြည်းတန်တဲ့လူတွေမို့လို့ လူသတ်သမားတွေဖြစ်နိုင်တယ်ဆိုရင် လုပချိုသာတဲ့လူအားလုံးက လူတော်လူကောင်းတွေလား..."

"ဒါတော့ ငါတို့သိပါတယ်၊ ဒါပေမယ့် ငါတို့ ဘာမှမလုပ်ရသေးဘဲနဲ့ ဘာဖြစ်လို့ မနက်ဖြန်မရှိနိုင်တော့သလိုလို ဟောကိန်းတွေထုတ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ ..”

“ခင်ဗျားတို့ ဘာမှမလုပ်တာသေချာရင် ဘာမှမဖြစ်ဘူး ..”

“ဘာလဲ .. ဒီရွာမှာ ရတနာသိုက်ကြီးရှိနေလို့လား၊ ငါတို့က စပ်စပ်စုစုရှာဖွေတွေ့သွားရင်တော့ သတ်ပစ်မှာလို့ဆိုချင်တာလား ..”

လုလင် က မျက်ခုံးချစ်နေရင်း သက်ပြင်းချသည်။ စိတ်မရှည်တတ်လာသည့်အကျင့်က ခေါင်းထောင်လာကာ ..၊

“မေးခွန်းတွေ မေးနေမယ့်အစား နေကြည့်လိုက်ပေါ့၊ ခင်ဗျားတို့ကို လွတ်လပ်စွာသွားလာခွင့်ပေးထားတာပဲ၊ အထူးသဖြင့်စပ်စုတဲ့လူတော်တော်များများက တစ်စုံတစ်ခုကိုရချင်တဲ့ လောဘကြောင့်မဟုတ်ကြဘူး၊ စပ်စုတာကို ဝါသနာပါတာ၊ အဲ့ဒီဝါသနာကြောင့် ဓားတောင်ကိုဖြစ်ဖြစ် မီးပင်လယ်ဖြစ်ဖြစ် သူတို့ဖြတ်ကြမှာပဲ၊ ရေဆုံးရေဖျားလိုက်ပြီး စပ်စုချင်တာလေ ..”

ပြောပြီးနေရာမှ ယရပ်လိုက်၏။ ပြီးတော့ ကြမ်းပေါ်မှာ ဒီတိုင်းပုံချထားသည့် မြားတံတွေကိုစုစည်းကောက်ယူနေရင်း ..၊

“အဲ့ဒီမှာ မီးကူးပြီး ခင်ဗျားတို့ပြန်လို့ရပြီ ..”

ဒီကောင်လေးက မြားပါပစ်တတ်နေတာလား၊ မြားတံတွေကိုတွေ့မှ ထောင့်တိုင်းတစ်တိုင်မှာ ချိတ်ထားသည့် လေးကိုင်းတစ်ခုကိုလှမ်းကြည့်လိုက်မိသည်။

ထို့ပြင် ဝါးဖြင့်ပြုလုပ်ထားသည့်ဓားမြောင်တွေက သားရေချပ်ကြီးတစ်ခုမှာ အနည်းဆုံးဆယ်ချောင်းလောက်တော့ရှိနိုင်၏။

ဝါးကို ဓားသွားလိုထက်အောင် ဘယ်လောက်တောင် အကြောသပ်ထားသည်မသိ ..။ ဓားပြားတွေက ပြောင်နေတာ အသည်းယားဖွယ်..။

ကြည့်နေရင်း ဒီကောင်လေးလည်း ဟိုလူတွေလို ဓာတ်တူနာမ်တူပဲလို့ တွေးမိလာ၏။ မီးကူးယူပြီး ပြန်ထွက်ဖို့ပြင်လိုက်ပြီးမှ ..၊

“တစ်ခုလောက်မေးချင်တယ် .. ဒါက စပ်စုမယ့်မေးခွန်းမဟုတ်ပါဘူး ..”



လုလင် က မကြည့်ပေ ..။ မြားတံတွေကို ချိတ်ထားသည့် ဝါးဆစ်ဘူးထဲသွားထည့်နေကာ ဘာမှလည်း မမေး ..၊

“ငါတို့က မနက်ဖြန်မပြန်သေးဘူးဆိုရင် မောင်းထုတ်ကြမှာလား ..”

“မနက်ဖြန်ရောက်ရင် သိမှာပေါ့ ..”

“မဟုတ်ဘူးလေ .. ကျုပ်တို့ ဘာမှထပ်မစပ်စုပါဘူး၊ ဘာဖြစ်ဖြစ်မမြင်သလိုမကြားသလိုနေမှာပါ၊ ဒါပေမယ့် ကျုပ်တို့လူတွေဘာဖြစ်သွားတယ်ဆိုတာ တောထဲမှာ စုံစမ်းချင်သေးတယ်၊ ဒီရွာနဲ့ မပတ်သက်ဘူးဆိုရင် သူတို့ ...”

“ကျုပ် သူများကိစ္စတွေကို စိတ်မဝင်စားဘူး၊ ခင်ဗျားတို့သိချင်နေတဲ့ မနက်ဖြန်ဆိုတာကို မနက်ဖြန်ကျရင်သိလိမ့်မယ် ထွက်သွားကြပါတော့ ..”

“အင်း .. ကျုပ်တို့က အမှတ်မရှိတာပါ ..”

ဦးအောင်ခန့် က ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သလိုရေရွတ်ရင်း..၊

“ဝင်းသော် .. မင်းရဲ့ သူယောင်မယ်အကြောင်းရော မင်းသိချင်သေးလား ..”

“သိချင်လည်း မမေးတော့ပါဘူး ..”

“အေး .. ရုပ်လေးက ရှုးသွပ်စွဲလမ်းအောင်လှနေလည်း ဒီရွာနားမှာတွေ့တာ ဒီရွာက ရေခံမြေခံတွေအတိုင်းပဲနေမှာ၊ မင်း စိတ်ကူးယဉ်မနေနဲ့တော့ ..”

သူတို့စကားတွေကြောင့် လုလင် ရဲ့ လှုပ်ရှားမှုတွေအားလုံး ရပ်တန့်သွားခဲ့သည်။

ပြီးတော့ နောက်ကို ဖျတ်ခနဲလှည့်လာကာ ..၊

“နေဦး..”

တားဆီးလိုက်ပြီး သူတို့ပြန်လှည့်ကြည့်တဲ့အထိစောင့်၍ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ကောင်းကောင်းမွန်မွန်သိုသိုသိပ်သိပ်နေကြပါ၊ မနက်ဖြန်မိုးလင်းတာနဲ့ ကျွန်တော်ကိုယ်တိုင် ခင်ဗျားတို့သေားကင်းရာ ရောက်တဲ့အထိ လိုက်ပို့ပေးမယ် .."

ဟင် !...၊

ချက်ချင်းကြီးပါလား ...၊

လုလင် ရဲ့ပြောင်းလဲမှုကြောင့် ဘာကြောင့်ပြောင်းလဲသွားရတာလဲ ဆိုတာကို ထပ်သိချင်စိတ်တွေ ဖြစ်ကြပြန်၏။

သူတို့မျက်နှာတွေကိုကြည့်ကာ လုလင် က ကြိုသိနေလျက် ...၊

"ဒီကပြန်ရင် ကိုယ့်အိမ်ထဲကိုပြန်ဝင်ပြီး အေးဆေးအနားယူပါ၊ ခင်ဗျားတို့ကို အန္တရာယ်ပေးမယ့် သတ္တဝါတွေလည်း ရွာထဲကို မဝင်ဘူး၊ ဘယ်သူကမှလည်းလာပြီး ရန်ပြုမှာမဟုတ်ဘူး၊ စိတ်ချလက်ချအိပ်လို့ရတယ် .."

ဒီတစ်ညတာအတွက် အသက်အာမခံရလိုက်တာကို သူတို့အုံ့အားသင့်ကြီးသင့်ကာ ပို၍လည်းစိတ်ဝင်စားသွားကြ၏။ မနက်ဖြန်ကျရင်လည်း သေားကင်းရာထိ လိုက်ပို့ဦးမယ်ဆိုတော့ သူတို့ ဒီတောထဲက လွတ်မြောက်ဖို့က သေချာသွားပြီဖြစ်သည်။

ဒီလို ဘာကြောင့်ပြောင်းလဲသွားတာလဲ ...၊

"ငါတို့က အခုအိမ်တန်းမပြန်ဘဲ ဘာလုပ်ဖို့ရှိသေးလို့လဲ .." ဆိုသည့်အတွေး နှစ်ယောက်စလုံးမှာဖြစ်ကာ မျက်လုံးချင်းဆုံမိကြ၏။

လူ့စိတ်ကိုက တားလိုက်လျှင်ပိုလုပ်ချင်တာ ဒီကောင်လေး မသိဘူးလား ...။



အခန်း (၆)

သူတို့အပြင်ကို ပြန်ရောက်လာကြသည့် အချိန်မှာ တိုင်ပင်ထားဖို့မလိုဘဲ တူညီသည့်ဆုံးဖြတ်ချက်တွေဖြစ်ခဲ့ကြ၏။

"ဒီည .. တစ်ခုခုထူးခြားတာတွေ့အောင် ရှာမည် .." ဟု ...။

သို့သော် ရေနံဆီမီးခွက်က ဟိုဒီနွဲ့ယိမ်းလာသည်။ လက်နဲ့ ဟိုဘက်ကကာ ဒီဘက်ကကာလုပ်နေရင်း လက်ကိုအပူထိတော့ သေချာမကာနိုင်ဘဲဖြစ်ရ၏။

"တောက် .. ကွာ ..."

"ငြိမ်းပေ့စေကွာ .."

"ဘာ !...."

ဦးဝင်းသော် က ဘာတွေအရင်လိုနေမှန်းမသိဘဲ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ကာ ...၊

"ငါတို့ ဒီည တစ်ရွာလုံး လှည့်ပတ်ရှာမယ် .."

"သူယောင်မယ်ကိုလား .."

"အေး ..."

"ဟ .. သူက ရွာသူမှမဟုတ်တာ၊ တကယ်ပဲ ဉစ္စာစောင့်လိုဟာမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရင် ကိုယ်တွေ့ချင်တိုင်းတွေ့မလား ..”

“လုပါကွာ ...”

“လုက အဲ့လောက်လုပါ့မလား .. ပြီးတော့ ဆံပင်ဖားလျားကြီးက ခြေဖျားထိပဲ၊ တောသူတောင်သားတွေက သိပ်အယူသည်းတာ၊ ညနေ နှာရှိုင်းသွင်းရှိန်ဆို ဆံပင်ဖားလျားချပြီးတော့တောင် အိမ်ပြင်မထွက်ဘူး တဲ့၊ အခု သူ့ဆံပင်ကြီးက ..”

“အောင်ခန့် ရာ .. မင်းကလည်း အခု ဟိုကောင်လေးဖြစ်သွားတာ ပဲကြည့်၊ ငါတို့ဘာသာ သူယောင်မယ်အကြောင်းပြောလိုက်တာနဲ့ ဘာ တွေဖြစ်ပျက်ပြောင်းလဲသွားသလဲ ..”

“ဟင် ...”

ဦးဝင်းသော် ပြောလိုက်မှ သူတို့ဒါကိုပြောမိသဖြင့် ဟိုလူငယ်ပြောင်း လဲသွားတာကို ဆက်စပ်တွေးမိသွားကာ ...၊

“ဟုတ်သားပဲ ..”

“သိပ်ဟုတ်တာပေါ့ .. အဲ့ဒါလူမှ လူအစစ်၊ ဒီရွာက ပယောဂ္ဂဆန် နေတာအမှန်ပဲ၊ ဒီကောင်လေးလည်း အဲဒီသူယောင်မယ်နဲ့ တစ်ခုခုပတ် သက်မလားပဲ .. ငါတို့နဲ့ မဆုံစေချင်တာသေချာတာ ..”

“ဖြစ်နိုင်တယ် .. ငါတို့က မြို့ကပညာတတ်သူဌေးတွေဆိုတော့ အင်း .. စိတ်ဝင်စားစရာပဲ ..”

“ဟူး ....”

“ဟုတ် ...”

“သွားပြီ ..”

မီးခွက်မီးက ဟုတ်ခနဲငြိမ်သွား၏။ မီးစာတုတ်တုတ်ကြီးမှာ ရေနံ တွေလည်းရှိနေတာကို ...၊

“လေပြင်းကျမယ်ထင်တယ် ..”

ပတ်ဝန်းကျင်တစ်ခုလုံး ဟူးခနဲ လေဆောင့်တိုက်ပြီးတာနှင့် ကြောက်



စရာကောင်းအောင် ငြိမ်သက်သွားခဲ့၏။ သို့သော် အဝေးဆီမှ တဝုန်းဝုန်း အသံတွေကိုကြားနေရကာ ...၊

“ငါ ကြက်သီးတွေထလာပြီ ဝင်းသော် .. မီးပြန်ထွန်းပြီး အေးအေး ပြန်အိပ်တာကောင်းမယ်ထင်တယ် ..”

“ဘာလို့အိပ်ရမှာလဲ .. အေးအေးအိပ်ပါလို့ပြော း မင်း အိပ်လို့ ရပြီထင်နေသလား ..”

ဦးအောင်ခန့် တွေဝေသွားပြန်သည်။ သို့သော် ပတ်ဝန်းကျင်က မှောင်နဲ့မည်းမည်းရှိနေလျက် သစ်ရွက်သစ်ကိုင်းတွေ တဖျောဖျောလှုပ် ခတ်လာပုံက မကောင်းဆိုးဝါးတစ်ကောင် ကုန်းကျူးထလာတာနှင့် တူနေ၏။

“မီးပြန်ထွန်းဖို့လည်း မလိုဘူး အောင်ခန့်၊ စုံထောက်တွေ မီးခွက် ထွန်းပြီး လိုက်စုံစမ်းတာ မင်းကြားဖူးလား၊ ပြီးတော့ နို့နံ့မစင်သေးတဲ့ ချာတိတ်လေးက ဟန်ကြီးပန်ကြီးပြောတာတွေ ခံရဦးမယ် .. လာပါကွာ.. မအိပ်မနေ အသက်ရှည်တဲ့၊ မအိပ်ဘဲ သည်းခံစောင့်ခဲ့တဲ့အတွက် ပေါက်ကျိုင်းတောင်မှ နဂါးရန်က လွတ်ခဲ့သေးတာ ငါတို့မအိပ်ဘဲနေတဲ့ အတွက် အကျိုးမယုတ်ပါဘူး ..”

မအိပ်ဘဲနေတာက အိမ်ထဲမှာ ငုတ်တုတ်ထိုင်နေတာဆိုရင်တော့ ဟုတ်တာပေါ့။ ကိုယ်က သူများရပ်ရွာမှာ သူ့ခိုးချောင်းချောင်းနေလို့ တော်ပါ့မလား ...။

ဦးအောင်ခန့် စိတ်ကောင်းလေးတစ်ချက်တော့ ဝင်လာသေးသည်။ သို့သော် .. အိပ်ပျော်သွားခဲ့ရင်လည်း သေမှာမသေမှာက မသေချာတဲ့ သဘောရှိနေ၏။

အိမ်ထဲမှာ ထိုင်နေရင်လည်း မအိပ်ဘဲ ငုတ်တုတ်ထိုင်နေနိုင်ဖို့က ကိုယ့်ကိုယ်ကိုယ် မသေချာ ...။

မသေချာတာတွေကို ရှုန့်လွှတ်ပြီး ဦးဝင်းသော် ပြောသည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



သချာသိရဖို့ကြိုးစားတာပဲကောင်းပါသည်။

"ဝင်းသော် နေဦး … ဟိုမျောက်စုတ်အပြင်ထွက်သွားတာနော် … တော်ကြာ တည့်တည့်တိုးနေဦးမယ် …"

"ဖြစ်လာမှာကို တွေးကြောက်နေလို့မရဘူး၊ မြန်မြန်လျှောက်ကွ…"

ကျင့်သားရလာသည့် အဖြူနဲ့ အမည်းကို အာရုံစိုက်ခွဲခြားရင်း နှစ်ယောက်တူ ဆက်လျှောက်ခဲ့ကြသည်။

"လေက ကြမ်းလာပြီ …"

"မိုးတွေပါ ခြိမ်းလာတာ …"

"ငါတို့ကို အောက်က ကျွတ်တို့ မျှော့တို့တွယ်ရင်ရော …"

"တွယ်ချင်ရင် ခုလောက်ဆို မင်းကိုယ်မှာ အပ်ပေါက်ရာတောင် ကျန်မှာမဟုတ်ဘူး၊ ကြောက်မနေစမ်းပါနဲ့ အောင်ခန့် ရာ … ဒါက ရွာထဲမှာပါ၊ သူတို့မကြိုက်တာလုပ်နေမှန်း သူတို့မသိဖို့ပဲလိုတယ်၊ ကျန်တဲ့ အန္တရာယ်ကိုမကြောက်နဲ့ …"

စကားတိုးတိုးဆိုရင်း အဆောက်အဦးမှန်သမျှကို ခပ်ခွာခွာရှောင်ကွင်းလာခဲ့၏။

"မင်းက တော်တော်တက်ကြွနေတာပဲ၊ ဘာလဲ … အဲဒီဟာလေးကို တွေ့ရင် မြို့ထိခေါ်လာပြီး မယောသီမြှောက်စားတော့မှာလား …"

"မင်းကလည်းကွာ …"

"ဘာလဲကွ … အသံက …"

"အဟဲ … နိုက်မြည်းနေကျဆိုတော့ အပိုင်ဝယ်စားဖို့က သိပ်တော့ မလွယ်ဘူးလေ၊ ဒီလောက်ခေါင်တဲ့နေရာမှာ စာမတတ်ပေမတတ် လူတော မတိုးတဲ့ပုံဆိုရင် ချောလှနေလည်း …"

"ကဲ … သိပါပြီကွာ … ကောင်းလိုက်တဲ့ ရည်ရွယ်ချက် …"

"ဘိန်းစားချင်းအတူတူ တစ်လုံးပိုမရှုချင်စမ်းပါနဲ့ … မင်းလည်း ပွေလို့ရှုပ်လို့အားရမှ မစံ ကို အပိုင်ဝယ်ခဲ့တာလေ၊ ပွဲတက်မယားဆိုတာ



ပွဲတိုးမှဖြစ်မှာပေါ့ …"

"အေးပါ … ဒါဆို သူယောင်မယ်က ငါနဲ့လည်း ဆိုင်တာပေါ့…"

နှစ်ယောက်သားပြောပြီး ပါးစပ်တွေပိတ်၍ ရယ်မိကြ၏။

"ရွာက သိပ်မဝေးဘဲနဲ့ ကင်းစောင့်တွေဘာတွေတောင် ချမထားဘူးနော် …"

"အဲ့ဒီတော့ ငါတို့အတွက် ပိုကောင်းတာပေါ့ …"

ဘာတွေထောက်ပြပြ ဦးဝင်းသော် စကားထဲမှာ ကြောက်လန့်စိုးရိမ်သံတစ်ခုမှ ထွက်မလာပေ …။ သို့သော် ဦးအောင်ခန့် ကလည်း စိုးရိမ်စိတ်ဖြစ်နေသည့်အတိုင်း …။

"ငါတို့ကို သူတို့လက်ခုပ်ထဲကရေလို့တွက်ပြီး ခေါင်းထောင်မကြည့်ကြတာလည်းဖြစ်နိုင်တာပဲ၊ မင်း စဉ်းစားကြည့်လေ တစ်အိမ်မှာ တံခါးရှစ်ပေါက်ရှိပေမယ့် ခြံတံခါးတိုင်းမှာ တံခါးရွက်မှမရှိတာ ဘယ်ကထွက်ထွက် ဘယ်လိုဝင်ဝင် ဒီနေရာပဲပြန်ရောက် … အဲ …"

"ဟုတ်တယ် … ငါတို့လမ်းမှားပြီထင်တယ် …"

"မဟုတ်ဘူးကွ … မျက်စိလည်တာ ဒီနေရာပဲ ပြန်ရောက်တာဖြစ်မယ် …"

နှစ်ယောက်သား ခြေစုံရပ်ကာ မှောင်မည်းနေသည့်ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိကြသည်။ ထိုစဉ် လေကပိုကြမ်းလာကာ သစ်ပင်ကြီးတွေအသံမြည်လာ၏။

လူနေအိမ်ဝခြံတွေထဲ ရောက်နေသော်လည်း တောကြီးမျက်မည်းထဲမှာလို ချောက်ချားဖွယ်ဖြစ်လာခဲ့၏။ ဦးအောင်ခန့် ကြောက်စိတ်ဝင်လာကာ ဟိုဒီလျှောက်ကြည့်နေမိစဉ် …၊

"ဟော … ဟိုမှာ …"

"ဟင် …"

သူတို့ကအဝေးကိုလှမ်းကြည့်နေကြစဉ် သူတို့နှင့်မဝေးသောသစ်လုံး

www.burmeseclassic.com



အိမ်လေးတစ်လုံးက မီးရောင်ဖျော့ဖျော့ပေါ်လာ၏။

"ငါတို့မမြင်တာလား .."

"မဟုတ်ပါဘူး .. ခုမှ ထွန်းလိုက်တာပါ ငါတို့ ဒီလောက်လှည့်ပတ်ကြည့်နေတာကို .."

"ဝင်းသော် နေဦး .."

"ဘာလုပ်မလို့လဲကွ .."

"မင်းကရော ဘာလုပ်မလို့လဲ .. ဟိုကောင်လေးအိမ်နားပြန်ရောက်နေသလားမှ မသိတာ .."

"ဘာဖြစ်ဖြစ် သွားကြည့်မှ သိမှာပေါ့ .."

"ဟိုမျောက်စုတ် ဒီတစ်ခါ ကိုင်ပေါက်ခံရရင် ငါ့ခါးဒီတစ်သက်သုံးစားရမှာမဟုတ်တော့ဘူးနော် .."

"ပူမနေနဲ့ မင့်မိန်းမ ကုပေးလိမ့်မယ်၊ သူ့ကိုယ်သူ ဒုက္ခရောက်ခံမှာမဟုတ်ဘူး .."

အရေးထဲမှာ လာနောက်နိုင်သေးသည်။ ဝင်းသော် ကိုတော့ တကယ်ပဲ ဆရာခေါ်ရတော့မှာပါ။ 'မ' စိတ်မွှန်နေတာလား တကယ်သတ္တိရှိတာလားတော့မသိ ..။

သူ့လို စိုးရွံ့ကြောက်လန့်နေတာမျိုးတော့ မဖြစ်တာသေချာ၏။ သူတို့ ရဲဝံ့စွာလှမ်းခဲ့သော်လည်း မိုးဖွားလေးတွေကျလာပြီဖြစ်သည်။

"ရှီး .. ရှီး .. ရှီး .."

အနားကပ်မိသည်နှင့် တစ်ခုခုသွေးနေသည့်အသံကိုကြားလိုက်ရသည်။ ပြီးတော့ ပန်းနံ့လား ဆေးမြစ်နံ့လား လတ်ဆတ်သည့်အနံ့တစ်ခုက နှာခေါင်းထဲဝင်လာ၏။

ပထမ နံ့သလိုလို နှာခေါင်းရှုံ့သွားမိကာ နှစ်ခြိုက်လောက်ရှုမိတော့ သဘောကျသွား၏။

"တောပန်းနံ့ဖြစ်မယ် .. သေချာတယ်၊ ဒါ မိန်းမတစ်ယောက်ရှိတဲ့



အိမ်ပဲ .."

"ဟော့ကောင် .. တစ်ယောက်ယောက်ကို ငါလိုချင်တာမဟုတ်ဘူး .."

ဦးဝင်းသော် က အထဲကို ချောင်းကြည့်ဖို့ကြိုးစားရင်း ဟိုမိန်းကလေးမဖြစ်မှာကိုတွေးပူပြီး ဒေါသထွက်နေပုံနှင့် ..၊

"ရှေ့ကပဲ သွားကြည့်မယ်ကွာ .. သစ်လုံးတွေပေမယ့် ချောင်းကြည့်ပေါက်တောင်မရှိဘူး .."

ဟု တီးတိုးပြောရင်း ဆဲရေးလိုက်သေးသည်။ မွေးရနံ့က တောက်လျှောက်ကြိုးကြိုင်လှိုင်နေကာ တံခါးဝဘေးကိုရောက်လာတော့ အထဲက မီးခိုးဖြူဖြူလေးတွေ တလွန့်လွန့်တက်နေတာ မြင်လိုက်ရ၏။

ခြင်ဆေးထွန်းထားတာလား မသိ ..၊

တောထဲမှာ သစ်ရွက်ဆေးပင်မျိုးစုံရှိနေတာမို့ သဘာဝအတိုင်း မီးရှို့သုံးနေတာဖြစ်နိုင်၏။ သို့သော် မွှေးလွန်းတော့လည်း ခေါင်းတွေပါ ရီဝေဝေဖြစ်လာခဲ့သည်။

တံခါးရွက်သည် သေးမြောင်သော သစ်လုံးတို့ကို ထက်ခြမ်းခြမ်း၍ တံခါးလုပ်ထားကာ အပေါ်ထပ်ဖျားပိုင်းမှာ အနည်းငယ်ဟနေတာမို့ သစ်လုံးခြမ်းတွေကြားထဲကနေ အထဲကိုချောင်းကြည့်လိုက်မိ၏။

"ဘာလဲ .. ဘာတွေ့လဲ .."

ချောင်းကြည့်နေရင်း တုတ်တုတ်မှ မလှုပ်ဘဲ ငြိမ်ကျသွားသဖြင့် ဦးအောင်ခန့် စိတ်ပူသွားကာ အတင်းလှုပ်မေးမိ၏။ ပြီးမှ ကိုယ့်ဘာသာ ချောင်းကြည့်လိုက်မိလျှင် ..။

ဟာ !...

ကွပ်ပျစ်ကြီးအစပ်မှာ ကျုံ့ကျုံ့လေးထိုင်ပြီး သနပ်ခါးသွေးနေသည့် သူယောင်မယ်ဇ"ား ..၊

ကြည့်စမ်း .. ဒါလေးက လူသားစင်စစ်ပါလား ..၊

'နီကျင်ကျင်မီးရောင်အောက်မှာ အသားက ဖွေးလို့ဝင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေက သူမရဲ့ တင်သားလေးတွေနောက်မှာ ခွေဝိုက်ပုံခဲနေ၏။

မြင်နေရသည့် သုံးချိုးတစ်ချိုးပုံမှာ ကော့စင်းသည့်နှာတံ ဖူးငုံနီမြန်းသော နှုတ်ခမ်းအစုံနှင့် စင်ယော်တောင်ပံဖြန့်ထားသလို စိမ်းညို့သွယ်တန်းသည့်မျက်ခုံးတန်းလေးတွေ ..။

ပြီးတော့ ပန်းပုဆစ်ထားသည့်နှယ် ရင်သစ်ရှုမောဖွယ်လှပသည့်ကိုယ်လုံးအလှ ..၊

"လှလိုက်တာကွာ .."

စကားလေး လေးလုံးကို အသံက စည်းချက်မမှန်တော့ပေ ..။ လည်ချောင်းတွေ ချက်ချင်းခြောက်သွေ့လာပြီး စိတ်တွေလှုပ်ရှားလာပုံက တစ်ကိုယ်လုံးမှာရှိသည့်သွေးတွေ ပွက်ပွက်ထဆူလာသလားမှတ်ရသည်။

သနပ်ခါးသွေးနေသည့် ဖြူနုပြည့်သွယ်သည့်လက်ချောင်းလေးတွေကိုက ဖြူနုရဲစိုနေကာ ..၊

"အား ..."

"ဒေါက် .. ဒေါက် .."

ဖိသွေးနေသည့် သနပ်ခါးတုံးက လိမ့်ထွက်သွားသည်။ သူမလက်ကို ထိခိုက်မိသွားကာ လက်မလေးကို ငုံ့ကြည့်၏။ ပြီးတော့ နှုတ်ခမ်းလွှာလေးတွေထဲမှာ ငုံထားလိုက်လျှင် ဦးဝင်းသော် ကိုယ်ကြီးတောင့်မတ်သွားကာ ..၊

"ငါသွားမယ် .."

"ဟိတ်ကောင် .. တခြားမိသားစုတွေရှိ .."

"ဖယ် .."

ဦးဝင်းသော် ဘာဆိုဘာမှမမြင်တော့ဘဲ သူ့ဘာသာတံခါးကိုအားစိုက်ပြီး 'မ' ဖွင့်၍ ..၊

"ဘယ်သူလဲ .."

"အစ်ကိုတို့က ဧည့်သည်တွေပါ .. မိုးရွာလာလို့ ခဏ မိုးခိုပါရစေ.."



ခွင့်တောင်းတာက နောက်မှာကျန်ခဲ့ပြီး လူက မီးရောင်တဲကိုရောက်သွားခဲ့ပြီဖြစ်၏။ ဥဒေါင်း က တစ်ယောက်ပြီးတစ်ယောက်ဝင်လာကြသည့် ယောကျ်ားနှစ်ယောက်ကို မလှုပ်မယှက်လေးထိုင်ကြည့်နေ၏။

မိုးစက်သံတဖြောက်ဖြောက်နှင့် လေထန်နေသော ရာသီဥတုကယောကျ်ားနှစ်ယောက်အတွက် အကြောင်းပြကောင်းတစ်ခုဖြစ်သွားခဲ့သည်ထင်၏။

သူမက ဘာမှမပြောဘဲ ကြည့်နေခဲ့လျှင် ဦးဝင်းသော် က သူမရှေ့က တန်းလျားလေးမှာ ခပ်ဖွဖွဝင်ထိုင်လိုက်ပြီး ..၊

"အစ်ကိုတို့ ဒီမှာခဏနေလို့ရတယ်မို့လားဟင် .."

မေးရင်း အိမ်ကိုလှည့်ပတ်ကြည့်၍ အကဲခတ်လိုက်သည်။ သူမကလည်း သူတို့မျက်လုံးတွေရောက်တဲ့အတိုင်း မျက်ဝန်းလေးတွေ ရွေ့သွားရုံပဲ လိုက်ငဲ့ကြည့်၏။

သူမ စကားမပြောတတ်တာလား ..၊

မဟုတ်ပါဘူး ခုန ဘယ်သူလဲလို့မေးလိုက်တဲ့ စကားသံချိုချိုလေးက သူမပြောတာအပြင် တခြားဖြစ်နိုင်ဖို့မှမရှိဘဲ၊ ဒါဖြင့် နားမကြားတာလား ..။

ထိုစဉ် မိုးတွေအော်ချလာတော့ သူမ မျက်ဝန်းလေးတွေ အပြင်ဘက်ကို ရွေ့သွား၏။ ဒါဆို သူမ နားကြားနေတာပဲ၊ ဦးဝင်းသော် မျက်လုံးတွေ ပြူးပြတ်လက်သွားသည်။ ဦးအောင်ခန့် ကလည်း အားတက်သရောဖြစ်သွားသည့်ပုံနှင့် သူမရဲ့ ဘေးနားအစပ်မှာ မရဲတရဲသွားထိုင်လိုက်ပြီး ..၊

"စကားပြောပါဦး ရွှေရုပ်လေးရယ် .. အဟွန်း .. အစ်ကိုတို့ကိုဒီရွာရောက်လာတည်းက ဖော်ရွေတဲ့လူမရှိလို့ပါ၊ မိုးကြေးထဲမှာတော့ ပြန်နှင်မလွှတ်ပါနဲ့နော် .. အိမ်ထဲမှာ ခွင့်တောင်းရမယ့်လူများရှိဦးမလား.."

သူမက ခေါင်းခါပြသည်။ ပြီးတော့ ..၊

www.burmeseclassic.com

www.burmeseclassic.com



"နှင်မလွှတ်ပါဘူး .. ဒီရွာရောက်လာကြတဲ့ ယောကျ်ားတွေကို ညှို့ဝတ်ကျေပွန်ဖို့က ကျွန်မတာဝန်ပဲ .."

ဟင်!...၊

ဦးအောင်ခန့် မျက်လုံးကြီးပြူးထွက်လာကာ ဝင်းဝင်းလက်လက် ဖြစ်သွား၏။ ပြီးတော့ တံတွေးမျိုချလိုက်တာ လည်ချောင်းကြီးပါ စန့် ထွက်သွား၏။

ဒီရွာမှာ ဒီမိန်းကလေးက ဘယ်လိုရာထူးမျိုးနဲ့လဲ၊ ချက်ချင်းသတိရ သွားတာက ဘုရားရှင်လက်ထက်တုန်းက အသပြာထောင်ထုပ် ဘုတ်ခနဲ ချပေးနိုင်တဲ့ မင်းညီမင်းသားတွေမှသာ မျော်ပါးခွင့်ရသော ပြည့်တန်ဆာမ သီရိမာ ကိုဖြစ်သည်။ အများပိုင်ပစ္စည်းလေးဆိုရင်တော့ ...၊

မျက်လုံးက ဦးဝင်းသော် ဆီ ရောက်သွားသည်။ ဦးဝင်းသော် ကလည်း သတိပေးနေသည့်အကြည့်တို့နှင့် စူးရဲနေလျက် ...၊

"ရှင်တို့ အေးဆေးနေပါ .."

သူမက နေရာမှထရပ်လိုက်လျှင် ...၊

"ဘယ်သွားမလို့လဲ ညီမလေးရယ် .. ဒီမှာပဲ .."

ဦးအောင်ခန့် က သူမလက်လေးကို ဆွဲမလို့ဟန်ပြင်လိုက်၏။ ဦးဝင်းသော် က ဖျတ်ခနဲထရပ်လိုက်ပြီး ...၊

"မင်း ထွေခြေရရနေလို့မရဘူးလား အောင်ခန့် .."

သူမက သူတို့နှစ်ယောက်ကြားကနေ နောက်ပြန်တွန့်သွားကာ...၊

"ရှင်တို့အတွက် ရေနွေးနဲ့ စားစရာသွားယူမလို့ပါ၊ ဒီမိုးကကြီးပြီ ဆိုရင် တစ်ညလုံးမစဲဘူး .."

"ဟုတ်လား .. ဒါဆို မိုးမတိတ်မချင်းပေါ့နော် .. ဟိုလေ .. ဒီမှာ မိုးခိုနေလို့ရလားလို့ .."

သူမကို စွဲလမ်းမြင်ယောင်နေပါသည်ဆိုတာ ဦးဝင်းသော် ပါ။ သို့သော် ဒီမှာတော့ ဦးအောင်ခန့် ကချည်း ရှေ့ကတက်ပြီး ရေပက်မဝင် ...။



မကျေနပ်စိတ်တွေ အလိပ်လိုက်တက်လာပေမယ့် သူမကိုယ်တိုင် က ညှို့ဝတ်ကျေပါမည်လို့ပြောလိုက်ပြီမို့ မတတ်နိုင် ...။

"ငါ လိုက်သွားလိုက်ဦးမယ် .."

"အောင်ခန့် .."

ဦးအောင်ခန့် က သူမ ဝင်သွားသည့်နောက်ကို ခြေလှမ်းပြင်လိုက် တာနှင့် ဦးဝင်းသော် က တားဆီးလိုက်ကာ ...၊

"သူ့ကိုစွဲလမ်းခဲ့တာက ငါပါ .."

"ငါသိသားပဲ .. မင်း အဲလိုဖြစ်တော့မယ်ဆိုတာ ဒီမှာ ဝင်းသော်.."

ဦးအောင်ခန့် က သူ့နားကပ်လိုက်ပြီးမှ ...၊

"စွဲလမ်းနေဖို့မလိုဘူး .. ငါတို့ထင်တဲ့ သူယောင်မယ်လည်းမဟုတ် ဘူး၊ ဒါလေးက နှစ်ဆယ့်တစ်ရာစု သီရိမာလေး .."

"ဟိတ်ကောင် .."

"အံမာ .. ဒေါသထွက်လို့ပါလား .."

ဦးအောင်ခန့် က သူ့ပခုံးကို ဆုပ်ကိုင်လိုက်သည့် ဦးဝင်းသော် လက်ကို ဖယ်ချပစ်ကာ မုန်းစရာကောင်းအောင်ရယ်၍ ...၊

"မဟုတ်တာပေးတစ်ခုနဲ့ မိတ်ဆွေကောင်းကိုမပစ်မှားစမ်းပါနဲ့ ကွာ .. အရမ်းအရမ်းလှနေပေမယ့် နွမ်းကျေနေတဲ့ ပန်းတော်ကျလေးပါ.."

"သူ ဘာအဓိပ္ပာယ်တွေနဲ့ ပြောမှန်း ငါတို့သိတာမဟုတ်ဘူး၊ မင်း ထင်သလို ဘာဖြစ်လို့ စွတ်ရွတ်အထင်သေးနေတာလဲကွ .. ဘယ်လို တောရွာတွေမှာ ကိုယ့်ရွာသူနဲ့ ထိုးကျွေးပြီးဧည့်ခံတာရှိဖူးလို့လဲ .."

"လျှောက်ကြောင်မနေနဲ့ ဝင်းသော် .. မင်း သဝန်တိုနေတာဖြစ် ဖြစ် တကယ်ပဲ သံသယတွေပွားများနေတာပဲဖြစ်ဖြစ် အဲဒီမှာ ထိုင်စဉ်းစား လိုက်ဦး၊ ငါကတော့ သူ့ ကျိုချက်ကျွေးမွေးမှာတွေကို စိတ်မဝင်စားဘူး၊ စောင့်ပယည်းမစောင့်နိုင်ဘူး .."

"အောင်ခန် .. မင်း အဲလောက်ထိကော စသေးကမ်းမဲ့တာမကောင်း

www.burmeseclassic.com



ပါဘူး … ငါတို့ကချည့်သည် …”

“မဟုတ်ပါဘူးကွာ … ဖောက်သည်တွေပါ၊ မင်းကတော့ ငါ့ရဲ့ ဂျူနီယာပေါ့ …”

“ကဲကွာ …”

လက်သီးချက်သံတွေကြားလိုက်ရသဖြင့် ဥဒေါင်း နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားသည်။ မိုးသံလေသံတွေကြားမှာ ရာသီဥတုက ဝုန်းဒိုင်းကြဲနေပေမယ့် ဘယ်လိုအသံကိုမဆို သူမက ကွဲပြားနားလည်နိုင်စွမ်းရှိတဲ့သူဖြစ်သည်။

ပြီးတော့ အမှောင်ကို သူမ မကြောက်ပေ …။ အတွင်းဘက်အခန်းထဲမှာ သူမ ရယ်နေပေမယ့် လုပ်စရာရှိသမျှကို ညင်သာသောလှုပ်ရှားမှုနှင့် သေသေသပ်သပ်လေးလုပ်သွားတာ အသံတစ်ချက်မှ မထွက်ခဲ့ …။

အထဲမှာ အားလုံးပြီးသည့်အချိန် နားစွင့်ကြည့်လိုက်တော့ အပြင်က စကားသံ လှုပ်ရှားသံ ဘာမှမကြားရတော့သဖြင့် လိုက်ကာကိုတွဲလွဲချထားသည့် သားရေပျော့အမွှားစတွေ အသာလေးဖယ်ရှားပြီး လှမ်းကြည့်လိုက်၏။

ချည့်သည်နှစ်ယောက်က မြေပြင်မှာ အတုံးအရုံးလဲကျနေကြကာ တစ်ယောက်သောသူ၏နှာခေါင်းနှင့် နှုတ်ခမ်းများဆီမှ သွေးတွေစိမ့်ထွက်ကျနေ၏။

သူမ လိုက်ကာစတွေကို ဒီတိုင်းလက်နဲ့ သိမ်းဖယ်ထားရင်း ထို မြင်ကွင်းကို စူးစိုက်ကြည့်နေခဲ့၏။

“နှစ်ဆယ့်တစ်ရာစု သီရိမာလေး …”

“လှနေပေမယ့် နွမ်းကြေနေတဲ့ ပန်တော်ကျလေးပါ …”

“ချည့်သည်မဟုတ်ပါဘူး … ဖောက်သည် …”

နားထဲမှာ ဒီလူတွေပြောခဲ့တဲ့စကားသံတွေ ပဲ့တင်ထပ်လာသည်။ သူမ မျက်နှာလေးကတော့ တွန့်ခြင်းမဲ့ခြင်းကင်းမဲ့နေခဲ့လျက် မိုးအိမ်



ချိတ်ထားသည့်တိုင်ဆီ လှမ်းသွား၏။

မိုးအိမ်ရဲ့အောက်မှာ တငွေ့ငွေ့လောင်မြိုက်နေသော သစ်စတစ်စ သည် မီးခိုးဖြူတွေထုတ်လွှတ်ရင်း လေတစ်ချက်ဝှေ့လိုက်တိုင်း ရဲခနဲ ထဖြစ်၏။

ထိုမီးကို စူးစိုက်ကြည့်နေသော သူမရဲ့ မျက်ဝန်းအိမ်လေးထဲမှာလည်း ထိုမီးစက အရိပ်ထင်လျက် မျက်ကြည်လွှာတို့ ဖိတ်ဖိတ်လက်နေတိုင်း မီးစလေးက လှုပ်ရှားတုန်ခါနေ၏။

လဲကျနေသည့်ယောက်ျားနှစ်ဦးနှင့် မီးခိုးဖြူတို့မှလွဲလျှင် သူမရပ်နေတာကလည်း ကျောက်ဆစ်ရုပ်လေးနှယ်ရှိကာ ပတ်ဝန်းကျင်တစ်ခု လုံးမှာ လှုပ်ရှားမှုအားလုံးကင်းမဲ့နေခဲ့၏။

ထိုအချိန်အတွင်းမှာပဲ မိုးသံက သိသာစွာလျော့ကျသွား၏။ သူမ ကလည်း ထိုအချိန်ကိုစောင့်နေသကဲ့သို့ မီးအိမ်ရဲ့အောက်မှာ ကပ်ချည် ထားသည့် မီးခိုးလွန့်နေဆဲ သစ်စကို ဖြုတ်ယူလိုက်၏။

ပြီးတော့ တံခါးအပြင်ကို လွှတ်ပစ်လိုက်သည်။ ထို့နောက် တံခါးဝ မှာရပ်နေရင်း အမှောင်ထုတစ်နေရာကိုစိုက်ကြည့်နေရင်း …၊

“ငါ နိုင်းစရာရှိတယ် … လာခဲ့ကြ …”

သူမ၏ အေးစက်ပြတ်ရှသောအမိန့်သံတစ်ရပ်က ခပ်ပျော့ပျော့ မိုးစက်သံတွေကို ဖြိုခွင်း၍ ပျံ့လွင့်သွားခဲ့သည်။ ပြီးတော့ သူမက ခဏ စိုက်ကြည့်နေပြီးအထဲကို ပြန်လှည့်ဝင်၏။

“ဒီတိရစ္ဆာန်နှစ်ကောင်ကို အထဲဆွဲသွားစမ်း …”

သူမတစ်ယောက်တည်း အမိန့်တွေပေးနေသည်လို့ ထင်ရသော် လည်း …၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

သူတစ်ယောက်တည်းထိုင်နေရင်း ပြန်ထရပ်မိကာ မိုးတွေသည်းနေတာကို နားစွင့်နေမိသည်။ ပြီးတော့ အိမ်တံခါးဝမှာ သွားရပ်ကြည့်မိ၏။

မှောင်မည်းနေသည့် အပြင်ဝန်းကျင်တစ်ခုလုံးမှာ ဘယ်လိုရုပ်ဝတ္ထုကိုမှ မမြင်ရပေမယ့် စိတ်အာရုံထဲမှာ သူ မြင်နေရသည်။ သူမ ဘာတွေလုပ်နေပြီလဲဆိုတာ သက်သေတစ်ခုံတစ်ရာမရှိပါဘဲ သေချာခံစားမိနေခဲ့၏။

ကြည့်လိုက်တော့ တာဖံ ကလည်း မအိပ်သေးပေ ..။ မျက်လုံးတွေမှိတ်ထားပေမယ့် သူ လှုပ်ရှားလိုက်တိုင်း မျက်လုံးဖွင့်ကြည့်၏။

"တာဖံ .. ဟိုညွှသည်နှစ်ယောက်ကို အိမ်ထဲမှာ မတွေ့ခဲ့တာ သေချာလား .."

တာဖံ က မျက်လုံးတွေပြူးပြဲဖွင့်လိုက်ပြီး သွားဖြီးပြသည်။ ပြီးတော့ ခေါင်းညိတ်လိုက် ခေါင်းခါပြီး ကုတ်လိုက်နှင့် စိတ်မရှည်ပုံတွေသိသာစွာ ပြနေ၏။

ဒီကောင်ကို ငယ်ငယ်လေးတည်းက သူမွေးထားတာမို့ ဘယ်လိုအမူအရာက ဘာကိုပြောချင်တာမှန်းသေချာသိနေသည်။

"ငါ မင်းပြောတာကို မယုံလို့မဟုတ်ဘူး၊ ဒီလူတွေ .. ကျွတ် .."

ဘယ်လိုမှ နေလို့မရသည့်အဆုံးမှာ သူ သားရေဝတ်ရုံရှည်ကြီးကို



ခေါင်းကနေ စွပ်ချလိုက်သည်။ တာဖံ က လူးလဲထလိုက်လျှင် ..၊

"မင်းလိုက်လို့မရဘူး .. နေခဲ့ .."

တာဖံ ကလည်းသိနေ၏။ လုလင် သွားမယ့်နေရာကို သူ လိုက်လို့ မဖြစ်ပေ ..။ ဥဒေါင်း ရှိနေသော ပတ်ဝန်းကျင်မှာ သူ ဘယ်လိုမှရင်မဆိုင်နိုင်သည့် သတ္တဝါတွေရှိနေသောကြောင့် ..၊

တာဖံ ပြန်ထိုင်သွားတာကိုလှည့်ကြည့်ပြီးမှ လုလင် အပြင်ထွက်ခဲ့၏။ ဒီအကျီကြီးထဲမှာ သူ ဖန်တီးထားသည့် လက်နက်အသေးအမွှားလေးတွေပါသည်။

တိုက်ရေးခိုက်ရေးတွေကို ကျွမ်းကျင်လို့တော့မဟုတ်ပေ ..။ ဒါပေမယ့် တောထဲမှာ အထီးကျန်နေရသမျှ လက်နက်တွေလုပ်လိုက် ဟိုပစ်ဒီပစ်လေ့ကျင့်ရင်း အချိန်ဖြုန်းလိုက်နှင့် တောတွင်းသားလုံးလုံးဖြစ်နေခဲ့ပါပြီ။

သူ့အတွက် အနာဂတ်ဆိုတာ သူမပဲဖြစ်ကာ သူမအတွက် မနက်ဖြန်တွေလှစေချင်သည့်ဆန္ဒကလည်း အချိန်တွေသာကုန်ပေမယ့် မပျောင်းနိုင်ခဲ့ပေ ..။

စိုရွှဲပျော့စိနေသော သစ်ရွက်ခြွေးတို့နှင့်မြေကိုနင်းကာ မိုးစက်တွေကို အံတု၍ သူ့ခြေလှမ်းတွေ မြန်နေခဲ့သည်။ ဒီလူတွေ မျက်စိလည်နေပါစေ သူမဆီကို ရောက်မသွားပါစေနဲ့ ..။

အိမ်ကိုလှမ်းမြင်လိုက်တော့ မီးရောင်မြင်လိုက်သဖြင့် သူ့ခြေလှမ်းတွေတုံ့သွားသည်။ သို့သော် ချက်ချင်းရှေ့ပြန်ဆက်၏။

မိုးစက်တွေ ကျဲပါးသွားပြီဖြစ်ကာ ခေါင်းပေါ်ထိဆွဲတင်ထားသည့် သားရေခေါင်းစွပ်ကြီးကိုပါဆွဲလှန်ချထားလိုက်မိသည်။ ရှေ့ကိုဦးတည်ရာမှ နောက်ပြန်ဆုတ်လိုက်ကာ ခြံ၏ နောက်တံခါးပေါက်ကနေ လှည့်ဝင်ခဲ့၏။

သို့သော် ..၊

သူ့မျက်နှာရှေ့မှာ မည်းခနဲအရိပ်ကြီးတစ်ရိပ်ပေါ်လာသည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ အေးစိမ့်စိမ့်ကျန်ရစ်ခဲ့ပြီး ပျောက်သွား၏။ လုလင် ခြေလှမ်းတုံ့သွားပေမယ့် ရှေ့ဆက်လျှောက်လျှင် ...၊

"ဟူး ..."

မျက်နှာကို ဖြတ်ဝင်လာသည့် အရိပ်ကြီးကြောင့် နောက်ဆုတ်ရှောင်လိုက်ပြီး ...၊

"ငါ့ကိုတားဖို့မကြိုးစားနဲ့ တာတေ .. မင်းတို့သက်တမ်းရှင့်လို့ အစွယ်ပေါက်နေလည်း ငါက ဂရုစိုက်မှာမဟုတ်ဘူး .."

သူ ဖွတ်တိုးလျှောက်ခဲ့၏။ သူ့ဘေးပတ်လည်မှာ အေးခနဲစိမ့်ခနဲ ဖြတ်သန်းနေသည့်အရိပ်တွေ လေငွေ့ရိုက်တာတွေ ရှုပ်ယှက်ခတ်နေ၏။

သတိကြီးကြီးထား၍ ကိုယ့်စိတ်ကို မလှုပ်ရှားအောင်ထိန်းချုပ်ထားရ၏။

"တိန် .. တိန် .."

ဟင် !...၊

သံကို သံချင်းထိခတ်သံ ...၊

သူ့စိတ်တွေပူလောင်သွားသည်။ ပျာယာခတ်သွားသည့်စိတ်က ခြောက်စိတ်နှင့် ဆင်ဆင်တူသွားစေလျက် ...၊

"ဘုန်း ..."

"အင့် .."

ကျောပြင်မှာ ပြင်းထန်သည့်ရိုက်ချက်ကြီးကျလာသည်။ လူတစ်ကိုယ်လုံး မြောက်တက်သွားကာ မျက်လုံးတွေပါပြာဝေသွားခဲ့၏။ မြေပြင်ပေါ်မှာ မှောက်လျက်ကျသွားခဲ့ပြီး ပြန်မထနိုင်သော်လည်း နောက်ထပ် မခံရအောင် ချက်ချင်းပက်လက်လှန်ပစ်လိုက်၏။

သူ့မျက်နှာထက်မှာ စီးမိုးနေသော မည်းမည်းသဏ္ဌာန်ကြီးက လူပေါ်တက်ခုန်တော့မှာလား၊ ဘာနဲ့တိုက်ခိုက်မှာလဲမသိ ...။

သူ လူးလဲထကာ ရင်ဆိုင်ဖို့ရပ်လိုက်တော့ ဖြုတ်ခနဲပျောက်ကွယ်သွား၏။



"တောက် .. သရဲသဘက်ပီပီ ဦးနှောက်မရှိဘူး၊ ငါ မင်းတို့ကို ရန်ပြုဖို့လာတာမဟုတ်ဘူး၊ ငါ့ကို ဆက်နှောင့်ယှက်ရင် မနက်မိုးလင်းတာနဲ့ မင်းတို့ဒီခြံထဲမှာ မနေရအောင် ငါလုပ်ပြမယ် .."

အံကြိတ်ကြိမ်းဝါးရင်း ခဏရပ်နေလိုက်၏။ အရိပ်သဏ္ဌာန်တွေ ပျောက်ကွယ်တိတ်ဆိတ်နေကာမှ အိမ်တံခါးဆီကို ခြေလှမ်းကျဲတို့နှင့် တိုးသွားခဲ့လျှင် ...၊

"ရပ်လိုက် .."

ဖြူသွယ်သော သဏ္ဌာန်လေးတစ်ခု သူ့ရှေ့မှာပေါ်လာသည်။ သူမက ဆောင်ထားနေကျကြာပွတ်ပုံစံကြိမ်တံရှိုးနှင့် သားရေမျှောပါသော တုတ်ကိုကိုင်ထား၏။

အနည်းငယ်ဟနေသည့် တံခါးကြားက အလင်းရောင်ကြောင့် သူမရဲ့ဆံပင်တွေနဲ့ ခပ်နွဲ့နွဲ့ရပ်နေဟန်ကို တစ်ပို့တစ်ပိုင်းလောက်သာ မြင်ရသည်။

သို့သော် ဒီလိုအကျည်းတန်သောညဥ့်နက်ညမျိုးမှာ လတ်ဆတ်စွာရှိနေသော မိန်းမလှလေးတစ်ယောက်၏ အလှတရားတို့က လိုက်ဖက်တင့်တယ်ခြင်းမရှိခဲ့ပေ ...။

သဘာဝနဲ့အလှကို သူမအနေနဲ့ ဘယ်တော့မှလိုက်ဖက်ဖို့ကြိုးစားမှာမဟုတ်မှန်းလည်း သိနေပေမယ့် သူ ကြည့်မနေနိုင် ...။

"သူတို့အထဲမှာ ရှိနေတယ်မို့လား .."

သူမထံမှ တုံ့ပြန်သံမလာခဲ့ပေ ...။ ပြန်ဖြေမှာမဟုတ်မှန်းလည်း သူသိနေပါသည်။ သို့သော် ...

"သူတို့ကို ဘာမှမလုပ်ပါနဲ့ ဥဒေါင်း .. ခင်ဗျားကို အဲ့ဒီလိုလုပ်နေတာတွေ .."

"ရပ်နေစမ်း .."

သူ ရှေ့တိုးလိုက်တာနှင့် သူ့လည်ပင်းမှာ အေးစက်စက်ချွန်မြသည့် အရာတစ်ခုက ဖိထောက်တားဆီးလာသည်။ ကိုယ်ရှိန်မြန်သတ်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆုတ်လိုက်ပေမယ့် ဉဒေါင်း က ရှေ့ကိုတိုးလိုက်လာသဖြင့် သူ ထပ်ဆုတ်နေရ၏။

"မင်းကို ငါ မသတ်ဘူးထင်နေသလား .."

ညာလက်ကိုဆန့်တန်းထားကာ ကြာပွတ်နှင့် သူ့လည်မျိုကို ထောက်ထား၏။ ကြာပွတ်၏ထိပ်ဖျားမှာ သားရေမျှော့ပါသလို ဓားသွားချွန်ကိုပါ ထည့်မြှုပ်တုပ်နှောင်ထားတာဖြစ်သည်။

ဓားဦးချွန်ကို တပြောင်ပြောင်တလက်လက်မြင်သာအောင် ထည့်မထားသော်လည်း ဒါနဲ့ထိုးပြီး လူတစ်ယောက်ကိုတော့ သေအောင်သတ်နိုင်တာသေချာ၏။

"ခုထွက်သွားမလား .. ငါ ဖိထိုးလိုက်ရမလား .."

"ထွက်မသွားနိုင်တဲ့အတွက် ဉဒေါင်း က ရန်ပြုလာရင်တော့ ကျွန်တော့်ကိုယ်ကျွန်တော် ကာကွယ်ရမှာပဲ၊ ထပ်ပြောပါရစေ လူသတ်နေတာတွေကိုရပ်လိုက်ပါ .."

"တောက် ..."

ဉဒေါင်း က တက်ခေါက်ပြီးတာနှင့် လက်ကိုတန်းခနဲဆောင့်ထိုးပစ်၏။ တက်ခေါက်သံရဲ့နောက်ဆက်တွဲကို လုလင် ကလည်း တွက်ထားပြီးသားဖြစ်ကာ နောက်ကိုခုန်ဆုတ်လိုက်ပြီး ...၊

"ကျွန်တော်ပြောတာကို ခဏလေးပဲ နားထောင်ပေးပါ .."

"မလိုဘူး .. ငါ တိရစ္ဆာန်ရိုင်းတွေကိုသတ်နေတာ၊ အဲ့ဒီတိရစ္ဆာန်တွေကိုလည်း ငါ အမဲလိုက်ခဲ့တာမဟုတ်ဘူး၊ ငါ့ဘဝရဲ့ အဓိပ္ပာယ်က အဲ့ဒီလိုယောကျ်ားတွေကို သုတ်သင်ရှင်းလင်းပစ်ရတဲ့အရာသာပဲ .."

သူမသည် လုလင်ကို လည်ပင်းကနေ ထိုးသတ်ဖို့ကြိုးစားလိုက်ကြာပွတ်နဲ့ မွှေ့ရမ်းပစ်လိုက်နှင့် အတင်းတိုက်ခိုက်နေကာ ပါးစပ်ကလည်း မနား ...၊

"ငါ့အလုပ်ကို တားဆီးလာရင် တားတဲ့လူက ရန်သူပဲ၊ မင်း ထွက်သွားမလား .. သေတဲ့အထိ ခေါင်းမာချင်လား .."



"ကျွန်တော်တို့က ရန်သူတွေမဟုတ်ပါဘူး .. ပြီးတော့ နှစ်ယောက်စလုံး အနာတရဖြစ်ပြီး .."

"ရှမ်း ..."

"အ ..."

ဘယ်ဘက်လက်မောင်းမှာ ကြာပွတ်ရိုက်ချက်တစ်ချက် ထဲထိမိမိကျလာ၏။ လူက တွန့်ခါယိုင်နဲ့သွားစဉ် နောက်ထပ်တစ်ချက် ...၊

"ရှမ်း ..."

"ဉဒေါင်း .. ခင်ဗျား .."

ကျောပြင်ကို မီးချောင်းတစ်ချောင်းနဲ့ ထိကပ်ပစ်လိုက်သလို လုလင် ဘယ်လိုမှ မဟန်နိုင်ဘဲ ဒူးထောက်ညွတ်ကျသွား၏။

နောက်ထပ် လိုမ့်ရိုက်ပစ်လိုက်သည့် ရိုက်ချက် နှစ်ချက်နောက်မှာ လုလင် မြေပြင်ပေါ်လဲကျမသွားအောင် အလူးအလိမ့်ကြိုးစားနေရလျက် ...၊

"အား .. ကျွတ် .. ကျွတ် ..."

မျက်လုံးတွေပါ တရိပ်ရိပ်ပြာလာသည်။ စုတ်ပြဲနေသည့် အင်္ကျီထဲမှာ အသားတွေပါ ပေါက်ပြဲပွန်းရှကုန်ပြီမှန်းသိလိုက်၏။

ဉဒေါင်း က ကြာပွတ်ကို ဒီတိုင်းလက်ချကိုင်ထားလျက် စူးစိုက်ကြည့်နေ၏။ မိုးစက်တွေ တသောသောရွာချနေသည့်အောက်မှာ သူတို့မှာလည်း စိုရွှဲနေပြီဖြစ်ကာ ...၊

"မင်း မျက်နှာကို ငါ ထပ်မမြင်ချင်ဘူးလို့ပြောထားပြီးသား .. မမြင်စေရဘူးလို့လည်း မင်း ပြောသွားတယ် .."

"ဒီ .. ဒီအခြေအနေမဟုတ်ရင် ကျွန်တော်မလာပါဘူး၊ ဉဒေါင်း လူသတ်နေတာတွေက .."

"မင်းကိုပါ သတ်ပစ်မှာလို့ ငါပြောခဲ့တာ မင်း မှတ်မိတယ်နော် .."

"ကျွန်တော်ကလည်း မကြောက်တတ်ဘူးဆိုတာ ခင်ဗျားကို ပြောခဲ့ပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"တောက် ..."

ဥဒေါင်း နောက်ထပ်တစ်ချက်လှည့်ရိုက်ပစ်လိုက်လျှင် ကြာပွတ်အဖျားစကို သူ အနာခံပြီး ဖမ်းဆုပ်ထားလိုက်သည်။ တစ်ချက်တည်းဆောင့်ဆွဲလိုက်တာနှင့် သူမ ရှုမ်းစိုက်ပါလာမှာပေမယ့် သူ နည်းနည်းလေးမှ အားစိုက်မဆွဲခဲ့ပေ ..။

ကြာပွတ်ကို အရင်းနဲ့အဖျား အပြိုင်ဆုပ်ကိုင်ထားမိကြရင်း အမှောင်ထဲမှာပဲ မျက်လုံးချင်းဆုံကြည့်မိကြ၏။

"ယောက်ျားတွေကို ခင်ဗျားသိပ်မုန်းနေတာ ကျွန်တော်သိပါတယ်၊ သူတို့ကို မသေစေချင်လို့ တားနေတာလည်းမဟုတ်ပါဘူး၊ ဒါပေမယ့် အဲ့ဒီယောက်ျားတွေက ခင်ဗျားကို ဒုက္ခပြန်ပေးနိုင်တယ်၊ အဆိုးအကောင်း အရှုံးအနိုင်ဆိုတာ အမြဲဒွန်တွဲနေတာ ဥဒေါင်း .. ခင်ဗျားချည်းပဲ အမြဲတမ်းနိုင်နေမှာမဟုတ်ဘူး .."

"မင်းက ငါ အမြဲနိုင်နေလို့ သတ္တိကောင်းနေတာလို့ ထင်တယ်ပေါ့၊ ငါ့ဘဝတစ်ခုလုံးက အရှုံးတွေ ပေးဆပ်နစ်နာမှုတွေနဲ့ စခဲ့တာ၊ ဆင်းရဲချို့တဲ့ခြင်းတွေနဲ့ ရှင်သန်ခဲ့တယ်၊ ဘာကိုထပ်ပြီး ကြောက်ရမှာလဲ၊ ငါက ဖြစ်လာခဲ့တဲ့ ဆိုးရွားမှုတွေကို ဘယ်သူ့ဆီက ပြန်ရရ ငါ ဂရုမစိုက်ဘူး .."

"ဥဒေါင်း ..."

"ငါ့ကို မင်း စိတ်ပူတာ ဒီခန္ဓာကိုယ်ကို တခြားယောက်ျားတွေ စော်ကားသွားမှာစိုးလို့လား .. ဟွန်း .."

ဥဒေါင်း ပြုံးလိုက်တာလား ..၊

ထိုအချိန်မှာ ပြုံးတာဖြစ်ဖြစ် မဲ့တာဖြစ်ဖြစ် ဥဒေါင်း ဆိုသည့် မိန်းမတစ်ယောက်ရဲ့မျက်နှာပေါ်က ခံစားချက်တစ်စုံတစ်ရာဖြစ်ပေါ်လာခြင်းကို သူ မြင်ခွင့်ရချင်သည်။

အပြုံးအရယ်မဲ့သော ခံစားချက်တစ်ခုခုကြောင့် ပြောင်းလဲသွားခဲ့သည် မရှိခဲ့သော သူမရဲ့မျက်နှာလေးထက်မှာ ဒီနေ့ ဘယ်လိုအကျည်း



တန်ချက်တွေကြောင့် မဲ့ရပါသလဲ ..၊

သူမ နာကျင်သွားအောင်သူလုပ်ခဲ့တာလား၊ သူ့ကြောင့် သူမရဲ့ နာကျင်စရာတစ်ချို့ပေါ်သွားခဲ့တာလား၊ ဒါမှမဟုတ် သူမရင်ထဲကို ခံစားမှုတစ်စုံတစ်ရာ ထည့်ပေးလိုက်နိုင်တာ သူလား ..၊

"လုလင် ..."

"ဗျာ ..."

သူမရဲ့ နှုတ်ဖျားမှ ပထမဆုံးသူ့နာမည်ကိုခေါ်လိုက်ခြင်းကြောင့် ခံစားနေရသမျှ နာကျင်မှုတွေကို မေ့လျော့သွားခဲ့၏။ သူမရှေ့မှာ သူဟာ မဟာသူရဲကောင်းစစ်သူကြီးအသွင်နှင့် တောင့်မတ်စွာရှိနေပေး၍ ...

"ပြောပါ ဥဒေါင်း .."

"ငါ့ဘဝမှာ ငါအမုန်းဆုံးက အတိတ်ပဲ .. ဒါပေမယ့် မင်းသိအောင် ပြောပြလိုက်မယ်၊ ငါက ယောက်ျားပေါင်းများစွာ နင်းချေဖျက်ဆီးခံခဲ့ရတဲ့ မိန်းမ .."

ပြောပြီး လုလင် ကိုင်ထားသည့်ကြာပွတ်ကို ပြန်ဆောင့်ဆွဲလိုက်၏။ ပြီးတော့ တစ်စုံတစ်ယောက်ကို အပြစ်ပေးတော့မည့်နှယ် ကြာပွတ်ကို လက်ထဲမှာ 'ဆ' နေရင်း ..၊

"စုတ်ပြတ်သပ်နေတဲ့ ငါ့ဘဝကို မက်မောတဲ့ယောက်ျားဟာ ငါ့အလှမှာ ခဏတာသာယာဖို့ပဲ .."

လုလင် အံကြိတ်ထားလျက် တစ်ခွန်းမှဝင်မပြောဘဲ ငြိမ်သက်နေခဲ့၏။

"မင်းက ငါ့သားအရွယ်လေးမို့လို့ .. ပြီးတော့ ငါ့အသက်ကိုအကြိမ်ကြိမ်ကယ်ခဲ့ဖူးတဲ့သူ၊ ငါ အသက်ရှင်ခွင့်ရနေတာကို ဝမ်းသာပျော်ရွှင်နေတာမဟုတ်ပေမယ့် ငါအကျေနပ်ဆုံးအလုပ်ကို လုပ်ခွင့်ရနေတဲ့အတွက် အဲ့ဒီမျက်နှာကိုထောက်ပြီး ငါ မင်းကိုချမ်းသာခွင့်ပေးခဲ့တာ .."

သူမက ရှေ့ကိုတစ်လှမ်းချင်းတိုးလာကာ သူနဲ့ လက်တစ်ကမ်းသာသာလောက်မှာ ရပ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်မင်း အထူးအခွင့်အရေးတွေရနေတဲ့ ယောကျ်ားလို့ထင်နေရင် .."

"ဥဒေါင်း .. တော်ပါတော့ .."

သူ ဒူးထောက်ရာကနေ ဒယိမ်းဒယိုင်ထရပ်လိုက်ကာ ..၊

"ခေါင်းစဉ်တွေပြောင်းမနေပါနဲ့ .. ဥဒေါင်း ဆိုတဲ့မိန်း ဘယ်လိုရာဇဝင်နဲ့ပဲလာလာ လုလင် က ဘာကောင်ဖြစ်ဖြစ် ကိုယ့်ရင်ထဲကိုပဲ မြင်တတ်အောင်ပြန်ကြည့်စမ်းပါ .."

သူ့စကားသံတွေက လှိုက်လှဲတုန်ယင်နေကာ လည်ပင်းကို လက်တစ်ဖက်နဲ့ ဖိအုပ်ထားလိုက်ပြီး ..၊

"ကျွန်တော့်မှာ အခွင့်အရေးတွေရနေတယ်ဆိုရင် အဲ့ဒါ ခင်ဗျား ပေးတာပဲ၊ ကျွန်တော်ထင်နေတာမဟုတ်ဘူး အဲ့ဒါ အမှန်တရား .."

အတိအကျပြောချလိုက်ပြီးမှ ..

"ခင်ဗျားလိုမိန်းမ ကျွန်တော့်ကျမှ အဲ့ဒီလိုဖြစ်ခဲ့တယ်ဆိုရင်လည်း အဲ့ဒါတွေက ခင်ဗျားဘက်ချည်းပဲပေးနေတာမဟုတ်ဘူး ဥဒေါင်း .. မေတ္တာတရားဆိုတာ အသွားအပြန်ရှိတယ် .."

"မင်း .. တိတ်စမ်း .."

ဥဒေါင်း သူ့လည်ပင်းကိုကြာပွတ်နဲ့ လှမ်းထောက်ထားလိုက်၏။ သို့သော် လုလင် က ကြာပွတ်ထိပ်ဖျားကစားသွားကို လက်တစ်ဖက်နဲ့ ဖိဆုပ်ထားလိုက်ပြီး ..၊

"ခင်ဗျားအတွက် ကျွန်တော်သေလို့မဖြစ်သေးဘူး .."

ပြောပြီး ကြာပွတ်ကိုဖယ်လိုက်သည်။ ဥဒေါင်း က ပြန်ဆောင့်ဆွဲလိုက်လျှင် ဆုပ်ကိုင်ထားသည့်လက်ကြောင့် လုလင် တစ်ကိုယ်လုံး စိုက်ခနဲ ပါလာခဲ့ပြီး ..၊

"မင်း .. အား ..."

မြင့်မားထွားကျိုင်းသည့် လုလင် ရဲ့ တစ်ကိုယ်လုံးအားကို သူမ ချုပ်တရက်တောင့်ခံမထားနိုင်ဘဲ နှစ်ယောက်စလုံး မြေပြင်ပေါ်လုံးထွေး



လဲကျသွားခဲ့၏။

လဲကျတော့မည့်အရှိန်ကို သိပေမယ့် မထိန်းလိုက်နိုင်၊ ကိုယ့်အောက်မှာ ပက်လက်ကလေးပစ်ကျသွားရှာသည့် ဥဒေါင်း အတွက်ကို စိတ်ပူရင်း လုလင် အားတင်းပြီး ပြန်ကျုံးထသည်။

သို့သော် ကိုယ့်လက်နှစ်ဖက်စလုံးက သူမကျောအောက်မှာ ပိနေသဖြင့် ..၊

"အား ..."

လက်ဖဝါးမှာ ဓားထိထားသည့်ဒဏ်ရာ လည်ပင်းကသွေးထွက်များနေသည့်ဒဏ်ရာများကြောင့် လက်ထောက်အားပြု၍ သူမကိုယ်ပေါ်က ဖယ်ရှားပေးဖို့ ဘယ်လိုပင် ကြိုးစားသော်လည်း ..၊

"ဥဒေါင်း .. ကျ .. ကျွန်တော် .. တမင် .."

စကားပြောဖို့ကြိုးစားရင်း သူမရဲ့ ရင်ဘတ်လေးပေါ်မှာ မျက်နှာမှောက်ကျသွားခဲ့၏။ ဥဒေါင်း မြေပြင်နဲ့ ခေါင်းနဲ့ ဆောင့်မိကာ မူးမူးမိုက်မိုက်ဖြစ်သွားသော်လည်း အားလုံးကိုသိနေသည်။

"လုလင် .. လုလင် .. ဖယ်စမ်း .."

မျက်နှာကိုလွှဲထားပြီး သူ့ကိုယ်ကို တွန်းဖယ်ဖို့ကြိုးစားကာမှ —

"ဟိတ် .. မင်း .. မင်း .. ဖယ်ဆို .. တောက် .."

တမင်တကာ မဟုတ်မှန်းသိသည်။ ဒါပေမယ့် ရှန်းကြည့်လေ သူ့ မျက်နှာက ကိုယ့်လည်တိုင်နဲ့ ရင်ဘတ်ပေါ်မှာပဲ ပြိုကျလာခဲ့သဖြင့်—

ဥဒေါင်း ရှက်သည့်စိတ်တွေမာန်မာနတွေ ပွက်ပွက်ဆူလာခဲ့၏။

မှောင်နဲ့မည်းမည်းညမှာ မိုးက လုံးဝတိတ်ကျသွားခဲ့သော်လည်း သူမရင်ထဲက ဒေါသမုန်တိုင်းသည် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

“ကောင်လေး ဘယ်လိုနေလဲ ..”

“သတိရလာလိုက် .. ပြန်မေ့သွားလိုက်နဲ့ သူက ဒီအသေခံမဟုတ်တော့ ငှက်တွေဘာတွေကိုင်မှာစိုးရိမ်ရတယ် ..”

လုလင် ရဲ့ အိမ်ရှေ့မှာ ရွာလူကြီးက လက်နှစ်ဖက်နောက်ပစ်ရပ်နေကာ အိမ်ထဲက ထွက်လာသည့်လူနှစ်ယောက်ကလည်း မျက်နှာမကောင်း ..။

ပတ်ဝန်းကျင်အခြေအနေက နေ့နဲ့ညအလင်းနဲ့ အမှောင်ကိုခွဲခြားနိုင်ပေမယ့် မိုးလင်းလာတိုင်း နေရောင်မမြင်ရပေ ..။ တစ်ခါတစ်လေ အုံ့မှိုင်းနေလွန်းသဖြင့် အလင်းရောင်မှုန်ပျပျကို ခဏလေးပဲမြင်လိုက်ရသလိုထင်ရ၏။

သွေးစိမ်းရှင်ရှင်ဒဏ်ရာတွေနဲ့ လူမမာအတွက် ဒီလိုရာသီဥတုက မကောင်းသော နိမိတ်ပဲဖြစ်သည်။

“ဆေးဆရာပြောတဲ့ဆေးမြစ်က ရှာလို့လွယ်ပါ့မလား ..”

“ဒါတော့ သူ့ကံပဲ .. ဒီလောက်နက်တဲ့တောကြီးထဲမှာ တစ်နေရာ



ရာမှာတော့ ရှိနေမှာပဲ၊ တွေ့တာမတွေ့တာ ဘယ်သူပြောနိုင်မှာလဲ ..”

ထိုစဉ် ရွာသားလေးငါးယောက် ခပ်သုတ်သုတ်လျှောက်လာကြကာ ..၊

“မရှိတော့ဘူး မာဝဲ .. ညကလည်း အိပ်ထားတဲ့ပုံမရှိဘူး၊ ငါ သူတို့အတွက်ထားပေးခဲ့တာတွေ ဘာမှလက်ရာမပျက်ဘူး .”

လူကြီးမျက်မှောင်ကုတ်လျက်နှင့် ငြိမ်သက်နေခဲ့ပြီး ..၊

“ဖားအုံ တို့ကို ဥဒေါင်း ဆီ လွှတ်လိုက်တာ ဘာထူးသလဲ ..”

“မထူးဘူး .. ဘယ်သူမှလည်း သူ့ခြံဝင်းထဲကို ဝင်မကြည့်ရဲဘူးလေ၊ တာတေညီနောင်က တော်တော်ဆိုးတာ ..”

“ဥဒေါင်း က အမိန့်မပေးဘဲ သူတို့ဘာမှမလုပ်ဘူး၊ ငါက သွားကြည့်ဆိုကြည့်ပေါ့ ..”

လူကြီးဒေါသမျက်နှာနှင့် မေ့လာ၏။

“ဒီညှို့သည်တွေကိစ္စ ကိုယ့်ဘာသာသိအောင် စုံစမ်းမှဖြစ်မယ်၊ ဥဒေါင်း ကို မေးလို့တော့ ဘာမှဖြေမှမဟုတ်ဘူး ..”

“မေးမနေပါနဲ့ .. ပြေးကြည့်တာထက်တောင် မှန်သေးတယ်၊ ငါ ပြောတဲ့အတိုင်းပဲ .. သေကုန်ပြီ ..”

လူလေးငါးဆယ်လောက် စုမိကြကာမှ တိတ်ကျသွားကြသည်။ ဥဒေါင်း ဆိုတဲ့မိန်းကလေးဟာ လှပနုနယ်သလောက် ကြောက်ရလန့်ရမှန်းလည်းမသိ ..၊

သူမအပေါ် အမှတ်တမဲ့ကျရောက်လာမည့်အန္တရာယ်ကို မဆိုထားနှင့် သူမရှေ့ကနေ ဓားမိုးလုံမိုးပြီး ခြိမ်းခြောက်တာတောင် အေးစက်စက်သူမ မျက်နှာလေးမှာ ပူပန်ရိပ်တစ်ချက်လေးမှ မသမ်းခဲ့ပေ ..။

“ဒီတစ်ခါတော့ မသိသလိုနေပေးလို့မရတော့ဘူး ..”

လူကြီးတုံးတိတိပြောပြီး ရှေ့ကနေ ဦးဆောင်ထွက်သွားလျှင် မာဝဲ

www.burmeseclassic.com

www.burmeseclassic.com



က လုလင် အတွက် ရှာသွားနှစ်ယောက်ကိုသေချာမှာပေးထားခဲ့ပြီး နောက်ကနေ ရှာသားတစ်ချို့နှင့် လိုက်လာခဲ့၏။

ဥဒေါင်း ရဲ့ အိမ်လေးက ရွာနဲ့ ခြံသုံးဝိုင်းစာလောက်ခြားနေကာ ပုံစံတူ မျက်နှာစာရှစ်ဖက်တူသော်လည်း သူမရဲ့ ပင်မတံခါးပေါက်တွေမှာ ဘာသစ်ပင်မှမရှိပေ ..။

သို့သော် ခြံထဲမှာတော့ သက်တမ်းရင့်အပင်ကြီးတွေရော သက်နုပင်ပျိုတွေပါ တောနဲ့မခြား ထူထပ်နေ၏။ အိမ်ရှေ့ကွက်ကွက်လေးမှာပဲ နေရာလွတ်လေးရှိကာ ဘယ်သစ်ပင်ကြီးငယ်ကိုမှ ခုတ်ထစ်ရှင်းလင်းထားတာမရှိ ..။

ရွာသားတွေလွှတ်ပြီး ရှင်းလင်းခိုင်းတော့လည်း လက်မခံ ..၊

"ကျွန်မက ရွာနဲ့ဆက်နေတာမဟုတ်ပါဘူး၊ ရွာနဲ့လည်း မတူချင်ဘူး၊ မျက်နှာစာလေးဘက်မှာ နှစ်ဖက်ပဲ သစ်ပင်တွေရှိနေတာ ခုတ်ပစ်ဖို့မလိုဘူး .."

"နင့်မှာ ဒီလိုတွေရှုပ်ထွေးတောထူလာရင် အန္တရာယ်ရှိလို့ .."

"လူထူတာကိုပဲ ကျွန်မမုန်းတာ၊ တောထူတာ အန္တရာယ်မဟုတ်ပါဘူး .." လို့ အတိုက်အခံပြောခဲ့တဲ့သူ ..။

လူကြီး တာရာ ၏ ခြေလှမ်းတွေက တောထူသည့် ခြံတံခါးရှေ့ကနေ ဖြတ်ဝင်လာခဲ့လျှင် ..၊

"ဟူး ..."

"ဟ ..."

သတိထားလာကာမှ မျက်နှာရှေ့ကနေလေလုံးကြီး ပြေးရိုက်လာသဖြင့် ထိတ်ခနဲဖြစ်သွားပြီး နောက်ပြန်တွန်းသွား၏။ ထိုအခါ နောက်ကပါလာသည့် ရွာသားတစ်ယောက်၏ ခြေထောက်ကို နင်းမိကာ အမှတ်တမဲ့မို့ ဒယိမ်းဒယိုင်တွေဖြစ်ကုန်၏။



"ဂျွတ် .. ဖြောင်း ..."

"ဟာ ... တာရာ ..."

နောက်လူကလှမ်းဆွဲ လူကြီးက ဆုတ်ရှောင်နှင့် ကျိုးကျလာသည့် သစ်ကိုင်းကြီးက မြေပြင်ပေါ်အရှိန်နဲ့ ကျလာပြီးမှ ထက်ပိုင်းကျိုးတွေ ဂင်ထွက်လာသေးသည်။

"တောက် .. ဒါ .. ဟိုသရဲနှစ်ကောင်ပဲ .. ပိနန်း .."

"ဟေး ..."

"သွားစမ်း .. ဟိုးခြံထောင့်က စပါလင်အုံကို အကုန်ဖျက်ဆီးပစ်.. အဲဒါ ငါ့အမိန့်ပဲ .."

"အေး ..."

ပိနန်း ကလည်း ချာခနဲလှည့်၏။ သို့သော် ...

"ဘုန်း ..."

"အား ..."

ပိနန်း ကျောကော့သွားပြီး စူးစူးဝါးဝါးအော်၏။ လူကြီးဒေါသူပုန်ထသွားလေသည်။ သွားလေရာမှာ တုတ်ဓားလက်နက်တစ်ခုခုကို ကိုင်ထားတတ်ကြသည့် ဓလေ့အတိုင်း လက်ထဲမှာအသင့်ပါလာသည့် ဓားမောက်ကို တစ်ချက် 'ဆ'လိုက်ပြီး တက်ခေါက်ကာ ..၊

"နင်နဲ့ ငါ တွေ့ပြီ ပြိတ္တာနှစ်ကောင် .. နင်တို့က ဘာတွေမို့လို့လဲ .."

ကြားဖူးနားဝတွေအရ မင်းမိန့်အာဏာကို ဖုတ်၊ ပြိတ္တာတွေ မလွန်ဆန်ဝံ့ဘူးဆိုတာသိထားသွှည်။ ထို့ကြောင့် လူကြီးက ရဲရင့်သောခြေလှမ်းများနှင့် စပါလင်အုံဆီသွား၏။

ဥဒေါင်း ဆိုတဲ့ ငမိုက်သားလေး ..၊

စပါလင်အုံကို သွေးလောင်းပြီး သရဲတွေမွေးထားသည်။ သရဲမွေးတာတောင် နေစရာစားစရာမရှိတဲ့ သရဲတေလေတွေကိုမဟုတ်ဘဲ သက်



www.burmeseclassic.com

www.burmeseclassic.com



တမ်းရင့် ပြိတ္တာတွေကိုမှ ဒီထိခေါ်ထုတ်လာပြီးမွေး၏။

"ငါ သေချာမြင်လိုက်တာ ခြေထောက်ကြီးတစ်ချောင်းတစ်ချောင်းက ထန်းလုံးလောက်ရှိတယ်၊ အမွေးကြီးတွေဆိုတာ နည်းတာကြီးတွေမဟုတ်ဘူး၊ ရှည်လိုက်တာမှ .."

"ငါ တစ်ခါကျောကွဲတုန်းက အဆုတ်ကွာပြီမှတ်တာ၊ ငါ ခံလိုက်ရတာ ငါသိတယ်၊ လက်ဝါးကြီးတစ်ဖက်ကတင် ပန်းကန်ပြားလောက်ရှိမယ် .."

စသဖြင့်သော မြင်ဖူးသူတွေ ပြောကြတာ ပုံသဏ္ဍာန်ပေါ်လာတဲ့အထိပင် ..။ ဒါပေမယ့် ခြေထောက်အထက်ကိုပို၍ ဘယ်သူမှ မမြင်ဖူးကြပေ..။

"ဒီနှစ်ကောင်ကို ဥဒေါင်း ကလွဲပြီး ထိန်းနိုင်မယ့်သူမရှိဘူး" လို့လည်း ပြောနေကြပေမယ့် ရွာလူကြီးကတော့ စပါလင်အုံဆီ ရောက်သွားခဲ့ပြီဖြစ်ကာ ..၊

"မလုပ်နဲ့ .."

ဓားကိုလွဲမြှောက်လိုက်တာနှင့် ဥဒေါင်း ၏ တားမြစ်သံက အလောတကြီးထွက်ပေါ်လာကာ ..၊

"အဲဒါကိုမလုပ်ပါနဲ့ .. တာရာ .."

"နင်က ငါ့ကိုတောင်အမိန့်ပေးနေတာလား .."

"အားလုံးကို တားဆီးတာပါ .."

တာရာ မျက်နှာကြီး သူ့ရဲ့နောက်ကို သိမင်လည်ပြန်ရောက်သွား၏။ ဟိုနှစ်ကောင် သူ့ကိုတစ်ခုခုလုပ်မလို့လား ..၊

ဥဒေါင်း ကို ရင်ဆိုင်ရမလို နောက်လှည့်ရပ်လိုက်ရမလိုနှင့် မမြင်မစမ်းသတ္တဝါနှစ်ကောင်ကို ဂရုစိုက်ထိတ်လန့်နေရတာလည်းရှက်၏။

"သူတို့က ထားရာနေ စေရာသွားတဲ့ ရုပ်မဲ့နာမ်တွေပါ .."

"အဲဒါကြောင့်ခက်နေတာ .. သင်းတို့ကို အားလုံးကကြောက်နေရတာ ကောင်းလား .."



"ကြောက်စရာလိုလာတာမျိုးရှိလို့ဖြစ်မှာပါ .. သူတို့က ဒီထဲကနေဘယ်မှမသွားပါဘူး .."

"ဥဒေါင်း နင့်ကိုယ်နင် စုန်းမလိုလို ကဝေမလိုလိုနဲ့ လူတွေကိုဘယ်လောက်ထိလှည့်စားနေဦးမှာလဲ .."

တာရာကြီး စိတ်က စပါလင်အုံဆီမှာမရှိတော့ဘဲ ဥဒေါင်း ဘက်ကို တည့်တည့်ရောက်၏။

"ရွာရဲ့စည်းထဲမှာမနေဘူး .. ငါက အကြီးအကဲဖြစ်ပြီး နင့်ကိုဘာမှပြောဆိုမနိုင်ဘူး .."

"ရွာရဲ့စည်းထဲမှာ မဟုတ်ပေမယ့် စည်းနဲ့လွတ်နေတာမဟုတ်ပါဘူး .."

"တော်တော့ ဥဒေါင်း .. ခြံထဲမှာ သရဲသဘက်တွေမွေးပြီး ရွာကလူတွေအနားမကပ်ရဲအောင်လုပ်တယ်၊ ဒီရွာကို ကျူးလာတဲ့လူတွေ နင့်လက်ချက်နဲ့ တစ်ယောက်မှ ပြန်လမ်းမရှိဘူး .."

"ကျွန်မက သွေးဆာလို့ရွာဖွေသတ်ဖြတ်နေတဲ့လူသတ်သမားမဟုတ်ပါဘူး တာရာ .."

"ဘာကြောင့်သတ်သတ် လူသတ်လိုက်ရင် အဲဒါလူသတ်သမားပဲ၊ ဒီမှာ ဥဒေါင်း နင့်ဘဝဘယ်လောက်ဆိုးခဲ့ရသလဲ ငါတို့ သေချာမသိဘူး၊ ဒါပေမယ့် အခု နင့်လက်မှာ သွေးစွန်းနေတာဖျက်လို့မလွယ်တော့ဘူး၊ နင့်အိမ်အောက် ဒါမှမဟုတ် နင့်ပတ်ဝန်းကျင်တစ်နေရာမှာ အရိုးတွေတောင်လိုပုံနေပြီ .."

သူ ခဏနားလိုက်ပေမယ့် ဥဒေါင်း က တစ်ခွန်းတစ်ပါဒမှပြောမည့်ပုံမရှိ ..။ နောက်ထပ်ရောက်လာကြသည့်ရွာထဲက အကြီးအကဲရဲ့ အပေါင်းပါတွေက မလှမ်းမကမ်းမှာရပ်လိုက်ကြပြီး နားစွင့်နေကြ၏။

နောက်ဆုံးမှ ခပ်သုတ်သုတ်လိုက်လာသည့် တစ်ယောက်က ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



သုံးချောင်းကိုဖြစ်သလိုကွေး၍ပိုက်ထားလျက် ...၊

"တာရာကြီး .. ကောင်လေးလည်ပင်းက သွေးစိမ့်နေတယ်၊ ပြီးတော့ အသက်ရှူတာကြဲသွားတယ် သိပ်ကြာကြာခံတော့မှာမဟုတ်ဘူး"

နောက်ကနေရပ်ပြီး သတင်းပို့၏။ တာရာ က လှည့်မကြည့်ဘဲ မျက်လုံးတွေကို ဥဒေါင်း ဆီမှာပဲ စူးစိုက်ထားလျက် ...၊

"ငါတို့ကို လူတွေနဲ့စကားပြောတတ်အောင်သင်ပေးတာ၊ လူတွေနည်းနေလို့မဟုတ်ဘူး၊ ငါတို့ရဲ့ ဘိုးဘေးမိသားစုတွေပဲ၊ ဒါပေမယ့် လူတွေကို ငါတို့မစိမ်းကြဘူး၊ နင်ကတော့ မြို့ပြကျေးရွာထိရောက်ဖူးတယ်၊ ဒါပေမယ့် တိရစ္ဆာန်အရိုင်းတစ်ကောင်လိုပဲ .."

ဥဒေါင်း နှုတ်ခမ်းလေးက ခပ်လွန့်လွန့်မဲ့သွားခဲ့၏။ တစ်ခုခုပြောတော့မည်ထင်ပေမယ့် တစ်ခွန်းမှမပြော ...၊

"အခု ငါတို့ရွာကိုလူတွေသိထားမိကုန်ပြီ၊ အဲဒါနင့်ကြောင့် .."

သူမက တောင့်မတ်စွာရပ်နေဆဲ ...၊

"ဟိုတစ်လောက လူသုံးယောက်လာတယ်၊ သိပ်မကြာသေးဘူး-"

"ဆယ့်ရှစ်ရက်ပဲ ကြာတယ် .."

တစ်ယောက်ကကြားဖြတ်ပြောလိုက်သေးသည်။ တာရာကြီးက ထိုစကားကို နားထောင်စေပြီးမှ ...၊

"အခု နှစ်ယောက် .. ပြီးခဲ့သမျှကို ငါမပြောချင်ဘူး၊ နင် နောက်ထပ် ဒီလိုလုပ်နေမယ်ဆိုရင် ငါတို့ နင့်ကို .."

"ကျွန်မကို စွန့်မဆိုပြီး မီးရှို့သတ်ကြမှာလား .."

"နင့်မှာ သရဲဘယ်နှစ်ကောင်ပဲထပ်ရှိနေနေ ငါတို့ဂရုမစိုက်ဘူး ငါတို့ ဘာလုပ်မယ်ဆိုတာလည်း နင့်ကိုအသိပေးနေမှာမဟုတ်ဘူး၊ နင့်လုပ်ရပ်ကို ရပ်တန့်ကရပ်ပါ .."

"ကျွန်မပြောပြီးပြီ .. ကျွန်မက လိုက်ရှာသတ်နေတာမဟုတ်ဘူး-



"နင် ကိုယ်ယောင်ပြခေါ်တာ အပြစ်မရှိဘူးထင်လို့လား .."

"ကျွန်မလမ်း ကျွန်မသွားနေတာ .."

"ဥဒေါင်း ..."

တာရာ့ အသံက စိတ်မရှည်ခြင်းတွေသိသာစွာ ဖြစ်နေခဲ့လျက်...၊

"အလှအပမကြိုက်တတ်တဲ့လူမရှိဘူးဟ .. မိန်းမတစ်ယောက်လှနေရင် သဘောမကျတဲ့ယောကျ်ားရှိမလား .. ငါတို့က ဒီရွာမှာ ကိုယ့်သွေးကိုယ့်သားတွေချည်းထူထောင်ပြီး ရတဲ့အမဲနဲ့ တစ်ရွာတည်းနေကြတာ၊ နင့်ကျမှ ဒီလိုလှလှပပဖြစ်လာတာလည်း ငါတို့သွေးသားချင်းတွေပဲ၊ ဘာစိမ်းယောကျ်ားကတော့ ဖောက်လွဲဖောက်ပြန်ဖြစ်ကြမှာပဲ .."

"ယောကျ်ားနဲ့မိန်းမ ချစ်ကြိုက်ကြတာ ဒီလိုပဲဖြစ်တတ်တာပဲ၊ ဘာကြောင့် သတ်ပစ်နေရတာလဲ .."

နောက်တစ်ယောက်ဝင်ပြောလိုက်သည့်စကားကြောင့် ဥဒေါင်း ဆတ်ခနဲလှည့်ကြည့်သည်။ အားလုံးမျက်နှာပုံဆိုးဆိုးတွေဖြစ်နေကြလျက် သူမအပေါ်မှာ မကျေနပ်ချက်တွေရှိနေကြတော့ မျက်နှာတွေက ပို၍ကြည့်ရဆိုးနေ၏။

"ငါတို့ပြောတာက လှလို့သဘောကျတဲ့ကိစ္စကို နင်က သတ်လားဖြတ်လားလုပ်နေတော့ အခု ငါတို့ရွာကို စုံစမ်းမယ့် လူတွေထပ်ရောက်လာတော့မယ် .."

"ဖြစ်လာရင် ငါရင်ဆိုင်မယ် .."

"ဘာ ..."

"ကျားကန့် တော်တော့ .."

"ဒီမိန်းမကို ငါတို့ဆီမှာ ဆက်ထားလို့မဖြစ်ဘူး တာရာ .. လူတွေကို ယုန်တွေကြွက်တွေလိုသတ်နေတာ၊ ငါတို့ရွာသားလိုဖြစ်နေတဲ့ ကောင်လေးကိုတောင် ဒီလောက်ဒဏ်ရာတွေရအောင် နှိပ်စက်သွတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ နင်ကြည့် .. ရက်စက်တဲ့နေရာမှာ ငါတို့က အံမားခေါ်ရမယ် ..”

ရွာသားတွေက စကားပီသတဲ့လူရှိသည်။ မပီမသတွေလည်းရှိသည်။ အမေ၊ အံမား၊ အံဖွား 'မ'သံကိုပဲ အသံအမျိုးမျိုးဖြစ်နေကြ၏။

ရောက်လာကြသည့် ရွာသားတွေဆီက မကျေနပ်ချက်ကိုယ်စီ တစ်ယောက်တစ်ခွန်းပြောနေကြသံတွေကို ကြားပေမယ့် သူမကတော့ ဘယ်သူဘာပြောပြော မျက်လုံးတစ်ချက်တောင်စွေမကြည့်ပေ ..။

မေးခွန်းတိုင်းကိုလည်း ဖြေချင်မှဖြေကာ သူမရဲ့ မျက်နှာလေးနှင့် တစ်ကိုယ်လုံးမှာ တလွန့်လွန့်လှုပ်ရှားသွားတတ်တာ သူမ ဆံနွယ်ရှည်တွေပဲဖြစ်၏။

ထိုအခါ သူမရပ်နေပုံနှင့် တော၏နက်ရှိုင်းခြင်းက ဂန္ထဝင်ဆန်နေခဲ့လျက် ..၊

“သူ့မှာ လှတာလေးပဲရှိတယ်၊ လုပ်နေတာကတော့ အောက်လမ်းနည်းတွေနဲ့ စုန်းမလိုပြုစားနေတာ ..”

“ဟုတ်တယ် .. ငါတို့ရွာပျက်စီးတော့မယ် ..”

ထိုစဉ် နောက်ထပ်တစ်ယောက်ပြေးလွှားရောက်လာပြန်ကာ ...

“ဟိုကောင်လေး အသက်မရှူတော့ဘူး၊ တောထဲမှာ ဆေးရှာတဲ့လူလည်း ပြန်မလာဘူး၊ ငါတို့ဘာလုပ်ရမလဲ တာရာ ..”

ဒီတစ်ခါ တာရာကြီး မျက်နှာ စိုးရိမ်သည့်လှုပ်ရှားမှုတွေဖြစ်သွားခဲ့၏။

“ဆင်တောင် ဟိုဘက်က အမိုးနော် ကို သွားခေါ်ကြ၊ မပါပါအောင်ခေါ်ခဲ့ ..”

“သွားခေါ်ခိုင်းထားတယ် .. အဲဒါလည်း ရာသီဥတုမကောင်းတော့ လမ်းတွေပျောက်နေလို့ ပြန်လာကြရတယ် ..”

“ဒါဆို .. လာ .. လာ .. ငါနဲ့ပဲကြည့်မယ်၊ ဂုတ်ကြောနည်းနည်းကိုင်ပြီး ရင်ဘတ်ထောက်ကြည့်လိုက်ရင်ရရင်ရဦးမယ် ..”



ရွာသားတစ်ချို့ ပြန်ပြေးသွားကြပေမယ့် တာရာကြီး နဲ့ တစ်ယောက်က ကျန်နေခဲ့လျက် မလှုပ်မယှက်ရပ်နေဆဲ ဥဒေါင်း ကိုကြည့်၍ ...

“ဒီကောင်လေးက နင့်ကိုသံယောဇဉ်ကြီးတယ်၊ ငါတို့ဆီမှာ ငါတို့ကြိုက်တဲ့ပုံနဲ့ နေခဲ့တယ်၊ ဘာဖြစ်လို့ ဒီလောက်လုပ်လိုက်တာလဲ ..”

“ရှုပ်လို့ ..”

“ငါသိတယ် .. ဒါပေမယ့် နင်ပြောသလိုသိတာမဟုတ်ဘူး၊ နင်ရှုပ်နေတာတွေကို သူက တားဆီးနေတာ၊ နင့်ကိုယ်နင် နတ်ဘုရားတစ်ပါးလို မာန်ဝင့်ပြီး ထင်ရာလုပ်နေတာတွေရပ်လိုက်တော့ ဥဒေါင်း .. ခုန ရွာသားတွေ ဘာပြောသွားကြသလဲဆိုတာ နင် ကြားတယ်မို့လား .. နောက်တစ်ခါ ငါထိန်းနေမှာမဟုတ်ဘူး ..”

ဥဒေါင်း က စိတ်လှုပ်ရှားခြင်းမရှိသည့်မျက်နှာလေးနှင့် တစ်ခွန်းမှ မပြောဘဲရပ်နေ၏။

“နင် စိတ်နာအောင် ဘယ်ယောကျာ်းတွေက ဘယ်လိုဖော်ကားခဲ့သလဲ .. အဲဒီလိုယောကျာ်းတွေ ဘယ်နှစ်ယောက်တောင်ရှိနေသလဲ၊ နင်အခုထိ ကလဲ့စားချေနေတာ ဘယ်နှစ်ယောက်တောင်ရှိနေပြီလဲ ..”

မေးခွန်းတွေဆက်တိုက်မေးရင်း သိချင်တာလည်း မဟုတ်ဘဲ ကိုယ့်ဒေါသကို ပြန်နှိုးဆွသလိုပဲဖြစ်ခဲ့ရကာ ..၊

“တောက် .. လက်ချိုးရေလို့တောင်မရတော့ဘူး၊ အဲဒါတွေကို နင်လုပ်နေတာဘာမှမဖြစ်ခဲ့ရင် ငါလည်း ဘာမှမပြောဘဲနေမှာ၊ ပြောလည်း မပြောချင်ဘူး ဥဒေါင်း ..”

မျိုသိပ်ခဲ့ရတာတွေ များပြီမို့ ဒေါသကြောင့် ခြေတစ်ချက်ဆောင့်၍ တက်ခေါက်မိပြန်ကာ ..၊

“ဟိုအရင်လူတွေတည်းက ငါစပြီးသတိပေးခဲ့တယ်၊ နင်မရပ်ဘူး..”

“ကျွန်မလုပ်နေတာ ကိုယ့်အန္တရာယ်ကို ကာကွယ်တာပဲ၊ ယောကျာ်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ရုမ္မက်စိတ်ကြီးလာရင် တောင်းပန်ပြီး လွတ်မြောက်ခွင့်တောင်းလို့ မရဘူး …”

ဥဒေါင်း အသံလေးကလည်း တင်းမာလာခဲ့လျက် လှပစွာစိမ်းညို့သွယ်တန်းနေတတ်သည့် မျက်ခုံးတန်းလေးနှစ်ဖက်ပါ တွန့်ချိုးလာခဲ့လျက် …၊

“မိန်းမဖြစ်ရင် ကောက်ကောက်ပါလာတာ တော်သလင်းနွေးတွေပဲ၊ ဒီစိတ်ဝင်လာတာနဲ့ သိက္ခာလည်း မသိဘူး၊ သစ္စာလည်းမစောင့်ဘူး၊ အဲ့ဒါတွေပြောဆိုလာအောင် နင်ပဲ …”

“တော်တော့ ဥဒေါင်း … အဲ့ဒါတွေပြောဆိုလာအောင် နင်ပဲ …”

“ကျွန်မ ဘာလုပ်တာလဲ … ပြောစမ်းပါ၊ အဲ့ဒီယောကျ်ားတွေက ‘မ’ ဆိုရင် လေတင်လေအောက်တောင်မထိုင်ရဲတဲ့ တဏှာရူးတွေ၊ သစ်ပင်မှာ မိန်းမပုံအရုပ်ရေးထားရင်တောင် အလွတ်မပေးချင်တဲ့ တိရစ္ဆာန်တွေ…”

“ဒါဆို လုလင် ကျတော့ရော …”

ဒေါသရောင်တက်လာခဲ့သည့် ဥဒေါင်း မျက်ဝန်းလေးတွေစူးစိုက်ငြိမ်သက်သွားသည်။

“ဒီရောက်ကတည်းက သူ ဘာအမှားမှမလုပ်ခဲ့ဘူးဆိုတာ ငါတို့အားလုံးသိတယ်၊ သူ နင့်ကိုထိဖို့ကြိုးစားမယ့်သူမဟုတ်ဘူးဆိုတာလည်း သိကြတယ်၊ နင် ဘာကြောင့် ဒီလိုလုပ်ခဲ့သလဲဆိုတာ အကြောင်းပြချက်ရှာထား ဥဒေါင်း၊ လုလင် သေရင် ငါ ဒီကိုပြန်လာခဲ့မယ် …”

တာရာ က ပြောပြီးတာနှင့် ချာခနဲလှည့်ထွက်သွားသည်။ နောက်က ရွာသားကလည်း ဥဒေါင်း ကို ပြန်ငဲ့ကြည့်ပြီးမှ ခပ်သုတ်သုတ်ပါသွားခဲ့၏။

ညနေ နေဝင်ဖြိုးဖျ နီးလာခြင်းကို မှောင်ရိပ်သမ်းလာခြင်းက သတိပေးဖော်ပြနေ၏။ တကယ်ဆို နေဝင်ချိန်မဟုတ်သေးပါဘဲ ရာသီဥတုကြောင့် မှောင်လာခဲ့တာဖြစ်သည်။



အားလုံးထွက်သွားသည့်နောက်မှာ နူးညံ့သာယာသောလေပြည်ညှင်းက ညို့မှောင်အုံ့ဆိုင်းနေသည့်ရာသီဥတုနှင့်မလိုက်ဖက်စွာ တိုးဝှေ့လာခဲ့၏။

စပါးသင်အုံ့ဆီမှ စပါးလင်နံ့တွေ သူမနှာခေါင်းဝဲ တိုးဝင်နေသည်။ ပြီးတော့ တောပန်းနံ့တွေ ပြီးတော့ သစ်ရွက်ခြွေးပေ့၏ စိုထိုင်းသော လေငွေ့နွေးက ရောယောင်ပါလာပြီး အနံ့အသက်က မကောင်း…။

သဘာဝတရားထဲမှာတောင် ပူတစ်လှည့်အေးတစ်လှည့် မွှေးတာတစ်မျိုး နံတာတစ်မျိုး …။

မတူညီမှုတွေကို သူမ နားလည်နေသည်။ ကိုယ်ဘာလုပ်နေသလဲဆိုတာလည်း ကိုယ့်ဘာသာသိသည်။

‘တခြားလူတွေသိသိ မသိသိ ဘယ်လိုထင်နေနေ ဂရုမစိုက်ဘူး’ လို့ ကိုယ့်စိတ်ကိုထုပ်ပိုးသိမ်းဆည်းဖို့ကြိုးစားရင်း မျက်ဝန်းအိမ်မှာ မျက်ရည်စတို့ ဝေ့လာခဲ့သည်။

လေပြည်ညှင်းက တသောသောဖြစ်လာပေမယ့် တည်ငြိမ်နေသည့် မျက်ဝန်းတွေက မျက်တောင်တစ်ချက်မှ မခတ်ခဲ့ပေ …။

သို့သော် တအိအိပြည့်တက်လာသည့် မျက်ရည်တွေကတော့ လှုပ်လီလှုပ်လဲ့တုန်ယင်ကာ တလိမ့်လိမ့်ကြွေဆင်းကုန်ကြ၏။

သူမတစ်ချက်မှ မျက်တောင်မခတ် နည်းနည်းလေးမှ အသက်ရှူမမှားခဲ့ဘဲ …၊

ပါးပြင်ထက်မှာ မျက်ရည်စိုနေတာကို သိလည်းမသိ …၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

"ညက အချိန်အခါလည်းမဟုတ်ဘဲနဲ့ လေတွေကြီး မိုးကြိုးတွေပစ်နဲ့နော် .."

"အဲ့ဒါ နင့်ကလေးက ထူးခြားတဲ့ကလေးမို့လို့ နိမိတ်ပြတယ်ထင်လို့လား ခေါင်းဖြူမ .. အင်္ဂလိမာလကိုမွေးတုန်းကလည်း ဒီလိုပဲလေ မားလုံလက်နက်တွေက အရောင်တွေလက်ကြတာတောင်ဖြစ်သေးတယ်"

"ဒွေးကလည်းတော် .. ကြည့်ပါဦး၊ ဒီလောက်လှတဲ့ ကလေးလေးက အဲ့ဒီလိုနိမိတ်မျိုးဖြစ်နိုင်မလား .. ကျုပ် သူ့ကိုတွေ့တော့ ဒေါင်းကြီးက သူ့အမြီးကို့မြေပြင်မှာဖြန့်ပြီး မိုးရေစိုတွေနဲ့ ငြိမ်ကုတ်နေတာ .."

ဥဒေါင်း ၏ ဘဝအစက ဤသို့ရှိခဲ့လေသည်။

ရိုးမတောကြီး၏ ကျောဘက်ပိုင်းတောနက်ထဲမှာ ရှစ်မျက်နှာရွာမဖြစ်သေးသော လူတစ်စု၏ အင်အားကအများဆုံးရှိကာ မနီးမဝေးလောက်မှာ လာရောက်နေထိုင်သူတွေလည်းရှိခဲ့၏။

ထိုစဉ်တည်းက ရှစ်မျက်နှာရွာသားတွေက ထူးဆန်းသောစိတ်ရှိကြပြီး တခြားလူတွေနဲ့ သိပ်ရောနှောနေထိုင်ခြင်းမရှိခဲ့ဘဲ ..။



သူတို့ထဲက တစ်စုံတစ်ယောက်နဲ့ တခြားလူစုထဲက တစ်ယောက်ယောက်ချစ်ကြိုက်ပေါင်းသင်းတာကို လက်ခံသည်။ သူတို့လူကို တခြားကို လုံးဝထွက်သွားခွင့်မပြုခဲ့ ..။

ခေါင်းဖြူမ ဆိုတဲ့အတိုင်း သူမက တိုင်းရင်းသားကပြားဖြစ်ကာ လှလည်းလှသည်။ သဘောလည်းကောင်းသည်။ ရှစ်မျက်နှာရွာသားနဲ့ အကြောင်းပါပြီး ဒီရွာကိုရောက်လာခဲ့ခြင်းဖြစ်၏။

သို့သော် ခေါင်းဖြူနေသည့်အဖြစ်ကို သိပ်သဘောမကျသဖြင့် သူမကို လူမျိုးခြားလိုလို လူချင်းမတူသလိုလိုခွဲခြားဆက်ဆံထားခဲ့တာတွေရှိခဲ့သည်။

သူမတို့မိသားစုကို ရွာဟုမသတ်မှတ်ခင်တည်းက လူနေအိမ်ခြေတို့၏ အစွန်းအဖျားမှာနေထိုင်စေခဲ့တာဖြစ်သည်။ ထွက်သွားကြမယ်ဆိုတော့လည်း ခွင့်မပြု ..၊

သူတို့ကလည်း အရေးတယူမရှိခဲ့ဘဲ ..၊

"ဒီကလေးကို ကျုပ်တို့ရဲ့ကလေးဆိုပြီးမွေးမယ် ဒွေး ရယ်၊ ကျုပ်က ရေဖျင်းစွဲပြီး အိမ်တွင်းပုန်းလုပ်နေခဲ့တာကြာပြီ၊ ဗိုက်ကြီးနေတယ် မွေးလိုက်တယ်ဆိုလည်း မယုံမယ့်သူမရှိပါဘူး .."

ကလေးကို ကောက်ရလာတော့ ခေါင်းဖြူမ ဝမ်းသာလွန်းလို့ ခြေမကိုင်မိလက်မကိုင်ဖြစ်နေခဲ့၏။

"ကလေးကလေ ကွဲထွက်နေတဲ့ သစ်ခေါင်းကြီးထဲမှာ ဒွေး ရဲ့၊ ဆံပင်တွေထွက်နေလိုက်တာလည်း မွေးကင်းစကလေးတွေရဲ့ ဆံပင်လောက်မကဘူး .."

သူမက မိုးတွေလေတွေကြီးပြီးသည့် မနက်ဆို သစ်ကိုင်းခြောက်၊ သစ်ကိုင်းကျိုးတွေကို အသာလေးကောက်လို့ရတာမို့ သူများထက်ဦးအောင်စွန့်စားပြီး တောထဲဝင်သွားတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်မှ မနိုင်လျှင် အားလုံးကို ကိုယ့်ဟာလို့စုစည်းသတ်မှတ်ပြီးထားခဲ့လို့ရသည်။ ပြီးမှ ကိုယ့်လူတွေနဲ့ သွားသယ်ရုံသာ ..၊

ဝေလီဝေလင်းမှ တောထဲထဝင်သွားတော့ ထင်းတွေတွေ့လို့ အပျော်လွန်သွားသည်။ ငြိမ်ကုတ်တောင့်မတ်နေသည့် ခေါင်းကြီးကိုတွေ့တော့ ရုတ်တရက်ဟုတ်ရဲ့လားလို့ မယုံနိုင်ပေ ..။

တိရစ္ဆာန်တွေက ရာသီဥတုဒဏ်ကို ကာကွယ်ဖို့ သူ့သဘာဝနဲ့ သူသိတတ်နားလည်ပြီးသားပါ။ ရေနစ်ထားသလို ရွှဲစိုနေသည့် ခေါင်းကြီးကို မြင်တည်းက တစ်ညလုံးရေစိုခဲ့တာမှန်းသိသာကာ ..၊

"သေနေတာလား .."

လို့ ရေရွတ်ရင်း ခေါင်းကိုကြည့်၍အနားကပ်သွားလျှင် တအဲ့အဲ့ကလေးသံလေးကို ကြားလိုက်ရ၏။

"အနီးလည်းမပါ .. အခင်းလည်းမပါဘဲ ကလေးက ဝင်းထိန်နေဖက်နေတာပဲ၊ သူ့ကိုယ်မှာ ရေမစိုတဲ့အတိုင်းနွေးနေတာပဲ ဒွေး ရယ်၊ ခေါင်းက သစ်ခေါင်းကွဲပေါ်တက်ပြီး သူ့အမြီးနဲ့ ကလေးကိုအုပ်ပေးထားတာ သူ့ခမျာ အအေးပတ်ပြီး သေနေတာတောင် လဲမသွားရှာဘူး .."

"ခေါင်းမက မွေးလိုက်တာလားမှမသိတာ .."

"မဖြစ်နိုင်ပါဘူး ဒွေးရယ် .. ခေါင်းက အထီးဖြစ်ဖို့များတယ်၊ အမောက်ကြီးက အကြီးကြီးပဲ .."

လူသူအရောက်အပေါက်မရှိသလောက် နက်ရှိုင်းထူပြောသော တောကြီးအလယ်မှာ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်ရောက်လာပြီး ဒါမှမဟုတ် ခရီးသွားတစ်စုရောက်လာခဲ့ပြီး ကလေးမွေးသွားသည်ဆိုတာ မဖြစ်နိုင်သလို တခြားသောမဖြစ်နိုင်ခြင်းများစွာတို့နှင့် ကလေးငယ်ကို ခေါင်းဖြူမ က ကြောင့်ကြမဲ့စွာကောက်ယူလာခဲ့သည်။

မဟူရာကျောက်မျက်လေးတွေ ဂ◌က်နေသကဲ့သို့ ညိုလဲ့နက်မှောင်



သော မျက်လုံးလေးတွေ တလက်လက်နှင့် တစ်ကိုယ်လုံး ပန်းနုရောင်ဖွေးမွှန်နေသော ကလေးငယ်သည် ညာဘက်လက်ဖဝါးအလယ်မှာ ကြယ်နှင့် လခြမ်းကွေးပုံကြီးတစ်ခု ထင်ရှားစွာပါလာခဲ့၏။

"ချစ်ဖို့ကောင်းလိုက်တာ ကျုပ်မွေးတယ်ဆိုတာ သူတို့ယုံပါ့မလားပဲ .."

"ညည်းလည်း လုတာပဲ .. ယုံကြမှာပါ၊ ဒါပေမယ့် ငါ့စိတ်ထဲတော့ တစ်မျိုးပဲအေ .. နင့်ကလေးက လူကမွေးတာမှဟုတ်ရဲ့လား၊ ဒါမှမဟုတ် ဘယ်လိုပြောရမှန်းကိုမသိတော့ဘူး၊ ငါတော့ ကလေးလို့မထင်သလိုကြီးပဲ နတ်တို့ ဥစ္စာစောင့်တို့ .."

"မဟုတ်တာ ဒွေးရယ်၊ ကလေးက ဒီလောက်အကျင့်ကောင်းတာကို .."-

ခေါ်လာတဲ့မနက်တည်းက ငိုသံတစ်ချက်မှမထွက်ဘဲ မျက်လုံးလက်လက်လေးတွေနဲ့ လျှောက်ကြည့်နေခဲ့သည်။ သို့သော် ခေါင်းဖြူမ၏ အပျော်တွေက ညမိုးမချုပ်ခင်မှာပဲ လုံးဝပျောက်ဆုံးခဲ့လေသည်။

ခင်ပွန်းဖြစ်သူ တောထဲမှာ သစ်ပင်ပိ၍သေဆုံးသွားခဲ့သည်။ ယောကျ်ားတွေ တောထဲဝင်ပြီဆို တစ်ခါတစ်ခါ သုံးရက်လောက်ကြာတတ်ကြသည်။

ဒီတစ်ခါလည်း နှစ်ရက်ကြာပြီဖြစ်သည်။ သုံးရက်မြောက်ညမှာ ပြန်ရောက်ရမှာပေမယ့် မိုးကြီးလေကြီးကျခဲ့သဖြင့် ပြန်မလာနိုင်ကြပေ။

ဒီလိုတွေဖြစ်ခဲ့ဖူးတာမို့ မနက်မိုးလင်းလို့ ပြန်မလာတာလည်း ခေါင်းဖြူမ စိတ်မပူခဲ့ပေ ..။ ထိုပြင်သွားကြတာက တစ်ယောက်တည်း နှစ်ယောက်တည်းလည်းမဟုတ် ..။

ဒါပေမယ့် ပြန်လာကြတော့ သူမ ယောကျ်ားတစ်ယောက်သာ ပြန်ပါမလာခဲ့တာဖြစ်လျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ သိပြီလား ခေါင်းဖြူ .. ခြေနှစ်ချောင်းဝင်လို့ ခြေနှစ်ချောင်းထွက်တာ ကိုယ့်ကိုရှာဖွေကျွေးနေတဲ့လင်က သေရပြီး ဒုက္ခပေးမယ့်ဟာလေးက ကြိုဟ်ဆိုးနဲ့ဝင်လာတာ .."

"မပြောပါနဲ့ ဒွေးရယ်၊ ကျုပ်သမီးလေးလို့လည်း ပြောထားပြီးပြီ၊ ကလေးက အပြစ်မရှိပါဘူး .."

ဒွေးတော်သူမှာ ဒေါသထွက်ရပေမယ့်လည်း ကလေးမျက်နှာလေးကိုကြည့်ပြီး ဆူပူယ်ငေါက်ဟယ်တော့ မလုပ်ရက်ရှာပါ။ ခေါင်းဖိုကြီးရဲ့ ရင်ခွင်ထဲကရခဲ့တာမို့ သူမကို ဥခေါင်း လို့ ခေါ်စေခဲ့ကာ မိခင်နို့အစား မွေးမြူထားသည့် တိရစ္ဆာန်လေးတွေဆီကနို့ယူခဲ့ရသည်။

သူမကို မွေးခဲ့သည့်နောက်ပိုင်းမှစ၍ စားစာရာအတွက် ပင်ပန်းစွာ ရှာဖွေစရာမလိုဘဲ တောနေသဘာဝအရတော့ ခေါင်းဖြူမတို့ ကူဝရီးရှာသလောက်မက လိုသလောက်ရနေခဲ့၏။

ပို၍ထူးဆန်းသည်မှာ ခြေတစ်ဖက်လက်တစ်ဖက် ကျိုးနေသော ကျားမကြီးတစ်ကောင် သူမတို့အိမ်နောက်စပ်က တောထဲမှာလဲကျနေသဖြင့် ဒွေးချို က သယ်လာပြီးပြုစုပေးခဲ့၏။

"ကျားက သားနဲ့မအေကြီးပဲဟဲ့ .. သနားပါတယ်၊ သူ့ခြေတွေလက်တွေကျိုးနေတော့ ငါတို့ကိုတော့ ရန်မပြုလောက်ပါဘူး .."

ဟု မေတ္တာတရားရှေ့ထားပြီး ဒဏ်ရာကို ဆေးမြစ်တွေရှာကြံပြီး ကုသပေးခဲ့၏။ အစားအသောက်အတွက် ကိုယ်စားမယ့်အမဲသားငါးထဲက ကျားမကြီးအတွက် ခွဲ့ကျွေးခဲ့၏။

သွင်သွင်ကျိုးနေသည့်ခြေလက်တွေက ပြန်မကောင်းခဲ့သော်လည်း ကျားမကြီးက ကျန်းမာလာခဲ့၏။ သူမတို့ကိုလည်း ရန်မပြုခဲ့ပေ ..။

ထို့ကြောင့် နို့တွေသက်နေတာမြင်သည်နှင့် နို့ညှစ်ယူပါရစေလို့ ဒွေးချို က တောင်းခံပြီး အဲရဲစွန့်၍ နို့ညှစ်ခဲ့၏။ နောက်ဆုံး ဥခေါင်း



ကို သူ့ရှေ့မှာ သူ့နို့တိုက်လို့ရလာခဲ့သည်။

လမ်းမလျှောက်နိုင်သည့် ကျားမကြီးက ဥခေါင်း ရဲ့ နို့တိုက်မိခင် ဖြစ်လာခဲ့သလို ကစားဖော်လည်းဖြစ်ခဲ့လေသည်။

"ကျုပ်သမီးလေးက ညညဆို လမင်းကြီးကိုကြည့်ရတာ ကြိုက်တယ်၊ ကောင်းတင်ကြီးကိုကြည့်ပြီး အမေ့ရင်ခွင်ထဲမှာ အိပ်တတ်တဲ့ ကလေးလေး .."

"ကျားနို့စို့ခဲ့ပေမယ့် မဆိုးပါဘူးတော် .. သူ့အမေကျားမကြီးကလည်း ရိုင်းမှမရိုင်းတာ၊ ကလေးအမေမို့လို့ သားသမီးအစားရသလို ကျုပ်သမီးကိုချစ်ခဲ့တာပါ .."

"သူ နို့ပြတ်ပြီး သုံးလေးလပဲကြာတယ်လေ ကျားမကြီး ဘာမှလည်း မဖြစ်ဘဲနဲ့ သူ့အိပ်ရာထဲမှာ သေနေတာ၊ ဥခေါင်း အတွက် နို့တိုက်ဖို့ကို တမင်ရောက်လာတဲ့အတိုင်းပဲ .."

စသဖြင့်သော ထူးဆန်းခြင်းတို့ဖြင့် စတင်ခဲ့သော ဥခေါင်း ရဲ့ ဘဝသည် ဆံပင်တွေကလည်း ရိတ်လေသန့်လေဖြစ်ကာ ငါးနှစ်သမီးအရွယ်ကစပြီး ဆံပင်တစ်ရပ် လူတစ်ရပ်ဖြစ်နေခဲ့၏။

မြေပေါ်ပုံကျအောင်လည်း မရှည်၊ ဆံပင်ကို ဖြတ်ချလိုက်တိုင်း အကြီးအကျယ်ဖျားနာလာတတ်သောကြောင့် ဒီတိုင်းထားခဲ့ရသည်။

သူမရဲ့ ဆံပင်တွေက ရွှေရောင်သောင်ကွပ်ထားသကဲ့သို့ ဖြန့်ချပြီးထားတိုင်း ရွှေအိုရောင်လက်နေတတ်၏။ ဒါပေမယ့် ဆံပင်ကတော့ အညိုရောင်ပဲဖြစ်လေသည်။

သူမကို မြင်သူတိုင်းက ချစ်ကြသည်။ နေ့စဉ်မြင်နေရသူတွေလည်း မြင်လိုက်တိုင်း တအံ့တသြ ..။

"လှလိုက်တဲ့ ဥခေါင်းလေး .."

လို့ ပြောမသွားတဲ့သူမရှိပေ ..။ သို့သော် အလှတရားဟာ တစ်ချို့

www.burmeseclassic.com

www.burmeseclassic.com



နေရာတွေမှာ ကြီးမားသောအန္တရာယ်ဖြစ်လာခဲ့၏။

ဥဒေါင်း ကို ရွာတစ်ရွာလုံးက ချစ်ခင်အလိုလိုက်ကြကာ သူ့အိမ်လာပါ၊ ငါ့အိမ်လာပါ ခေါ်ချင်နေကြ၏။

ထို့ကြောင့် ကိုယ့်ခြံကိုယ့်ဝိုင်းလို သတ်မှတ်ကာဆီးထားသမျှကို ဝင်သာထွက်သာအောင် တံခါးပြန်လုပ်ကြ၏။ ထိုစဉ်ကတော့ အလွန်ဆုံးရှိမှ အိမ်လေးဆယ်လုံးကျော်ကျော်လောက်သာပါ။

ကလေးရှိတဲ့အိမ်တွေကလည်း ဥဒေါင်း နဲ့ ပေးကစားလိုက်ရင်ပဲ သူတို့ကလေးတွေ ပိုလှလာတော့မယ့်အတိုင်း ဥဒေါင်း လာခေါ်တော့မှာကိုပဲ စောင့်မျှော်နေကြ၏။

ထိုအထဲမှာ အကြီးအကဲလူကြီး၏ မြေးက လွန်စွာရုပ်ဆိုးလေသည်။ သူမက မွေးထားသမျှကလေးတွေကလည်း ရုပ်ဆိုးလေးတွေပဲဖြစ်ကာ ဥဒေါင်း နဲ့ ယှဉ်လိုက်မှ ရုပ်ဆိုးတာက ပို၍ပေါ်လွင်နေ၏။

တစ်ရွာလုံးမှာရှိသမျှ လူကြီးလူငယ်တွေတိုင်း အကျည်းတန်ကြပါသည်။ ထို့ကြောင့် ရုပ်ချောလှပသည့် ခေါင်းဖြူမ ရောက်လာတော့လည်း ရွာထဲမှာ ရောနှောမနေနိုင်အောင် နည်းအမျိုးမျိုးနဲ့ သွေးထိုးခွဲခြားခဲ့တာ သူမပဲဖြစ်သည်။

ဒါနဲ့တောင် ဥဒေါင်း ကို မွေးပြီးမှ တစ်ရွာလုံး၏အချစ်တော်ပြန်ဖြစ်လာသဖြင့် သူမ၏ မုန်းတီးချက်က ပစ်ချက်တွေပိုမိုတိုးပွားလာခဲ့၏။

ဒီကလေးအရွယ်မရောက်ခင်တည်းက တံခါးတွေပြင်ရ လမ်းတွေဖွင့်ရနှင့် နောက်ဆုံးမှာ စနစ်တကျဖွဲ့စည်းလိုက်မည်ဆိုတော့ ရွာက ရှုစ်မျက်နှာရွာဖြစ်လာခဲ့သည်အထိ ...။

အားလုံးစာမတတ်ကြသည့်အထဲမှာ ခေါင်းဖြူမတို့ တူဝရီးကတော့ ရေးတတ်ဖတ်တတ်ရှိကြသဖြင့် ဥဒေါင်း က စာလည်းတတ်သေးသည်။

သူမလေး တစ်စစအရွယ်ရောက်လာလေ ရွာကအင်အားများလာလေ ...၊



ဒီရွာမှာလူတွေအများကြီးရှိသည်။ သားရဲတိရစ္ဆာန်တွေရန်က ကင်းလွတ်သည့်နေရာ စသဖြင့်သော ကောင်းကွက်များနှင့် အင်အားနည်းလူတွေက လာရောက်ခိုလှုံကြ၏။

ထို့ပြင် အကြီးအကဲ၏ဆန္ဒအတိုင်း ရွာမှာလာနေသူတွေဟာ တခြားကို လိုက်ပါပြောင်းရွှေ့မနေရဆိုသည့် စည်းကမ်းကိုလည်း လိုလားစွာ လိုက်နာကြ၏။

ဒါတွေအားလုံးက ဥဒေါင်း ၏ ဂုဏ်သတင်းကြောင့်ဆိုတာလည်း လူသစ်လူဟောင်းတွေ နှုတ်ကပြောလို့ မကုန်နိုင် ...။

"ကလေးကို ကျားမကိုက်ဘူးတဲ့ .."

"တောထဲကသတ္တဝါကြီးတွေဆို ကလေးနားရောက်လာပြီးမှ ထွက်သွားကြတာတဲ့ .."

"အဲ့ဒီရွာမှာ ဘာစိုက်စိုက်အောင်မြင်တယ်၊ တောထဲက အဖိုးတန်တဲ့ ကျောက်မျက်တွေတောင် သူတို့ရကြတယ်တဲ့ .."

ပြောကြသည့်စကားတွေမှာ သတင်းကစုံသည်။ တောကြီးမျက်မည်းထဲမှာ ကိုယ့်မင်းကိုယ့်ချင်းတိုင်းပြည်တစ်ခုလို ဖြစ်နေတာမို့ ဘယ်သူကမှလည်း ထိပါးလုယက်ဖို့စိတ်မကူးဝံ့ကြပေ ...။

ဥဒေါင်း တို့ တစ်ရွာလုံးကလည်း ကျောက်သံပတ္တမြားတွေ အစုလိုက်အပြုံလိုက်ရထားတာရှိသည့်တိုင် ကိုယ့်နေရာကိုခွာ၍ မြို့တက်ဖို့ ကြီးပွားဖို့တွေကို ဘယ်သူကမှ စိတ်မကူးကြပေ ...၊

သူတို့ဆီမှာ ပုန်းပေါင်းခိုလှုံလို့ရသည်။ မနေချင်လို့ ပြန်ထွက်သွားချင်လည်းရသည်။

သို့သော် နောက်ထပ် ထိုလူပြန်လာခွင့်မရှိ ...၊ အပြင်က ထပ်ရောက်လာသူကိုလည်း ကိုယ့်ရဲ့ လျှို့ဝှက်ချက်တွေကို ပြောပြသည်ဆိုတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တုန့်ကမှ မရှိခဲ့ပေ ..။

သူတို့စိတ်ထဲမှာ ငါတို့ရဲ့ သွေးသားတွေက ဘယ်သူဘယ်ဝါဆိုတာ သတ်မှတ်ခွဲခြားထားပြီးဖြစ်ကာ လုံးဝစိမ်းသက်သည့်လူတွေကို မောက်မာစွာ ခါထုတ်တားဆီးတာမျိုးမလုပ်ကြတာ တစ်ခုသာ ..။

အကြီးအကဲကတော် မိချောင်းမ က ထိုအခွင့်အရေးကိုအမိအရ သုံးခဲ့၏။ လူစိမ်းတစ်ချို့နှင့် ရင်းနှီးအောင်ပေါင်းကာ ထိုသူတို့ပင် မကြံစည်ဝံ့တာမျိုးကို သူမက ကြံစည်ခဲ့၏။

"နင်တို့က ရတနာတွေကို ရသလောက်သယ်သွားကြ၊ ဥဒေါင်းကို တောထဲမှာသတ်ပစ်ခဲ့ .."

"ကောင်မလေးက ဆယ့်ခြောက်နှစ်ပဲရှိသေးတာ .."

"မဟုတ်ဘူး .. ဆယ့်ခုနစ်နှစ်ရှိပြီ၊ နင်တို့ ရတနာတွေယူသွားလို့ ငါ့လင်က လိုက်မှာမဟုတ်ဘူး၊ အဲ့ဒီကောင်မလေးကို ခေါ်သွားမှလိုက်မှာ .."

"သတ်ပစ်ခဲ့ရင် ဒေါသပိုထွက်မှာပေါ့၊ ငါတို့လည်း တောထဲက မထွက်တတ်ဘူး .. မလုပ်ရဲဘူး" လို့ ဆိုခဲ့ပေမယ့် ရတနာတွေမြင်သည်နှင့် လူ့လောဘက အတောမသတ်နိုင် ..။

မြို့တက်ပြီး ကြီးပွားချမ်းသာချင်စိတ်တွေဖြစ်လာကြပြီး မိကျောင်း၏ လမ်းပြမှုဖြင့် ဥဒေါင်း ကို လှည့်ပတ်ခေါ်ထုတ်သွားခဲ့ကြသည်။

"ငါ့သားကြီး နေမကောင်းလို့ပါ၊ ဆေးမြစ်ရှိတဲ့နေရာကိုသွားရင် ကျားကိုက်လို့သေဖို့ပဲရှိတာ၊ ငါတို့ကို လိုက်ပို့ပေးပါ .. ဒီဆေးမြစ်နဲ့မှ မကုရင် ငါ့သား သေတော့မယ် ဥဒေါင်းလေး ရဲ့ လုပ်ပါဦး .."

"အင်း .. ဒါဆို အမိုး ကို သွားပြောလိုက်ဦးမယ် .."

"မပြောပါနဲ့ ဥဒေါင်း ရယ် .. သူတို့သိလို့မဖြစ်ဘူး၊ ဘယ်သူမှ သိလို့မဖြစ်လို့ပါ၊ လိုက်မရှာပေးချင်လည်းနေပါ၊ ပြောတော့မပြောလိုက်



ပါနဲ့၊ အစတည်းက နဂါးကြီးက ငါတို့ကို ယုံကြည်တာမဟုတ်ဘူး .. ငါတို့ ဘယ်လောက်ပဲကောင်းအောင်နေနေ မျက်နှာရတယ်ကိုမရှိခဲ့တာ၊ တော်ကြာ လူနာကိုပါ ရွာထဲက ကန်ထုတ်ပစ်မှာ .."

ဥဒေါင်း က စိတ်သဘောထားနူးညံ့သူလေးမို့ သူမရှေ့မှာ မျက်ရည်စိုရွှဲနှင့် ကြောက်လန့်ပြာဝိုက်တော့ သနားသွားခဲ့သည်။ နဂါးကြီးရဲ့ ဇနီး မိကျောင်း နဲ့ ပေါင်းကြံကြတာကိုလည်း မသိခဲ့ပေ ..။

သို့သော် သူတို့ထွက်သွားကြတာနှင့် သူမက အချိန်ကိုက်ကြံစည်ကာ ဥဒေါင်း က လူစိမ်းတွေကိုရတနာတွေခိုးဖို့ လမ်းပြပြီး ထွက်ပြေးသွားသည်ဟု လက်ထောက်ချ၏။

"ဥဒေါင်း က ဒါတွေဘယ်မှာထားတယ်ဆိုတာ သိတာမဟုတ်ဘူး .."

"ဥဒေါင်း က ခုမှ ဆယ့်ခုနစ်နှစ်တောင်မပြည့်သေးဘူး .."

"မဖြစ်နိုင်ပါဘူး .. ဥဒေါင်း က လူကြီးတွေမသိဘဲ တောထဲမသွားတတ်ဘူး .."

ဒီသတင်းကြားလိုက်တာနှင့် လက်မခံနိုင်တဲ့လူတွေကများကာ နဂါးကြီးကိုယ်တိုင် ဇနီးသည်ပြောသည့်စကားပေါ်မှာ လက်မခံနိုင်ဘဲ ဖြစ်နေ၏။

"နင်မယုံဘူးလား နဂါး .. သူတို့နဲ့ ဥဒေါင်း ခေါ်ပြောနေတည်းက ငါပြောသားပဲ၊ ဥဒေါင်း ကို မြို့တက်မယ် ဘာတွေလုပ်မယ် ဘာညာနဲ့ စည်းရုံးသွားတာလေ၊ ငါတို့က တောထဲမှာမို့လို့ တန်ဖိုးမဲ့နေတာ၊ မြို့တက်မယ်ဆို ဒီရတနာတွေက ဘယ်လောက်အသုံးဝင်မလဲ .."

"နင် အဲ့ဒါတွေကြားလို့လား .. ကြားတုန်းက ဘာလို့ငါ့ပြန်မပြောခဲ့တာလဲ .."

"ဥဒေါင်း နဲ့ ပတ်သက်ပြီး ခုဖြစ်သွားပြီဆိုတာတောင် နင်တို့

www.burmeseclassic.com

www.burmeseclassic.com



မယုံကြဘူးမို့လား ..၊ ငါပြောရင် ဘယ်သူယုံမှာလဲ .. ငါ့ဆိုရင် ကလေးချင်းပြိုင်ပြီး မနာလိုပြိုင်ဆိုင်နေတယ်ပဲ ထင်ကြတာ .."

အကယ်တော့ ပညာနည်းသည့် အညတြတောတွင်းသားတွေပေမယ့် အားလုံးက ရိုးဖြောင့်ကြလေသည်။ မိကျောင်းမ ကဲ့သို့ ကောက်ကျစ်တတ်သူဟာ မိကျောင်းမ ပဲရှိကာ သူမအနီးအပါးက သူမ ထိန်းချုပ်ထားနိုင်သည့် တစ်ယောက်စနှစ်ယောက်စမှလွဲ၍ ကျန်တဲ့လူတွေက သူမကိုလည်း သံသယရှိဖို့သတိမရကြပေ ..။

ဒီကိစ္စမှာ ဥဒေါင်း နဲ့ လူစိမ်းတွေ ဘယ်လိုပေါင်းမိသွားကြမှန်း မသိပေမယ့် တစ်စုံတစ်ယောက်၏ ပယောဂဆိုတာလည်း မတွေးမိကြ..။

သူတို့တွေ တောနင်းရှာပေမယ့် ဥဒေါင်း ကိုတော့ ပြန်မရခဲ့ဘဲ..၊

"မိတော့မိတယ် .. မဖမ်းလိုက်နိုင်ဘူး၊ ရတနာတွေထားပြီး ထွက်ပြေးသွားကြတယ် .."

"ရတနာတွေဘာလုပ်ဖို့လဲ .. ဥဒေါင်း ကို ပြန်မခေါ်နိုင်ဘဲနဲ့ .."

"ဥဒေါင်း ကို အစအနတောင် မတွေ့ဘူး နဂါးကြီး .. ငါတို့ အော်ခေါ်သေးတယ် .."

"ငါတို့လည်းပြောတယ်၊ ရတနာတွေ အကုန်သယ်သွားလို့ရတယ်၊ ဥဒေါင်း ကို ထားခဲ့ဖို့ .. အဲဒါ သူတို့မကြားတာလားမသိဘူး၊ ပြေးကြတာ လုံးဝကို ဖမ်းမမိတော့ဘူး .."

"အဲဒါပဲကြည့်ကြ .. ဥဒေါင်း ကိုယ်တိုင်က လိုက်သွားချင်တာ သူကလေးလေးမှ မဟုတ်တာ ရွာကိုပြန်လိုက်ချင်ရင် အသံပေးလိုက်ရင် ရတယ်မို့လား .."

မိကျောင်းမ က အကွက်တွေ့တာနဲ့ ဝင်ထောက်ပြ၏။ ခေါင်းဖြူမ သည် သမီးပျောက်သွားပြီဆိုတည်းက အိပ်ရာထဲလဲသွားခဲ့တာ ဥဒေါင်း ကို လိုက်ရှာသည့်အဖွဲ့တွေ တတိယအသုတ်ပြန်လာကြသည့်အခါမှာ



မဟန်နိုင်ရှာတော့ပေ ..။

"ငါ့ကလေးကို ရှာပေးကြပါ၊ ဥဒေါင်း ဒီလိုထွက်သွားမှာမဟုတ်ဘူး၊ စိတ်မလျှော့ကြပါနဲ့ .." ဟု အသက်ထွက်တဲ့အထိ မှာသွားခဲ့၏။

ဥဒေါင်း ပျောက်သွားပြီး လေးလအကြာမှာ ခေါင်းဖြူမ ဆုံးသွားခဲ့၏။ တောထဲမှာ စာပေတတ်ကျွမ်းသူတစ်ဦးစနှစ်ဦးစနှင့် ရွာတည်ခဲ့သော ရှစ်မျက်နှာရွာကြီးသည် အဖေအမေ ဦးလေး ဘကြီးတော်စပ်မှုတွေလောက်သာ နားလည်ကြပြီး ကြီးသူကိုရော ငယ်သူကိုပါ နင်တွေ ငါတွေနှင့် ပြောဆိုခဲ့ကြသည်။

လက်ဦးသွန်သင်မွေးဖွားခဲ့သည့်မိဘစဉ်ဆက်၏ ကျေးဇူးကြောင့် တောတွင်းသားတွေပေမယ့် မရိုင်းစိုင်းခြင်းက ဂုဏ်ယူဖွယ်ဖြစ်၏။

ထို့ပြင် .. မကြင်နာသော်လည်း မရက်စက်ကြပေ၊ မယဉ်ကျေးပေမယ့် မယုတ်မာကြ ..။

ဥဒေါင်း ပျောက်ဆုံးသွားသည့်နောက်မှာ သူတို့အားလုံးပြောင်းလဲကုန်ကြလေသည်။ တစ်ဦးတစ်ယောက်သာပျောက်ဆုံးသွားခြင်းက တစ်ရွာလုံးကို အထီးကျန်ခြောက်သွေ့စေကာ ခေါင်းဖြူမ နဲ့ ဒွေးချို တို့ ရှေ့ဆင့်နောက်ဆင့်သေဆုံးသွားကြတော့ ပိုဆိုး၏။

ရွာထဲမှာ တစ်နိုင်တစ်ပိုင် မွေးထားကြသည့် သားကောင်လေးတွေသည်လည်း ဘာကောင်တွေဝင်ဆွဲကြမှန်းမသိဘဲ ပျောက်ရှခြင်းတွေ မကြာမကြာဖြစ်လာခဲ့၏။

တစ်ရွာလုံးက ထုံထိုင်းဆေးမိသွားကြသလို ဘာတွေကုန်ကုန် ဘာတွေဖြစ်နေနေ မသာယာနိုင်ဖြစ်လာလျှင် မိကျောင်းမ ခေါင်းထွက်လာ၏။

ကိုယ်မွေးထားသည့်ကလေးတွေကအစ ဥဒေါင်း တို့ အိမ်လေးမှာ တစ်နေကုန်သွားထိုင်ကြ၊ အိပ်ကြဖြစ်လာသဖြင့် ရွာထဲက သင့်တော်သူနဲ့ အချင်းချင်းပေးစားပစ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သည်တွေဖြစ်သွားသဖြင့် ကလေးတွေက ပြောင်းလဲသွားကြပေမယ့် မိကျောင်းမ ကတော့ ဥဒေါင်း ကိုပဲ စိတ်ခတ်မကျစွာ ရှာဖွေနေကြသည့် ရွာကလူတွေနဲ့ ဥဒေါင်း ပြန်တွေ့သွားမှာပဲ စိုးရိမ်နေကာ .. ဟိုလူတွေ ဥဒေါင်း ကို အပြတ်ရှင်းလိုက်ရဲ့လားဆိုတာ အလွန်အမင်းသိချင်နေခဲ့၏။

ထို့ကြောင့် သူပြလိုက်တဲ့လမ်းအတိုင်းပဲ ဟိုလူတွေနောက်ကလိုက်ပြီး စုံစမ်းဖို့ တောထဲဝင်ခဲ့၏။ သို့သော် သူများအပေါ်ထားသည့် အကုသိုလ်စိတ်ကြောင့် သူမပဲ အသက်ပေးခဲ့ရကာ ..။

"နဂါးကြီးရေ .. မိကျောင်းမ ကို ကျားကုပ်သွားတာ သေပြီဟ.."

အလောင်းပြန်ရလာတော့ မိကျောင်းမ တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက်ဖြစ်နေခဲ့လေသည်။ ထိုအခါကျမှ မိကျောင်း ရဲ့ ကလေးတွေလည်း သူတို့အမေ ဟိုလူတွေနဲ့ပူးပေါင်းပြီး ဥဒေါင်း ကို ကြံစည်လိုက်သမျှ အားလုံးပြောပြခဲ့ကြ၏။

အကြီးအကဲဖြစ်သည့် နဂါးကြီးမှာ ကိုယ့်ဇနီးကိုယ်တိုင် ဒီလိုလုပ်သွားတာကိုသိလိုက်ရသဖြင့် ယုံလည်းမယုံနိုင်ဘဲ ဥဒေါင်း ကိုသာ သနားကရုဏာတို့နှင့်အတူ နှမြောတမ်းတခြင်းတွေ ဖြစ်ရလျက် ..။

"ငါတို့ရွာမှာ ဒီလိုမျိုးနောက်ထပ် လူယုတ်မာတွေ ထပ်မရှိစေရဘူး .." လို့ ကြိမ်းဝါးရင်း ဥဒေါင်း ကို ရှာဖွေရေးအလုပ်ဖြင့် အချိန်ကုန်နေခဲ့၏။

အချိန်တွေသာကုန်သွားခဲ့သည်။ ဥဒေါင်း ကို သူတို့စိတ်ခတ်မကျစွာရှာခဲ့ကြ၏။ သို့သော် အသက်ကြီးပိုင်းလူကြီးတွေကတော့ သူတို့ကိုယ်တိုင် ချီပွေ့မြတ်နိုးခဲ့ရသည့်ကလေးလေးမို့ မရှိလေ တမ်းတလေဖြစ်ကာ အိပ်ရာထဲမှာပဲ ခွေနေသည့် လူတွေလည်းရှိလာခဲ့၏။

"ငါတို့ရွာက ရတနာထုပ်လေးကို ပြန်ရှာခဲ့ကြပါ .."



"နတ်ဘုရားတွေပေးတဲ့ နတ်သမီးလေး .. ဥဒေါင်း က ငါတို့ရွာအတွက် ဘုရားပေးတဲ့ လက်ဆောင် .."

အကျည်းတန်တွေကြားထဲမှာ ဥဒေါင်း က နတ်သမီးတစ်ပါးလိုဖြစ်နေခဲ့၏။ ဥဒေါင်း မရှိသည့်နောက်မှာ ခွေးအူသံတွေကြားလာရကာ သူငယ်ပြန်နေသည့် လူကြီးတွေဆို 'ငါတို့ရွာကို ကျားဝင်ဆွဲတော့မယ် ဥဒေါင်း မရှိလို့ ကျားတွေလာကုန်ကြပြီ' လို့ အော်တာတွေလည်းရှိခဲ့၏။

တစ်ချို့ကျတော့ 'ဥဒေါင်း သေပြီထင်တယ်၊ ငါတို့ဆီကို လာနှုတ်ဆက်တာ' လို့ ပြောပြီး ငိုကြလေသည်။ မတရားကြံစည်ခံလိုက်ရမှန်းသိကာမှ သနားခြင်းကြောင့်ပို၍ လွမ်းဆွတ်စေခြင်းကို ဖြစ်စေကာ ...

"ဥဒေါင်း က မသေနိုင်ပါဘူး၊ သူ့မျက်နှာလေးကိုမြင်ရင် ဘယ်သူမှ ဒုက္ခပေးရက်မှာမဟုတ်ဘူး .."

"ဟုတ်တယ် .. ဥဒေါင်း ကို ဘယ်သူမှမသတ်နိုင်ဘူး .."

ရွာသားတွေ၏ ယုံကြည်စိတ်က ပြင်းထန်နေကြ၏။ သို့သော်...

ရဟန္တာ မထေရ်မြတ်တို့သော်မှ ဝဋ်ကြွေးရှိက ပေးဆပ်ကြရသည်။ ကံကောင်းခြင်းလက်ဆောင်များနှင့် မွေးလာခဲ့သော ဥဒေါင်း ဆိုသည့် မိန်းမလှလေးသည်လည်း ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဥဒေါင်း .. ဥဒေါင်း ကို ခေါ်ထား .. ဆွဲထားလိုက်ပါ .."

"အဖေ .. အဖေ့ .."

"ဟင် ..."

ဟိုအရင်က အကြီးအကဲဖြစ်ခဲ့သော သိမ်းငှက် ၏ မျက်နှာကြီးက အသက်ခုနစ်ဆယ်ကျော်အရွယ် ဇရာထောင်းနေရုံမက သောကဖိစီး၍ လှုပ်ရှဲတုန်ယင်နေကာ ...၊

"နဂါးလား ..."

"ဟုတ်တယ် အဖေ .. စိတ်ထိန်းဦးလေ၊ မိုးချုပ်နေမှဘာဖြစ်လို့ တအားအော်တာလဲ .."

"ဥဒေါင်း ကို .. ဥဒေါင်း ကို မိကျောင်းမ ခေါ်သွားလို့၊ နင်တို့ မမြင်ကြဘူးလား .. ပါသွားပြီ .."

"အဖေ့ .. အဲ့ဒါတွေက နှစ်နှစ်ဆယ်လောက်ကြာပြီလေ၊ နောက်ဆို ညနေတည်းက အိပ်ရာမဝင်နဲ့ဟာ .. တရေးလွန်အိပ်တဲ့နေ့ဆို ဒါချည်းပဲ ရှင်းပြနေရတယ် .."



နဂါး ကိုယ့်အဖေကိုပြောလည်း မပြောချင်ပါ။ ဆံပင်တွေရှုပ်ပွပွ ဂုတ်ကျော်ကျော်မှာ ဖွာလန်ကျဲနေကာ လူလည်းအရိုးပေအသာဖြစ်နေပါပြီ။

ဒါလည်း စားစရာဆေးဝါးကောင်းတစ်ခုခုကို မတမ်းဝသဘဲ ကယောင်ကတမ်းထအော်လိုက်တိုင်း ဥဒေါင်း ...၊

ထိုစဉ် တာရာကြီး ထပ်ရောက်လာကာ ဖအေ့ ကျက်မှာရပ်၍...

"အဲ့ဒါကြောင့် အဖေ့ကိုပြောတာပေါ့၊ ဥဒေါင်း ကို ပြန်ရောက်နေတာကိုပြောပြလိုက်ပါဆို .."

"တိတ်တိတ်နေစမ်း .."

အဖေဖြစ်သူ ကြားသွားမှာစိုးကာ နဂါးက အံကြိတ်ဆူလိုက်ပြီး သိမ်ငှက်ကြီး ဘက် ပြန်လှည့်၍ ...၊

"အဖေ ထမင်းစားမှာလား .. ငှက်ပျောသီးပဲစားမလား .."

"ဥဒေါင်း ပါသွားပြီကွ .."

"အဖေ့ ..."

"ဥဒေါင်း ကို မိကျောင်းမ ထည့်လွှတ်လိုက်ပြီ .."

လူကြီးတွေက ဥဒေါင်း ရှိခဲ့တဲ့အချိန်တွေကို အစကအဆုံးထိပြန် တွေးပြီး စိတ်ကူးတွေနဲ့ အိပ်စက်ကြသည်။ ကျေနပ်နေကြသည်။

ပြီးတော့ လွမ်းခန်းရောက်တာနှင့် ထအော်ကြ၏။ နဂါး စိတ်ညစ် လက်ညစ်ဖြစ်သွားကာ နေရာမှ လှည့်ထွက်လာခဲ့မိ၏။

တာရာကြီး ကတော့ အဘိုးဖြစ်သူ အိပ်ရာထဲပြန်လှဲပြီး ပါးစပ်က ဥဒေါင်း ကို ရေရွတ်နေတဲ့အထိ ရပ်ကြည့်နေသေးသည်။ ပြီးမှ အပြင် ထွက်လိုက်လာပြီး ...

"ဒါကိုတောင့်တနေရင် ဒါပြပေးလိုက်ပြီးရော .."

"တာရာ ..."

"ဟင် ..."

နဂါး က သုန်မှုန်နေသည့်မျက်နှာနှင့် တိုင်ပေါ်မှာရှိနေသည့် မီးအိမ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြုတ်ယူလိုက်၏။ ပြီးမှ ပြန်လှည့်ကြည့်ကာ ...

"နင် ဘယ်လောက်သိလို့လဲ .. အခု ပြန်ရောက်လာတဲ့ ဥဒေါင်း က လူသတ်ကောင် ဖုတ်သရဲဖြစ်နေပြီ .."

"ငါပြောသားပဲ ဒါပေမယ့် အဖေတို့ပဲ ဥဒေါင်း ပြန်လာတာ ကယ်တင်ရှင်ကြီးလိုလို နတ်သိကြားကြွလာတာလိုလို .."

သားအဖ မျက်နှာချင်းဆိုင်ငိုင်သွားကြ၏။ နဂါး က ရှေးဟောင်း နှောင်းဖြစ်တွေဆီ အတွေးတွေပျံ့လွင့်သွားသည့် မျက်ဝန်းတို့နှင့် အတန်ကြာရှိနေပြီးမှ ..၊

"ငါတို့လက်ပေါ်မှာ ကြီးပြင်းသွားခဲ့တဲ့ ဥဒေါင်း က ဒီလိုမဟုတ်ဘူး .."

"အဲ့ဒါ ငါတို့လည်းသိတာပဲ အဖေရာ၊ ဥဒေါင်း က ငါတို့ထက် အသက်ငယ်ပေမယ့် အတူတူဆော့ခဲ့ကြသေးတာပဲ၊ အဲဒီတုန်းကဆို ဖျင်အင်္ကျီတွေတောင် လောက်င အောင်မဝတ်နိုင်သေးဘူး .."

ဥဒေါင်း ကို မသေရုံတမယ် စိတ်ဒဏ်ရာတွေနဲ့ တွေ့လိုက်တော့ နှစ်များစွာကြာခဲ့ပေမယ့် ဥဒေါင်း မှန်း သူတို့သိခဲ့ကြသည်။ ဝမ်းသာအားရကယ်တင်စောင့်ရှောက်ခဲ့ကြ၏။

ဒါပေမယ့် သူမ သတိရလာတော့ စိတ်ဖောက်ပြန်သွားတာလိုလို စကားမပြောတတ်တော့သလိုလို မျက်နှာနှင့်အကြည့်တွေက စိမ်းကားနေပြီဖြစ်သည်။

"ဥဒေါင်း နင် ရွာကိုပြန်လာတာမို့လား .. ငါတို့ကိုသိလို့ ပြန်လာတာမို့လား နင် ဘာဖြစ်ခဲ့တာလဲ .."

သူတို့မေးပေမယ့် သတိရပြီး နှစ်လလောက်ကြာတဲ့အထိ စကား တစ်ခွန်းမှ မပြောခဲ့ပေ .. သို့သော် အသံတိတ်မျက်ရည်ဝေနေတတ်တာ ကို မြင်နေရသဖြင့် သူမ တော်တော်အဖြစ်ဆိုးခဲ့မှန်းတော့ ရိပ်မိခဲ့ကြ၏။ ထို့ကြောင့်လည်း သူမဆီကအဖြေမရပေမယ့် ဂရုစိုက်စောင့်ရှောက်ခဲ့ကြ



သည်။

ရွာမှာရှိတဲ့ ကျန်းမာရေးမကောင်းသော သက်ကြီးပိုင်းလူတွေကို လည်း အသိမပေးခဲ့ဘဲ သီးသန့်ထားပြီး စောင့်ကြည့်ခဲ့ကြသည်။

"လူကြီးတွေက သူ့ကိုပဲ တအားမျှော်နေကြတာ၊ ဒီလိုမျက်နှာမျိုး နဲ့ သွားတွေ့ပေးလိုက်ရင် လူကြီးတွေပိုပြီး ခံစားသွားရနိုင်တယ် .."

သူမ ကျန်းမာရေးကောင်းလာရင်တော့ အဖြစ်သနစ် ပြောပြ လိမ့်မည်လို့ ထင်ခဲ့ကြ၏။ ဟိုအရင်ကလိုပဲ ပြန်လည်ရွှင်လန်းလာမည် ထင်ကာ ထိုအခါကျမှ အားလုံးနဲ့ ဆုံပေးဖို့ စီစဉ်ခဲ့ကြတာဖြစ်သည်။

သို့သော် သူမက ဟိုတုန်းက ဥဒေါင်း ဖြစ်မလာခဲ့သည့်နောက်..၊

"ငါတို့တော့ ခက်နေပြီ .. သံယောဇဉ်ကလည်းဖြစ်နေတော့ ဒီ မိန်းကလေးကို နင်မထုတ်ရက်ဘူး၊ သူလည်း အရင်ပုံစံပြန်ဖြစ်လာမှာ မဟုတ်ဘူး .."

"ငါကတော့ ပြောထားတာကို နားမထောင်ရင် နင်ထုတ်မှာပဲ.."

"တာရာ .. နင် ဇွတ်မပြောနဲ့ .. သူ့မှာ ဘာဖြစ်ခဲ့တယ်ဆိုတာ.."

"ယောကျ်ားတွေက သူ့ကိုစော်ကားလိုက်တယ်လို့တော့ပြောနေ တာပဲ၊ ဒါပေမယ့် စော်ကားတဲ့ ယောကျ်ားတွေကို လိုက်ရှာသတ်ပါ လား .."

"ဒီကိုရောက်လာတဲ့ ယောကျ်ားတွေ သူ့ကိုမြင်လိုက်တာနဲ့ ဘာဖြစ်လို့ သွေးရူးသွေးတန်းရမ္မက်ဇောကြွကုန်တာလဲ .. အဲ့ဒါကို သူ မုန်းနေတာ၊ သူက လိုက်သတ်နေတာမဟုတ်ဘူး .. သူ့ဆီရောက်သွားကြတာ .."

နဂါးက အသက်ကြီးသွားပြီမို့ သားဖြစ်သူကို အကြီးအကဲအုပ်စု တွေထဲထည့်ထားခဲ့သည်။ အပြင်ကို သိပ်မထွက်ဖြစ်ပေမယ့် အားလုံးကို သိနေခဲ့၏။

"ဥဒေါင်း ကို ငါတို့မစွန့်လွှတ်နိုင်ဘူး၊ ဒီမိန်းကလေးက ငါတို့ ရဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



သွေးသားလို့ ပြောမည့်စကားက တုံ့ဆိုင်းသွားခဲ့၏။ တကယ်တော့ သွေးသားမတော်စပ်ဘူးဆိုတာ သူတို့လူကြီးပိုင်းတွေက သိကြပြီးပြီဖြစ်သည်။

ဒါကို ဖွင့်မပြောနိုင်အောင် ဉဒေါင်း အပေါ် ခိုင်မာခဲ့သည့် သံယောဇဉ်က တော်ရုံတန်ရုံစိတ်ညစ်စရာလောက်နှင့် မောင်းထုတ်စွန့်ပစ်ဖို့ဆိုတာ ဘယ်လိုမှ မလွယ် …၊

"ငါ သွားအိပ်တော့မယ် .. မနက်ဖြန်ခရီးထွက်ရဦးမှာ .."

"အေး .. အေး .. ဆေးဝါးတွေပါ နိုင်သလောက်သယ်လာခဲ့၊ ရွာမှာ လူဦးရေတွေ မနည်းဘူး၊ အဝတ်အထည်ကလည်း အရေးကြီးတာပဲ၊ သူတို့ထည့်ပေးခဲ့တဲ့ ပစ္စည်းတွေကရတဲ့ ငွေကြေးအတိုင်းတွက်မနေနဲ့၊ ရွာကလူတွေမလောက်ငှမှာ ဆင်းရဲမှာ ငါ လုံးဝ မမြင်ချင်ဘူး .."

"ငါသိပါတယ် .."

"[illegible] လောက်စရာထုတ်ပြလို့မဖြစ်ဘူးနော် .."

"အဲဒါတွေလည်း ငါ့ဘာသာ ရောင်းတတ်နေပါပြီ အမေရာ၊ ရတနာတွေနောက်လိုက်ချင်လည်း တို့ရွာကို ကျော့ကျော့မော့မော့လေးရောက်အောင်လာဖို့က မလွယ်ပါဘူး .."

သူတို့ဘယ်လောက်ထိ တောကျွမ်းနေပြီလဲဆိုလျှင် လမ်းကြောင်းတစ်ခုကို မြေရာထင်အောင် မသွားဘဲ အမျိုးမျိုးဖျောက်ဖျက်ပြောင်းလဲပြီးသွားတတ်တဲ့အထိ ရွာခံလူတွေတောကျွမ်းကြ၏။

ရွာကိုရောက်လာသည့်လူတွေကလည်း အကြောင်းအမျိုးမျိုးနဲ့ တောထဲရောက်လာပြီး ဒုက္ခအသွယ်သွယ်ကြားမှာပြေးလွှားရင်း မျက်စိလည်လာကြသူတွေသာဖြစ်သည်။

ဉဒေါင်း ရောက်လာမှ တောထဲကနေ ရာသီဥတုကြောင့်၊ တိရစ္ဆာန်တွေကြောင့် အခြေအနေအမျိုးမျိုးနှင့် ရရှိထားသည့် ရတနာတွေ သူတို့



မှာ မနည်းမနောရှိနေသည်။

ဟိုတုန်းကတော့ ကိုယ့်နေရာဒေသကို ဘာကြောင့်မှ မစွန့်ခွာနိုင်သည့် အယူသည်းစွဲလမ်းစိတ်နှင့် ဒါတွေဘယ်လောက်တန်းဖိုးကြီးပါစေ ဂရုမစိုက်စွာ သိမ်းဆည်းထားခဲ့သည်။

ခုကျမှ တိုးတက်လာခဲ့သည့် အသိစိတ်မှာ ဒီနေရာကိုလည်း ခွာစရာမလို၊ ကိုယ်လိုအပ်တာတွေလည်းရအောင် လဲလှယ်ရောင်းဝယ်ယူခြင်းဆိုသည့် သမဝါယမစိတ်ကူးတွေဖြစ်လာခဲ့ကြ၏။

အပြင်ထွက်ဖို့လမ်းကြောင်းတွေရှာခဲ့ကြသလို ပြန်လည်ဖျောက်ဖျက်ဖို့ပါစဉ်းစားခဲ့ကြရင်း အားလုံးတိုးတက်ပြောင်းလဲလာခဲ့တာဖြစ်သည်။

တောကြီးမျက်မည်းထဲမှာ ရွာကြီးတစ်ရွာထီးထီးမားမားတည်ရှိနေသည့်အဖြစ်ကို မျက်စိလည်ရောက်လာတဲ့လူတိုင်း တအံ့တသြ …၊

"တာရာ …"

"ငါသွားအိပ်တော့မယ် .."

"နေဦး ငါပြောဖို့ကျန်နေသေးတယ် .."

ဒီတစ်ခါ နဂါး က တာရာ့ နောက်လိုက်လာခဲ့ပြီး …၊

"နင်နဲ့ ဉဒေါင်း ကို ပေးစားဖို့ ငါ စိတ်ကူးနေတာ .. အဲဒါ .."

"ဟာ .. အဲဒီသရဲမကို ငါ မယူချင်ပါဘူး၊ သူ ဘယ်လောက်လှလှ ငါတို့က .."

"သွေးသားတော်ကြတာလည်း ခုဆို အစေးကြီးဖြစ်နေပါပြီ၊ ပြီးတော့ သူ မုန်းတဲ့ယောကျ်ားတွေထဲမှာ ငါတို့မပါပါဘူး .."

"ပါပါ .. မပါပါ မယူဘူး .. သူ့ဟာသူ သေအောင်လှနေလည်း ငါ မကြိုက်ဘူး .."

"နင် ကြောက်နေလို့ပါ .."

"အခု သူ့ကို ဂရုစိုက်နေတဲ့ လုလင် ကိုတောင် ဘာဆုပ်လွှတ်လိုက်သလဲ နင်မမြင်ဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်လေး ခု မျောတယ်မို့လား .."

"ဟုတ်တယ် .. မိုးမချုပ်ခင်တည်းက သေမှာပဲလို့ထင်ထားတာ၊ အသက်ရှူတာလည်း ယဲ့ယဲ့လေးပဲ၊ သေလည်းမသေဘူး .."

"ဘာပဲဖြစ်ဖြစ် သူက ငါတို့ရွာသားဖြစ်နေပြီ .. နင်တို့ဂရုစိုက်ကြပါ .."

"မာဝဲ နဲ့ ပီနန်း တို့ကိုစောင့်ခိုင်းထားတာပဲ .."

"အေး .. ငါကတော့ ဥဒေါင်း ကို သွားကြည့်ဦးမယ် .."

"မသွားနဲ့ မြို့ထဲမှာ ဘယ်နှစ်ကောင်တောင်လွှတ်ထားသလဲမသိဘူး၊ ဒီမိန်းမ .. ယက္ခဂူမှာနဲ့တွေကိုတောင် လက်ညှိုးထိုးခိုင်းဦးမလွှား မသိဘူး၊ ဘယ်နေရာမှာသေလို့ ဖုတ်ဝင်ပြီးပြန်လာတာလဲမသိဘူး၊ ဥဒေါင်း ဟုတ်ကိုမဟုတ်ဘူး .."

တာရာ ကတော့ အသက်ပိုကြီးပေမယ့် ဥဒေါင်း ရဲ့ ကစားဖော်ဖြစ်ခဲ့တာမို့ ပြောမကောင်းဆိုမကောင်းဖြစ်ခဲ့ရတာတွေအပေါ် ဒေါသတွေပဲရှိနေခဲ့၏။

နဂါး က တိတ်ဆိတ်စွာကျန်ရစ်ခဲ့ရင်း သက်ပြင်းချလေသည်။ သူကတော့ မိဘနဲ့ သားသမီး စိတ်ရင်းနဲ့ရှိနေခဲ့သဖြင့် ဥဒေါင်း ကို တိတ်တဆိတ်စောင့်ကြည့်နေခဲ့တဲ့ညတွေ မနည်းတော့ပေ ..။

ဟိုတုန်းက ပူပင်ကြောင့်ကျမှုစွာ နှစ်ခြိုက်စွာရယ်တတ်ပြုံးတတ်သည်။ အိပ်ပြီဆိုလည်း သူလို ငါလို လင်းတစ်ရေးပါပဲ ..၊

ခု ပြန်ရောက်လာသည့် ဥဒေါင်း ကတော့ ထိုစဉ်ကနဲ့ လုံးဝခြားနားသွားခဲ့ပြီဖြစ်သည်။ ညဘက်မှာ အိမ်ထဲနဲ့ အိမ်ပြင်သွားလာနေတာမျိုးရှိပေမယ့် အသိစိတ်မဲ့ လျှောက်သွားနေသော စက်ရုပ်လေးနှင့်တူသည့်ပြင် တစ်ညလုံး ညဥ့်သုံးယံမှာ တစ်ယံပဲ အိပ်လေသည်။

သေချာစောင့်ကြည့်ရင်းမှတ်ထားသလောက်ဆိုလျှင် သူမရဲ့အိပ်ချိန်က တစ်ညလုံးမှာ စက်နာရီတစ်နာရီလောက်သာရှိမည်ထင်၏။ အိပ်ချင်



လွန်းလို့ ဝင်အိပ်တာနဲ့လည်းမတူ၊ တစ်နာရီလောက်ပဲအိပ်ပြီးထလာပေမယ့် အိပ်မှုံစုံမွှားပုံစံလည်း လုံးဝမရှိသည့်အပြင် အိပ်ထားတာနဲ့လည်းမတူပေ။

သူမ ဘယ်လိုဖြစ်စဉ်တွေပြောင်းလဲဖြတ်ကျော်လာခဲ့ပါသလဲ ..၊

"အု .. ဝူး .."

တောနက်ထဲက ခွေးအူသံတွေထွက်ပေါ်လာခဲ့သည်။ နဂါး က လက်နှစ်ဖက်နောက်ပစ်ဆုပ်ထားရင်း ခြေလှမ်းမှန်မှန်နှင့် သွားနေခဲ့၏။

သူ ဦးတည်နေတာ ဥဒေါင်း ရဲ့ နေအိမ်သို့ဖြစ်ကာ သူသိချင်နေသည်က လုလင် ကို သေလောက်သည့် ဒဏ်ရာတွေဖြစ်အောင်ရက်စက်လိုက်ခြင်းအတွက် သူမ ကျေနပ်သလား ကြေကွဲနေမလား ..။

ချစ်ခြင်းမေတ္တာဆိုတာ ဘာမှန်းမသိတော့အောင် အေးစက်ပြတ်သားလာခဲ့သည့် မိန်းကလေးမှာ ဘယ်လောက်ထိ မာကျောတဲ့နှလုံးသားရှိနေသလဲ ..၊

သူမကို အရင်လိုချစ်စဖွယ်မိန်းမလှလေးဖြစ်လာဖို့က ချစ်ခြင်းမေတ္တာသံယောဇဉ်တွေအပေါ် သူမ ပြန်လည်ခံစားတတ်လာဖို့လိုသည်။

လုလင် သူမအပေါ် ဘယ်လောက်တောင်စွဲလမ်းမြတ်နိုးနေသလဲဆိုတာ သူမမှလွဲ၍ တစ်ရွာလုံးသိသည်။ ပြန်လမ်းပြမည်ဆိုတာတောင် မပြန်နိုင်တော့အောင် စွဲလမ်းနေခဲ့သည့် ယောကျ်ားလေးတစ်ယောက်အပေါ် ဘယ်လိုနှလုံးသားနဲ့ ဒီလောက်တောင် ရက်စက်လိုက်တာလဲ..။

ခုချိန်မှာ ဥဒေါင်း ဆိုတဲ့ မိန်းကလေး ဘာတွေတွေးနေသလဲဆိုတာ သိချင်ဆုံး ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဘယ်မှာလဲ .. ဥဒေါင်း၊ ဥဒေါင်း ကို ခြေလက်တွေရော ပါးစပ်ကိုရော မလှုပ်နိုင်အောင် ကြိုးချည်ထား အသံလုံးဝမထွက်စေနဲ့ .."

"ဘာတွေဖြစ်လာတာလဲ .. လိုက်လာကြပြီလား .."

"ဟုတ်တယ် .. ငါတို့လူခွဲပြေးမှဖြစ်မယ် .."

"ရတနာတွေကိုရော .."

"ငါတို့ပဲ သယ်ပါ့မယ် .."

"ဒီလောက်အများကြီးကို နင်တို့ချည်းပဲ နိုင်မှာလား .."

"ငါတို့က ယောက်ျားတွေ .."

"ပြီးတာပဲ .. ခွဲကြမယ်ဆိုမှ သယ်ရတယ်ပိုးရတယ်ဆိုတာတွေ ပါ့လာစေနဲ့ .."

သူတို့တွေ သေလုမျောပါးပြေးလွှားနေကြတာကို ရုတ်တရက် ဥဒေါင်း နားမလည်ပေ ..။ ရှာမှာတုန်းကတစ်မျိုး တောထဲရောက်လာတော့ တစ်မျိုးပြောင်းသွားခဲ့သည့် သူတို့မျက်နှာတွေကိုပဲ အံ့သြနေကာ...

"ဆေးပင်က အဲ့ဒီဘက်မှာလား .."

"မဟုတ်ဘူး .. နင့်ကို တူးပြီးမြှုပ်ခဲ့မှာ .."



ဖြေသံနှင့်အတူ လက်ပြန်ရိုက်ချက်ကြောင့် မျက်လုံးထဲမှာ ဖောင်းခနဲ မီးပွင့်သွားသည်။ သူမ ခွေခနဲလဲကျသွားပေမယ့် သတိလစ်မသွားသေးပေ ..။

ချာချာလည်သွားသည့် မူးမိုက်ပြာဝေခြင်းက တော်တော်နဲ့ မကြည်လင်ခဲ့ဘဲ ..၊

"လုပ်လုပ် .. မြန်မြန်သွားကြ အဲ့ဒီ ဂြိုဟ်မလေးကို မသတ်ချင်တာက နင်တို့နော် .. အဲ့ဒါလေးကြောင့် ငါတို့ ဒုက္ခရောက်လာရင် နင်တို့ မလွယ်ဘူး .."

"ဟုတ်တယ် .. နင်တို့ရတနာတွေသေချာထုပ်ပိုးသယ်သွားကြနော် .."

သူမချစ်ခင်ခဲ့ရသည့် အမျိုးသမီးတွေက ရန်သူတွေဖြစ်နေမှန်း ကိုယ့်ကိုသတ်ပစ်ဖို့နိုင်းခဲ့တာကြားရမှ ဥဒေါင်း နားလည်ခဲ့ရ၏။

ပြီးတော့ တောထဲဝင်လာကာမှ လူတွေပိုးတိုးလာကာ ဘာတွေထမ်းပိုးလာမှန်းမသိခဲ့တာတွေက ရတနာတွေဖြစ်နေမှန်း ..၊

"ငါတို့ကို ဒီရတနာတွေပေးပြီး နင့်ရဲ့ မိကျောင်းမ က နင့်ကို သတ်ခိုင်းလိုက်တာ .."

ပြေးလွှားနေကြရင်း ပြောကာ ယောက်ျားတွေကတော့ သူမကို အပင်ပန်းခံထမ်းပိုး၍ ...

"အမောပြေလေး .. အမောပြေလေး .."

"ဟင့်အင်း .. ဟင့်အင်း .. အမေရ ကယ်ပါဦး .. ဘွားချို ရေ.."

"မအော်နဲ့ နင့်ကို ထမ်းပိုးခေါ်လာတာ ဘာကြောင့်များထင်နေသလဲ .. ပိတ် .. ပါးစပ်ပိတ် .."

"အဲဒါကြောင့် ပါးစပ်ကအဝတ်ကို မဖြုတ်ပေးနဲ့လို့ ငါပြောတာပေါ့၊ ဒီကောင်မလေး စွတ်အော်တော့မှာ .."

"ငါကလည်း ပါးစပ်ကြီးပိတ်ထားရမှာ ပိုမကောင်းဘူးလားလို့ပါ၊ ဒီကောင့်မ ဒီတိုင်းထားလို့မရဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. ဟင့်အင်း .. ဖယ် .. ဖူး .. ဖလူး .."

မျက်နှာလေး လွှဲရှောင်ရင်း ဘယ်လိုရှန်းလို့မှမရ ..၊

"ဟား .. ဟား .. ဟား .."

"ကိုင်ထားပေးစမ်းပါဟ .."

"ကိုင်ထားပါတယ် .. မင်းသာ ငါတို့အတွက် ချန်ထားဦး .."

"ဟီး .. ဟီး .. ဟီး .."

"ဟိုကောင်လေး .. ဘာလုပ်နေတာလဲ .. သွားစမ်း .. လူအရိပ် အခြေသွားစောင့် .."

"ဝူး .. ဟင့် .."

တောထဲမှာပဲ ဥဒေါင်း ဘဝပျက်ခဲ့လေသည်။ ယောကျ်ားကြီးနှစ်ယောက်၏ တဏှာကျူးနေသော မျက်နှာကြီးတွေနဲ့ ကြောက်သလို ရွံ့သလို ခြုံကွယ်ကနေချောင်းကြည့်နေတတ်သော ယောကျ်ားငယ်တစ်ယောက် ..၊

သူမ နှလုံးသားထဲမှာ ကြီးမားသော ဒဏ်ရာဒဏ်ချက်တွေအဖြစ် အရှိုးထင်လေသည်။

ထိုခဏမှာပဲ ရွာကလူတွေလိုက်လာကြပြီဆိုပြီး သူတို့ဆက်ပြေးခဲ့ကြ၏။ သို့သော် ရမ္မစိတ်နောက်ကို လိုက်နေကြသဖြင့် သေသောတွေ့မှ ဘပြေးခဲ့လျှင် ရတနာတွေကို ဒီတိုင်းထားခဲ့ကြသည်။

သူတို့အတွက် ရတနာတွေဆုံးရှုံးခဲ့ရသော်လည်း ဥဒေါင်း အတွက် ပေးဆပ်ရဖို့ဖြစ်လာကာ ..၊

"ကောင်းတာပေါ့ .. နင်တို့တဏှာရူးနေတော့ ကိုယ်လွတ်ရုန်း ပြေးခဲ့ကြတယ်၊ သတ် .. ဒီဟာမလေးကို ခုသတ်ပစ် .."

အမျိုးသမီးနှစ်ယောက်က ယောကျ်ားတွေကိုကောင်းကောင်းအပြစ်တင်၏။ ဒေါသကြောင့် မီးဝင်းဝင်းတောက်နေသော မျက်လုံးတို့သည် မိန်းမချင်းစာနာရမှန်းလည်းမသိ ..။

လူရိုင်းတွေရှိနေသည့်ရွာကိုရောက်တော့ မိဆုံ ဆိုသည့်အမျိုးသမီးက ဥဒေါင်း ကို ခုချက်ချင်းသတ်ဖို့အမိန့်ပေးပြီး ဇွေ့ဇွေ့ခုန်နေ၏။



လူရိုင်းတွေက အနည်းအကျဉ်းပဲ ဝူးဝူးဝါးဝါးဖြစ်နေကာ လူအများစုက မြန်မာစကားပြောတတ်ကြ၏။

ထို့ပြင် လူတွေအများကြီးရှိနေကြပြီး လူနေအိမ်တွေက မြက်ခြောက်ဖွတ်တွေတင်ထားသည့်တဲအိမ်လေးတွေသာဖြစ်လေသည်။

ညနေသည်လာပြီဆိုသည့်ပုံစံနှင့် ဗုံတွေတီးကြ၊ သားကောင်ကြီးတွေ မီးပုံကြီးပေါ်တင်၍ ကင်ကြနှင့် သူတို့က ပျော်ပါးနေကြ၏။

မိဆုံ ဆိုသည့်အမျိုးသမီးကြီးက အစတည်းက မြို့ပြကျေးရွာတို့နှင့် နီးစပ်စွာနေထိုင်ခဲ့သူမို့ တောတွင်းသားအားလုံးထက် အမြင်ကျယ်သည်။ လောဘလည်းကြီး၏။

ရှစ်မျက်နှာရွာမှာ သနားစဖွယ်ရိုးသားစွာနေခဲ့ပေမယ့် ဒီနေရာမှာတော့ ဒေါသမီးတွေတောက်လောင်နေကာ ..၊

"မြို့မှာ ငါ့ဘဝကြီး တိုးတက်ပြီလို့ စိတ်ကူးတွေယဉ်ခဲ့ရတာ သွားပြီ၊ အဲ့ဒါ အကုသိုလ်မ .. ကြိုဟ်ကောင်မ .."

"နင်တို့ကလည်း ရတနာကိုထားပြီး မိန်းမကိုခေါ်လာရသလား .. အံ့ရော .."

လူရိုင်းခေါင်းဆောင်က စကားသံခပ်ဝဲဝဲနှင့်ပြောရင်း ကိုင်ထားသည့်ခြောက်မြှောင်းမှိန်းကြီးကို တဆဆနှင့် ..၊

"သူက ဘာလဲ .. တော်တော်လှတယ် .."

"ဟုတ်တယ် လှလို့ခက်နေတာ၊ အဲဒီဟာလေးကို ဟိုတောထဲက ရွှေမှန်းကြေးမှန်းမသိတဲ့ ငတုံးတွေက ရွှေထက်မက်တယ် .."

"ငါတို့မှားပါတယ် .. ငါတို့ကြောင့် ရတနာတွေကျန်ခဲ့ရတာ .."

"သိပ်မှန်တာပေါ့ .. အဲ့ဒါကိုသိရင် ကိုယ့်ဘာသာမီးပုံထဲ ခုန်ဆင်းလိုက် .."

"မလိုပါဘူး .. ရတနာထုပ်နဲ့လဲလာရမှတော့ သူ့ဆီက ရတနာရအောင် ပြန်ထုတ်ရမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပြောလိုက်မှန်းမသိသည့် စကားတစ်ခွန်းကြောင့် ဥဒေါင်း၏ ညှို့နက်ညများမှာ လမိုက်ခဲ့ရ၏။

"ဒီကနေသွားရင် ပဒုအုံရွာကြီးရောက်မယ် .."

"အဲ့ဒီရွာမှာ ဘာရှိလို့လဲ .."

"အဲ့ဒီမှာ မုဆိုးတွေချည်းပဲလေ .. မုဆိုးတွေရောင်းတဲ့ပစ္စည်းတွေကို လာဝယ်တဲ့ မြို့ကြီးက ဧည့်သည်တွေ မကြာမကြာလာတတ်တယ်.."

"အဲ့ဒီတော့ ဘာဖြစ်လဲ .."

"ဟောဒီမှာ ရေသူမ ဖမ်းမိလာတာပဲ .."

"ရေသူမက ရုပ်ဆိုးဆိုးတွေချည်းပဲ ချောတာလှတာ မတွေ့ပါဘူး.."

"သူ့ကို ရေသူမပြောပြော ဥစ္စာစောင့်ပြောပြော အားလုံးယုံမှာပါ၊ မြို့ကြီးသားတွေက မိန်းမလှတွေကို ပိုက်ဆံအများကြီးပေးဝယ်ကြတယ်.."

"ဟုတ်လား ..."

ပဒုအုံဆိုသည့်ရွာကို ထပ်မံပြောင်းရွှေ့ကြပြန်ကာ ..၊

"ရိက္ခာသိပ်မရှိတော့ဘူး .. အဲ့ဒီငြိုပ်မလေးကို ဘာမှမကျွေးနဲ့ ရေပဲတိုက် .."

မိဆုံ ၏ တစ်ချက်လွှတ်အမိန့်နှင့် ဥဒေါင်း ဘာမှမစားရတော့ပေ။ သို့သော် ညှို့နက်တော့ အာလူး ဆိုသည့်လူငယ်လေးက ခိုးချောင်ခိုးဝှက် ကပ်လာ၏။

"စားမလား .."

လက်ထဲမှာ ကောက်ညှင်းကျည်ထောက်လေးနဲ့ ရေ ..။

"ငါ့ကိုလွှတ်ပေးပါ .. ငါ တောင်းပန်ပါတယ် .."

"မလွှတ်ရဲဘူး .."

"နင့်ကို ဘာမှမလုပ်အောင် ငါတာဝန်ယူပါ့မယ်၊ ငါတို့အတူတူ ပြေးမယ်လေ .. ရွာရောက်ရင် နင့်ကို ချမ်းသာပေးကြမှာပါ ငါ ရှိခိုးပါတယ် .."

"ဟေ့အေး .. ငါကြောက်တယ် .."



အာလူး ကလည်း လူပျိုပေါက်စအရွယ်ပဲဖြစ်ကာ ဥဒေါင်း ထက်တော့ အသက်ငယ်ပါလိမ့်မည်။ တစ်ကိုယ်လုံး ကြိုးတုပ်ထားခံရသည့် သူမကို အစာစားလို့ရအောင် ပါးစပ်တော့ဖွင့်ပေးသည်။

သူ့ကိုယ်တိုင် ပါးစပ်ထဲထည့်ပေး၏။ သို့သော် ..၊

"နင့်ကိုငါ သူတို့လိုပဲ ဟိုဟာဖြစ်ချင်တာ .."

"ဘာ!...."

သူမ အားကိုးတကြီး အကူအညီတောင်းခဲ့ပေမယ့် ရခဲ့တာက အကူအညီမဟုတ်ပေ ..။

ယုတ်မာပတ်စက်လွန်းသော ယောကျ်ားတွေရဲ့ ဖျော်ဖြေခံငွေဝယ် ဖြစ်ခဲ့ရလျက် ..၊

"နင်က လှလွန်း လို့ပါ .. ငါ့စိတ်မထိန်းနိုင်တော့ဘူး .."

ထိုလူငယ်လေးသည်လည်း ယုတ်မာပက်စက်စွာ ..၊

"တောက် .. တိရစ္ဆာန်တွေ .."

ပစ်ပစ်နှစ်နှစ်နာကျည်းစွာဆဲဆိုမိသော်လည်း သူမအသံယဲ့ယဲ့လေးသာ ထွက်နိုင်တော့သည်။ ပဒုအုံရွာကိုမရောက်မီ သူမဘဝက သေခြင်းတရားထက်ဆိုးရွားခဲ့ပြီး ...

"ကြည့်စမ်း .. ကြည့်စမ်း .. ခုလိုအကုန်လုံးချွတ်ထားလိုက်တော့ ဆံပင်အရှည်ကြီးနဲ့ တကယ့်ရေသူမပဲ .."

"ဟား .. ဟား .. ဟား .."

"ကြည့်နေရတာနဲ့ တန်တယ်ကွာ .."

သစ်ပင်မှာကြိုးနဲ့ကပ်တုပ်ပြီး မိုက်ရိုင်းစွာပြောဆိုနေကြစဉ် ရှက်လွန်းသည့်စိတ်ကြောင့် ဥဒေါင်း သတိလစ်သွားခဲ့၏။ ပြီးတော့ ...

"အား ..."

သတိလစ်နေသော်လည်း ဝဲဘက်ရင်အုံမှာပူလောင်ပြင်းရှသည့် နာကျင်သောထိတွေ့မှုကြောင့် စူးစူးဝါးဝါးအော်လိုက်မိရင်း သတိရသွား၏။

ညှော်နံ့တွေ နှာခေါင်းထဲကို စူးရှစွာဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား .."

သူမရှေ့မှာ ဟိုရွာမှာတုန်းက လူရိုင်းတွေ လည်ပင်းမှာဆွဲထားသည့် အသဲပုံကြေးပြားကြီးက ရဲရဲနီနေကာ ..၊

"နာသွားလား .. နင့်ရင်ဘတ်မှာ အသဲတံဆိပ်ခတ်လိုက်တာပါ .. ဟား .. ဟား .. ဟား .."

"လှတယ်ကွာ .. အဲ့ဒါမှသေရာပါမယ့် အမှတ်အသားဖြစ်မှာ၊ သူ့ကို ဘယ်မှာရောင်းစားစား ငါတို့ပစ္စည်းဆိုတာ တံဆိပ်ခတ်ပြီးသားဖြစ်ရော .."

"ဟိုး .. ဟိုး .. ဟား .. ဟား .. ဟား .."

ရှုပ်များကိုနှာရှုနဲ့ နီးစပ်မှုမရှိတော့တာသိနေကြသဖြင့် နောက်ကြောင်းပူစရာမရှိတော့တဲ့ သူတို့ရဲ့ ရက်စက်ယုတ်မာခြင်းတွေက ကမ်းကုန်လေသည်။

ရက်ရှုခြင်း၊ နာကျင်ခြင်းတို့ကြောင့် အဖန်ဖန်အခါခါသတိလစ်နေရှာသည့် ဥဒေါင်း မှာ ကြာလာလေ မျက်လုံးမဖွင့်တော့လေ ..။

"နည်းနည်းပါးပါး ကျွေးမွေးထားဦး .. သေသွားဦးမယ် .."

"မသေဘဲ အလှပျက်နေလည်း ငါတို့ရောင်းဈေးရမှာမဟုတ်ဘူးဟ .."

ဒီကနေသွားရင် ရောက်တယ်ဆိုသည့် 'ပဒ္ဒအုံ' ရွာကြီးကို သုံးရက်လုံးလုံးသွားခဲ့ရသည်။ ဟိုရောက်တော့ ဝယ်မည့်သူဈေးသည်ဆိုတာမရှိဘဲ ထိုရွာလူကြီးအိမ်မှာ အားလုံးသောင်တင်ကုန်၏။

"ဈေးသည့်လာအောင်စောင့်မနေပါနဲ့ .. နင်တို့လူကို ဝယ်မှာလည်း မဟုတ်ပါဘူး၊ ဒီလောက်ပိန်ခြောက်နေတဲ့ ပိုးဟပ်ဖြူကို .."

"ဟုတ်ပတော် .. ရင်ဘတ်မှာလည်း အနာကြီးက ပြည်တစိုစိုနဲ့.."

နတ်သမီးလိုလှခဲ့သော ဥဒေါင်း သည် အားလုံး၏ခြေထောက်တွေကြားက မြေမှုန်တွေပေါ်မှာ ပိုးစိုးပက်စက်လဲကျနေခဲ့၏။

အလှတရားဆိုတာ ဘာမှမရှိတော့ဘဲ ရွံစရာပြည်တည်နာကြီးနဲ့ သေအံ့မူးမူးမသာလောင်းအဖြစ်ထက်မပိုတော့ပေ ..။

ဒီလိုဖြစ်ရတာ နင့်ကြောင့် ငါ့ကြောင့် ငြင်းခုန်ရင်း ဒေါသတွေ ဆက်



ကွဲပြီး တစ်ယောက်နဲ့တစ်ယောက် ဓားနဲ့ထခုတ်ကြကာ သုံးယောက်ဆက်တိုက်သေသွား၏။ ထွက်ပြေးတဲ့လူကပြေးသည်။

မြေကြီးပေါ်မှာ ဒီတိုင်းလဲကျကျန်ရစ်ခဲ့သည့် ဥဒေါင်း ကိုတော့ သနားသဖြင့် ရေလာတိုက်ကြ၊ အရိပ်ထဲဆွဲခေါ်ကြနှင့် လူကြီးအိမ်ကပဲ ကျယ်တင်ထားခဲ့၏။

သို့သော် ကံကြမ္မာမျက်နှာညိုသည့်ကာလအတွင်းမို့ သူမ အသက်မသေခဲ့သော်လည်း ..၊

"ကောင်မက လေမှုတ်လိုက်တဲ့ ပူးပေါင်းကျနေတာပဲ၊ အရိုးခြောက်မကနေ မင်းသမီးရုပ်တန်းဖြစ်သွားတာ မာန်တက်ပြီပေါ့ .."

"ဘာများ မာန်တက်စရာရှိလို့လဲ မိအေးပုံရယ် .. ဝတ်လစ်စလစ်နဲ့ ငါတို့ရွာကိုပါလာတဲ့ကောင်မပါ၊ ခုလည်း သူကြီးက အပျော်မယားလုပ်ထားတာကို .."

"အေးနော် .. အရိုးစု ဒီလောက်အလစ်မပေးတာတောင်မှ .."

"သူ့ယောက်ျားအတွက်ပဲ ပူနေရတာမဟုတ်ဘူးဟ .. သား လူပျိုကြီးတွေက နှစ်ယောက် .. တူတွေက နှစ်ယောက် အဲ့ဒီအပျက်မအချောအလှကို အာသာငမ်းငမ်းဖြစ်နေကြတာ .."

ရွာထဲမှာရှိသမျှ မိန်းမပျိုလေးတွေက ဥဒေါင်း ကို မနာလိုမျက်မှုန်းကျိုးကြ၏။ အိမ်ထောင်ရှိသည့်မိန်းမတွေကလည်း ဥဒေါင်း အိမ်ရှေ့က ဖြတ်လျှောက်သွားတာနှင့် ကိုယ့်ယောက်ျားကို တောင်းနဲ့ပြေးမှောက်ထားတော့မလိုလို ..။

"ဟို အပျက်မကိုများ သင်းက လိုက်ကြည့်နေလိုက်တာ၊ ပါးစပ်မှာခဲထားတဲ့ ဆေးပြင်းလိပ်ပြုတ်ကျပြီး ကောက်ရိုးတွေမှာ ကံကောင်းလို့ သင်းကို သဂြိုဟ်ပြီးသားမဖြစ်တာ .."

"ဆံပင်တွေဖို့ယို့ဖားလျားနဲ့ စုန်းမ .. အဲ့ဒီစုန်းမ အိမ်ရှေ့ရောက်လာရင် သတိထား၊ ဘယ်သူ့လင်ကိုမှ မရှောင်ဘူး .."

ဥဒေါင်း ကို မြင်လိုက်တာနှင့် အော်ပြောသတိပေးနေကြတာမို့

www.burmeseclassic.com

www.burmeseclassic.com



မကြားချင်မှ အဆုံး ...။

ရွာကြီးကကြီးသည်။ မြို့နဲ့လည်း နီးနေ၏။ ဝတ်စားဆင်ယင်မှုတွေ ဘာသာတရားတွေနှင့် အတော်လေးဖွံ့ဖြိုးသောအဆင့်အတန်းမျိုးဟု ဆိုနိုင်သည်။

သို့သော် ပြောကြဆိုကြသည့်စကားသံတွေကတော့ ဥဒေါင်း တစ်ခါမှ မကြားဖူးခဲ့သည့် ဖရုဿဝါစာစကားတွေပဲဖြစ်လေသည်။

တစ်ချို့စကားတွေကို နားလည်းမလည်ပါ။ လူအနည်းစုနှင့် တောကြီးခေါင်ခေါင်မှာ နေလာခဲ့ရကာ အဝတ်အထည်ဆို ဖျင်ကြမ်းတွေ သားရေခြုံထည်တွေလောက်သာ မြင်ဖူးခဲ့၏။

ဒီမှာတော့ အရောင်အသွေးစုံအောင်ဝတ်ကြသည့် ရွှေဆွဲကြိုးလေးတွေကို ပုံစံအမျိုးမျိုးဝတ်ပြီး အလှတွေပြင်ကာ ပြိုင်ဆိုင်နေကြတာလည်း မြင်ရသည်။

ရွှေတွေအများကြီးဝတ်ဆင်နိုင်သူက သူဌေးလို့ခေါ်လေသည်။

"လုံမလေး .."

ဥဒေါင်း တွေးငေးနေတုန်း သူကြီးဦးလှမိုး က ပခုံးတစ်ဖက်မှာ တဘက်စောင်လေးတင်ထားလျက် အနားမှာလာထိုင်၏။

"ကျုပ်ကို စိတ်မဆိုးပါနဲ့ ညည်းကို အတည်တကျပေါင်းသင်းဖို့ မဖြစ်နိုင်သေးလို့ပါ၊ ရော့ .. ဒါလေးယူထား .."

ဟု ဆိုကာ ဥဒေါင်း လက်ထဲကိုဆွဲကြိုးလေးတစ်ကုံးလာထည့်ပေးတာ ခိုးချောင်ခိုးဝှတ် ...၊

ဥဒေါင်း ခေါင်းခါလိုက်သည်။ ဒီလိုရတနာတွေ အစုလိုက်အပုံလိုက်ကို သူမ ဆော့ကစားခဲ့ဖူးပါ၏။ ဟိုတုန်းကရော ခုချိန်ထိ ဒါတွေက သူမအတွက် အရေးမပါခဲ့ပေ ...။

"ဘာဖြစ်လို့လဲ ကလေးမရယ် .. လက်ကောက်လေးတွေပါ ဦးက ဆင်မှာပါ၊ တစ်ခုပြီးမှတစ်ခုပေါ့ .."

"ဟင့်အင်း ..."



ဥဒေါင်း က ဟင့်အင်းတစ်ခွန်းပဲ အလွယ်တကူပြောတတ်ကာ တော်ရုံဆို နှုတ်ဆိတ်နေတာပဲများလေသည်။

ဦးလှမိုး ကလည်း မြေးလောက်အရွယ်လေးကို သိမ်းပိုက်ထားတာမို့ ဥဒေါင်း မျက်နှာမကြည်သမျှ ဖင်မကျနိုင်ဘဲဖြစ်နေခဲ့၏၊

အမြဲတမ်း သမာသမတ်အုပ်ချုပ်ခဲ့သည့် သူကြီးဆိုသော ဂုဏ်ပုဒ်ကိုလည်း ဂရုမစိုက်နိုင် ...။ ကိုယ့်သားတွေနဲ့ ရွယ်တူမိန်းကလေးကို ဘယ်လိုမှ လက်လွှတ်မခံနိုင်ဘဲ သိမ်းပိုက်ခဲ့မိသည်။ သားတွေမကျေနပ်တာကိုလည်း ဂရုမစိုက်ခဲ့သည့်ပြင် တစ်ရွာလုံးက အတင်းအဖျင်းပြောကြတာလည်း ခံခဲ့ရ၏။

လက်ရှိ ရွာသူကြီးနေရာကနေ ဖယ်ပေးဖို့လည်း ကိုယ့်ဘာသာဆုံးဖြတ်ခဲ့ပြီးပါပြီ။ ရာထူးဂုဏ်သိမ်မရှိရင်လည်း သူ့မှာအစတည်းက ငွေပိုငွေလျှံရှိသည်။ ရွှေငွေအပြည့်နဲ့ လယ်နဲ့ယာနဲ့ ...။

"ခုချိန်မှာတော့ ဦးကို ညည်းနားလည်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ဒီအလုပ်က နားတဲ့အချိန်ကျရင်တော့ .."

"အောင်မယ်လေးလေး .. ရွှေဆွဲကြိုးကိုများ သင်းက ပုတ်ထုတ်ပစ်ရတယ်လို့ .."

သူကြီးလက်ကို ဖယ်ပစ်လိုက်စဉ် ဆွဲကြိုးက မြေကြီးပေါ်ကျသွားခဲ့တာဖြစ်သည်။ သူကြီးကတော် ဒေါ်စုရီ က ရင်ဘတ်ထု၍ပြေးကောက်ကာ ...၊

"ကောင်မ ..."

ဒေါသတကြီးဆောင့်ကန်လိုက်သဖြင့် သစ်မြစ်ဆုံပေါ်ကနေ ဥဒေါင်း ပုံခနဲပြုတ်ကျသွား၏။ ဒေါ်စုရီ က တစ်ချက်ကန်ပစ်လိုက်ပြီး မကျေနပ်နိုင်ဘဲ ဆက်တိုက်ပြေးကန်နေကာ ...၊

"ငါ့လင်ကို လူကြည်ညိုပျက်မှာစိုးလို့ ငါပါးစပ်ကို ငါပိတ်နေတာ သိရဲ့လား မိန်းမပေါ် .. မိန်းမပျက်လေး၊ သူများလင်ကို ကြောင်တောင်နိုက်ဦး .."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ စုရယ် .. သူ့ခမျာ .."

"ရှင် မပြောပါနဲ့ .. ရှင် အဲဒီလို သူ့ဘက်က ဝင်ပါလို့ကတော့ စုရီ တို့က မျိုးသိပ်တော့မှာမဟုတ်ဘူးနော် .."

ဦးလှမိုး ငိုက်စိုက်ငိုက်စိုက်နှင့် အိမ်ထဲပြန်ဝင်သွား၏။ ခြံဝင်း၏ နောက်ဖေးက စပါးကျီအောက်မှာမို့ ဒေါ်စုရီ ဒေါသတွေ တိုးတိုးကြိတ်ကြိတ် ပေါက်ကွဲခွင့်ရနေကာ ..။

"ဟဲ့ကောင်မ .. နင် ငါ့အိမ်ကထွက်သွား .. ထွက်သွားမလား မသွားဘူးလား .."

လက်မောင်းတွေ ရင်ဘတ်တွေကို ထိုးနှက်ထုထောင်းရုံမကဘဲ ထိနိုက်မခံနိုင်သည့်နေရာတွေကိုပါ မိန်းမသားချင်းမစာမနာကြိတ်၍ လိမ်ဆွဲ၏။

"အား .. အဟင့် .."

"အော်ပြီလား .. ခုတော့ အော်သံထွက်ပြီလား တေမိမ .. ဟင် .. အော်စမ်း .. ထပ်အော်စမ်း .. ကဲ .."

"အား ..."

"အောင်မယ်လေး နားဝင်ချိုလိုက်တာဟဲ့ .. သူများလင်ခိုးတုန်းကတော့ မှိန်းတုတ်နေတာလေ၊ ခုမှ အသံထွက်တယ် အကျင့်ပျက်မ.."

ဆဲနည်းမျိုးစုံနှင့် လှိမ့်ရိုက်နေကာ ..။

"နေဦး .. ဒီဆံပင်တွေကို ငါဖျက်စီးနောက်လှပြီ၊ ကောင်မ အဲဒီ နားက လုံးဝမထနဲ့နော် .."

ထမိနှစ်စ 'မ' ကာ ဒေါ်စုရီ အိမ်နောက်ဖေးကိုပြေးဝင်သွားသည်။ အသက်နဲ့ မလိုက်ဖက်စွာ ကတ်ကြေးကိုင်ရင်း တလွှားလွှားပြေးဆင်း လာ၏။ သို့သော် ..။

"အမေ့ .. အမေ့ ဘာလုပ်မလို့လဲ .."

"ဖယ်စမ်း .."

"အမေကဗျာ .. သူ့မှာအပြစ်မရှိပါဘူး .."



"ဘာ ..."

"အဲ့ဒါ .. အမေ့ ယောက်ျားအပြစ် .."

"ဖယ်ဆိုဖယ် .. အဲဒီကောင်မ ဒီဆံပင်တွေနဲ့ လုပ်စားနေတာ၊ တွေ့မယ် .. သင်း .."

"အရီး ဘာဖြစ်နေတာလဲ .. ဟာ .. ဟိုမှာ ဥဒေါင်း .."

သားနဲ့တူတွေ ပြေးလွှားရောက်လာကြကာ ဒေါ်စုရီ ကို ‹ ခေါ် သွားကြသည်။ သားဖြစ်သူ အငယ်ကောင် ချစ်ထွေးက မချိတရိပြုန်ထ ရပ်နေသည့် ဥဒေါင်း နားကိုပြေးလာကာ ..။

"ဥဒေါင်း ဘာဖြစ်သွားသေးလဲဟင် .."

ဥဒေါင်း က ခေါင်းခါပြသည်။

"လာပါ .. ငါ့ကိုတွဲ .."

"ဟိတ်ကောင် ချစ်ထွေး အပြင်မှာ နွားတွေပြန်လာတော့မယ် .. သွားစောင့်နေလေ .."

ဒေါ်စုရီ ကို တွဲခေါ်သွားသည့်အကြီးကောင် ချစ်အေး က မအေ ကို တွဲချုပ်ထားရင်း နောက်ကိုလည်း လည်ပင်းလိမ်၍အော်သေးသည်။

"ဘာလဲ .. မင်း သွားစောင့်ပါလား .. ဟွန်း .."

ချစ်ထွေး က မျက်စောင်းကြီးခဲကာ ဥဒေါင်း ရဲ့ ဆံပင်တွေကို တယုတယဆွဲယူပြီးဖုန်ခါပေးသည်။ ပြီးတော့ ဆံပင်တွေကို အထွေး လိုက်ကိုင်ကာ ရင်ဘတ်လေးပေါ်လွှဲတင်ပေးပြီး ပခုံးလေးကို ဖက်ထား လိုက်သေး၏။

"မသိတာကျလို့ .. ဥဒေါင်း နား ကပ်ချင်နေတာ .."

သူ ရေရွတ်နေသည့်မျက်နှာကိုငဲ့ကြည့်ပြီး ဥဒေါင်း မျက်ဝန်းလေး တွေ လက်ဖြာသွားသည်။ ပြီးတော့ အေးခနဲဖြစ်သွားကာ မျက်လုံးချင်း ဆုံမိကာမှ မျက်တောင်ဖျားတို့ စိုက်ချရှောင်သွား၍ ...

"ဖယ် ..."

ပခုံးမှာ သေချာဖိဆုပ်ကိုင်ထားသည့်လက်ကို ဖယ်ချပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချစ်ထွေး က အတင်းပြန်ဖက်လိုက်ကာ ...

"ဘာဖြစ်လို့တုန်း .. ငါကမှ နင်နဲ့ ရွယ်တူပါဟ .. ချစ်အေးတောင် နင့်ထက်အသက်ကြီးဦးမှာ၊ ဟဲ .. ဟဲ .. နင် ဘာဖြစ်လို့ အဖေ့ကို မက်နေတာလဲ .. အဖေပိုင်တာ ငါတို့လည်းပိုင်ပါတယ် .. နင်သာ ငါ့ကို လက်ခံရင် ငါက နင့်ကို တခြားရွာခိုးပြေးသွားမှာ .."

ဉဒေါင်း မျက်နှာငုံ့ထားရင်း သူ့လက်ကို ဒုတိယတစ်ခါ ဖယ်ချပစ်လိုက်၏။

"ဘာဖြစ်တာလဲဟ .. နင့်ကို ဒီလောက်လေးဖက်တာ အသားပွဲပါသွားလို့လား .."

ပြောပြီး ခါးကို တအားဆွဲဖက်လိုက်ကာ ...၊

"နင့်ကိုမြင်တိုင်း အဖေ့ကို မနာလိုဖြစ်နေခဲ့တာ ငါပါ .. နင် ငါ့ကို ပြောင်းကြိုက်မလား အဖေ့ကို ကြောက်နေရတယ်ဆိုရင် ငါတာဝန်ထား"

ပြောနေရင်း စပါးကျီနောက်ကိုဆွဲကပ်လိုက်ကာ အတင်းဖက်နမ်းဖို့ကြိုးစား၏။

"ဟင့်အင်း .. ဖယ် .. ဟင့်အင်း .. ဟင့်အင်း .."

"မရဘူးဟာ .. ခဏလေးပါ .."

"ဟိတ်ကောင် .. လွှတ်လိုက်စမ်း .."

"ခွပ် ..."

"အား .. ငါ့ကိုတုတ်နဲ့ ရိုက်တယ်ကြည့်စမ်း ချစ်အေး .. မင်းက.."

ညီအစ်ကိုနှစ်ယောက် ပုဆိုးမနိုင် ခေါင်းပေါင်းမနိုင် လုံးထွေးသတ်ပုတ်ကြလေသည်။ ဉဒေါင်း ကြောက်လန့်ပြီး ထွက်ပြေးသွားသင့်သော်လည်း ...၊

"အောင်မယ်လေး .. ငါ့သားတွေ သတ်ကုန်ကြပြီ .."

"ဟိတ်ကောင်တွေ ရပ်ကြစမ်း .."

သူကြီးလင်မယား ပြေးလွှားရောက်လာကြကာ စပါးကျီမှာ တောင့်တောင့်လေးရပ်နေသည့် ဉဒေါင်းကိုမြင်လျှင် ...၊



"ကြည့်ပါဦး .. နင်က ကြက်နှစ်ကောင်ခွပ်နေတယ်များ ထင်နေသလား စိတ်ပြေနပြေရပ်ကြည့်နေလိုက်တာ .. ကဝေမ အပျက်မ တိုင်းပြည်ပျက်အောင် ဖျက်မယ့်ကောင်မ .."

ထိုနေ့မှ နိမိတ်ဖတ်လိုက်သည့် ဒေါ်စုရီ ၏ စကားကြောင့် ဉဒေါင်း မျက်ဝန်းလေးတွေ ပြောင်းလဲသွားသည်။ ဒေါ်စုရီ ကို စိုက်ကြည့်ရင်း မျက်တောင်တစ်ချက်ခတ်၏။

အားလုံးသည် သူမ မျက်နှာကိုမြင်လျှင် 'လှလိုက်တာ' ဆိုသည့် အမြင်မှလွဲ၍ တခြားဂရုမစိုက်မိဘဲရှိတတ်ကြသည့်အလျောက် ...၊

"ဒီနှစ်ကောင်ကို ထိပ်တုံးခတ်လိုက်စမ်း .."

"ဟား .. အဖေ အဲ့လိုလုပ်လို့မရဘူးနော် .."

"သူ့ကျတော့ သမီးလောက်လေးကို အနိုင်ကျင့်ယူထားပြီးတော့.."

"ဟိတ်ကောင် .."

"ဟုတ်တာပဲ သူကြီးကလည်း .."

"ဘကြီးကလည်း ပြောချင်စရာ .."

ပတ်ဝန်းကျင်က ဝိုင်းအုံလာကြပြီး တီးတိုးစကားသံတွေကို မကြားတကြားပို့လွှတ်ကြ၏။

"အသာနေ .. ဘကြီးနဲ့ ချစ်အေးတို့ ညီအစ်ကိုတွေကြပြီ၊ ငါတို့က သူတို့လက်ပမ်းကျမှ ဉဒေါင်း ကို အသာလေး .. ဟီး .. ဟီး .."

"ဟုတ်တယ် .. မြို့မှာ ရေပမ်းစားနေတဲ့စကားလေ၊ ဆွဲစိမယ်ဆိုလား ဆွဲစားမယ်ဆိုလား .."

စကားသံတွေပေါင်းစုံ ဉဒေါင်း နားထဲဝင်နေကြ၏။ မျက်လွှာပင့်ကြည့်လိုက်တော့ သူကြီးရဲ့တူနှစ်ယောက်ဖြစ်နေကြကာ အသားမည်းမည်း သွားခေါခေါတွေကိုဖြီးပြပြီး ရယ်နေကြ၏။

ရန်ပွဲကို လာကြသည့် ရွာသားတွေထဲမှာ ရွာသူတွေက အားလုံးကို စပ်စပ်စုစုလိုက်ကြည့်ကြပေမယ့် ရွာသားတွေအားလုံး၏ မျက်လုံးတွေက ဉဒေါင်း ဆီမှာပဲဖြစ်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီးနဲ့ ညားနေတာ နှမြောစရာကွာ .."

"ဒီထက်ကောင်းတာ မမြင်သေးလို့ပါ၊ တောထဲကပါလာတဲ့ အရိုင်းပန်းလေးက အချိန်မရွေးထဆွဲလိုက် .. တွတ်တော့ ဝင်နိုင်တယ် .."

"မင်းကလည်း မြို့ကိုတစ်ခေါက်ပဲသွားလိုက်တယ် မြို့ကစကားတွေပါလာပြီ .."

ဥဒေါင်း သည် တဖြည်းဖြည်းများပြားလာသည့် အုပ်စုကြီးကို မသိမမြင်သလို မလှုပ်မယှက်လေးရပ်နေခဲ့လျက် သူများအမြင်မှာ ပေကပ်ကပ်ပုံလေးဖြစ်၏။

ဒါပေမယ့် လူတွေရှိသမျှပြောနေကြသည့် တီးတိုးစကားသံတွေကို သူမက ပီပြင်စွာနားထောင်နိုင်စွမ်းရှိကာ ..၊

"ဒီကောင်မလေးကို ငါ စောင့်ကြည့်နေတာ .."

"ဘာလုပ်ဖို့လဲ .."

"ဘာလုပ်ဖို့ရှိသေးလို့လဲဟ .. ချစ်ဖို့ပေါ့ .. ဟီး .. ဟီး .."

"အေး .. ငါလည်းမမေ့နဲ့နော် .. သူကြီးကလည်း ပေါ်တင်ယူရဲတာမဟုတ်ဘူး၊ အဲဒါ ဘုံပစ္စည်းလေးရယ် .."

"ဟား .. ဟား .. ဟား .."

ခပ်ကြိတ်ကြိတ်ရယ်သံတွေက နားထဲကို လက်သီးဆုပ်နဲ့ ပစ်ထိုးနေသလိုပင် ..။ သို့သော် သူမ မျက်ဝန်းတို့ကျဉ်းမြောင်းသွားသည်အထိ ပိုကြားရအောင် နားစွင့်ထားမိ၏။ ယောကျ်ားတွေရှိသမျှ၏နှုတ်မှ ဒီလိုစကားတွေ ဒီထက်ယုတ်ညမ်းတဲ့စကားတွေသာ ကြားနေရကာ ..၊

"မိန်းမသားတစ်ယောက်ဆိုတဲ့ ကရုဏာမျိုးနဲ့ ပါးစပ်ပိတ်ကြည့်နေတဲ့ယောကျ်ားမရှိတော့ဘူးလား .."

စိတ်ထဲမှာ မေးခွန်းတစ်ခုထွက်လာခဲ့သည်။ သူမ မျက်ဝန်းတွေကို ပတ်ဝန်းကျင်ဆီဝေ့လိုက်တော့ ပြဿနာဖြစ်ခဲ့သည့် လူကြီးသားအဖက ခွန်းကြီးခွန်းငယ်တွေဖြစ်နေဆဲနှင့် အိမ်ရှေ့မြေကွက်လပ်ဆီ ရောက်သွားကြကာ ..၊



ခြေထောက်တစ်ဖက် နောက်ပြန်ဆွဲ၍ သူမအနီးအပါးမှ မခွာနိုင်ဖြစ်နေကြသည့် ယောကျ်ားတွေကပြိတ်တီ ပြုံးစိစိတွေ ကြည့်နေဆဲ ..။

သူတို့ကို ဥဒေါင်း က လှမ်းကြည့်လိုက်တာမြင်သည်နှင့် နဂိုတည်းက ထွက်မသွားနိုင်ဖြစ်နေခဲ့ကြသည့်ခြေထောက်တွေက နေရာမှတင် ရပ်တန့်ကုန်လေသည်။ ထို့ပြင် ..၊

ဥဒေါင်း ခပ်ယှဲယှဲလေးပြုံးလိုက်လျှင် ..၊

"ဟာ .. ပြုံးတယ် .. ပြုံးပြတယ် .. ငါ့ကို .. ငါ့ကိုပြုံးပြတာ .."

"မင်းကိုဖြစ်စရာလားဟ .. ငါက မင်းထက်သားနားတဲ့ကောင် ငါ့ကိုကြည့်ပြုံးသွားတာ .."

"ရှူးပါကွာ .. မင်းတို့က ကလေးအဖေတွေကွ .. ဒီလောက်ထိကြာအောင် နေလာတဲ့ဟာ ဥဒေါင်း က မင်းတို့ကိုမသိဘဲနေမလား ငါက မဆိုးဖို့ .."

"ဟာကွာ .. ဒီလူကြီး ကိုယ့်အသက်မှအားမနာ .."

"ဘာလို့နာရမှာလဲ .. သူကြီးကိုတောင် သူ လက်ခံပေးတာ၊ ငါက သူကြီးထက်ငယ်တယ် လူလွတ် .. ပြီးတော့ ကိုယ်ပိုင် လယ်ယာကွဲနွားနဲ့ .."

"တော်ပါဗျာ .."

"ဒီလူကြီးကို ငါ ဆွဲထိုးချင်လာပြီ .."

"ဟား .. ဟား .. ဟား .. ပေါ်လာပြီ မင်းတို့ကောင်တွေ၊ သူကြီးကို ကြောက်နေရလို့နော်၊ ဘယ်လောက်များ ချောင်းရိုက်ချင်နေကြလဲ မသိဘူး .."

"ဟေ့လူ တော်တော့ .. တောက် .."

"ခင်ဗျား ကျုပ်တို့ကို သူကြီးနဲ့ လှည့်တိုက်မပေးနဲ့ .."

"ဒါကျတော့ ကြောက်လား .. ဒီကောင်မလေးမျိုးကို သဝန်တိုမနေစမ်းပါနဲ့၊ လက်သာရာမှာပျော်မှာပါ၊ တို့တွေအတွက် အပျင်းပြေကစားဖို့ ဘိုမရုပ်လေးလို သဘောထားပြီး မျှသုံးတာပေါ့ .."

"ဦးမိလုံး .. ခင်ဗျားနော် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား .."

နောက်ထပ်ရန်ပွဲတစ်ပွဲဖြစ်ဖို့ တာစူလာသဖြင့် အနားမှာရှိနေသည့် လူကြီးတစ်ချို့က ဝင်တားကြ၏။

"ဒီကောင်တွေ တကယ်မလွယ်တာဟ .."

"မိန်းမတစ်ယောက်အတွက် ရွာပါပျက်တော့မယ့်ကိန်းပဲ .."

ရွာသားတစ်ချို့ကလည်း ဒီနိမိတ်ကို စရေးလာခဲ့ကြသည်။

ထိုညနေမှာပဲ ထိပ်တုံးခတ်ခြင်းပြဿနာကကြီးထွားသွားကာ သားနှစ်ယောက်ကလန်ကဆန်ရန်းဖယ်တွန်းထိုးပစ်လိုက်သဖြင့် သူကြီးဦးလှမိုး နောက်ပြန်လဲ၏။

"မင်းကြောင့် .."

"မင်းတွန်းလိုက်တာ .."

"မင်းကြောင့် လဲတာ .. ငါ မတွန်းဘူးကွ .. တော်တော်အငြင်းသန်တဲ့ကောင် .. ကိုင်းကွာ .."

ညီအစ်ကိုချင်းဆက်ဖြစ်ကြ၏။ ဒေါ်စုရီ ဆွဲလွဲမရဖြစ်လာသဖြင့် ယောကျ်ားကလည်း သွေးသံရဲရဲဖြစ်နေကာ အိမ်ပေါ်ကဆင်းပြေးသွားရင်း ...၊

"လာကြပါဦးဟဲ့ .. ဆွဲကြပါဦး .. လုပ်ကြပါဦး .."

တောက်လျှောက်အော်သွားလေသည်။ ထိုအချိန်တွင် သဝန်တိုအမုန်းတို့ဖြင့် ဘယ်လောက်တောင်ထိုးကြိတ်နေကြသည်မသိဘဲ ရွာထဲက လူတွေရောက်လာကြ၏။ အငယ်ကောင် ချစ်ထွေး က အိမ်ပေါ်ပြတင်းပေါက်ကနေ ငှုမ်းပြန်ကျကာ ချစ်အေး က အိမ်ပေါ်မှာလည်ပင်းကို ကွမ်းညှပ်လက်တံကြီးစိုက်လျက်တန်းလန်းနှင့် အကြောဆွဲနေပြီဖြစ်သည်။

နှစ်ယောက်စလုံး ညကိုးနာရီထိ မချိမဆန့်အကြောဆွဲနေကြပြီး ချစ်ထွေး က နာရီဝက်စောပြီး အသက်ထွက်၏။

ချစ်အေး က ကိုးနာရီခွဲကျော်ကျော်မှာ ဘာကိုဝမ်းခေါင်းသံကြီးနဲ့ ဆဲအော်မှန်းမသိဘဲ တစ်ခါတည်းအသက်ပါပါသွားသည်။



သားအဖသုံးယောက် တစ်ညတည်း သေဆုံးသွားခဲ့လျက် ဒေါ်စုရီသူ့မိဘတွေရှိသည့် ရွာကိုထွက်ပြေးတော့သည်။ ထို့ပြင် စိတ်တွေကယောက်ကယက်ဖြစ်သွားပြီး ဘာတွေပြောမှန်းမသိ ...၊

"ငါသွားမယ် .. ခုသွားမှာ .. ငါ့ကို ဒီကောင်မ ချမ်းသာပေးမှာမဟုတ်ဘူး၊ သူ့ကိုလုပ်ခဲ့တဲ့လူတွေကို ဒီကောင်မပြုစားနေပြီ၊ ငါ ဘာမှမလုပ်ဘူးနော် .. ဆဲလည်းမဆဲဘူး၊ လိမ်လည်းမဆွဲခဲ့ဘူး၊ ငါ့ကို သူ ကြည့်နေတုန်းပဲလား .. ငါ့ကို ကြည့်နေသလားလို့ .."

"ဟတ်ချိုး .."

"အောင်မယ်လေး .. ကြောက်ပါပြီတော် .."

ဟတ်ချိုးသံကိုတောင် **နားမခံနိုင်ဘဲ** ဒေါ်စုရီ လှေကားတစ်ဝက်ကနေ ကဆုန်ပေါက်ဆင်းပြေး**လေသည်။** လမ်းတစ်လျှောက်မှာ သူမ ပိုက်ထားသည့် အထုပ်ထဲက**နေ ကစဥ့်က**လျားထွက်ကျကျန်ရစ်သော အဝတ်အစားနဲ့ ပစ္စည်းအတို**အစတွေက** လမ်းခင်းသွားတဲ့အတိုင်း ...။

"ဥဒေါင်း ကိစ္စကို ငါတို့ **ဘယ်လို**ရှင်းကြမလဲ .."

'ပဒုအုံ' ရွာမှာ သူကြီး**မိသားစု** အစုလိုက်သေပြီး လူတွေပျောက်သွားသဖြင့် အစဉ်အဆက်သူကြီးအိမ်ရာလည်း အကျည်းတန်စွာတိတ်ဆိတ်ကျန်ရစ်ခဲ့၏။

"သူကြီးတင်မယ်ဆိုရင်လုပ်မယ် .. အဲ့ဒီအိမ်ကြီးကိုတော့ အလကားဆေးလည်းမယူဘူး .."

ဘယ်ရွာသားမှ သူကြီးအိမ်ဝိုင်းရှေ့က ဖြတ်မလျှောက်ကြတော့ပေ..။

"အစိမ်းသေတွေကိုး .."

"ဟုတ်ပကွာ .. ငါ့မိန်းမပြောတာမယုံဘူး ငါ့ကို တကယ်ခြောက်တာဟ .."

သရဲခြောက်သည့် သတင်းလည်းကြီးသွားခဲ့၏။ သို့သော် သူတို့နဲ့ပတ်သက်ခဲ့သော ဥဒေါင်း ကိုတော့ ...၊

"ဥဒေါင်း ကိစ္စကို ငါတို့ရှင်းရမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းဖို့မလိုပါဘူး .. သူ့မှာဘာအပြစ်ရှိလို့လဲ .."

"အိုတော် .. ဘာလို့မရှိရမှာလဲ .. သူ့ကို လုနေကြတဲ့ညီအစ်ကိုသေတာလေ၊ ဖအေက အပိုင်စီးထားပါတယ်ဆိုပြီး ဖအေကို တွန်းပစ်လိုက်လို့ နောက်စေ့ပွင့်သေတာ .."

"ဘာပဲဖြစ်ဖြစ် သူ့ခမျာ ခိုကိုးစရာမရှိဘူး၊ ဒီပတ်ဝန်းကျင်ရွာတွေကလည်း ငါတို့ထက်ငယ်တဲ့ရွာတွေ .."

"အဲဒါနဲ့ပဲ အကုသိုလ်ထုပ်ကို ရွာမှာထားဦးမယ်ပေါ့ .."

"ရှုပ်ပါတယ်ကွာ .. ငါတို့အားလုံးလည်း မရက်စက်နိုင်ဘူးဆိုတော့ သူ့ကို လူပျိုကြီးတွေထဲက တစ်ယောက်ယောက်နဲ့ ပေးစားလိုက်တာပေါ့ .."

"ဟုတ်တယ် ကျုပ် အဲ့ဒါကို အစောကြီးတည်းကပြောတာ .."

"ဟာဗျာ .. ဒါတော့ မကောင်းပါဘူး၊ သူ့ဟာသူ လူပျိုကြီးဖြစ်တာနဲ့ပဲ ဒီလောက်လှတဲ့မိန်းမကို သူ အပိုင်သိမ်းလို့ရမလား .."

"ဟုတ်တယ် .. မဲနှိုက်ယူမယ်"

"ဘယ်သူမဲပေါက်ပေါက် မကျေနပ်ဘူးကွာ .. ငါယူမယ် .."

သူလည်း လူပျိုကြီးပေမယ့် 'ဗလကြီး' ဆိုတာ ရွာထဲမှာ အရက်သောက် ကြက်တိုက်နှင့် နာမည်ကျော် လူမိုက်ကြီးဖြစ်ရာ ..၊

"ဟာ ဒါတော့ .."

"ဘာကောင်တုံးဟေ့ .. ငါ့ကိုကန့်ကွက်သံထွက်တာ .."

ဗလကြီး စိန်ခေါ်လိုက်တော့ နောက်ထပ် ဘာသံမှထွက်မလာခဲ့ပေ။ သို့သော် ဒီလိုပုံဆိုးပန်းဆိုးအရက်သမားတောလေနဲ့တော့ လွှဲမပေးနိုင်ဘဲဖြစ်နေသည့် သူကြီးအသစ်ဦးစိန်မောင် က မျက်နှာမကောင်း ..။

"ကောင်းတယ် .. ဗလကြီး လက်ထဲထည့်လိုက် .."

"အဲဒါကောင်းတယ် ကိုစိန်မောင်၊ အဲ .. သူကြီး .. ပေးစားလိုက်တော့၊ သင်းကလည်း ရုပ်လေးသာလှနေတာ ဝါးပြီးသားကွမ်းဖက်ဖြစ်နေပါပြီ .."



မိန်းမအုပ်စုက သဘောတူကြောင်း လက်သီးလက်မောင်းတန်း၍ ဘိုက်တွန်းကြ၏။ သို့သော် ဥဒေါင်းက မျက်ရည်လေးစေ့စေ့နှင့် ခေါင်းခါ၍ ကြောက်လန့်၍ ...၊

"မယူချင်ဘူး .."

လို့ အားနည်းစွာငြင်းဆန်နေလျက် ..၊

"သူ သဘောမကျဘဲ မပေးစားပါနဲ့ဗျာ .."

မျက်ရည်စေ့နေသည့် မျက်ဝန်းလေးတွေ ယောကျ်ားသားတစ်ချို့ထံ တစ်ချက်စေ့သွားတာနှင့် ဘယ်သူမှ သည်းမခံနိုင်တော့ဘဲ အုံကြွသောင်းကျန်းကြလေသည်။

ထိုအစည်းအဝေးပွဲလေးမှာပဲ ဗလကြီးနဲ့ ကာလသားတစ်ချို့ ရိုက်ပွဲတွေထဖြစ်ကြကာ ဗလကြီးကို လှည်းပေါ်မွေ့တင်သွားကြရ၏။

"မဖြစ်ဘူး ဥဒေါင်း .. နင့်မှာ ကာမပိုင်လင်ရှိမှဖြစ်မှာ၊ မဟုတ်ရင် ဒီပြဿနာတွေအေးမှာမဟုတ်ဘူး .."

ဥဒေါင်း က ယောကျ်ားယူရမှာကို ထပ်ပြီးရင်မဆိုင်ရဲတော့သလို ခေါင်းလေးတခါခါနှင့် ..၊

"ကျွန်မ ထွက်သွားပါရစေ .."

"ဟင်!..."

"ဘာ!..."

"ကောင်းတယ် .. သူသွားရဲနေတာပဲ လွှတ်လိုက် .."

"သွား .. သွား .. ငါတို့ရွာမှာ နင့်ကြောင့် အကုသိုလ်ဝင်နေတာ၊ မြန်မြန်သွား .."

မိန်းမတွေက ဆွဲထုတ်သွားကြသည်။ ဥဒေါင်း သည် အဝတ်တစ်ထည်လက်ဗလာနှင့် ဒီတိုင်းထွက်သွားခဲ့သော်လည်း ..၊

တစ်ရွာလုံးကို ကျောခိုင်းလိုက်မိသည့်အချိန်မှာ ဥဒေါင်း နှုတ်ခမ်းသားလေးတွေပေါ်က ခပ်ယွဲ့ယွဲ့အပြုံး၏ အေးစက်ခြင်းသည် အားလုံးကို အကဲဆီးအနိုင်ယူတော့မည့် မာရ်နတ်၏အပြုံးမျိုး ..။

www.burmeseclassic.com

www.burmeseclassic.com



ရွာခြံစည်းရိုးအစပ်ကိုရောက်တော့ နေညိုချိန် ...။

တောအုပ်ဆိုင်းခြင်းက တစ်ဖက်ခြမ်းမှာပဲရှိနေကာ ရွာ၏ခြေရင်း ပိုင်းမြင်ကွင်းက ရှင်းလင်းနေသည်။ သိပ်မဝေးကွာသည့်နေရာမှာ ကား လမ်းမကြီးရှိနေလျက် ဟိုဘက်မှာ တောင်စဉ်တန်းတစ်ချို့နှင့် ...။

ထိုဘက်အရပ်ဆီက တောင်စဉ်တန်းတို့ပေါ် ခုန်ဆင်းတော့မလို ယိုင်နဲ့နဲ့နေလုံးကြီးက ရောင်ဝါဖျော့ကျလျက် မကြာခင် ငုတ်လျှိုးအနား ယူတော့မည်။

ရွာ၏တစ်ဖက်ခြမ်းပေါ် နေရောင်ဖြာနေပုံကလည်း ကြေကွဲစွာ နှုတ်ဆက်နေသလိုပါ။ နေဝန်းနီကို စူးစိုက်ကြည့်နေရင်း ဉဒေါင်း ၏ မျက်ဝန်းတွေက သူမရဲ့ လက်ဖဝါးတစ်ဖက်ပေါ် ပြောင်းလဲရောက်သွား ခဲ့၏။

သူမရဲ့ ညာဘက်လက်ဖဝါးအလယ်မှာ လခြမ်းနဲ့ ကြယ်အမှတ် အသားက ခပ်ရေးရေးပြန်ပေါ်နေလေသည်။ ထိုအမှတ်အသားသည် သူမ အရွယ်ရောက်လာသည့်အတိုင်း တဖြည်းဖြည်းဖျော့ကျသွားခဲ့လျက် သူမ အသက်ဆယ့်ခြောက်နှစ်ပြည့်သည့်နေ့မှာ လုံးဝပျောက်ကွယ်သွားခဲ့၏။

မြင်နေရာကနေ လုံးဝမရှိတော့တာ အံ့သြစရာကောင်းလွန်းသဖြင့် လူကြီးတွေကိုလည်း ပြောပြမိသေးသည်။ အားလုံးကလည်း အံ့သြနေ ကြ၏။

ဒါဟာ သူမ၏ ကံကောင်းခြင်းတွေ ပျောက်ကွယ်တော့မည့် နိမိတ် သာဖြစ်လေသည်။ ခုတော့ နီညိုညိုထင်ရှားသည့် ပုံသဏ္ဍာန်က အရောင် မရင့်သေးပေမယ့် ပြန်လည်ပေါ်လာခဲ့ပြီဖြစ်၏။

နောက်ထပ် အေးစက်သောအပြုံးနှင့်အတူ ဉဒေါင်း ကိုယ့်လက်ဖဝါး လေးကို ပြန်၍ဆုပ်လိုက်သည်။ ပြီးတော့ ရွာကိုသမင်လည်ပြန်ကြည့်၏။ မကြာခင် နေလုံးနဲ့အတူ 'ပဒ္မအုံ' ရွာကြီး ပျောက်ကွယ်သွားတော့မှာကို ဘယ်သူက ကာကွယ်နိုင်မလဲ ...။

"အပျင်းပြေ မျှစားကြတာပေါ့ ..."



"ဝါးပြီးသားကွမ်းဖက်ကြီး ဖြစ်နေပါပြီ .."

"မနှိုက်ယူမယ် .."

"နင့်ကို ငါလည်း သူတို့လိုပဲ ဟိုဟာဖြစ်ချင်တယ် .."

"အပျက်မ .. မိန်းမပေါ့မ .. လင်ခိုးမ .."

မျက်နှာတွေပေါင်းစုံ ပါးစပ်တွေ မြောက်များစွာနှင့် ဆဲဆိုသံ၊ ရယ်မောသံတွေ အာရုံထဲမှာ ဖြောင်းဆန်အောင်ပေါ်လာသည်။

ဉဒေါင်း နှုတ်ခမ်းသားလေးတွေ လှုပ်ခတ်လာခဲ့ရင်း တင်းတင်းစေ့ ၏။ ပြီးတော့ မျက်ဝန်းတို့မှာ လျှပ်စီးလက်သလို တလက်လက်တောက်ပ လာခဲ့ရင်း ...။

"ဟား .. ဟား .. ဟား .."

မျက်နှာလေးမော့၍ ရယ်ချလိုက်၏။ သူမပတ်ဝန်းကျင်မှာရှိနေသမျှ သော ကျေးငှက်သာရကာအပေါင်းတို့ လန့်ဖျန့်ထပျံကုန်လျက် တောင်ပံ ခတ်သံ သစ်ရွက်လှုပ်သံတို့သည် ...။

"ဘုန်း ..."

"ဉ .. ဉဒေါင်း .. ငါ့ကိုချမ်းသာပေးပါ မလုပ်ပါနဲ့ .."

အာလူး ...။

ကြောက်လန့်တုန်လှုပ်နေသည့်မျက်နှာသည် အလွန်တရာလှပ ချောမွေ့သည့် မိန်းမသားတစ်ယောက်ကို ဘီလူးသရဲမြင်ရသကဲ့သို့ ပြူး ကြောင်တုန်ယင်နေလျက် ...။

"ငါ .. ငါ .. ထွက်ပြေးနေတာပါ၊ ငါ့ကို သူတို့ခိုင်းလို့ပါ၊ သူတို့ကို ကြောက်လို့ နင့်ကို .."

"အခု .. ငါ့ကို ဘာလို့ကြောက်နေတာလဲ .."

ဟင်!...

အာလူး မျက်လုံးပြူးသွားပြန်သည်။ ဉဒေါင်း ရဲ့ စကားသံကို ကြား လိုက်ရတာ သေမိန့်ကျခံရတော့မည်ကဲ့သို့ရှိကာ ရှေ့တိုးလျှောက်လာ သည့် သူမ ခြေလှမ်းတွေကို အလန့်တကြားလိုက်ကြည့်ရင်း လက်နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြန့်ထောက်၍ ဖင်ရွှေ့ဆုတ်၏။

မိဆုံ တို့အဖွဲ့တွေ မျိုးတုံးသွားပြီထင်ခဲ့ပေမယ့် ...၊

"ငါတို့ တောထဲကိုပဲပြန်ပြေးခဲ့မိပြီး မျက်စိလည်နေလို့ အကုန်လုံး သေကုန်ပြီ၊ ငါ .. ငါ တစ်ယောက်တည်းပဲ .."

"ငါမေးတာ ဖြေစမ်း .."

"ဟင်!..."

"ငါ့ကို ဘာလို့ကြောက်နေတာလဲ .."

"နင် .. နင်ရယ်နေတာ ကြောက်စရာကောင်းလို့ .."

ပြောပြီးတာနှင့် ထထွက်ပြေးဖို့ပြင်လိုက်လျှင် ...၊

"အခု ငါ အားကိုးမဲ့နေပြီ .."

ဟင်!...

အာလူး ဆိုသည့် လူငယ်လေးမျက်နှာ ချက်ချင်းပြောင်းသွားသည်။ ပြီးတော့ တကယ်ပြောနေတာဟုတ်ရဲ့လားလို့ ပြန်ကြည့်ရင်း မျက်နှာချင်းဆိုင်လှည့်လာ၏။

ထိုမျက်နှာကို ဥဒေါင်း သေချာစိုက်ကြည့်၍ လက်ချောင်းတို့ကို ဖိဆုပ်ထားမိ၏။

"နင်က လှလွန်းလို့ပါ .. ငါ စိတ်မထိန်းနိုင်တော့ဘူး .."

"ငါလည်း သူတို့လိုပဲ နင်ကို ဟိုဟာဖြစ်ချင်လို့ .."

ဒီစကားသံကိုလည်း သူမ ဘယ်တော့မှ မေ့နိုင်မှာမဟုတ်သည်ဖြစ်ရာ ...

"နင်လည်း ငါနဲ့ ညားခဲ့သေးတာပဲ .."

"အဲ့ဒါ .. အဲ့ဒါ .."

"ငါ့ဆီလာခဲ့ပါ .."

ဟင်!...

အာလူး တံတွေးမျိုရင်း ရှေ့ကိုလျှောက်လာသည်။ ထိုစဉ် နေမဝင်သေးဘဲ အံ့ဆိုင်းညိုမှောင်လာခဲ့၏။ အာလူး နဲ့ သူမ မျက်နှာချင်းဆိုင်



မိလျှင် ...၊

"ငါ့ကို နင်ထုတ်လိုက်ကြတယ်၊ သူတို့ထဲက တစ်ယောက်ယောက်ကို မယူလို့တဲ့၊ နင် ငါ့ကို ကာကွယ်ပေးပါ .. ငါ့ကို နင် တာဝန်ယူလိုက်ပြီဆိုတဲ့အကြောင်း ရွာထဲမှာ သွားပြောပေးပါ .."

"ဟင်!..."

"ဟောဒီတောစပ်လေးမှာ ငါတို့တဲလေးထိုးပြီး တစ်သက်လုံးနေသွားကြမယ် .."

"တကယ်လား .."

"ငါတို့က ဒုက္ခသည်ချင်းပါ၊ နင့်ကို ငါအစတည်းက ရင်းနှီးခဲ့တာ နင်နဲ့အတူတူနေရမယ်ဆိုရင် ငါနေနိုင်တယ် .."

အာလူး အားပါးတရပြုံးသည်။ လူက အရွယ်လေးငယ်ငယ်နှင့် ရှုက်နွှံကျွံခဲ့ဖူးသည့်အဖြစ်က နောက်ထပ်ထိုအာရုံမှာ နစ်ကျွံဖို့အတွက် အဆင်သင့်ရှိနေခဲ့ရာ ...၊

"နင်က ငါ့မိန်းမလုပ်မယ်ပေါ့ .. စိတ်ချ .. ငါ သွားပြောမယ်၊ ဒီရွာလူကြီးက ငါနဲ့လည်းခင်ပါတယ်၊ ခု သွားပြောမယ် .."

မျက်စိလည်ဒုက္ခရောက်ပြီး တောစပ်ကိုပြန်ရောက်အောင်ထွက်ပြေးလာနိုင်ခဲ့ပြီး လှပချောမွေ့သောမိန်းမလှလေးတစ်ယောက်ကိုလည်း ရဦးမည့်အဖြစ်ကြောင့် ကိုယ့်ရဲ့မလောက်လေးမလောက်စားအသက်အရွယ်ကိုလည်း သတိမရ ..။

"ဘာ!..."

"မင်းက ဥဒေါင်း ရဲ့ ယောကျ်ား .."

"ဘယ်မှာ ဥဒေါင်း .. ခု .."

ရွာထဲမှာ ယောကျ်ားတွေ အုတ်အော်သောင်းနင်းဖြစ်ကုန်ကြသည်။ မိန်းမယားတွေ မိဘ အစ်မတွေရဲ့အုပ်စီးမှုကြောင့် ဥဒေါင်း ထွက်သွားတာကိုကြည့်နေလိုက်ရသော်လည်း ဘယ်သူမှ မကျေနပ်ကြပေ ..။

အာလူး ကို မြင်လိုက်ရခြင်းသည် သူတို့ရဲ့ မကျေနပ်ချက်အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ပုလောင်ဆူပွက်ကုန်အောင် မီးထိုးပေးလိုက်သလို ဖြစ်သွားခဲ့ပြီး အာလူး တစ်ယောက်လက်သည်မပေါ်ဘဲ သေရှာ၏။

"ဥဒေါင်း က ရွာပြင်မှာတဲ့ .."

"သူ့ခမျာ ဘယ်သွားတတ်မှာလဲ .."

"ငါ့မှာကြောက်ရမယ့်သူမရှိဘူး၊ ဥဒေါင်း ကို ငါသွားစောင့်ရှောက် မယ်၊ ရွာထဲမခေါ်ရလည်း ဂရုမစိုက်ဘူး .."

"ဟုတ်တယ် .. ခင်ဗျားမှာပဲ စောင့်ရှောက်ခွင့်ရှိတာ ကျုပ်လည်း လူမျိုးပဲ .."

"မင်းတို့ အသာနေကြစမ်းပါ .."

ယောကျ်ားသားတွေ သူ့ထက်ငါနေရာလုကြသည့်ပြဿနာ ကြီးမား ပြင်းထန်လာသည်အထိ မိန်းမသားတွေမသိလိုက်ကြဘဲ ..၊

"ဒီည မိုးရိပ်လည်းမရှိဘဲနဲ့ မိုးခြိမ်းသံတွေ ကြားနေရပါလား .."

"ရာသီဥတုသာယာသားနဲ့ နေအစောကြီးဝင်သွားတာကြည့်ပါ လား၊ ညနေတည်းက မိုးသားတွေတက်လာတာ .."

တစ်နေ့တာ ပင်ပန်းသမျှ မနက်ဖို့ ညစာ ခွဲခြမ်းဖယားချရင်း မိန်းမသားတွေ တစ်အိမ်နဲ့တစ်အိမ် လှမ်းစကားပြောနေကြသည်။

လျှပ်ရောင်တွေ ပြိုးပြတ်လက်သွားတော့ ကောင်းကင်ကိုမော့ကြည့် ပြီး ကြောက်တဲ့မျက်နှာတွေဖြစ်ကုန်ကြ၏။

"နင့်ယောကျ်ားရော .."

"မသိဘူး .. ညဦးတည်းက ဟိုလိုလိုဒီလိုလို လျှောက်ထွက်နေတာပဲ .."

"အေးပေါ့ .. ငါ့သားလည်း ဒီနေ့ကုတ်ချောင်းကုတ်ချောင်းနဲ့ အိမ်ထဲအောင်းနေတာ၊ ခုလေးတင် ဘယ်ထွက်သွားလဲမသိဘူး .."

"နင်တို့ ဘာတွေပြောနေကြတာလဲ၊ ရွာထဲမှာ ခွေးတွေအူလိုက် တာ .."

အိမ်ရှေ့ကနေဝင်လာသည့် ချေ့သည်ကြောင့် ဟိုဘက်ကိုလည်း လှမ်းစကားပြောနေရင်း အိမ်ရှေ့ကို ပြေးရပြန်၏။



"ကျုပ်လည်း လာမယ် အရီးရေ .. တစ်ယောက်တည်းမနေရဲတော့ ဘူး .."

တစ်အိမ်မှာ လူစုပြီးထင်တာနှင့် နီးစပ်ရာ အိမ်ရှင်မတွေက ထမင်းအိုး ပိတ်ပြီးပြေးလာတော့သည်။ သူကြီးမိသားစု အဖြစ်ဆိုးသွားပြီးတည်းက ခွေးတွေညတိုင်းအူနေသည့်အဖြစ်ကို အသည်းငယ်သူတိုင်း ကြောက်လန့် နေခဲ့ကြ၏။

"ဟယ် .. လူတွေ ကွဲပျက်ကျိုးမတတ်ပါလား .. ကျုပ်လည်း လာပြီ .."

"မသေးသေးရေ .. ကျူပ်က ကြောင်လျှာပွင့်သုပ်ပါထည့်လာတာ နော် .."

"ငါ့အိမ်မှာလည်း သားတွေတစ်ယောက်မှ မရှိကြဘူး၊ ဘယ်သွား ကြမှန်းမသိပါဘူး .."

"ညနေက လူစိမ်းကောင်လေးတစ်ယောက် ရွာဦးကျောင်းနောက် ဖေးမှာ ဗလကြီးနဲ့ စကားပြောနေတယ်တဲ့၊ နင်တို့သိလိုက်ကြလား .."

"လမ်းမေးတာ ဖြစ်မှာပေါ့၊ တောထဲကို လမ်းပြမပါဘဲဝင်တဲ့ တစ်ချို့လူတွေရှိတဲ့ဥစ္စာ .."

"ဟဲ့ .. နင့်လင်က ရိုးရဲ့လား .. ဥဒေါင်း ထွက်သွားတော့ ကြိမ်းလို့ မောင်းလို့ဆို .."

"ဥဒေါင်း အကြောင်းမပြောစမ်းပါနဲ့အေ၊ ခုမှ သက်ပြင်းတောင် မချနိုင်သေးဘူး၊ ဒီဟာမ ပြန်လှည့်လာရင် ငါတော့ ဒီတစ်ခါဆွဲကိုထုတ်မှာ .."

"ထုတ်ရမှာပဲ .. မဟုတ်ရင် ညည်းလင် မလွယ်ဘူး၊ ခုတောင် အရူးတစ်ပိုင်းကျန်နေခဲ့တာ၊ ဒီကောင်မက ရူးလောက်အောင်ကိုလှတာ နော် .. ကွယ်ရာမှာမို့ ပြောတာသိလား၊ တော်တော်ကြီးကိုလှတာ .."

"မိန်းမတို့ဘုန်း ဆံထုံးတဲ့၊ သူ့ကျတော့ ဆံပင်ကြီးဒီအတိုက်ရှည် နေသားနဲ့ လူကတော့ အပျက်မသာသာပဲ ရှိတော့တယ် .."

တောသူတောင်သားတွေပီပီ ပြောလိုက်တိုင်း တစ်တစ်ခွခွ ..။

www.burmeseclassic.com



"အဲဒါကို အစိပ်စိပ်အမွှာမွှာပိုင်းပြီး ခွဲဝေယူချင်နေတဲ့ ယောက်ျားတွေရှိနေတာ၊ ဘယ်လောက်အသည်းယားဖို့ကောင်းသလဲ .."

"လိုချင်တာမဟုတ်ပါဘူးအေ .. ယောက်ျားတွေကလည်း မိန်းမကောင်းမှန်း ပျက်နေတဲ့မိန်းမမှန်းသိပါတယ်၊ သူ့ကိုခဏတာ ပျော်ချင်တာပါ၊ ခွင့်လွှတ်ထားလိုက် .."

"မလွှတ်နိုင်ပါဘူးတော် .. သူ့ကိုပဲ ခွဲလမ်းပြီး ကျုပ်တို့ကို ပြန်မကြည့်ရင် ဘယ်လိုလုပ်မလဲ၊ မနက်မိုးလင်းရင်တော့ ဒီဟာမ ဒီအနီးအနားမှာ ခိုကပ်နေမလား သေချာလူလွှတ်ရှာနိုင်ဦးမယ်၊ လုံးဝကပ်နေခွင့်မပြုနိုင်ဘူး .."

"ဟုတ်တယ် အလကားကြိုဟ်ကောင်မ .."

"သူ့လက်နဲ့ မသတ်ရဘဲ လူတွေသေကုန်လို့၊ မဟုတ်ရင် မြို့တက်ပြီး ရဲစခန်းရောက်အောင်ပို့ပစ်တယ် .."

"လူသတ်တာ သတ်တာပါပဲ .. အဲဒီကောင်မက စုန်းမ .."

"ဂျိမ်း....."

"အောင်မလေး .."

"ဘုရားကယ်ပါ .."

မိုးခြိမ်းသံကြီးက အခြောက်တိုက်ထွက်ပေါ်လာပြီး မကြာမီ ..၊

"ဟော .. မိုးတွေသည်းလာပြီ၊ ကိုယ့်အိမ်ကိုယ်ဝင်ကြတော့ .."

"ဟုတ်တယ် .. ကျုပ်တို့သွားပြီ မိသေးသေး ရေ .."

"ကျုပ်ကတော့ မပြန်ရဲဘူး၊ ကိုတုတ်ကြီး လာခေါ်မှပြန်မှာ .."

ဆယ်ပေပတ်လည်ခန့် ကျယ်ဝန်းသည့် ကွပ်ပျစ်ကြီးပေါ်ကလူတွေ မိုးကြောင့် ဝရုန်းသုန်းကား ထပြေးကုန်ကြလေသည်။

ထိုညက လေတွေမိုးတွေ သည်းထန်စွာရွာချခဲ့လျက် .. မိုးသောက်ချိန်ရောက်မှ အနည်းငယ်စဲ၏။

"ဟေး .. အေးပုံ ဘယ်လဲ .."

"ကိုမြ .. ညက ပြန်မလာဘူး၊ ကျုပ်လည်း မိုးအေးတော့ ဘယ်လို



အိပ်ပျော်သွားမှန်းမသိဘူး .."

"ငါ့ယောက်ျားရောပဲ .."

"သူကြီးအိမ်ကို အရင်သွားမေးမယ် .."

"သူကြီးက ဘယ်လိုလုပ်သိမှာလဲ .. ကိုယ့်ဘာသာပဲသွားရှာမယ်"

"အေး .. အေး .. ငါလည်းလိုက်မယ် .."

သုံးလေးယောက်စု၍ ရွာလမ်းကလေးပေါ်ထွက်လာခဲ့လျက် ..၊

"မပေါက် တို့ ဘယ်လဲ .."

"ဟော .. ဟိုမှာလည်း .. ခွေးတုတ်မ တို့ .."

လမ်းတစ်လျှောက်မှာ ထိုးကိုယ်စီနှင့် ထွက်လာကြသော မိန်းမသားတို့ တစစနှင့် အိမ်ပေါက်စေ့ဖြစ်လာသော် ..၊

"တစ်ခုခုတော့ဖြစ်ပြီ .."

"ဟုတ်တယ် .."

ခြေလှမ်းတွေအားလုံး မတိုင်ပင်ရဘဲ ရပ်တန့်ကုန်ကြလျက် ထိတ်လန့်သည့်မျက်လုံးတွေပြူးကျယ်လာကြပြီး ..၊

"ဥဒေါင်းမ ..."

သူမတို့ခေါင်းထဲမှာ ထိုနာမည်ကိုပြိုင်တူသတိရလိုက်ကြပြီး ..၊

ခပ်ပျော့ပျော့မိုးစက်တို့သည် လေပြင်းတစ်ရိုက်နှင့်အတူ ဖျောခနဲ ပြိုကျလာခဲ့၏။ ပြီးတော့ လေနှင်သည့်နောက်ပါသွားသလို ခပ်ပါးပါး မိုးသံတို့သာ တင်ကျန်ခဲ့လျက် ပတ်ဝန်းကျင်က ပကတိတိတ်ကျသွားခဲ့၏။

လမ်းပေါ်မှာ ပြီးတော့ ခြံဝိုင်းတွေတိုင်းမှာ ထီးတို့နှင့် ရပ်နေကြသည့် အမျိုးသမီးတို့သည် မိမိတို့ရောက်နေကြသည့်နေရာတွေမှာပဲ ရပ်နေကြကာ စက်ရုပ်တွေအတိုင်း ..။

ဘယ်လိုမှ မယုံနိုင် ..။

တစ်ရွာလုံးက ယောက်ျားတွေ ဥဒေါင်း ဆီကိုသွားနေကြတယ်ဆိုတာကို မယုံနိုင်သေး ..။ ဒါမဖြစ်နိုင်ဘူးလို့ တွေးမိသူမရှိခဲ့ဘဲ ဥဒေါင်း ဘယ်မှာလဲဆိုတာသာ ..။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ရွေ့လျားမှုတစ်ခုထံ သူမတို့အားလုံးရဲ့မျက်လုံးတွေရောက်သွားခဲ့ကြသည်။

မိုးလင်းလုအလင်းအရောင် ဖျော့ဖျော့မှာ မှိုင်းမှုန်သော အဖြူရောင်အရိပ်က မော်ဆန်ဆန်ရွေ့လျားလာခဲ့၏။

နှင်းမှုန်သာသာ မိုးဖွဲ့တို့အောက်မှာ ထီးမပါပေမယ့် အဖြူရောင်ပဝါကိုခေါင်းမှာပတ်ခြုံထားသည်။ သေချာမြင်လာရတော့ ပဝါမဟုတ်ပေ ...။

သူမခေါင်းမှာ အဖြူကွက်ကျဲနှင့် ရှုပ်အင်္ကျီတစ်ထည်ဖြစ်နေ၏။ နောက်မှာ ခြုံလွှာတစ်ထည်လို အမြဲလွှင့်ပါနေတတ်သည့် ဆံနွယ်ရှည်တွေကို ရင်ဘတ်တစ်ခြမ်းပေါ်မှာ သိမ်းယူတင်ထားပေမယ့် ဒူးအောက်ထိ တွဲလွဲယမ်းခါနေသည့်အရှည်ကို မြင်လိုက်တည်းက သူမ ဘယ်သူမှန်းသိလိုက်ကြ၏။

"ဥဒေါင်း .."

တီးတိုးရေရွတ်လိုက်သံတွေ ထွက်သွားတာ တစ်ယောက်နဲ့တစ်ယောက် ကြားလိုက်ကြသည်။ ကျောက်ရုပ်လို တဒင်္ဂတောင့်မတ်သွားကြသည့် ရွာသူတွေ အသက်ဝင်လာကြ၏။

ရွာထဲကို လှမ်းဝင်လာနေသော ဥဒေါင်း ရဲ့ ခြေလှမ်းတွေကြောင့် သူမတို့ လှုပ်လှုပ်ရှားရှားဖြစ်လာကြကာ ...။

"ဥဒေါင်း .."

"ဥဒေါင်းမ .. ညည်း ခု ရပ်လိုက်စမ်းပါ .."

"ငါတို့ရွာထဲကို မလာရဘူး .. ခုရပ် .."

အသံတွေတိတ်ကျသွားခဲ့သမျှ ပြိုင်တူအာခေါင်ခြစ်အော်ကြကာ ဥဒေါင်း ဆီ ပြေးသွားကြ၏။ တစ်ချို့က ထီးတွေကိုပါ ပိတ်ပစ်လိုက်ပြီး ပြေးကာ ...။

"နင် ရပ်လိုက်နော် .. ငါတို့ရွာကို လုံးဝပြန်မလာရဘူး .."

"ပြန်လာတာမဟုတ်ပါဘူး .."



"ဘာပြောတယ် .."

ဥဒေါင်း ရဲ့အားမှာ ဝိုင်းပတ်ရပ်လိုက်ကြပြီး ဘယ်သူအရင်စမလဲ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ဖို့ တာစူကြ၏။

ဥဒေါင်း က အေးဆေးတည်ငြိမ်သည့်မျက်ဝန်းတို့ဖြင့် သူမတို့ကို တစ်ယောက်ချင်းကြည့်၍ ...။

"ကျွန်မကို ရန်မလိုပါနဲ့ .. ရှင်တို့ကို ကျွန်မ မမုန်းခဲ့ပါဘူး .."

ဒါက စိတ်ရင်းမှန်အတိုင်းပဲဖြစ်သည်။ ထို့ကြောင့် မိန်းမမှန်လျှင် လူကြီးလူငယ်ဘယ်လိုမိန်းမမျိုးကပဲ ဆဲဆိုရိုက်ပုတ်ပါစေ သူမ သက်မဲ့ရုပ်တစ်ရုပ်လို ဘာတစ်ခုမှ မတုံ့ပြန်ဘဲနေခဲ့သည်။

သူမရဲ့ ခေါင်းထဲမှာ သပ်ရိုက်သလိုစွဲထင်နေခဲ့သည့် အမုန်းက ရာဂကျူးသည့် ပုရိသတဏှာဘီလူးတွေကိုသာ ...။

ရွာသူတွေကတော့ သူမခေါင်းပေါ်က ရှုပ်အင်္ကျီကြောင့် ဒေါသတွေအဆမတန်ပြင်းထန်ကုန်ကာ ...။

"လူ့ပါးဝလို့ နင့်ကိုယ်နင် အောင်နိုင်သူကြီးလိုပြောတယ်ဟုတ်လား .."

"ဂျမ်းဘုံ .. အဲ့ဒါ ငါ့သားအင်္ကျီ ငါမှတ်မိတယ် .."

"ကောင်မ .. ငါတို့ယောကျ်ားတွေကို မြူဆွယ်သွားတယ် ဟုတ်လား .."

"နင့်ကိုသတ်မယ် .."

"သတ်မယ် .."

အားလုံး စုပြုံပြေးဝင်ကြသည်။ ထီးနဲ့ လွှဲရိုက်ပေမယ့် တစ်ယောက်ကိုတစ်ယောက် ရိုက်မိကုန်တာပဲ အဖက်တင်ကာ ရှေ့မရောက်နိုင် ...။

လူကို ပါးဝင်ရိုက်ပေမယ့် မျက်နှာကို လက်နှစ်ဖက်ကြားမှာပွတ်ပြီး ငုံ့လိုက်သဖြင့် ရိုက်ရတာ အားမရနိုင် ...။

"တောက် .. သေချင်းဆိုးမ .. လာစမ်း .."

တစ်ယောက်က အတင်းဝင်လုံးကာ ဥဒေါင်း ရဲ့ ဆံပင်ရှည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို မိမိရရကိုင်၍ ...

"ဂျိမ်း .. ဒလိန်း .."

"ဖြောင်း .."

"အား .. သေပါပြီ .."

"အား ..."

သူမတို့ရှိနေသည့် ခေါင်းပေါ်က ကုက္ကိုပင်ကြီးသည် မိုးကြိုးဒဏ်ကြောင့် ဖြောင်းခနဲ ကျိုးကျလာရာ ...၊

"မအေး .."

"သေပြီ .. ငါ့ .. ငါ့လက်ကို မိုးကြိုးပစ်ချလိုက်တာ .."

"မဟုတ်ပါဘူး .. သစ်ကိုင်းကျိုးထိတာပါ .."

အားလုံး လဲလဲကွဲကွဲနှင့် လူစုကွဲသွားကြလျှင် ဥဒေါင်း သူမတို့နှင့်ဝါးတစ်ပြန်လောက်အကွာအဝေးမှာ ခြုံထားသည့်အကျီလည်းမရှိတော့ဘဲ ရပ်နေလျက် ...၊

"ဒီ .. ဒီကောင်မ .."

"စုန်းမ .."

"အာဋာဝကမ .."

တစ်နေရာစီကနေ ကျိန်ဆဲနေကြပြီး ဘယ်သူမပြေးတက်မလာတော့ပေ ...။ ဥဒေါင်း ကို နဂိုတည်းက လန့်နေကြသဖြင့် ခုလိုဖြစ်ပျက်သွားခြင်းမှာ သူမတို့၏ ကြောက်စိတ်တွေပိုမိုအားကောင်းလာခဲ့လျက်...။

"ညည်း .. ညည်းနော် .."

"နင် ငါတို့ယောကျ်ားတွေကို ပြန်မလွှတ်တော့ဘူးပေါ့၊ ဟုတ်လား ဒီလောက်တောင် နင့်မှာ .."

"ကျွန်မ သူတို့ကိုမခေါ်ပါဘူး .."

"မခေါ်ရင် ဘယ်မှာလဲ .."

"နင်က ရွာထဲကို ဘာဝင်လုပ်တာလဲ .."

"လမ်းရှိတဲ့အတိုင်း လျှောက်လာတာပါ၊ ဒီရွာကို လာတာမဟုတ်ဘူး-"



ရွာသူတွေ တစ်ယောက်ကိုတစ်ယောက်လှမ်းကြည့်ကြ၏။ ပြီးမှ အားတင်း၍ ...

"ဘယ်ကိုသွားမှာမို့လို့လဲ .."

"နောက်တစ်ရွာကို .."

ဖြေလိုက်ပြီး ခဏနေခဲ့သေးသည်။ ပြီးမှ ပြန်လှည့်ထွက်သွားလျှင်...

"နောက်တစ်ရွာတဲ့ ပြောသွားပုံက .."

"နောက်ရွာကိုသွားပြီး ယောကျ်ားတွေရှိသမျှ .."

"အမေရေ .."

"ဟော ..."

ကိုယ့်သားပဲမှတ်ကြကာ လှည့်မကြည့်ခင် ထူးလိုက်မိကြတာသံပြိုင် ...၊

သူမတို့တွေ အသံလာရာလှည့်ကြည့်လိုက်လျှင် ...၊

"အမေ့ .. ကျုပ် .. ကျုပ် .."

"အောင်ဘ .. အမလေး .. ငါ့သား .."

ဒေါ်ဂျမ်းဘုံ အော်ပြောကာ လဲကျသွားသည့် သားဆီပြေးသွားလေသည်။ အောင်ဘ တစ်ကိုယ်လုံးမှာ သွေးတွေလူးလျက် ရေတွေစိုကပ်နေသည်နှင့်မတူဘဲ သွေးတွေချည်းထင်ရကာ ...၊

"အောင်ဘ .."

"အ .. အမေ့ .."

"သား .. ငါ့သားကြီး ဘာဖြစ်တာလဲ .. နင့်ကို ဥဒေါင်း လုပ်လိုက်တာလား .."

"ကျုပ် .. ကျုပ်ကို ဝေါ်း တို့ ညီအစ်ကို .. အား ..."

"ဟင် .. သား .. အောင်ဘ .."

ဘယ်လိုခေါ်ခေါ်မရတော့လျှင် အောင်ဘ သေဆုံးသွားပြီမှန်းသိလိုက်ရှာ ဒေါ်ဂျမ်းဘုံ မျက်နှာကြီးနီရဲခက်ထန်လာ၏။ ပြီးတော့ ...၊

"မသေးသေး .."

www.burmeseclassic.com

www.burmeseclassic.com



အာခေါင်ခြစ်ခေါ်ကာ တွေ့သည့်ထီးကို ကောက်ပြီးပြေးရိုက်လေသည်။ ဒေါ်သေးသေး ရုတ်တရက်ကြောင်သွားကာ …၊

"ဟဲ့ … ဟဲ့ ကောင်မ … နေဦး … ငါ့သားလည်း ခုထိ …"

"ဘုန်း …"

"အား …"

နားထင်ကို အားကုန်လွှဲရိုက်လိုက်သည့်ထီးချက်ကြောင့် ဒေါ်သေးသေး ပုံခနဲ လဲကျသွားတာ မလှုပ်တော့ပေ …။

"ငါ့သားရော …"

"ငါ့ယောကျ်ားလည်း အဲဒီမှာရှိမှာ …"

ကျန်သည့်မိန်းမတွေအားလုံး ထမီစတွေ 'မ' ကာ အောင်ဘနဲ့ ဥဒေါင်း တို့ ထွက်လာကြသည့်တောဘက်ကို တစ်ရှိန်ထိုးပြေးကြလေသည်။

တောထဲကို ဝင်လိုက်လျှင် …၊

"အောင်မယ်လေး … ငါ့ယောကျ်ား …"

"ငါ့သား …"

တစ်ယောက်နဲ့တစ်ယောက် သတ်ပုတ်လုံးထွေးရင်းသေနေကြသည်။ လက်နက်တွေနဲ့ ထိခိုက်မိပြီး သွေးအိုင်ထဲမှာပဲလဲနေကြ၏။

ယောကျ်ားချင်း တိုက်ခိုက်ခဲ့ကြတာမှန်းသိလိုက်လျှင် သူ့သား ငါ့သား သူ့လင် ငါ့လင်တွေဖြစ်ကုန်ကာ မိန်းမချင်းသတ်ပုတ်ကြလေသည်။

ထို့နောက်များတွင် 'ပဒုအုံ' ရွာကြီး အကျည်းတန်စွာပျက်စီးသွားခဲ့လျက် …၊

အနီရောင်စံပယ်တစ်ပွင့်၏ ပထမဆုံးခြေလှမ်းက အနီရောင်ရင့်ရင့် …။



အခန်း (၁၂)

နှစ်တွေကြာလာသည့်အခါ ကြောက်လန့်မုန်းတီးသည့်စိတ်တွေက အထုံအကျင့်စွဲသွားခဲ့သည်။ လူသေတွေ သေသွားတိုင်း ငါနိုင်ပြီလို့ ပျော်သွားခဲ့တာတွေ၊ ငါမှားသွားပြီလားလို့စိုးရိမ်ခဲ့ရတာတွေလည်း ခုတော့ အေးဆေး …။

မျက်လုံးတွေကို မှိတ်လိုက်တာနှင့် အမှောင်ထုနယ်ပယ်ကြီးက သူမအတွက် လုံခြုံအေးချမ်းသည့် ကွန်ယက်ကြီးတစ်ခုဖြစ်သွားသည်။

ထို့နောက်တွင် အချိန်နာရီတွေကို သူမ ဘာမှမသိတော့ဘဲ အာရုံခြောက်ပါး၏ စွမ်းအားတို့နှင့် တစ်ကမ္ဘာလုံးကို မေ့ထားလိုက်နိုင်ကာ…

"သမီး …"

မွှေးရနံ့တစ်ချက်နှင့်အတူ အရိပ်သဏ္ဍာန်တစ်ခုကို မြင်လိုက်သည်။ သူမနဲ့တော့ အလှမ်းကွာနေသေး၏။ သို့သော် ထိုနေရာကနေ နူးညံ့တိုးလျစွာပြောနေသည့်စကားသံကို သူမကောင်းစွာကြားနေရလျက် …၊

"အကုသိုလ်တွေကို စွန့်လွှတ်ပါတော့၊ သမီး ဒီတိုင်းသွားနေရင် ငရဲကျလိမ့်မယ်၊ ငရဲကတက်လာခဲ့ရင်လည်း ဝဋ်ကြွေးကြောင့် သံသရာ

www.burmeseclassic.com



မှာ ဆင်းရဲပင်ပန်းစွာ ကျင်လည်ရလိမ့်မယ် ..”

“အဘ ဘာတွေပြောနေတာလဲ .. ကျွန်မကိုသာ တစ်လောကလုံးက အနိုင်ကျင့်စော်ကားနေကြတာပါ၊ ကျွန်မလက်နဲ့ သူတို့ကိုမသတ်ခဲ့ပါဘူး ..”

“ကံသုံးပါးကို သမီး မေ့နေပြီထင်တယ်၊ ခုကစပြီး ကံသုံးပါးကို စောင့်ထိန်းပါ၊ ပေးပြီးသွားရင် ပြန်မတောင်းနဲ့၊ ဝဋ်ကြွေးမပြေသရွေ့ သံသရာက ဘယ်တော့မှလွတ်မှာမဟုတ်ဘူး ..”

“အဘက ဘယ်သူလဲဟင် .. ဘယ်ကလာတာလဲ ..”

“အဘက ဘယ်ကလာမှန်း အဘ မသိဘူး၊ ဘယ်ကိုသွားရမယ်ဆိုတာလည်းမသိဘူး၊ ဒါကြောင့် အကုသိုလ်မပြုမိအောင် ကြိုးစားနေခဲ့တယ်၊ အကောင်းဆုံးလမ်းကို ရောက်နိုင်အောင်ပေါ့ ..”

“အဘ ..”

လှမ်းခေါ်လိုက်မိမှန်း ကိုယ့်ဘာသာသိလိုက်သည်။ ကိုယ့်အသံကိုယ်ကြားလိုက်သဖြင့် မှိတ်ထားသည့်မျက်လုံးတွေကိုဖွင့်လိုက်လျှင် ပတ်ဝန်းကျင်သည် ပကတိတိတ်ဆိတ်ငြိမ်သက်နေခဲ့၏။

ထိုစဉ် ကြားနေကျ အုန်းမောင်းခေါက်သံလေးချက်ကို ကြားလိုက်ရ၏။ သူမကို လာစကားပြောသွားတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ ..။

ဘာအဓိပ္ပာယ်တွေလဲ ..၊

လူသတ်တာ မကောင်းမှန်းသူမသိသည်။ ဒီနေ့ထိ သူမ ဘယ်သူ့ကိုမှ သွေးထွက်သံယိုဖြစ်အောင်တောင် ထိခိုက်စေခဲ့တာမရှိဘဲ လူသတ်သည်လို့ခေါ်နိုင်သလား ..၊

“ကံသုံးပါးကိုစောင့်ထိန်းပါ ..”

“ပေးပြီးသွားရင် ပြန်မတောင်းနဲ့ ..”

ဘာတွေပြောသွားတာလဲ ..၊

မိုးသားတွေကင်းစင်နေသော ကောင်းကင်မှာလဲ လမင်းကြီးက



ထိန်ထိန်သာနေ၏။ သို့သော် မဟာမြိုင်တွင်းမှာတော့ ပျောက်တိပျောက်ကြားအလင်းရောင်ကွက်လေးတွေသာ တိုးဝင်နိုင်သဖြင့် မှောင်လျက်မှောင်မြဲ ..၊

ပတ်ဝန်းကျင်ကို ထိုင်ရာကနေ မျက်လုံးဝေ့ကြည့်ရင်း စိတ်မှာမြင်ယောင်လာတာက ကြေးနီရွာမှာရှိနေသည့် ဘုန်းတော်ကြီးတွေကိုဖြစ်သည်။

ကံသုံးပါးဆိုတာ ဒီပုဂ္ဂိုလ်တွေကတော့ သိနိုင်လိမ့်မည်ထင်သည်။ ဘုရားစေတီမြင်လျှင် ဘုရားတရားဆိုတာကိုသိသည်။ ဘုရားရှိခိုးသံတွေကြားလျှင် ဆုတောင်းပူဇော်နေကြတာမှန်းသိ၏။

သူမ သိသမျှဒါပဲဖြစ်သည်။ ဒါပေမယ့် အမည်မသိ ပုဂ္ဂိုလ်ကြီးပြောသွားတာတွေကို သိချင်စိတ်တွေဖြစ်လာခဲ့လျှင် ဘုန်းတော်ကြီးတွေရှိရာကိုသွားဖို့ ဆန္ဒတွေပါဖြစ်လာခဲ့၏။

သို့သော် ..၊

“ဟိတ် .. မိပြီ ..”

“ဟား .. ဟား .. ဟား ..”

မှောင်ရိပ်ထဲက ခုန်ထွက်လာသည့်နှစ်ယောက်သည် တစ်ယောက်က သူမကိုနောက်ကနေ ချုပ်ဖက်ထားလိုက်ပြီးဖြစ်တာ ..၊

“နင့်ကိုဖမ်းဖို့ အခွင့်အရေးစောင့်နေတာကြာပြီ ..”

“ဦးလေး .. အချိန်ဆွဲမနေနဲ့ .. သချိုင်းဆွဲခေါ်သွားရအောင် ..”

“ခဏနေပါဦး ..”

ဥဒေါင်း က ချုပ်ထားသည့်လက်ကို အသာလေးဖယ်ချလိုက်ပြီး နူညံ့ချိုသာသော တောင်းပန်ခြင်းဖြင့် ..၊

“ကျွန်မ တစ်ညလုံး သမထထိုင်နေတာမူးနေပြီ၊ ကျွန်မတော်ကို ဆိုက်ခဲ့ကြမှါ ..”

“ဟင် ...”

www.burmeseclassic.com

www.burmeseclassic.com



"နင် ဉာဏ်မများနဲ့နော် .."

"စေတီဖြူလေးဘေးက အိမ်ပျက်ထဲမှာ တဲထိုးနေတာပါ၊ ကျွန်မ တစ်ယောက်တည်းပါ၊ ရှင်တို့ကိုညာခေါ်တယ်ဆိုလည်း ကျွန်မကို ကြောက်စရာမလိုပါဘူး .."

"ဟုတ်တယ် .."

"မဟုတ်ဘူးကွ .. ထူးဆန်းတယ် .."

"မဆန်းပါဘူး ဦးလေးရာ၊ သူ့ကိုအမြဲတမ်းတစ်ယောက်တည်းပဲ မြင်နေတဲ့ဥစ္စာ၊ သူများတွေပြောသလို ဥစ္စာစောင့်ဆိုရင် ဖမ်းလို့မိလား"

အခြေအနေတစ်ခု ဖြစ်ပေါ်လာခြင်းအတွက် သူမ ဖန်တီးခဲ့တာ မဟုတ်ပေ ..။

သို့သော် ...

"ကံသုံးပါးကိုတော့မသိဘူး၊ ဒါပေမယ့် တဏှာရူးတွေမြင်ရင် ငါက သတ်ပစ်ချင်တာ .."

အိပ်မွေ့ချနိုင်သည့်စွမ်းအားကို သုံးလိုက်ရသဖြင့် သူမကိုယ်ခန္ဓာ က ပင်ပန်းနေပါပြီ။ ဒါပေမယ့် မထင်မှတ်သော အခြေအနေတစ်ခု ကြောင့် သူမကိုယ်တိုင် စီရင်ရဖို့ဖြစ်လာခဲ့၏။

အိပ်ပျော်နေသည့် ယောကျ်ား၏ ဦးခေါင်းကို တည့်မတ်စွာနေစေ ကာ လှပသွယ်လျသည့် သူမရဲ့ လက်ချောင်းလေးတွေက ထိုယောကျ်ား ၏ ဆံပင်တွေထဲကို ညင်သာစွာတိုးဝင်သွားခဲ့သည်။

ထိုအချိန်တွင် ထမင်းစားပွဲနားမှာ လူငယ်တစ်ယောက်ကို တခြား သော အိပ်စက်စေခြင်းဖြင့် ထိန်းချုပ်ထားခဲ့ပြီဖြစ်ကာ ..။

"သွားပေဦးတော့ ..."

သူမ လက်တစ်ဖက်သည် တူကိုကိုင်လျက် မြောက်တက်သွားခဲ့ ပြီး ...၊

"ဒုတ် .."



"သမီး ..."

နားထဲမှာ ခေါ်လိုက်သံကို အနီးကပ်ကြီးကြားလိုက်ရ၏။ သို့သော် ရပ်တန့်လို့မရခဲ့သော လက်က ခရီးပေါက်ခဲ့ပြီဖြစ်ဖြစ်ကာ ..၊

"ဟိုအဘလားဟင် .."

ဘာကြောင့်မှန်းမသိဘဲ ထိတ်ခနဲဖြစ်သွားပြီး လက်ထဲကတူကို လွှတ်ချလိုက်မိသည်။

"အဘ ..."

ထပ်ခေါ်ပြီး လှည့်ပတ်ရှာဖွေသော်လည်း 'ဟင်း' ခနဲ သက်ပြင်းချ သံသဲ့သဲ့ကိုသာ ကြားလိုက်ရပြီး ပတ်ဝန်းကျင်သည် အရင်အတိုင်း ..။

"အဘ .. တစ်ခုခုမပြောတော့ဘူးလား .."

သူမ ဒီပုဂ္ဂိုလ်နဲ့ ဘာဖြစ်လို့ စကားပြောချင်မိတာမှန်းမသိ၊ ဒီအသံ ကြားလိုက်မှ ကိုယ့်ကိုယ်ကိုယ် အပြစ်သားတစ်ဦးနှယ် လက်နက်ကို လွှတ်ချခဲ့မိသည်။

ထို့နောက် ..၊

"ငါ တောထဲကိုပဲသွားတော့မယ် .."

နှစ်များစွာ ကျောခိုင်းထားခဲ့သည့် တောကြီးထဲကို ခြေဦးလှည့်ခဲ့ သည်။ ဒီတောကြီးရဲ့ တစ်နေရာမှာ ရှစ်မျက်နှာရွာရှိသည်။

သူမရဲ့ နာကျင်မှုတွေကို ဒီမှာပဲ အဆုံးသတ်၍ မေ့ပျောက်အောင် ကြိုးစားချင်သည်။ လူနေအိမ်ခြေတွေနဲ့ နီးနေသမျှ လူတွေကို သေစေဦး မှာ ကိုယ့်ဘာသာနားလည်လာသည်မို့ ကိုယ့်မိသားစုနဲ့ ပြန်နေဖို့သာ ဆုံးဖြတ်ခဲ့မိ၏။

မှားတာမှန်တာကို သေချာခွဲခြမ်းမိလို့မဟုတ်ဘဲ 'သမီး' လို့ခေါ် လိုက်သည့်သတိပေးသံကြောင့်သာ သူမစိတ်တွေမှာ အင်အားကြီးမိုးစိုး နေခဲ့သည့် အမုန်းကလဲ့စားတွေ အသွင်နဲ့ကျိုးသွားခဲ့တာဖြစ်သည်။

သို့သော် အိမ်ပြန်လမ်းကိုရှာရင်း မတွေ့နိုင်ဘဲရှိနေမည် ..၊

www.burmeseclassic.com



"ဟိုမှာ .. ဟိုမှာ ဥစ္စာစောင့်မတွေ့ပြီ ..."

"ဟုတ်တယ် .. သူပဲ .. ဦးလေးကိုသတ်သွားတာ .."

အသံတွေနဲ့အတူ လူသုံးလေးယောက် သူမဆီပြေးလာကြသည်။ ပြီးတော့ တစ်ဖက်တစ်ချက်ကနေဆွဲချုပ်ထားလိုက်ကြကာ ..၊

"ဖြန်း ..."

ပါးပြင်တစ်ဖက်မှာ ပူထူသွားသည်။ ခေါင်းတစ်ခုလုံးပြုတ်ထွက်သွားပြီလားထင်ရ၏။

"ဒီကောင်မ ဥစ္စာစောင့်မဟုတ်ဘူး .."

"ဒါဖြင့် ဘာလို့တောထဲမှာ တစ်ယောက်တည်းနေနေတာလဲ၊ ပြီးတော့ ရွာမှာတုန်းက စေတီဖြူလေးကြားက သရိုင်းအစပ်မှာ .."

"မင်း မယုံရင်ကြည့် .. ပါးစပ်မှာသွေးထွက်လာပြီ .."

ရိုက်ချက်ပေါင်းများစွာကို သူမ သိနေခဲ့သည်။ ဒါပေမယ့် အသိစိတ်တို့က လွတ်နေပြီဖြစ်၏။

"တော်တော့ကွ .. သေသွားရင် နမြောစရာကြီး .."

"မြွေသွားမှ ပညာပြလို့ကောင်းမှာပေါ့၊ ဖယ်စမ်းပါ၊ ငါ့အစ်ကိုကို သင်းက သတ်သွားတာ .."

"မေ့နေပြီကွ .."

"ပြန်နိုးမယ် ..."

မိုက်ကိုကန်လိုက်၊ လက်မောင်းကို ဖြတ်ရိုက်လိုက်နှင့် ချုပ်နှောင်ထားသည်များကို လွှတ်လိုက်တော့ ဥခေါင်း ခွေခေါက်ပုံကျသွား၏။

"အကျီတွေဆွဲချုတ်ကွာ ..."

"ဟိတ်ကောင် .. နေဦး .. နေဦး .. အနံ့ရတယ် .."

"ဟုတ်တယ် .. ကျား .. ကျားချောင်းနေပြီ .."

အားလုံးလန့်ဖျန့်ကာ ကိုယ်လွတ်ရုန်းပြေးကြသည်တွင် သူမ သတိလစ်မျောကျန်ခဲ့လေသည်။ ဘယ်လောက်ထိ အချိန်ကြာသွားခဲ့သည်ဆို



တာ မသိ ..။

နားထဲမှာ ကျေးငှက်သာရကာတို့၏ တကျိကျိတကျွတ်ကျွတ် အော်သံတွေ ဆူညံစွာဝင်လာသည်။ မျက်နှာပေါ်ကို တဖြုတ်ဖြုတ်ထိမှန်နေသည့် တစ်စုံတစ်ရာတို့က လူကိုလက်တို့ခေါ်နေသည့်နှယ် ..၊

"သမီး ..."

ဟင်!..၊

ကြည့်လိုက်တော့ သူမဘေးမှာ တင်ပလ္လင်ခွေထိုင်နေသည့် အဖြူရောင်ဝတ်ရုံကြီးနှင့် အဘိုးအိုတစ်ဦး ..။ ဆံပင်တွေက ကျောမရောက်တရောက်ထိရှည်သည်။

ပြီးတော့ မုတ်ဆိတ်ရှည်တွေလည်းရှိနေ၏။ မျက်နှာကိုသေချာကြည့်တော့ စူးစိုက်ကြည့်လေ ဝေဝါးနေလေ ..။

"အဘ ..."

"အေး .. အိမ်ပြန်လမ်းနီးနေပြီကွယ့် .. ထတော့ .. ထတော့ .."

"ကျွန်မ ထလို့မရဘူး .."

"သမီး နာကျင်မှုတွေကို မြင်အောင်ကြည့်၊ ကိုယ်ခန္ဓာကြီးက နှိပ်စက်နေတာ ငါမဟုတ်ဘူး၊ ရုပ်နဲ့ နာမ်ကို ခွဲခြားနိုင်ရင် နာကျင်တာတွေကို သမီး မခံစားရတော့ဘူး .."

ပြောသလိုလုပ်ကြည့်ပေမယ့် ရုပ်နဲ့ နာမ်ဆိုတာကို သူမ မသိ ..။

"ရုပ်ဆိုတာ သမီးရဲ့ ခန္ဓာကိုယ်ကြီးပေါ့၊ နာမ်ဆိုတာ စိတ်၊ မြင်အောင်ခွဲခြားကြည့်ရမယ်၊ ငါဆိုတာမရှိဘူး၊ ရုပ်ခန္ဓာကြီးက နှိပ်စက်နေတာကို ဥပေက္ခာထားပြီး သမီး ရှုရှိုက်နေတဲ့ ထွက်လေဝင်လေကိုပဲ အာရုံစိုက် .."

တတွတ်တွတ်ပြောနေသည့်အတိုင်း ကြိုးစားရှုစည်းရင်း ကိုယ်ခန္ဓာ ပေါ့ပါးလာသည်။ စိတ်တွေကြည်လင်လာ၏။

"ဝေါင်း ..."

www.burmeseclassic.com

www.burmeseclassic.com



ကျားဟိန်းသံ ...၊

သူမ မျက်လုံးတွေ ဖျတ်ခနဲပွင့်သွား၏။

"အဘ ..."

မမြင်လိုက်ရမှာစိုးကာ ကမန်းကတန်းကျုံးထလိုက်မိသည်။ နေဝင်ဖြိုးဖျသည်နေချိန်ပါလား ...။ သူမဘေးမှာလည်း မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေခဲ့ပါ။

အိပ်တန်းပြန်လာကြသည့် ကျေးငှက်သာရကာတို့၏ အသံလေးတွေတောင် နေသားတကျဖြစ်လို့ မြည်သံစဲနေပြီဖြစ်သည်။

သူမဆီကို အဘ တကယ်ရောက်လာခဲ့တာလား ...၊

အဘ ထိုင်ခဲ့သည့်နေရာကို လက်နဲ့စမ်းကြည့်လိုက်မိသည်။ ပြီးတော့ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသေးသည်။

သူမတစ်ယောက်တည်းရယ်ပါ။ သက်ပြင်းရှိုက်၍ ကိုယ့်ခန္ဓာကိုယ်က ဒဏ်ရာတွေကိုဆန်းစစ်လိုက်တော့ နာကျင်မှုတွေသိသာစွာလျော့ပါးနေခဲ့၏။

နှုတ်ခမ်းကနေ လည်ပင်းကြားထဲထိ စီးကျနေခဲ့သော သွေးစီးကြောင်းတို့က ခြောက်သွေ့နေပြီဖြစ်လျက် ...၊

"ငါ ထရပ်နိုင်ပြီ ..."

ပေါ့ပါးစွာ ထရပ်လိုက်ရင်း အဘဆီကိုသာ စိတ်ကရောက်နေခဲ့၏။ သူမ၏အိမ်အပြန်လမ်းဟာ ဒဏ်ရာများစွာနဲ့ပေမယ့် အဘ ၏ သွန်သင်လမ်းပြမှုကြောင့် အခက်အခဲမရှိ ချောမွေ့နေခဲ့သည်။

ဒဏ်ရာကြောင့် နာကျင်သည့်ဝေဒနာတွေ လျော့ပါးခဲ့ရသည့်အပြင် ငါ့အတွက် မိဘရင်းချာလို အားပေးကူညီမယ့် အကြီးအကဲအုပ်ထိန်းသူတစ်ယောက်ရခဲ့ပြီဆိုသည့်အသိက ရင်ထဲမှာ ဖော်မပြနိုင်အောင်ကြည်နူးချမ်းမြေ့ခြင်းကို ဖြစ်စေခဲ့၏။

အချိန်တိုင်းမှာ အဘအသံကိုပဲ နားစွဲနေမိသည်။ အဘ ဘယ်လို



ညွှန်ကြားသင်ပြပြီးမလဲဆိုတာကိုသာ မျှော်လင့်နေခဲ့၏။

ယောက်ျားသံတစ်သံကိုကြားတိုင်း သို့မဟုတ် ယောက်ျားတို့၏ မျက်နှာတွေကိုမြင်လိုက်ရတိုင်း အေးစက်တင်းခဲသွားခဲ့သည့်စိတ်က နှစ်မြိုက်ယုံကြည်ဖွယ် အဘ၏သံကိုတော့ ယုံကြည်အားကိုးစွာတမ်းတနေမိတာအချိန်တိုင်းပင် ...။

ရုစ်မျက်နှာရွာကြီးကို မရောက်ခင်တွင် ရွာသားတွေနဲ့ သူမ ဆုံခဲ့ရ၏။ ယောက်ျားတွေဆိုသည့်အသိနှင့် သတိချပ်လိုက်သော်လည်း သေချာစိုက်ကြည့်လိုက်တော့ ထိုလူတွေကို သူမသိနေခဲ့၏။

"ဥဒေါင်း ..."

သူတို့တွေကလည်း သူမကိုမြင်တော့ တအံ့တသြကြီးတွေဖြစ်လျက် ...၊

"ဥဒေါင်း ကို တွေ့ပြီး .. ဥဒေါင်း ပြန်လာပြီ" လို့ အော်ပြီး အပြေးတစ်ပိုင်းထွက်သွားသည့်လူနှင့် မျက်လုံးပြူးတွေနဲ့ကြည့်လျက် ...၊

"ကြည့်စမ်း .. ဆယ်နှစ်ကျော် ဆယ့်ငါးနှစ်လောက်ကြာပြီ၊ နင်.. နင်က ထွက်သွားတုန်းကအတိုင်းပဲ .."

တအံ့တသြပြောသူသည် ငယ်ငယ်က သူမနဲ့ကစားဖော်ပါပဲ။ ဒါပေမယ့် မြင်လိုက်တာနှင့် ထိုသူမှန်း သူမက ရုပ်ဖမ်းနိုင်ခဲ့သည်။ တခြားလူတွေကတော့ ...၊

"ငါတို့ကို သူ မမှတ်မိဘူးထင်တယ်၊ အေးပေါ့ .. ငါတို့က သုံးဆယ် ကျော်မျက်နှာတွေကိုး၊ တော်တော်ကို ဆုတောင်းကောင်းတဲ့ ဥဒေါင်း ပဲဟေ့ .."

သူမ ကိုယ့်မျက်နှာကိုမသိပါ။ ရွာကိုရောက်တော့ သူမကိုပဲ အားလုံးက အံ့သြနေကြသည်။

"ငါတို့ဆီ ပြန်လာတာမဟုတ်ဘူးလား ဥဒေါင်း .. ငါတို့ကိုမသိတော့ဘူးလား၊ ဘာလို့ပြူးကြောင်ကြောင်ကြည့်နေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာဖြစ်လာသလဲမှမသိတာ၊ မျက်နှာမှာ ဒဏ်ရာတွေနဲ့ တစ်ခုခုဖြစ်လာတာသေချာတယ် ..."

သူတို့ဘာသာထင်ကြေးတွေပေးနေကြသည်။ အားလုံးက ရင်းနီးဖို့ ဝိုင်းဝန်းနှုတ်ဆက်ကြသည့်တိုင် ဥဒေါင်း က ခေါင်းညိတ်ခေါင်းခါမှလွဲ၍ သိတယ် မသိဘူးဆိုတာအပြင် စကားများများမပြောခဲ့ပေ ...။

မမှတ်မိလို့လည်းမဟုတ်၊ မယုံကြည်တာလည်းမဟုတ်ပေမယ့် မယုံကြည်တတ်တော့သည့်စိတ်က ဘယ်သူနဲ့မှ ရင်းနှီးချင်စိတ်မဖြစ် ...။

နောက်ထပ် လုလင် ဆိုသောလူငယ်လေးတစ်ယောက် သူမဘဝထဲကို ဝင်ဖို့ထပ်ဖြစ်လာခဲ့လျှင် ထိုအခြေအနေမျိုးကိုရောက်သွားခဲ့သည့် အဖြစ်တိုတောင်မှ သူမ ကိုယ့်ကိုယ်ကိုယ် မုန်းခဲ့သည်။

လုလင် ကို သူမ တစ်ခါကယ်တင်ခဲ့မိ၏။ နောက်ထပ်တစ်ခါတောထဲမှာပဲ ထောင်ချောက်မိနေတာကို အမြင်မတော်ဖွယ်တွေ့ခဲ့ရပြန်၏။

ဒါကိုလည်း သူမ ဥပေက္ခာမထားခဲ့နိုင် ...၊

ထို့ကြောင့် ဝင်ပါခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်သလိုကိုယ့်နားမှာပဲ တဝဲလယ်လယ်ဖြစ်နေခဲ့သည့်ကောင်လေးမို့လို့ မုန်းတီးခဲ့သည်။

ဒီကောင်လေး ရွာသားတွေရဲ့ လက်ခံယုံကြည်မှုကိုအရယူခဲ့သည်။ ကိုယ့်ဆီကယုံကြည်မှုကို ရယူဖို့လည်းကြိုးစားနေခဲ့သေးသည်။

တပ်မက်လွယ်သော ယောကျ်ားတွေရဲ့ အာသာငမ်းငမ်းစရိုက်ဆိုးတွေဟာ ဘယ်ယောကျ်ားကိုပဲကြည့်ကြည့် တစ်ပုံစံတည်း ...။

"နင့်ကို သူမဟုတ်တာ ဘာများကြံစည်ခဲ့သလဲပြော ..." တဲ့ ...။

"ကြံစည်တဲ့ထိဆိုရင် သူ့ကို နင်တို့မြင်ရတော့မှာမဟုတ်ဘူး" လို့ ပြောလိုက်တော့ "နင်က အရင်တုန်းက ဥဒေါင်း မဟုတ်တော့ဘူး" လို့ ပြောကြ၏။



အရင်တုန်းက ဒီရွာမှာကြီးပြင်းခဲ့တဲ့ ဥဒေါင်း ကိုလား ...၊

ဥဒေါင်း ဒီရွာကနေပါသွားပြီး ဘာတွေဖြစ်ခဲ့သလဲဆိုတာ ဘယ်သူမှမသိကြဘဲ ဘာကြောင့်ချက်ချင်းနှာခေါင်းရှုံ့ချင်တာလဲ ...၊

သူမ ဂရုမစိုက်ခဲ့ပေ ...။ အရင်တုန်းကနဲ့ ခုအခြေအနေဘယ်လောက်ပဲ ကွာခြားပါစေ ဘာကြောင့်ကွာခြားရတယ်ဆိုတာ ဘယ်သူနားလည်လည် မလည်လည် ...၊

တစ်နေ့မှာ သူမကို မြွေမျိုးဖို့ကြိုးစားစဉ် မြွေနဲ့သူမ လုံးထွေးရင်း လျှိုထဲလိမ့်ကျသွားခဲ့၏။

လျှိုက နှယ်မှာရစ်ကျန်ခဲ့ပြီး သူမက မြွေရဲ့အောက်တည့်တည့်ကိုရောက်သွားခဲ့၏။ သစ်ကိုင်းနဲ့ ခေါင်းနဲ့ ဆောင့်မိသွားသဖြင့် သူမ ရုတ်တရက်ပြန်မထနိုင်ခင် မြွေက ကိုယ်ပေါ်ကိုဖြုတ်ချဖို့အလျားလိုက်ထိုးဆင်းလာ၏။

တုတ်ခိုင်ပြီးကြီးမားသော မြွေကြီးသည် လှုပ်ရှားမှုနှေးကွေးသည်ဖြစ်ရာ လုလင် ဘယ်လိုရောက်လာမှန်းမသိဘဲ မြွေရဲ့ လည်မျိုကို မြားနဲ့ လှမ်းပစ်၏။

မြားတံက သေးသေးလေးဖြစ်သည့်ပြင် မကျွမ်းကျင်သည့် ပစ်ချက်ကြောင့် မြားနှစ်စင်းမြောက်မှာ လည်မျိုကိုစိုက်ပေမယ့် ထိထိမိမိမစိုက် ...။

မြွေ၏ ဒေါသ သူ့ဆီလှည့်လာသည်နှင့် ...၊

"ဥဒေါင်း .. ပြေး .. ပြေး .."

ကယ်တော့ကယ်တာပေမယ့် လုလင် အသံကုန်အော်ပြီး ပြေးလေသည်။ ဒေါသထွက်နေသည့်မြွေက သစ်ကိုင်းတွေကို လက်တံတွေကဲ့သို့ လှမ်းချိတ်ပြီး သူ့နောက်လိုက်၏။

"ဟိတ် .. ဒီဘက်ကိုလာ .."

ဥဒေါင်း ကပဲ မြွေရဲ့လမ်းကြောင်းရှေ့ကနေ မီးတုတ်ကြီးနဲ့ ခြောက်လှန့်လွှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တောင် အသုံးမကျရသလား .."

လွတ်ရာရှောက်တာနှင့် ဒေါသက ဆူပွက်လာသည်။ လုလင် က လည်း ဒေါသတွေပြလျက် ..၊

"ငါလာလို့လေ .. မဟုတ်ရင် မင်းကိုမြွေမျိုလို့သေနေပြီ .."

"ငါက ဒီလိုပဲတိုက်ခိုက်နေကျ၊ ပြီးရင် ငါလိုချင်တဲ့သည်းခြေရတာပဲ .."

"ဘာပြောလိုက်တယ် .."

လုလင် ရောက်လာကာစတည်းက တော်တော်ကြာတဲ့အထိ ဥဒေါင်းကို သူထက်ငယ်သည့်မိန်းကလေးတစ်ယောက်လို ခေါ်ပြောနေခဲ့သေးသည်။

"မိန်းကလေးဖြစ်ပြီးတော့ ဒီလိုအလုပ်တွေ မင်းလုပ်နေတယ် ဟုတ်လား .."

"မင်း ငါ့ကို စကားပြောတာဆင်ခြင်၊ ငါ့အသက်က မင်းအမေ လောက်ရှိတယ် .."

"မင်း ဘာကယ်ပြောတာလား .."

ဒုတိယအကြိမ်ပြောလာတော့ လုလင် ဂရုစိုက်လာသည်။ ပြီးတော့ ဖွတ်ဆတ်ဆတ်ဒေါသဖြစ်လွယ်သည့်ပုံစံတွေလည်း ပျောက်ပါးလာခဲ့၏။

"မင်း ခုရပ်နေစမ်း လုလင် .. ရှေ့ကို တစ်လှမ်းမှ မတိုးနဲ့ .."

"ခုန .. ဆွဲသွားတာ လူသေကောင်တွေလား .."

မေးတိုင်းမဖြေ၊ ထင်ရာကိုလုပ်နေရလျှင် အနားမှာ ဖုံးကွဲကွဲ မိုးကြိုး ပစ်ပစ် ..။

သူမရဲ့ လှုပ်ရှားမှုတွေ အေးစက်ပြတ်သားခြင်းတွေကြောင့် အံ့သြ မှင်တက်ခြင်းတွေနှင့် သူ အကြိမ်ကြိမ်ရှုံးနိမ့်ခဲ့ရာမှ ..၊

"ခင်ဗျား လူတွေသတ်နေတာလား ဥဒေါင်း .."

"ဟုတ်တယ် .. ငါ့ကိုထိပါးဖို့ ကြိုးစားတဲ့ယောက်ျားတွေပေါ့ .."

"လှတဲ့ မိန်းမတစ်ယောက်ကို ..."



"တဏှာရူးမို့လို့ အရူးလိုဖြစ်ကုန်တာ၊ မင်းလည်း သတိထားနေ လိုက် .."

"လုပ်လိုက်စမ်းပါ .. ခင်ဗျားသတ်မှာကြောက်ပြီး ကျွန်တော်က ခြေစုံရပ်ကုန်ခဲ့မယ်ထင်နေတာလား၊ အခု ဆုံးဖြတ်လိုက်ပြီ ကျွန်တော် မြို့ကိုမပြန်တော့ဘူး .."

ထိုစဉ်က ကြားလိုက်ရတာ ဘယ်လိုမှ ထင်စရာမရှိသည့်စကား ဖြစ်သည်။ ဒီရွာကနေ မြို့ကိုပြန်ရောက်သွားမည့်လမ်းပေါ်ထိ လိုက်ပို့ ပေးကြမည်ဆိုတာ ရှစ်မျက်နှာရွာရဲ့ ထုံးစံမရှိခဲ့သော လိုက်လျောမှုပဲဖြစ် သည်။

အားလုံးသည် လုလင် ရဲ့ တည်ကြည်ချောမွေ့သည့်မျက်နှာနှင့် သူမ ကို အကြိမ်ကြိမ်ကာကွယ်ဖို့ကြိုးစားခဲ့သော ရိုးသားမှုကြောင့်ဆိုတာ မေးကြည့်ဖို့မလိုပေ ..။

ဒါပေမယ့် လုလင် ဟာ ဥဒေါင်း ရဲ့ အကောင်းမြင်စက်ကွင်းထဲ မှာ ဘယ်တော့မှမရှိခဲ့သည့်အလျောက် သူမတွေ့ဖူးခဲ့သော ယောက်ျား အမျိုးအစားတွေနဲ့ ဘာမှမခြားနားသည့်ယောက်ျားသားဖြစ်၏။ ထို့ပြင်...

သူမဘာလုပ်လုပ် ဒီကောင်လေးသိနေသည်။ ဘယ်အချိန်မှာပဲ ဖြစ်ဖြစ် သူမ အခက်အခဲရှိလာတိုင်း သူရောက်လာတတ်၏။

တရိပ်တကြည့်ကြည့်ရှိနေသည့်အဖြစ်ဟာ သူမအတွက်တော့ ခါး သီးစရာအကောင်းဆုံးသာ ..၊

"မင်း ငါ့ကို ဘယ်လိုသဘောထားထား မင်းက ငါ့အမြင်မှာ ကလေး သာသာပဲ၊ ငါအချိန်မရွေးသတ်ပစ်လို့ရတဲ့ သတ်ကွင်းထဲက သားကောင် ဒီထက် ဘာမှမပိုဘူး .."

"ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲ .."

"မင်းအမေတောင် ငါ့ထက်ငယ်လိမ့်မယ် .."

သူမက တရားလွန်ဖြေသည်။ ထို့နောက်မှာ စကားလည်းမပြော၊

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းမဆိုင်အောင်လည်းနေသည်။ ကြာလေရင်းနှီးရမည့်အစား စိမ်းသက်ရက်စက်ခြင်းတွေသာ အဆမတန်တိုးပွားလာသဖြင့် လုလင် မျက်နှာပေါ်က သမားရိုးကျဖြစ်ခဲ့ရသည့် ဒေါသမာနတွေ ကြက်ပျောက် ငှက်ပျောက်ဖြစ်ကုန်၏။

သူမအကြောင်းကို ရွာကလူတွေဆီမှာ နှိုက်နှိုက်ချွတ်ချွတ်မေးသည်။ လျှို့ဝှက်ဆန်းသည့် လှုပ်ရှားမှုတွေပေါ်မှာ ပို၍ဂရုစိုက်ကြည့်လာခဲ့၏။

ညတစ်ည၏ သန်းခေါင်ကျော်အချိန်ဝယ် ...၊

"ခင်ဗျား ချော်ကျလိမ့်မယ် .."

မှိုးသံလေသံကြောင့် အနားမှာ လုလင် ရှိနေတာကို သူမ လုံးဝမသိခဲ့ပေ ..။ တစ်ခေါက်ပြီးတစ်ခေါက် ဆွဲသယ်လာခဲ့သည့် ယောက်ျား အလောင်းနှစ်လောင်းက ချောက်ကမ်းပါးအစပ်မှာ အပေါ်နဲ့အောက် တစ်ပိုင်းစီဖြစ်နေခဲ့လျက် ...၊

"မင်း ဘာလာလုပ်တာလဲ .."

"ခင်ဗျား ဘာတွေလုပ်နေသလဲ သိချင်လို့ .."

လုလင် အနားရောက်လာသည်နှင့် ဥဒေါင်း က မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်၏။ မိုးစက်တို့နှင့် ညအမှောင်က တစ်ယောက်နဲ့တစ်ယောက် မမြင်မစမ်းဖြစ်လောက်အောင်တော့ ပိန်းပိတ်မနေခဲ့သဖြင့် ...၊

"အခု .. မင်း ဘာလုပ်မလဲ .."

"ကျွန်တော့်ကို နည်းနည်းလောက်ပြောပြစမ်းပါ၊ ဒီလောက်လှတဲ့ မိန်းမတစ်ယောက်က ဒီလောက်ထိရက်ရက်စက်စက်သတ်ဖြတ်နေတာ ဘယ်လိုနာကြည်းချက်တွေနဲ့လဲ .."

"မင်းသိဖို့မလိုဘူး .."

"ဟုတ်ပါတယ် .. မလိုဘူး၊ ဒါပေမယ့် ကျွန်တော်မြင်ရတာ ဒီလူတွေ သေကုန်တာကိုပဲ၊ သူတို့မသေခင်မှာ ခင်ဗျားဘယ်လိုပရိယာယ်



မာယာတွေနဲ့ သတ်နိုင်အောင်ကြိုးစားခဲ့တာလဲ .."

"ငါက မြူဆွယ်ဖြားယောင်းခဲ့တယ်လို့ ထင်နေသလား .."

"အများကြီးဖြစ်နိုင်တယ်၊ ပြီးတော့ ခင်ဗျားမှာ .."

"ဖြန်း ..."

လုလင် မျက်နှာတစ်ခုလုံး ရှေကြောင့် ပို၍နာကျင်သွားသည်။ ကြည့်လိုက်တော့ သူမက သူ့ရှေ့မှာပို၍နီးကပ်စွာ ရပ်နေခဲ့ပြီး ...၊

"မှန်လွန်းလို့ ငါ နည်းနည်းရှက်သွားတာထင်တယ်၊ ဟုတ်တယ်.. ငါသတ်ခဲ့တဲ့ ယောက်ျားတွေကို ငါ့ရဲ့ .."

"ခင်ဗျား တော်တော့ .."

လုလင် က မိုးစက်တွေကို ခွင်း၍ပြန်အော်သည်။

"ခင်ဗျား ဘာဖြစ်ဖြစ်ပြောရဲတယ်၊ ပြောသလိုလုပ်ရဲတာလည်း သိတယ်၊ အဲဒါတွေ ဘာကြောင့်လုပ်နေတာလဲဆိုတာပဲပြော၊ ယောက်ျား တွေအားလုံးကို ခင်ဗျားမုန်းနေတာ ခင်ဗျားကိုချစ်ပါတယ် ကြိုက်ပါ တယ်ပြောကြလို့လား .. ခင်ဗျားကို ထိပါးဖို့ကြိုးစားခဲ့လို့လား .."

သူမ မဖြေဘဲ စိုက်ကြည့်နေခဲ့သည်။

"အဲဒီနှစ်ခုစလုံးမှန်နေတယ်ဆိုလည်း ခင်ဗျား တုံ့ပြန်တာမှားနေ တယ် ဥဒေါင်း၊ ယောက်ျားဆိုတာ ကျားတွေပဲ ခင်ဗျားပြယ်လောက် တော်နေနေ မိန်းမက မိန်းမပဲ၊ ခင်ဗျား ဘာကြောင့်ပဲသတ်သတ် သူတို့ ကို မသတ်နိုင်ခင်အချိန်ထိ ခင်ဗျားမှာ ဘယ်လောက်အန္တရာယ်ကြီးသလဲ သိရဲ့လား .."

"မွေးလာတည်းက အန္တရာယ်နဲ့ ငါက ဖွားဖက်တော်ပဲ .."

"ခင်ဗျားကို သူတို့ .."

"ငါ့ခန္ဓာကိုယ်ကိုလည်း မင်း စိတ်ပူဖို့မလိုဘူး၊ ဒီမှာ မင်းသိအောင် ငါ့ဘဝအမှန်ကို တည့်တည့်ပြောပြမယ်၊ ငါ့ဘဝတစ်လျှောက်လုံး အဲဒီ ယောက်ျားတွေအတွက် အသုံးတော်ခံ အရုပ်တစ်ရုပ်ဖြစ်ခဲ့တာ .."

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် လုလင် မျက်နှာမှာ ဘာတွေဖြစ်ပျက်ပြောင်းလဲသွားသလဲဆိုတာ သူမ မြင်ချင်ခဲ့မိသည်။ ထိုအချိန်မှာ သူ့မျက်နှာကို မြင်ရဖို့ အမြင်အာရုံတွေ စူးစိုက်မရဖြစ်ရင်း မချင့်မရဲခံစားရသည့် ကိုယ့်အဖြစ်ကို ထူးဆန်းနေသည်မှန်းလည်း သတိမမူမိခဲ့ ...။

မမြင်ရခြင်းအတွက် အသံတစ်ခုခုကြားရဖို့ကို မျှော်လင့်မိပြန်ကာ ပို၍ရင့်သီးပက်စက်သော စကားတို့ဖြင့် ...၊

"ငါ့အလုအပတွေကို မင်း မက်မောနေတယ်ဆိုရင်တော့ မင်းက ငါသတ်ခဲ့တဲ့ ယောကျ်ားတွေထက် ပိုပြီးအသုံးမကျတဲ့ယောကျ်ားပဲ၊ သူတို့တောင် ခဏတာသာယာဖို့အတွက်ပဲသုံးကြတာ၊ အလှအပဆိုတာ သူတို့အတွက် စားစရာတစ်ခုထက်မပိုခဲ့တာမျိုး၊ မင်း ဘာကိုမက်နေသေးလဲ ..."

"ယောကျ်ားတွေကို ခင်ဗျားသတ်ပစ်နေတာပဲ၊ ဒါပေမယ့် ကျွန်တော့်ကို မသတ်သေးဘူးမို့လား ..."

သူ့မေးခွန်းကြောင့် သူမ တုန်လှုပ်သွားခဲ့သည်။ ဒီအချက်ကို သူမ ကိုယ်တိုင် တစ်ခါမှထည့်သွင်းမစဉ်းစားခဲ့မိပေ ...။

"အဲဒီတော့ ခင်ဗျားအကြိမ်ကြိမ်အခါခါမေးနေခဲ့တဲ့ မေးခွန်းကို ပြန်ရုတ်သိမ်းလိုက်ပါ၊ ကျွန်တော်က ခင်ဗျားကြုံခဲ့ရတဲ့ယောကျ်ားတွေ လိုမဟုတ်ဘူး၊ ဟုတ်လာတဲ့နေ့မှာ သတ်ပစ်မှာပဲလို့မပြောနဲ့ အဲဒီလို ဘယ်တော့မှဟုတ်လာမှာမဟုတ်ဘူး ..."

သူ့ရဲ့ ပြတ်သားသည့်စကားသံတွေက မိုးစက်သံတွေကိုထွင်းဖောက်၍ ထွက်လာခဲ့၏။

"ကျူပ် မသေမချင်း ခင်ဗျားကို သူများဒုက္ခပေးတာမျိုးမဖြစ်စေချင်ဘူး၊ ခင်ဗျားလုပ်နေတာတွေကို ဒီရွာကလူတွေသိထားကြသည်ဖြစ်စေ မသိသည်ဖြစ်စေ သူတို့အားလုံး ဒါကို လက်မခံနိုင်လို့ ခင်ဗျားကို လက်ညှိုးထိုးလာကြရင်တောင် တစ်ရွာလုံးနဲ့တစ်ယောက် ကျူပ် ရင်ဆိုင်



မယ် ..."

ပြောပြီး အလောင်းနှစ်လောင်းကိုငုံ့ကြည့်၏။

"ခင်ဗျား ဖွပ်စွဲတာတွေရင့်သီးလွန်းတယ် ဥဒေါင်း၊ ချစ်တဲ့စိတ်ဆိုတာ သွေးသားတွေပွက်ပွက်ဆူလာတာမဟုတ်ဘူး၊ ခင်ဗျား မခံစားတတ်ရင်နေ မစော်ကားပါနဲ့၊ ခင်ဗျားရဲ့ ခန္ဓာကိုယ်က ဒဏ်ရာတွေကို ကျွန်တော် စိတ်မဝင်စားဘူး၊ အချစ်ကို မခံစားဘူးသေးတဲ့ ခင်ဗျား ရင်ဘတ်ထဲက နှလုံးသားကိုလိုချင်တာ ဘယ်သူ့ကိုမှ မချစ်ခဲ့သေးတဲ့ ခင်ဗျားဆီကအချစ်တွေကို ကျွန်တော်တစ်ယောက်တည်းပိုင်ဆိုင်ချင်တာ ..."

ထိုစဉ်က သူ ဒေါသမစင်ဘွာပြောခဲ့သော အချစ်ဆိုတာကို သူမ စိတ်လည်း မဝင်စား၊ နားလည်းမလည် အချစ်နဲ့ နှလုံးသားကိုမကြည့်တတ်ခဲ့သော အသိစိတ်မှာ နှလုံးသားဆိုတာလည်း ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုပဲ ဘာကွာခြားလို့လဲ ...။

သူမ သိထားခဲ့တာ ဒါပဲဖြစ်သည်။

"ခင်ဗျား ဘာကြောင့် သတ်ရသလဲဆိုတာ ကျွန်တော် နားလည်ပေးလို့မရပေမယ့် ဖျက်ပါပြင်ပါလို့မှ တားမရတော့ဘူးဆိုရင် ကျွန်တော့်ကို ခိုင်းစမ်းပါ ..."

သူ ထပ်တိုးလိုက်တော့ ရင်ဘတ်ချင်းနီးစပ်သွားသည်။

"ခင်ဗျား ကိုင်မယ့်လက်နက် ကျွန်တော့်ကိုပေးပါ ..."

"ငါက နောက်လိုက်မလိုချင်လို့ တိရစ္ဆာန်တောင်မမွေးဘူး ..."

ပြောပုံက ရင့်သီးလွန်းသည်။

"မင်းကို ငါ မသတ်သေးတာလည်း ငါ မုန်းတဲ့အမူအကျင့်မျိုး မမြင်ရသေးလို့ပဲ ဒါကို စိတ်ကူးယဉ်နေရင် တဏှာမရှုးသေးပေမယ့် အဲဒါထက်ပိုရူးတဲ့ အရူးပဲ၊ မင်း အခု ဒီနေရာက ထွက်သွား ..."

ပြောပြီးတာနှင့် သူမပဲ နောက်ပြန်လှည့်လိုက်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အလောင်း၏ခြေထောက်ကိုတိုက်မိကာ သူမသည် ချောက်ကမ်းပါးဘက်သို့ ...။

"ဥဒေါင်း ..."

သူ ဥဒေါင်း ကို လှမ်းဆွဲလိုက်သည်။ လူကို မမိတမိနှင့် သေချာဆုပ်လိုက်မိတာက ပခုံးတစ်ဖက်က အင်္ကျီစကိုပဲဖြစ်ကာ ...။

"ဗြိ ...."

အဖြစ်အပျက်က မြန်ဆန်လွန်းသည်။ သူမရဲ့ အင်္ကျီပြဲထွက်သွားသည့်အသံကြောင့် သေမယ့်ဘေးကို မမြင်တော့ဘဲ ရှက်ရွံ့မှုန်းတီးသည့်ခံစားချက်ဟောင်းတွေကသာ အသစ်ဖြစ်လျက် ...။

"ဖောင်း ..."

အားပါးသောလက်ပြန်ရိုက်ချက်က ကိုယ်ကျရမည့်အစား သူ့ကိုတွန်းချလိုက်သလိုဖြစ်သွားခဲ့၏။ သူဆွဲသည့်အားကြောင့် ကိုယ်ကသူ့ဘက်ရောက်သွားပြီး သူကတော့ ချောက်ကမ်းပါးဘက်သို့ ...။

ဟင်!...။

ဒါကိုသိလိုက်သည့်စိတ်သည် သူ မကျဘဲ ကိုယ်ကျသွားပြီလို့ခံစားလိုက်ရကာ တစ်ကိုယ်လုံး မိုက်ခနဲလှပ်ခနဲသတိလစ်သွားခဲ့လျက် ...။

"လုလင် .."

စိုးရိမ်သည့်စိတ်ကြောင့် သူမ ဘာဖြစ်သွားခဲ့မှန်းမသိ ...။

လုလင် ...။

တစ်ကိုယ်လုံးမောဟိုက်နုံးခွေကာ မျက်လုံးတွေဖွင့်လိုက်တော့ ညဥ့်၏တိတ်ဆိတ်ခြင်းက သူမအော်လိုက်သံကို ဥပေက္ခာကြီးစွာထား၍ ပကတိဒီအတိုင်း ...။

လုလင် သေသွားပြီးလား ...။

သူမ စိတ်တွေလေးလံကာ တစ်ခါမှ မအိပ်ဘူးသည့်အချိန်မှာ အိပ်ပျော်သွားခဲ့သည်။ အတိတ်ကမ္ဘာထဲမှာ သူမကိုယ့်ကိုယ်ကိုယ် ပြန်မြင်



နေခဲ့၏။

ဖြစ်ပျက်ခဲ့သမျှကို မနေ့တစ်နေ့ကအတိုင်း ပြန်လည်ကြုံတွေ့နေခဲ့ရသည်။ သူမတစ်ကိုယ်လုံး ချွေးတွေရွှဲနေခဲ့၏။ ဝဋ်ကြွေးဆိုတာကို နားလည်သလိုရှိလာခဲ့သည့်နောက်မှာ ငါပေးဆပ်ရမယ့် ဝဋ်ကြွေးကုန်ပြီလို့တွက်ခဲ့မိ၏။

ခုတော့ အိပ်မက်ခြင်းဖြင့် ဒုတိယတစ်ကြိမ်ခံစားခဲ့ရပြန်သည်။

ပြီးတော့ လုလင် ...။

"ခင်ဗျား လူသတ်တာတွေရပ်လိုက်ပါတော့ .."

"ခင်ဗျားမှာ အန္တရာယ်ဘယ်လောက်ကြီးသလဲ သိရဲ့လား .."

"မေးချင်တဲ့အပြစ်ပေးပါ .."

လုလင် သူမရှေ့မှာ ဒူးထောက်ခဲ့သည်။ ရက်စက်ရင့်သီးသည့် စကားတွေ ဘယ်လိုပြောပြော မျက်နှာငုံ့၍ ရှေ့တိုးလာတဲ့သူ ...။

သူမ ထိုလူကို သေကောင်ပေါင်းလဲဖြစ်တဲ့အထိ နှိပ်စက်ခဲ့၏။ အိမ်ရှေ့တံခါးကိုဆွဲဖွင့်လိုက်တော့ ညဥ့်လေအေးက မိုးသက်နံ့တို့နှင့် ခိုမှုနေသည်။

ချောက်ကမ်းပါးထိပ်က ပြဿနာကို ဘာဖြစ်လို့ အိပ်မက်ပြန်မက်နေတာလဲ ...။

ထိုစဥ်က လုလင် ကို သူမပဲ ခဲရာခဲဆစ်ပြန်ဆွဲတင်ခဲ့သည်။ ဒါနဲ့ဆောင် ...။

"ခင်ဗျားပါ ပြုတ်ကျလိမ့်မယ် .. နောက်ဆုတ်" လို့ သူ အော်ပြောခဲ့သေးသည်။ ကမ်းပါးအစွန်းကို ကုပ်တွယ်ထားရင်း ကိုယ်ကမ်းပေးသည့်လက်ကိုမဆွဲဘဲ သူ့ဘာသာပြန်တက်ဖို့ကြိုးစားနေ၏။

နှယ်ပစ်ချလိုက်မှ ...

"ခင်ဗျား ကိုင်ထားတာလား" လို့ ထပ်မေးပြီး သစ်ပင်မှာချည်ထားသည်ဆိုမှ ပြန်တက်လာ၏။ ခြေလှမ်းတွေက အပြင်ကိုလှမ်းချင်း

www.burmeseclassic.com

www.burmeseclassic.com



တိုးရွှေ့နေစဉ် သူမစဉ်းစားနေမိတာ လုလင် သေပြီလားဆိုတာပင် ...။

ကိုယ်ပြောသမျှကို သည်းခံခဲ့သည်။ ကိုယ်ထိလက်ရောက်နာကျင်အောင် အကြိမ်ကြိမ်ပြုခဲ့ပေမယ့် ကိုယ့်သားမှာပဲ အမြဲတမ်းရှိနေခဲ့၏။

"ဒီကောင်လေးကို နင် ဘာလို့ ဒီလောက်ရက်စက်နိုင်ရတာလဲ .."

လို့ တာရာကြီး မေးတုန်းကလည်း ရက်စက်ချင်လို့ရက်စက်တာလို့ သူမ ပြန်ဖြေခဲ့မိသလား ...။ အဲဒီလိုအကြည့်တွေနဲ့ မတုန်မလှုပ်နေပြခဲ့မိသလား ...။

ထိုစဉ် ...

"ဘယ်သူလဲ .."

"ငါပါ .."

အသံကြားလိုက်တာနှင့် နဂါးကြီးမှန်းသိလိုက်သည်။ ဥဒေါင်း မျက်နှာလေးတင်းသွားကာ မှောင်ရိပ်ထဲက ထွက်လာသည့်အရိပ်ကို စိုက်ကြည့်ရင်း ...။

"ဒီနားမှာ ဘာကိစ္စအကြောင်းရှိနေလို့လဲ ဦးနဂါး .."

မလိုလားသည့်စိတ်က ချက်ချင်းဖြစ်သွားပေမယ့် ကိုယ့်မိဘလို လေးစားခင်တွယ်ခဲ့ရသူတွေမို့ ...။

"ကိုယ့်ရွာသားချင်းကိုတော့ ကျွန်မ ယုံကြည်ချင်တယ် ဦးနဂါး.."

"နင့်ကို ငါတို့က မယုံကြည်မရိုးသားလို့ လာကြည့်နေကြတာ မဟုတ်ဘူး၊ နင့်ကိုယ်နင် ဘယ်လိုစိတ်နဲ့ပဲနေနေ မိန်းကလေးတစ်ယောက်ကို ပစ်မထားနိုင်တဲ့စိတ်နဲ့ စောင့်ရှောက်တာ၊ အခု နင် လုလင်ဆီ သွားမလို့လား .."

နဂါးကြီး ကိုယ့်အိမ်ဘေး ထိရောက်ခဲ့သည်။ သူမ ယောင်ရမ်းခေါ်လိုက်သည့်အသံကိုလည်း ကြားသွားလိမ့်မည်။ ထိုမေးခွန်းကြောင့် ချက်ချင်းတွေးမိသွားကာ ...။

"ဟုတ်တယ် .. သေသွားတဲ့အထိတော့ ကျွန်မ မရည်ရွယ်ခဲ့ဘူး .."



"ဒါပေမယ့် သူ အသက်မျှော်မျှော်ပဲရှိတော့တယ်၊ သူ့ကို ကယ်တင်နိုင်စိတ်လေးတော့ရှိမှာပဲလို့တွေးပြီး ငါလာကြည့်တာ၊ တံခါးဒီတိုင်းဟ ထားပြီး နင်အိပ်ပျော်နေလို့ .."

သူ့အသက်ရှိနေသေးသည်ဆိုတာ သိလိုက်ရသည်နှင့် ဥဒေါင်း ခြေလှမ်းတွေမြန်သွားသည်။ စကားမဆုံးသေးဘဲ နဂါးကြီး ဒီတိုင်းရပ်ကျန်ခဲ့၏။

ကျေနပ်သွားတာတစ်ခုက ဥဒေါင်း တစ်ခုခုအပေါ်မှာ ခံစားတတ်နေပြီဆိုတာပင် ...။ ဘယ်သူမှ လိုက်မမီအောင် မြန်နေသည့်ခြေလှမ်းတို့နှင့် ဥဒေါင်း လုလင် ရဲ့ အိမ်ရှေ့ကိုရောက်သွားခဲ့လျှင် ...။

"ဥဒေါင်း ဘာလုပ်မလို့လဲ .."

မာဝဲ က ရှေ့ကနေပိတ်ထားလိုက်၏။ ဥဒေါင်း မရပ်ဘဲရှေ့တိုး လိုက်သဖြင့် ပခုံးစွန်းချင်း ထိခတ်မိမလိုဖြစ်သွား၏။

မာဝဲ က နောက်ဆုတ်လိုက်ပြီး ...။

"ဖွတ်တိုးမလာနဲ့နော် .. သေခါနီးလူမမာကို နင် မြန်မြန်ရိုက်သတ်ခဲ့မှာ သိရက်နဲ့ ငါ ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး .."

ဥဒေါင်း မျက်နှာက အိမ်ထဲက မီးရောင်မှာ သိသာစွာတင်းမာစူးရဲနေလျက် ...။

"ငါသတ်ချင်ရင် ဒီထိလာစရာမလိုဘူး .. ဖယ်ပေး .."

စကားသံနှင့်အတူ မာဝဲ ပခုံးတစ်ဖက်ကို ဆောင့်တွန်းပစ်လိုက်ပြီး တန်းဝင်သွား၏။ လုလင် ကို စားပွဲရှည်ပေါ်မှာ ဒီတိုင်းတင်ထားကာ ကိုယ်တစ်ပိုင်းမှာ စောင်ခြုံထားသည်။

စို့ရွှဲနေသည့် အဝတ်အစားတို့ကိုလဲပေးထားပေမယ့် ဆံပင်တွေက အသီ ခြောက်သေးပုံမပေါ်ပေ ...။ ပြီးတော့ လည်ပင်းမှာ အဝတ်စတစ်စနဲ့ စည်းပတ်ထားတာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ လက်တင်လိုက်လျှင် ...၊

"သွားမဆွဲနဲ့ .. လှုပ်လိုက်တာနဲ့ သွေးတွေထွက်လာလို့ .."

မာဝဲ အသံက စိုးရိမ်ဟန်တွေရှိနေကာ ...၊

"ကိုယ့်ရှာသားချင်း ဒီလောက်ထိဖြစ်အောင် နင်လုပ်တာလေ .."

ဥဒေါင်း က သူ့ကိုလှည့်မကြည့်ပေ ...။

"ကျောမှာလည်း သွေးထွက်နေတဲ့ ကျာပွတ်ရာတွေရှိသေးတယ်.."

သူမ စမ်းကြည့်လိုက်တော့ လုလင် တစ်ကိုယ်လုံးအေးစက်နေပြီ ဖြစ်ကာ ရင်ဘတ်နားတစ်ဝိုက်လောက်သာ ခပ်နွေးနွေးကျန်နေ၏။

"ဒီလောက်စိုးရိမ်နေတာတောင် အိပ်ရာထဲမပို့ဘဲ ဘာဖြစ်လို့လူသေကောင်လိုတင်ထားတာလဲ .."

"နင်လုပ်တဲ့ ဒဏ်ရာတွေနဲ့ သေမှာပဲလေ၊ ဆေးကုဖို့က ဆရာလည်း မနိုင်ဘူး၊ ဆေးလည်းမမီဘူး၊ အလွယ်တကူဆွဲချသွားလို့ရအောင် ဒီမှာပဲ ထားတာ ဘာဖြစ်လို့လဲ .."

ဥဒေါင်း က သူ့ကိုလှည့်မကြည့်တော့ဘဲ လုလင် မျက်နှာကိုစိုက်ကြည့်ပြီး တိတ်ဆိတ်နေ၏။

မီးရောင်က တစ်ချက်တစ်ချက် လေအဝှေ့မှာ ယိမ်းထိုးလှုပ်ရှားသွားတတ်ကာ လုလင် ရဲ့ ထူတန်းသောမျက်ခုံးအစုံနှင့် တိုစိပ်စိပ်မျက်တောင်တို့ကလည်း လှုပ်လာသလိုလို ပွင့်လာသလိုလို ...။

"မေတ္တာဆိုတာ အသွားအပြန်ရှိတယ် .."

"ခင်ဗျားအတွက် ကျွန်တော်သေလို့မဖြစ်သေးဘူး .."

"ဒီအခြေအနေမဟုတ်ရင် ကျွန်တော်မလာပါဘူး၊ ခင်ဗျားလူသတ်နေတာတွေရပ်လိုက်ပါ .."

"သူတို့ကို မသေစေချင်လို့မဟုတ်ဘူး၊ ခင်ဗျားအတွက် အန္တရာယ်ရှိလို့ပြောနေတာ .."

"လုပ်လိုက်စမ်းပါ .. ကျွန်တော်ကလည်း မကြောက်တတ်ဘူးဆို



တာ ခင်ဗျားကို ပြောပြီးသားပဲ .."

"လုလင် ..."

ဒေါသတွေ စိုးရိမ်တာတွေက ဘယ်ဟာအရင်လည်းမသိ၊ ဘယ်ဟာက ပို၍အင်အားကြီးနေခဲ့သလဲဆိုတာလည်းမသိ ...။

"ထ .. မင်း မကြောက်တတ်ဘူးဆို .. ခုထစမ်း .."

လုလင် ပခုံးနှစ်ဖက်ကို အတင်းဆွဲထူပစ်လိုက်ရင်း ...

"ဒီလောက်ဒဏ်ရာလေးနဲ့ သေလုမျောပါးဖြစ်ပြီး မာယာများမနေနဲ့၊ ထ .. မင်း ထနိုင်တယ်၊ ငါ့ကိုကြည့်စမ်း .. လုလင် .."

"ဥဒေါင်း နင် ဘာလုပ်တာလဲ .. မလှုပ်ပါနဲ့ဆိုတာကို ဆွဲခါနေရသလား .."

မာဝဲ ပြောရင်း ဖွတ်ဝင်ဆွဲသည်။ သို့သော် ဥဒေါင်း ရဲ့ ပေါက်ကွဲ ရူးသွပ်ခြင်းကို ဘယ်လိုမှ ကြားဝင်လို့မရဘဲဖြစ်နေ၏။

"တောက် .. ငါ့ကိုလူတွေဝိုင်းပြောကြအောင် မာယာများနေတာ၊ ခင်း .. ကဲဟယ် .."

"ဖြန်း ..."

ကျောနဲ့ ရင်ကို လက်ဖဝါးနှစ်ဖက်နဲ့ ညှပ်ရိုက်ပစ်လိုက်၏။ လုလင် တစ်ကိုယ်လုံး တုန်ခါသွားကာ ပျော့နွဲ့စောင်းကျနေသည့်မျက်နှာက ဓက်ကျိုးသလို စိုက်ခနဲကျသွားသည်။

"ဟင် .. နင် .. နင် ကောင်လေးကို ရိုက်သတ်ပစ်တယ် .."

မာဝဲ အသံကြီးက ဘယ်လိုမှ မယုံကြည်နိုင်ခြင်းကြောင့် ထိတ်လန့်တုန်ယင်နေ၏။ ဥဒေါင်း က လုလင် ကို ကိုင်ထားလျက်နှင့် ကိုယ့်ကိုယ်ကိုယ် ဘာလုပ်မိမှန်းမသိလိုက်သလို ကြက်သေသေသွားခဲ့သည်။

ထိုစဉ် ...

"အ ..အင်း .."

လုလင် မျက်နှာ မော့ဖို့ကြိုးစားလာ၏။ နဂါး နဲ့ တူသြားရှာသား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လည်း တံခါးဝဆီပြေးလာကြည့်ကြတာနှင့် တိုက်ဆိုင်စွာ..၊

"ကောင်လေး သတိရလာပြီ ..."

"ဆေးမြစ်သွေးထားတာ ယူခဲ့စမ်း .. မြန်မြန်တိုက်လိုက် .."

ရပ်ကြည့်နေနိုင်နေဆဲ ဥဒေါင်း လက်ထဲကနေ သူတို့တွေခေါ်သွားကြ၏။ မျက်ဝန်းမှာ မျက်ရည်စို့နေမှန်း ကိုယ့်ကိုယ်ကိုယ်သိလိုက်လျှင် သူမ ကျောခိုင်းထွက်ခဲ့၏။ သို့သော် ..၊

"ဥဒေါင်း ..."

လုလင် ၏ ခေါ်သံက ကိုယ့်ကိုလှမ်းကြည့်ပြီး ခေါ်လိုက်သလို တမ်းတမ္မေးတွေးနေ၏။ ဥဒေါင်း အမှတ်တမဲ့လှည့်ကြည့်လိုက်မိလျှင် မျက်ရည်စက်တို့ လွင့်စင်ကျသွားခဲ့၏။

အားလုံးကလည်း သူမဆီကိုလှမ်းကြည့်လိုက်ရာ မျက်ရည်တို့နှင့် သူမ မျက်ဝန်းလေးတွေကို မြင်သွားကြ၏။ တကယ်တော့ လုလင် ဘာမှ မသိသေးဘဲ ယောင်နေတာပါ။

သူမ နောက်ထပ် ကျောခိုင်းထွက်ခဲ့ရင်း ..၊

"မင်း သေလို့မဖြစ်ဘူး လုလင် .. ငါလူဆိုးမဖြစ်ချင်လို့၊ မင်း ငါ့ကြောင့်မသေရဘူး .."

ဆုတောင်းသံလား ကျိန်စာလား၊ ဒါမှမဟုတ် စိတ်ထဲရှိတဲ့အတိုင်းပဲလား ..။



အခန်း (၁၃)

"ဘာ ..."

နဂါးကြီးနဲ့ တာရာ တို့ လုလင် အိမ်ကိုသွားနေကြတုန်း ဧည့်သည်တွေရောက်လာသည်ဆိုတော့ စိတ်တိုသွားသည်။

"ဘောက် ..."

"ငါတို့ရွာကို ကောင်းကောင်းလမ်းပေါက်နေကြပြီ .."

"မဟုတ်ဘူး တာရာကြီး .."

သတင်းလာပို့သူက ခေါင်းခါပြီးဝင်ပြော၏။

"မဟုတ်ဘူး .. ဒီကို လိုက်ပို့တဲ့လမ်းပြက ငါတို့အရင်တုန်းက ဥဒေါင်း ရဲ့ သတင်းသိရမယ်ထင်ပြီး ရွာထဲခေါ်လာခဲ့ဖူးတဲ့ မုဆိုး ခွာဖိန်းရယ် .."

"ခွာဖိန်း .. ဟုတ်လား .."

မျက်လုံးထဲမှာ ခွာဖိန်း ၏ မျက်လုံးမှေးမှေး ပါးစပ်ပြဲပြဲ ခပ်ပြာပြာ မျက်နှာဖြူဖြူကို သတိရလိုက်သည်။ တောထဲမှာ ငုတ်စူးသည့်ဒဏ်ရာနှင့်တွေလို့ မေးမြန်းကြည့်ရင်း နှတ်သမီးလိုလှတဲ့ မိန်းကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ လူတစ်စုကို သေချာတွေ့လိုက်သည်ဆိုသောကြောင့် ရွာထဲခေါ်လာပြီး သေချာဆေးကုပေးခဲ့သည်။

ထိုသူပြန်ကောင်းသည်နှင့် အတူတူပြန်ထွက်ပြီး ဥဒေါင်း နောက်လိုက်ပို့ဖြစ်သည်။ ဒါပေမယ့် ပဒူအုံရွာဆိုတာ စုံစမ်းလို့ရခဲ့သော်လည်း ရွာကပျက်နေပြီဖြစ်သည်။

ထိုစဉ်က သူတို့အံ့သြနေခဲ့မိသည်။ ပဒူအုံရွာက တောင်ငယ်နှစ်လုံး၏အလယ်ကြားမှာရှိကာ တစ်ဖက်က တောပါးပါးနှင့် အဆေးပြေးလမ်းမကြီးတောင်ရှိနေသေးသည်။

ဒါပေမယ့် သူတို့သွားလာခဲ့ဖူးသည့်သက်တမ်းတစ်လျှောက်မှာ ပဒူအုံရွာကို မသိခဲ့ကြပေ ..။ ရှိနေသော ရွာစဉ်တန်းတို့နှင့်နီးပေမယ့် ပဒူအုံက တောင်ကြားသပ်သပ်ထဲကို လှည့်ဝင်မှတွေ့ရမှာမို့ သတိလည်း မထားမိခဲ့ ..။

ထို့ပြင် ရွာကတော်တော်ကြီးကာ ကြီးမားခိုင်ခန့်သည့်အဆောက်အဦးတွေတောင်ရှိနေသေးသည်။ ဥဒေါင်း ဒီရွာကိုရောက်ခဲ့သည်ဆိုတာ ဖြစ်နိုင်သလို ဖြစ်လည်းမဖြစ်နိုင် ..။

ရွာက ဘယ်တုန်းက ဘာကြောင့်ပျက်သွားခဲ့မှန်းလည်းမသိ၊ အနီးအပါးမှာ စုံစမ်းစရာရွာလည်းမရှိသောကြောင့် ထိုသတင်းအတွက် လက်လျှော့လှည့်ပြန်ခဲ့ရလေသည်။

ခွာဖိန်း က မြန်မာစကားသိပ်မတတ်သေမယ့် ကောင်းကောင်းနားလည်သည်။ အဆင်ပြေအောင်လည်း ပြန်ပြောနိုင်၏။ သူတို့ခင်ခင်မင်မင်ပဲ လမ်းခွဲခဲ့ကြတာပါ။

ရွာကိုလူစိမ်းတွေလာတာ လူကြီးပိုင်းတွေက မကြိုက်ဘူးဆိုတာလည်း ပြောပြခဲ့သားနဲ့ ဘာဖြစ်လို့ မြို့ကလူတွေကို လမ်းပြခေါ်လာရတာလဲ ..။

"အဲဒါကြောင့် ငါပြောတာ အဖေ .. အဘိုးတို့ပြောဖူးတဲ့စကားဘာလဲ .. လူကိုမကယ်နဲ့ ဒုက္ခပေးတတ်တယ်တဲ့၊ အဖေတို့ပဲ ဥဒေါင်း



အသံကြားရင် ဘာမှမသိကြတော့တာ .."

သားအဖနှစ်ယောက် ရွာထဲကိုပြန်ဝင်လာခဲ့ရင်း ဒေါသတွေဖလှယ်မိကြ၏။ နဂါးကြီးကလည်း အပြစ်တင်ခံရတာကိုကြိုက်ပုံမပေါ် ..။

"ဥဒေါင်း က ငါတို့ရွာရဲ့ နတ်ဘုရားလိုမျိုး အဖိုးတို့က တမ်းတနေခဲ့ကြတာ၊ လူကြီးတွေအားလုံးရဲ့ အသည်းနှလုံး၊ ကျက်သရေအပေါင်းရဲ့ သခင်မ၊ သူ့စိတ်ညှိုးနွမ်းနေသမျှ ငါတို့ရွာဒုက္ခတွေ့နေရတယ်လို့ အားလုံးက ယုံကြည်ကြတာ .."

"အဖေလည်းပါတယ်လေ .."

"ငါထိန်းကျောင်းခဲ့ရတဲ့ ကလေးပဲဟ .. သူပျောက်သွားတည်းက ရွာမှာမသာယာတော့ဘူး၊ လူကြီးတွေအကုန်လုံး ရူးမတတ်ပူဆွေးခဲ့ရတာ .."

ပြောရင်း သတိရမိသေးသည်။

"ဥဒေါင်း ဒုက္ခအကြီးအကျယ်တွေ့နေပြီ၊ ဒါကြောင့် ငါတို့ရွာမှာ မသာယာတော့တာ၊ ငါတို့ရွာကျက်သရေမဲ့နေပြီ .."

လို့ပြောပြီး ငိုတဲ့သူက ငို ..၊

နဂါးကြီးက တာရာ ကို ငဲ့ကြည့်ကာ ...၊

"ဘာပြဿနာတွေပဲရှိလာလာ အဲဒါက ဥဒေါင်း ကြောင့်ဆိုရင် ဥဒေါင်း ဘက်ကရပ်ပြီး ကာကွယ်ပေးရမှာပဲ၊ အဲဒါကို နင်သိထားဖို့လိုတယ် .."

တာရာ ဘာမှမပြောရသေးခင် သူတို့ရှေ့မှာပေါ်လာသည့်လူတစ်စုကြောင့် ခြေလှမ်းတွေနှေးကျသွားခဲ့၏။ အားလုံး ယောကျ်ားတွေချည်း လေးယောက်ဖြစ်ကာ နှစ်ယောက်ကတော့ လူလတ်ပိုင်းတွေပဲဖြစ်သည်။ နှစ်ယောက်ထဲမှာ တစ်ယောက်က အသက်လေးဆယ်ဝန်းကျင်လောက်ဖြစ်ကာ တစ်ယောက်က အလွန်ဆုံးရှိမှ ဆယ့်ရှစ်ဆယ့်ကိုး ..၊

"ကျွန်တော်တို့က လူပျောက်ရှာရင်း ရောက်လာကြတာပါ .."

အသက်အကြီးဆုံး ခပ်တောင့်တောင့်အသားဖြူဖြူလူက သူ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သူ မိတ်ဆက်၏။

"ကျွန်တော်က ရဲရန်အောင် ပါ၊ သူက ကျွန်တော့်ညီ ရဲမာန်၊ သူတို့နှစ်ယောက်ကတော့ ညီလေးရဲ့ သူငယ်ချင်းတွေဆိုပါတော့၊ သူက ဆေလ .. သူကတော့ ကျွန်တော်တို့ထဲမှာ အငယ်ဆုံးပေါ့၊ နာမည်က လည်း အသေးလေးတဲ့ .."

အသက်လေးဆယ်ဝန်းကျင်လူကပဲ အားလုံးကို မိတ်ဆက်ပေး၏။ မျက်နှာကလည်း ပြုံးချိုနေကာ သူတို့ရဲ့နောက်မှာရော ရှေ့မှာပါ ပတ်လည်ဝိုင်းနေသည့် ရွာသားအားလုံးကို ပြုံးပြနှုတ်ဆက်၍ ..၊

"ကျွန်တော်တို့ရောက်လာတဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်သွားကြရင် တောင်းပန်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ ဘယ်သူ့ကိုမှ အနှောင့်အယှက်ပေးဖို့မဟုတ်ပါဘူး၊ ကျွန်တော့်ညီလေး ရဲမာန်က လွန်ခဲ့တဲ့ နှစ်ထောင့်ဆယ့်တစ် နှစ်ကုန်ပိုင်းလောက်က ငှက်ပျောဆယ့်တစ်ရွာထဲက ရွာမကြီးကို အလည်လာကြတဲ့ ကျောင်းသားတွေထဲမှာ ပါလာခဲ့ပါတယ် .."

ရဲရန်အောင် က လက်ပာန်အမူအရာတွေပါပါလျက် အားလုံးမျက်နှာတွေကို လှည့်ပတ်ကြည့်၍ ရှင်းပြနေ၏။

"အလွယ်ပြောရရင် သူတို့ရဲ့ ဆရာတွေလည်းပါပါတယ်၊ လေ့လာရေးခရီးသွားကြရင်း ရွာမကြီးကိုရောက်တော့ ရိုးမတောကြီးထဲမှာ အမဲလိုက်နေတဲ့ မုဆိုးကြီးတွေနဲ့ အဆင်သင့်ပြီး သူတို့ကိုယ်တိုင် တောထဲကို လိုက်ခဲ့ကြတယ် .."

ပြောပြနေရင်း စိတ်မကောင်းသည့် အမူအရာတွေဖြစ်လာခဲ့ပြီး ...

"တစ်ခေါက်တော့ ဘာမှမဖြစ်ပေမယ့် လမ်းပြတွေခေါ်ပြီး တောနက်ထဲထိဝင်ခဲ့ကြတော့ အားလုံး လမ်းတွေပျောက် လူစုကွဲပြီး .."

"အဲဒါတွေ ကျွန်တော်က ကြုံခဲ့ရတာ .. ကျွန်တော်ပြောပြလိုက်မယ် ကိုကြီး .."

ရဲမာန် ဆိုသည့်လူငယ်က ရဲရန်အောင် ကိုပြောပြီးမှ တာရာကြီး



တို့ ဘက်လှည့်ကာ ..၊

"ကျွန်တော်တို့အားလုံး ငါးယောက်ပါ၊ လမ်းပြနှစ်ယောက်နဲ့ဆို ခုနစ်ယောက်ပေါ့၊ သူငယ်ချင်းတွေချည်းပေမယ့် ကျွန်တော့်အစ်ကိုနဲ့ ကျွန်တော်တို့က ညီအစ်ကို၊ သူ့နာမည်က စည်းစိမ်ထည် ပါ .."

ပြောလိုက်ပြီး ရွာသားတွေမျက်နှာပေါ်က အပြောင်းအလဲကို အသေအချာအကဲခတ်နေမိသည်။ 'စည်းစိမ်ထည်' ဆိုတာ ကြားပေမယ့် ဘယ်မျက်နှာမှာမှ လှုပ်ရှားပြောင်းလဲသွားတာ မမြင်ရလျှင် ..၊

"အဟမ်း ..."

ရဲမာန် စိတ်ဓာတ်ကျသည့်မျက်နှာလေးဖြစ်သွားပေမယ့် အစ်ကိုဖြစ်သူကို ပြန်ကြည့်၍ ချောင်းဟန့်အားတင်းလိုက်၏။ ပြီးမှ ..၊

"အားလုံး တစ်ကွဲတစ်ပြားစီဖြစ်ပြီး မျက်စိအောက်မှာပဲ သေတဲ့လူကသေတယ်၊ ကျွန်တော့်ကတော့ တောင်ကမ္ဘတစ်ခုပေါ်ကပြုတ်ကျပြီး သတိရလာတော့ မုဆိုးတဲတစ်လုံးထဲရောက်နေတယ်၊ ကျွန်တော်တစ်ယောက်ပဲ အသက်ရှင်ခဲ့တာပါ .."

"ဟုတ်ပါတယ်ခင်ဗျာ .. အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့ ချက်ချင်း ပြန်မရှာနိုင်ပေမယ့် ဒါပါနဲ့ဆို သုံးခေါက်ရှိပါပြီ၊ ခုတော့ ဒီရွာထိရောက်မှုးထားတဲ့ မုဆိုးကြီး ဦးခွာဖိန်း နဲ့ ဆုံမိလို့ .."

သူ့နာမည်ပါလာကာမှ ခွာဖိန်း က ရွာသားတွေနောက်ကနေ ကုတ်ချောင်းချောင်းထွက်လာ၏။

"ကျုပ်ကိုခွင့်လွှတ်ပါ .. သူတို့က ဒီရွာကြီး ဒီဘက်မှာထပ်ရှိနေသေးတာ သိသွားတည်းက တောထဲဝင်ကြဖို့ကြိုးစားနေကြတာ၊ ဒီတိုင်းဝင်ကြရင် အရင်လူတွေလိုပဲ သေကုန်မှာစိုးလို့ .. ကျုပ်က .."

"နင်မပြောနဲ့ ခွာဖိန်း .. ဘာကြောင့်ဖြစ်ဖြစ် ငါတို့ နင့်ကိုခွင့်မလွှတ်ဘူး .."

မြွတ်သားသည့် စကားသံကြောင့် ရဲရန်အောင် တို့ မျက်နှာတွေ ပျက်ကုန်ကြ၏။ တာရာကြီး မျက်နှာကတင်းမာနေကာ ခွာဖိန်း နဲ့

www.burmeseclassic.com

www.burmeseclassic.com



မြို့သားတွေကို ခြုံငုံကြည့်၍ …၊

"နင် တစ်ယောက်တည်းကို ကူညီလိုက်မိတာတောင် ငါတို့ကို သစ္စာမရှိတာ၊ ဒီလူတွေက ဘာတွေဖြစ်ဖြစ် …"

"ဒီလိုပါခင်ဗျာ … ကျွန်တော်တို့ ရှင်းပြပါရစေ …"

ရဲရန်အောင် က ရှေ့ကိုတိုးလိုက်ပြီး ခွာဖိန်း ရဲ့ဘေးမှာရပ်ကာ…

"ဦးတို့အမြင်မှာ သူက ကျေးဇူးကန်းသလိုဖြစ်မှာပေမယ့် ကျွန်တော်တို့အားလုံး သေကြေကုန်မှာစိုးလို့ သူ လမ်းပြခဲ့တာပါ၊ ဦးလေးတို့ကို ကြည့်ရတာလည်း သစ္စာမေတ္တာတရားကို တန်ဖိုးထားကြမယ့်လူတွေမှန်း ကျွန်တော်တို့ အကဲခတ်မိပါတယ်၊ သူ့ အသက်ကယ်ပေးခဲ့တာလို့ သဘောထားပြီး ခွင့်လွှတ်ပေးပါခင်ဗျာ …"

"ဒီမှာမြို့သား … ငါတို့ကို ဒုက္ခပေးခဲ့သမျှ လူစိမ်းတွေချည်းပဲ၊ ဒါတောင်မှ နင်တို့လိုမြို့ကြီးသားတွေမဟုတ်သေးဘူး၊ ဟောဒီနားတစ်ဝိုက်က ရွာတွေကပဲ …"

"ကျွန်တော်တို့က ဒုက္ခမပေးပါဘူး၊ ကျွန်တော့်ညီလေးကိုရှာဖို့အတွက် အသေခံပြီး တောထဲဝင်ကြဖို့ ရည်ရွယ်ပြီးသားပါ၊ ဒါကြောင့် ပစ္စတိုတစ်လက်ပါလာတယ်၊ ရွာမကြီးက မုဆိုးဆီက ငှားလာတဲ့ နှစ်လုံးပြူးသေနတ် …"

"ဘာ!…"

နှစ်လုံးပြူးသေနတ်ဆိုကာမှ သေနတ်မှန်းသိကာ တာရာကြီး ဒေါကန်သွားသည်။

"ဘယ်မှာလဲ နှစ်လုံးပြူး နင်တို့က …"

"မဟုတ်ပါဘူး … လုံးဝ မရည်ရွယ်ပါဘူး၊ ကျွန်တော်တို့အသက်အန္တရာယ်ရှိလာရင် ကာကွယ်ဖို့အတွက်ပါ၊ အဲဒါကြောင့်လည်း အခု ဦးလေးတို့က ကျွန်တော်တို့မပြန်ခင်သိမ်းထားမယ်ဆိုရင် ယူသိမ်းထားလို့ရပါတယ် …"

"ဘယ်မှာလဲ … ပေး …"



ပစ္စတိုဆိုတာကို သူတို့နားမလည်ပေ …။ နှစ်လုံးပြူးသေနတ်ကို ထုတ်ပေးလိုက်မှ ကျေနပ်သွားကာ …။

"ဒီကနေ ဘာလုပ်မှာလဲ …"

"ကျွန်တော် ပထမဆုံးသိချင်တာက ကျွန်တော့်ညီလေး စည်းစိမ်ထည်များ ဒီရွာကို ရောက်နေမလားလို့ပါ၊ ညီလေး ရဲမာန် ကို မုဆိုးက ကယ်တင်ထားသလိုမျိုး ဦးလေးတို့ သူ့ကိုတွေ့ရင်လည်း …"

တာရာ နဲ့ မာဝဲ တို့ မျက်လုံးချင်းဆုံသွားကြသည်။ မာဝဲ က နဂါးကြီးကိုကြည့်၏။ နဂါးကြီး မျက်နှာကတော့ တည်ငြိမ်နေလေသည်။

စည်းစိမ်ထည် ဆိုတာ သူတို့ကြားတောင်မကြားဘူးခဲ့သဖြင့် စိတ်ကို မောင်စားတာဖြစ်၏။ သို့သော် …

"တစ်ယောက်တော့ရှိတယ် …"

တာရာ က ခပ်ဖြည်းဖြည်းပြောလိုက်ရင်း သူတို့မျက်နှာတွေ ပြုံးပြုံးပျော်ပျော်ဖြစ်သွားဟန်ကိုကြည့်၍ …၊

"စည်းစိမ်ထည် ဆိုတာတော့ မဟုတ်ဘူး …"

"မဟုတ်ရင်လည်း ကျွန်တော်တို့လူစုထဲက တစ်ယောက်ယောက်ဖြစ်နိုင်ပါတယ်၊ ဘယ်သူများလဲဗျာ …"

ရဲမာန် က အားတက်သရော ရှေ့တိုးမေး၏။ သူတို့ညီအစ်ကိုနှစ်ယောက်အပြင် သူငယ်ချင်းဆိုသည့်နှစ်ယောက်ကတော့ မျက်နှာကြီးတွေတင်နေသော ရှုစ်မျက်နှာရွာသားတွေကို မကျေနပ်သည့်အကြည့်တွေနဲ့ ဖြစ်နေကြ၏။

"ပြောပြပါဗျာ … သူ့ကို အခုတွေ့လို့ရမလားဟင် …"

"ကိုမာန် … မင်းကလည်း ဟိန်းထက် လည်း မင်းနောက်က လွတ်လာသေးတာပဲ၊ ဘယ်သူကျန်သေးလို့လဲ သေကုန်တဲ့လူတွေကို မင်းမြင်တာပဲ …"

အသေးလေး မျက်နှာကလည်းတင်နေကာ မတူမတန်ဆက်ဆံနေသည့် ရွာသားတွေကိုဆက်ပြီးအောက်မကျစေချင်သည့်ပုံသံက သိသာ

www.burmeseclassic.com

www.burmeseclassic.com



လျက် ...၊

"ကိုထည် မှ မဟုတ်ဘူးဆိုရင် ကိုယ့်လူဖြစ်နိုင်စရာမှမရှိတာ .."

"မင်း အသာနေစမ်းပါ အသေးလေး ရာ .."

အသေးလေး နဲ့ မာဝဲ မျက်လုံးချင်းဆုံတော့ အသေးလေး က ဘုကြည့်ကြည့်ပြီး မျက်နှာလွှဲပစ်၏။ တမင်အဲ့ဒီလိုလုပ်ပြချင်လို့ သတိထားမိအောင် ပြောပေးလိုက်တာဖြစ်သည်။

ရဲရန်အောင် တို့ ညီအစ်ကိုတွေ ဘယ်လိုအသိုင်းအဝိုင်း ဘယ်လိုပုဂ္ဂိုလ်တွေလဲဆိုတာ မသိဘဲနဲ့ တောထဲမှာ ဖျင်ကြမ်းမလုံတလုံဝတ်နေရတဲ့ အရိုင်းအစိုင်းတွေက သူတို့ကိုယ်သူတို့ ဘာထင်နေလို့လဲ ...။

ရဲရန်အောင် က ရန်ကုန်တိုင်းရဲဌာနချုပ်က ဒုရဲအုပ်ကြီးဖြစ်သည်။ ရဲမာန် တို့က တောထဲမှာ ဒုက္ခများနေစဉ်က တာဝန်နဲ့ခရီးဝေးရောက်နေသဖြင့် ဘာမှကိုမသိခဲ့တာဖြစ်၏။

ပြီးတော့ မိဘကလည်း ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းကောင်းတဲ့လူတွေ ...။ ဒါပေမယ့် ရဲရန်အောင် ကိုယ်တိုင်က ညီအတွက်ကြောင့် ဒီလူတွေကို အောက်ကျို့ခယနေခဲ့လျက် ...၊

"ဟုတ်တယ် အသေးလေး .. ထည့် ကို လာရှာတာပေမယ့် ဘယ်သူပဲရှိနေနေ သူ့အတွက် ငါတို့လုပ်ပေးရမှာပဲ .."

"သူ နေမကောင်းဖြစ်နေတာ တစ်ပတ်လောက်ရှိပြီ နလံမထသေးဘူး .."

"ကျွန်တော် ထနိုင်နေပါပြီ .."

ဟင်!...

လုလင် ...၊

လုလင် အသံကြောင့် အားလုံးလှည့်ကြည့်လိုက်မိကြ၏။

"လုလင် .. နင် ထလာတယ် .."

"သူတို့ကိုသိလို့လား .."

ရွာသားတွေကို ဝိုင်းမေးကြစဉ် လုလင် နဲ့ ရဲရန်အောင် တို့ မျက်လုံး



ချင်းဆုံနေကြ၏။ ရဲရန်အောင် ကိုယ့်မျက်လုံးတောင် ကိုယ်မယုံနိုင်ပေ။

"ထည် ..."

တဲ်တိုးရေရွတ်ရင်း လက်ညှိုးထိုးလိုက်မိသည်။ ပြီးတော့ ...၊

"မင်း .. မင်း .. ထည် .. ညီလေး .."

"ဘယ်ကလာ .. သူက လုလင် ပါ .."

"မဟုတ်ဘူးဗျ .. အဲ့ဒါ စည်းစိမ်ထည် .. သူ့ဗွေးသား အင်ဂျင်နီယာကျောင်းသား .."

အသေးလေး က မှဲမှဲရွှဲရွှဲနှင့်ပြောကာ နဖူးကနေ ခေါင်းမှာ အလှပတ်စည်းထားသည့် အဖြူရောင်သားရေပြားကို ဆွဲဖြုတ်ပစ်သည်။

လူတစ်ယောက်လုံးကို နာမည်ပြောင်းပြီး ဝှတ်ထားလိုက်တာနဲ့ ရရောလား .. ဟာသပဲ ...၊

သူက တွေးချင်ရာတွေးပြီး ဒေါကန်နေသော်လည်း ရဲရန်အောင် နဲ့ လုလင် မျက်နှာချင်းဆိုင်နီးကပ်စွာ ရပ်မိကြလျက် ...၊

"ညီလေးနော် .."

"ဟုတ်ပါတယ် .. ကျွန်တော်ပါ .."

ရဲရန်အောင် ပြုံးလာနိုင်သော်လည်း မျက်ဝန်းမှာ မျက်ရည်ရောင်တွေလက်နေခဲ့လျက် ...၊

"ဘယ်လိုပုံစံဖြစ်နေတာလဲ ညီလေးရာ .."

မချိတရိပြောမိရင်း လုလင် ကို အားပါးတရဖက်ထားလိုက်၏။ သို့သော် လုလင် ခပ်သဲ့သဲ့ညည်းကာ တွန့်သွားတာကို သတိထားမိလိုက်ပြီး ...၊

"ညီလေး ..."

"သူ့လည်ပင်းမှာ ဒဏ်ရာရှိတယ် .."

"ဟင် .. ဘာဖြစ်တာလဲ .."

လည်ပင်းမှာ ပိတ်စတစ်ခုနဲ့ ပတ်ထားသည့် ဒဏ်ရာကို သူတို့ခုမှ သတိထားမိသည်။ ရဲရန်အောင် စိတ်မကောင်းဖြစ်သွားတော့ လူချင်းခွာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး သေချာကြည့်၏။

လူက ခပ်ပိန်ပိန်ဖြူဖျော့ဖျော့နှင့် ဆံပင်တွေက ပခုံးကျော်အောင် ရှည်ကျနေ၏။ ကိုယ့်ညီရဲ့ နဖူး ဘယ်လိုပုံလဲလို့ တစ်ခါမှ သေချာမကြည့်ခဲ့ပေမယ့် ခုကျတော့ ဆံပင်တွေအကုန်သိမ်းလှန်ထားသည့် နဖူးပြေပြေက ကကြီးပုံမကျတကျလေးထောင့်ဆန်နေကာ ဖားလျားကျနေသည့် ဆံပင်ရှည်တွေကြောင့် မဟာဆန်နေလေသည်။

လူကြမ်းပုံ ဘယ်လိုပဲဖြစ်နေပေမယ့် ဖြူနုနိုင်ကြည်သည့်မျက်နှာကျက မဟာဆန်နေတာ ပျောက်မသွားပေ ..။

"နှစ်တွေ ဒီလောက်ကြာနေပြီ၊ ဘာဖြစ်လို့ ပြန်မလာတာလဲ ညီရယ်၊ ဒီလည်ပင်းက ဘယ်လိုဖြစ်ရတာလဲ .."

"ဒီက လုပ်ထားကြတာဖြစ်မှာပေါ့ .. သူတို့က ညှော်သည်ဆို အသေမုန်းနေတာကို .."

"ဟော့ကောင်လေး .. ပါးစပ်ပိတ်ထားစမ်း .."

"ဆောရီးပါ .. အဲ .. တောင်းပန်ပါတယ်ဗျာ သူက လူငယ်မို့ပါ၊ အသေးလေး မင်း နောက်ဆုတ်နေစမ်းပါကွာ .."

ရဲရန်အောင် ကပဲ ဟိုဘက်လှည့်ပြောရ၊ ဒီဘက်လှည့်ဖာရနှင့် ပျာယာခတ်နေကာ ..၊

"ကျွန်တော်တို့ရှာနေတဲ့လူကိုတွေ့ရပြီဆိုတော့ ဒီက သူကြီးနဲ့ ကာ်ရွာလုံးကို ကျေးဇူးလည်းတင် ဝမ်းလည်းသာပါတယ်၊ ကျွန်တော်တို့ မနက်နေထွက်တာနဲ့ ဒီကပြန်မှာပါ .."

"နေထွက်မှဆိုရင် နင်တို့ဒီရွာမှာပဲ ဆံပင်ဖြူသွားကျိုးလိမ့်မယ်.."

"ဗျာ ..."

မာဝဲ က ခါးနှစ်ဖက်ကိုထောက်ထားလျက် ..၊

"ရာသီဥတုဆိုးဝါးနေတာ ကြာလှပြီ၊ နေမမြင်ရတာဆို လနဲ့တောင်ချီနေပြီလားပဲ .. တောင်ခြေတွေညို့နေတာ မမြင်ဘူးလား .. အဲဒါတွေ မလင်းသရွေ့ အချိန်မရွေး ဒီ့ထက်ဆိုးလာနိုင်တယ် .."



"ဟုတ်တယ် .. ပြန်မယ်ဆို မြန်မြန်ပြန်ကြ .."

"ဒီညတော့ အိပ်ကြပါစေ .."

"မဟုတ်ဘူး .."

ရွာသားတွေရဲ့စကားကို တာရာ က ထိုးဖောက်ကာ ....

"ဒီရာသီဥတုနဲ့ လူမမာနဲ့ မဖြစ်ဘူး .."

ထိုအခါကျမှ လုလင် ကို သတိတရလှည့်ကြည့်ကြ၏။ ရဲရန်အောင်ကလည်း သူ့ စိတ်လောသွားမိတာကို နောင်တရသွားကာ ..၊

"ဟုတ်တယ် .. ထည့် မျက်နှာဖြူဖျော့နေတာပဲကွ၊ ငါတို့မှာ ဆေးဆွပါတယ်မို့လား .."

"ကိုရဲ ..."

"ဟင် ..."

"ကျွန်တော် နေကောင်းနေပါပြီ .."

"အေးပါ သိပါတယ်၊ ဒါပေမယ့် ငါတို့က လူအင်အားများတယ်ဆေး၊ ဒီမှာ ကြာကြာနေရင် အားနာဖို့ကောင်းတယ် ..၊ ညီ မြန်မြန်နေကောင်းမှ ပြန်နိုင်မှာဆိုတော့ ပါလာတဲ့ဆေးဝါးလေးနဲ့ ဂရုစိုက်ကုမှဖြစ်မယ် .."

သူတို့စကားပြောနေတာကို အားလုံးက တိတ်ဆိတ်စွာအကဲခတ်နေခဲ့ကြသည်။ ရဲရန်အောင် ကလည်း အဲဒါကိုပဲ စိုးရိမ်နေတာဖြစ်သည်။ အသေးလေးနဲ့ ဝေလ တို့က စိတ်ဆတ်သလောက် ခြေမြန်လက်မြန်လုပ်တတ်တာတွေကြောင့် စိတ်မချနိုင် ..။

သို့သော် ...

"လုလင် နဲ့ တကယ်ဆွေမျိုးတော်တဲ့သူတွေဆိုရင် ငါတို့က အပမ်းတကြီးဘူး၊ ဒါပေမယ့် ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေမှဖြစ်မယ် .."

"လာသေးတယ် .."

အသေးလေး က မျက်နှာကွယ်၍ ခပ်တိုးတိုးပြောသည်။ သူ ဘာပြောလိုက်မှန်း ကြားသာကြားသည် နားမလည်ကြသောကြောင့် ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်လိုက်ပေ ...။

သို့သော် သူ့မျက်နှာထားကိုကြည့်ရုံနဲ့ ဘယ်လိုစကားပြောလိုက်သည်ကို အကဲခတ်လွယ်သည်မို့ မာဝဲ က မျက်နှာကြီးကို ပို၍တင်းလိုက်ပြီး ...၊

"ငါ အပိုတွေထည့်ပြောနေတာမဟုတ်ဘူး၊ နင်တို့လုံခြုံရေးအတွက်ပြောတာ .. ပေးထားတဲ့နေရာမှာနေ၊ ကိုယ်နဲ့မဆိုင်တာတွေကို စိတ်မဝင်စားပါနဲ့ .."

မာဝဲ ကပြောပြီး တာရာကြီး ကို ခွင့်တောင်းသလိုလှည့်ကြည့်သည်၊ ပြီးမှဆက်၍ ....

"လုလင် က သူတို့နဲ့ပြန်လိုက်သွားတော့မှာပေါ့ .."

"ပြန်လိုက်ရမှာပေါ့ဗျာ .."

ဝေလ က တစ်ချိန်လုံးတိတ်နေပြီးမှ ဘာတွေစုဆောင်းမျိုသိပ်ပြီးထပြောမှန်းမသိ ...၊

လေသံက မာဆတ်ဆတ်နိုင်နေသည်။ ထို့ပြင် အသေးလေးကလုံးကြီးတင်ကို ဆန်ခတ်တာမျိုး ...။

"ကိုထည် က တစ်ဦးတည်းသောသား သူ့ဗွေးသားပညာတတ်သူ ပျောက်သွားလို့ အန်ကယ်လ်တို့ ဘယ်လောက်ထိ အရှုံးတစ်ပိုင်းဖြစ်ခဲ့ကြသလဲ ခင်ဗျားတို့မသိဘူး .."

"သိစရာမလိုပါဘူး .. ငါတို့သိတာ လုလင် ပဲ၊ စည်းစိမ်ဆိုတာတွေထည်ဝါတာတွေက ငါတို့နဲ့လည်းမဆိုင်ဘူး၊ နင်တို့လည်း ငါတို့စကားထဲကို ဝင်ဝင်မပါပါနဲ့ လုလင် က တစ်ဦးတည်းသောသားဆိုပြီး ခုနကပြောတော့ သူနဲ့ ညီအစ်ကိုတွေဆိုတာ ဘာလဲ .."

မေးဆတ်မေးလိုက်တော့ ရဲရန်အောင် က ခေါင်းညိတ်ပြရင်း ...

"ကျွန်တော်တို့က ညီအစ်ကိုဝမ်းကွဲတွေပါ၊ သူ့အမေနဲ့ ကျွန်တော်တို့ အဖေနဲ့ မောင်နှမအရင်း၊ ဒါပေမယ့် ကျွန်တော်တို့ကို ဖေဖေကငယ်ငယ်တည်းက မွေးစားခဲ့တာမို့လို့ သွေးမတော်ပေမယ့် ကိုယ့်ညီရင်း



သေးလို ချစ်ရတာပေါ့ .."

နဂါးကြီးက ဘာမှဝင်မပြောသဖြင့် တာရာ ကလည်း မေးခွန်းကိုရှည်မဆက်တော့ဘဲ ငြိမ်ကျသွားသည်။ မာဝဲ က ကိုင်ထားသည့်တုတ်တိုကြီးကို တဆဆနှင့် ချောင်းဟန့်ကာ ...၊

"ငါမေးတာကို လုလင် ပဲ ဖြေစမ်းပါ၊ နင် ပြန်လိုက်သွားမှာလား"

"သူ့ကို အားနာကြောက်လန့်နေအောင် ဦးလေးက တုတ်ပြခြားပြမေးနေတာကို ဘယ်လိုလုပ်ဖြေရဲတော့မှာလဲဗျ .."

ဝေလ တို့က နည်းနည်းလေးမှ ကြက်ခေါင်းဆိတ်မခံဘဲဖြစ်နေကြ၏။ လုလင် ကို ပြန်တွေ့နေရပြီမို့ ဒီမှာလည်းနေဖို့မလိုဟုတွက်မိကြပြီး လက်သီးလက်မောင်းတန်းဖို့ပဲ ပြင်နေကြတော့သည်။

လုလင် ကလည်း ဘာမှရေရေရာရာ မဖြေသေး ...။

ရွာသားတွေနဲ့ ဝေလ တို့ ညီအစ်ကိုကြောင့် ရဲရန်အောင် မျက်စိချက်နှာပျက်နေလေသည်။ မျက်နှာပူရတာက ရဲမာန် ဖြစ်၏။

ကိုကြီးနဲ့လည်း ခင်နေကြပေမယ့် အသေးလေး တို့က ကိုယ့်သူငယ်ချင်းတွေပါ။

"ကိုဝေ နဲ့ အသေးလေး ခဏနေပါဦး၊ ကိုထည့် ကို ငါတို့မေးပါရစေ .."

"ငါတို့က သက်စွန့်ဆံဖျားလာခေါ်ကြတာပဲ ရဲမာန် ရာ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် ညီလေးကလည်း ဒီမှာနှစ်တွေကြာအောင်နေလာတာဆိုတော့ သံယောဇဉ်တွေဘာတွေဖြစ်နေမှာပဲ၊ ဒါကမေးသင့်တဲ့မေးခွန်းပါ .."

"မေးသင့်ရုံတင်မကဘူးဟေ့ .. ငါတို့က သူ့ကိုပြန်ပို့မလို့ စီစဉ်ခဲ့သေးတာ၊ သူကိုယ်တိုင် ဒီရွာသားအဖြစ်နေတော့မယ်လို့ ပြောခဲ့ပြီးသား .."

ဟင် !...၊

ရဲရန်အောင် မျက်လုံးပြူးသွားသည်။ ကြည့်လိုက်တော့ ထည့် ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



က ဝန်ခံနေတာသိသာလျက် ...၊

"ဘယ် .. ဘယ်လိုကြောင့်လဲ ညီ .. ညီ တကယ်အဲ့လိုဆုံးဖြတ်လိုက်တာလား .. ဘာဖြစ်လို့လဲ .."

စိတ်လှုပ်ရှားလွန်းသဖြင့် မေးခွန်းတွေထပ်ကုန်ခဲ့လျက် ...၊

"ပြောပါဦး ညီလေးရာ .. ဘာဖြစ်လို့မပြန်ချင်ရတာလဲ၊ အန်တီခင်ကလည်း မင်းကို .."

"မဟုတ်ပါဘူး .. အဲဒါတွေနဲ့မဆိုင်ဘူး၊ ကျွန်တော် ညကျပြောပြ ပါ့မယ် .."

"ဆိုင်ရတဲ့အကြောင်းရင်းကို ကိုကြီး မမေးသေးပါဘူး၊ အခု ညီ မျက်နှာမှာ ကိုကြီးတို့ရောက်လာတာကို ပျော်ရွှင်သွားတဲ့ပုံလည်းမပေ ဘူး၊ တကယ်ပဲ ပြန်မလိုက်တော့ဖို့ဆုံးဖြတ်ထားတာလား .."

"အဲဒါလည်း ခုမဖြေချင်သေးလို့ပါ .."

ဟင်!...

ရဲရန်အောင် ရွှေရင်ဆို့ ဖြစ်ရလေသည်။ ရဲမာန် က အံ့သြနေသော မျက်လုံးတို့နှင့် ...၊

"ညီလေး .. မင်း .. မင်း ဒီတောထဲမှာ ပျော်နေတာတော့ မဖြစ်နိုင် ပါဘူး၊ ဘာဖြစ်လို့လဲ အတိတ်တွေဘာတွေများမေ့ .."

"အတိတ်မေ့သွားရင် ငါတို့ကိုသိနေပါ့မလားကွ .."

ဝေလ တို့ရဲ့ဒေါသတွေက လုလင် ပါပါနေပြီဖြစ်၏။ ဘာပဲဖြ ဖြစ် သူတို့က ခရီးသွားစွန့်စားရတာကို ဝါသနာပါလို့လည်း မှန်သည်

ဟိန်းထက် က နှစ်နှစ်ကျော်ကြာပြီးမှ ပြန်ရောက်လာတာမို့ စည်း စိမ်ထည် မသေနိုင်ဘူးဆိုသည့် မျှော်လင့်ချက်အပေါ်မှာ စိတ်ဝင်စား တာလည်း ပါလေသည်။

ပြောကြကြေးဆို တောကြီးထဲကို ဖြတ်ရသည့် စွန့်စားမှုက အသ ကိုစတေးခဲ့ရခြင်းပဲဖြစ်ကာ လုလင် ရဲ့ ပုံစံတွေက ရင်ဝကိုဆောင့်က ထည့်လိုက်သလိုပင် ...။



ထို့ပြင် သူများညီအစ်ကိုကြားထဲ မေးခွန်းတွေမေးပြီး ဝင်မရှုပ်ချင်တော့လို့ ပါးစပ်ပိတ်နေလိုက်ရသော်လည်း စည်းစိမ်ထည် ကနေ လုလင်ဖြစ်သွားရသည့်အကြောင်းရင်းကိုလည်း သိချင်နေသေးသည်။

နာမည်နဲ့ အတိတ်တွေနိမိတ်တွေကောက်ပြီး ပြောရပါလျှင် စည်းစိမ်ထည် နဲ့ လုလင် ဆိုတာ ကျွန်နဲ့ သခင်လို ကွာခြားနေသော အဓိပ္ပာယ်တွေမဟုတ်ဘူးလား ...။

ဒီလောက် သေးနုပ်သိမ်ဖျင်းသည့်နာမည်ကို ဘယ်လိုသဘောနဲ့ ဘာအတွက်ပေးရတာလဲ ...။

တောကြိုအုံကြားမှာ အိမ်ကြီးရခိုင်ကြီးတွေနဲ့နေကြပြီး ရုပ်ကြမ်း စိတ်ကြမ်းကြီးတွေနဲ့ ပယောဂဆန်ဆန်ရှိနေသော ရှစ်မျက်နှာရွာကြီးကိုက မရိုးသားသည့်ပြယုဂ်တို့နှင့် တည်ရှိနေတာ မြင်ရုံနဲ့ သိနိုင်၏။

ဝေလ နဲ့ အသေးလေး တို့ အတွေးတွေတူညီစွာဖြင့် မျက်လုံးချင်း ဆုံမိကြ၏။

ဒါပေမယ့် အဖြေကိုမသိကြ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

သူမ သွားမည့်လမ်းရှေ့မှာ တာဓံ ကို မြင်လိုက်သဖြင့် ဥဒေါင်း ခြေလှမ်းတုံ့သွားသည်။

"ကို .. ကို .. ကို .."

တာဓံ က နောက်ကိုခုန်ဆုတ်လိုက်ကာ လက်နှစ်ဖက်ခေါင်းပေါ် တင်၍ ဘာတွေပြောနေသည်မသိ ...။ သို့သော် တာဓံ ကို စိုက်ကြည့်နေသည့် ဥဒေါင်း က ခေါင်းခါ၍ ...၊

"မလိုချင်ဘူး .. ငါ့ရှေ့ကဖယ်ပေး .."

ပြောလိုက်ပြီး ဆက်လျှောက်သွားသည်။ ရွာ၏တောင်ဘက်ခြမ်း လမ်းဆောက သွေးသွယ်ဖြူးဖြောင့်နေကာ ထိုအတိုင်းသွားလျှင် အရှေ့ ထိပ်ထောင့်က စားသောက်ပင်စိုက်ခင်းလေးတွေဆီ ရောက်မှာဖြစ်သည်။

ဥဒေါင်း ထိုနေရာကို တစ်နေ့တစ်ခေါက်ဇတော့ ရောက်သည်ဖြစ် ရာ ...၊

"ကို .. ကို .."

"ဟိတ် .. ဖယ်စမ်း .."



တာဓံ က ရှေ့ကမတားသော်လည်း သူမဆော မလှမ်းမကမ်းကနေ ခြေကားယားလက်ကားယားနှင့် သံစုံမြည်၍ပါလာသဖြင့် စိတ်တိုသွား ကာ ...၊

"တာဓံ .."

"ကျွန်တော် လွှတ်လိုက်တာပါ .. ခင်ဗျား ဟိုမရောက်ခင်ပြောစရာ ရှိလို့ .."

လုလင် အသံကိုကြားလိုက်ရ၏။ တာဓံ က ဝမ်းသာအားရတစ် ချက်ခုန်ပြီး ပျောက်ကွယ်သွား၏။ လုလင် က ဥဒေါင်းရှေ့မှာလာရပ် လိုက်ပြီး ...၊

"ဥဒေါင်း .."

ချည်ကြမ်းနဲ့ ထမိနီညိုရောင်ရင့်ရင့်နှင့် ပန်းရောင်ဝတ်ထားသည့် ဥဒေါင်း မျက်နှာလေးက ပန်းနုရောင်ပွင့်ဖက်လေးလို နုမွတ်ဝင်းစက် နေသည်။

တောထဲတောင်ထဲမှာ သွားလာနေတာတောင် ဇြိတွယ်ရှုပ်ထွေးခဲ့ ခြင်းမရှိခဲ့ဘူးသော ဆုတောင်းကောင်းသည့် ဆံနွယ်တွေက သူမရဲ့ခြေသလုံး ပတ်ဝန်းကျင်လောက်မှာ ဝတ်ရုံလွှာပါးကဲ့သို့ ခုပ်လွန့်လွန့်လှုပ်ခတ်နေ၏။

သူမကို ကြည့်လိုက်မိတိုင်း ခဏထားမွေ့မျောငြိမ်သက်သွားခဲ့ရ သည့်အဖြစ်တွေကို ဗိနေ့ထိ ကြည်နူးနှစ်သက်ခဲ့မိသော်လည်း တစ်ပါးသူ တွေအတွက် ဒီလိုဖြစ်လို့မဖြစ် ...။

"ကျွန်တော် တစ်ခုလောက်မေတ္တာရပ်ခံချင်တယ် .."

"မင်း ငါ့ရှေ့ကိုရောက်လာတိုင်း ဒီစကားမျိုးပဲကြားရတာ ငါနားတော် ပျက်နေပြီ .."

"ခင်ဗျားက မမြင်ချင်ပါဘူးလို့ပြောခဲ့ပြီးမှ ကျွန်တော်က ထပ်လာ ရတော့ ကျွန်တော်လာရတဲ့အကြောင်းကို ကြိုပြောနေရတာတွေပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီနေ့တော့ ခါတိုင်းထက်ပိုပါတယ် ..."

သူ ဆက်မပြောသေးဘဲနေပေမယ့် မျက်လုံးချင်းဆုံမိဖို့ဆုတောင်းက မပြည့်ခဲ့ပါ။ ဦးဒေါင်း က မျက်ဝန်းလေးတွေကို တခြားမှာလွှဲထားခဲ့လျက် သူ့ထံတစ်ချက်မှ မရွေ့ ...၊

နှစ်တွေကြာခဲ့ပေမယ့် ဦးဒေါင်း ဆီက တစ်စိုးတစ်စိသော နူးညံ့မှုလေးသော်မှ သူ မရခဲ့ပါလား ...။ ရင်ထဲမှာ ဆွေးသွားမိသည်။

သူ့အတွက် ဒီနေ့မှာ အရေးကြီးသောဆုံးဖြတ်ချက်ကိုချရတော့မည်မို့ အူလိုချင်တာက သူမဆီကအကြည့်လေးတစ်ချက် ဒါမှမဟုတ် ကြည်နူးမျှော်လင့်ချင်ဖွယ်စကားလေးတစ်ခွန်းသာ ...။

"ကျွန်တော် သေကောင်ပေါင်းလဲဖြစ်နေတုန်းက ဦးဒေါင်း ကျွန်တော့်ကို လာကြည့်သွားတယ်ဆိုတာ ..."

"ငါ မင်းကို သေအောင်သတ်ခဲ့တာမဟုတ်ဘူး၊ ဒါကြောင့် ငါ သတ်တာမဟုတ်ဘဲ ငါ့ကြောင့်မသေစေချင်လို့ ..."

"ကျွန်တော်ကသေချင်ခဲ့တာပါ .. ဒါပေမယ့် ခင်ဗျားက မသေစေချင်တဲ့အတွက် ကျွန်တော်အသက်ပြန်ရှင်လာခဲ့တာ အဲဒါ ခင်ဗျားအတွက်ပါပဲ ..."

"မင်းအတွက် ဘာလိုလိုထင်စရာတွေ ဖြစ်သွားတယ်ဆိုရင် မတတ်နိုင်ဘူး၊ ငါရခဲ့တာကတော့ နောင်တပဲ၊ ယောကျ်ားဆိုတာ သနားသင့်တဲ့ သတ္တဝါတွေမဟုတ်ဘူး ..."

ရင်ထဲမှာနာကျင်သွားသည်။ ဦးဒေါင်း က ပြောပြီးတာနှင့် ဆက်လျှောက်၏။ လုလင် သူမရှေ့ကနေ ပိတ်ရပ်ထားလိုက်ကာ ...၊

"ဦးဒေါင်း ကျွန်တော့်ကို ကယ်လိုက်မိတာ နောင်တရနေတယ်လို့ ပြောလိုက်တာလား ..."

ရှေ့မှာနီးကပ်စွာတားဆီးလိုက်သည့်အတွက် ဦးဒေါင်း မျက်နှာ



တင်းသွားသည်။ ဒီလိုအခွင့်အရေးယူတာမျိုးကို သူမ အမုန်းဆုံး ...။

"မင်း ငါ့ရှေ့ကဖယ် ..."

"ကျွန်တော်မေးတာကိုဖြေခဲ့ပေးပါ၊ ကျွန်တော့်မှာ 'ဦးဒေါင်း က ငါ့ကိုမသေစေချင်ဘူး' ဆိုတဲ့ အသိစိတ်လေးတစ်ချက်နဲ့ ပြန်ပြီးရပ်တည်ခဲ့ရတာ၊ ခင်ဗျားရှေ့မှာရပ်နေတာ ခင်ဗျားအသက်သွင်းထားတဲ့အရုပ်ပဲ မမြင်ချင်ရင် စိတ်တိုင်းကျစီရင်လို့ရပါတယ် ..."

"မင်း ငါ့ကို ဒီပုံစံလုပ်လာပြန်ပြီလား လုလင် ..."

လုလင် က ဘာမှမပြောဘဲ စူးစိုက်ကြည့်နေသည့်မျက်ဝန်းလေးတွေကို လက်လွှတ်ဆုံးရှုံးသွားမှာစိုးသည့်နှယ် တစ်ချက်မှ မလှုပ်ရှားဘဲငေးကြည့်နေခဲ့၏။

"မင်း ငါ့ဆီက ဘာစကားမျိုးကြားချင်နေတာလဲ ..."

"ခင်ဗျားရဲ့မုန်းတီးမှုတွေထဲမှာ ကျွန်တော်မပါဘူးဆိုရင် ကျွန်တော်ဘယ်လိုလူလဲဆိုတာ ခင်ဗျားနားလည်နေလို့ပါ၊ အဲဒီအတွက် ကျွန်တော်က သူများတွေနဲ့မတူတဲ့ တစ်စုံတစ်ခုလောက်မရနိုင်ဘူးလား ..."

ဦးဒေါင်း က မျက်နှာကိုဆတ်ခနဲလွှဲပစ်လိုက်သည်။ ပုံကျနေ့ထွေးသည့် နှုတ်ခမ်းလွှာလေးတွေက ရှေ့က ဘေးက ဘယ်ကကြည့်ကြည့်မြတ်နိုးတပ်မက်ဖွယ်အတိပြီးလျက် ...၊

"မင်းရဲ့ အကြိမ်ကြိမ်အခါခါ အမှတ်မရှိပေးဆပ်နေတဲ့ နာကျင်မှုတွေကို ငါ ဥပေက္ခာမထားနိုင်တာပဲ၊ အဲဒါ လူသားဆန်နေသေးတဲ့ ငါ့ရဲ့ညှို့သက်မှုပဲ လုလင် .. နောက်ထပ် ဘာမှမပါဘူး ..."

"မဟုတ်ဘူး ..."

လုလင် က ဆုံးဖြတ်ပြီးသားပါ။ ဒီနေ့ သူ့ရင်ထဲမှာရှိတာတွေကို ကုန်စင်အောင်ဖွင့်ပြောမည်။ သူမရင်ထဲမှာရှိတာကိုတော့ သိခွင့်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သူ မတောင်းဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ပြောမိတဲ့အပြစ်ကြောင့် သေဒဏ်ထိုက်ပါစေ ..၊

"သံယောဇဉ်ဆိုတာ လိုသလောက် ပုံချပေးလို့မရဘူး၊ ဥပေက္ခာမထားနိုင်ဘူးဆိုတာ သံယောဇဉ်ကြောင့်ပဲ၊ ကျွန်တော့်ကို ခင်ဗျား သံယောဇဉ်ရှိနေတယ်ဆိုရင် .."

"မရှိဘူး .. သံယောဇဉ်တွေမေတ္တာတွေ ငါနားလည်းမလည်ဘူး၊ သိလည်းမသိချင်ဘူး .."

"ခင်ဗျားကမသိချင်ပေမယ့် ခင်ဗျားရဲ့စကားတစ်ခွန်းက ကျွန်တော့်ဘဝတစ်ခုလုံးမှာအရေးကြီးနေတယ်ဆိုရင် တစ်ခုတော့ ဖြေပေးပါ၊ ကျွန်တော် အသက်ရှင်နေလျက်နဲ့ ခင်ဗျားနားကိုမလာဘဲမနေနိုင်ဘူး၊ တစ်နေ့လောက်မှ မမြင်ရရင်လည်း ဘယ်လိုမှမနေတတ်ဘူး၊ အဲဒါကို မကြိုက်ဘူးဆိုရင် ကျွန်တော့်ကို သတ်ပစ်လိုက်ပါ .."

ဥဒေါင်း ဆတ်ခနဲလှည့်လာသည်။ စိုးရိမ်ထိတ်လန့်သွားသည့် မျက်ဝန်းတွေတော့ မဟုတ်ပေ ..။ ဒေါသများနှင့် ရူးရူးရဲရဲဖြစ်လျက်..၊

"ငါ့မှာ လက်နက်ကိုင်ထားတာမမြင်လို့ ပြောရဲနေတာလား လုလင်ပွန်း .. ယောက်ျားတွေပါးစပ်က ဒီလိုစကားတွေက ငါ့အတွက် တောချေးအနံ့သလောက်တောင် မသာယာဘူး၊ မင်း ခုချက်ချင်းထွက်သွား .."

လုလင် က ထွက်မသွားသည့်အပြင် ရှေ့ကိုတိုးလိုက်၏။ ဒေါသသည် အံ့ဩခြင်းပါရောလျက် သူမနောက်ဆုတ်ဖို့တောင်မေ့၏။

"ကျွန်တော် ခုတစ်ခါထွက်သွားခဲ့ရင် ဒီတောကြီးကိုပါ ထားခဲ့ရတော့မှာ .. ဒါပေမယ့် .."

လုလင် က သူမရှေ့ကိုထပ်ကပ်လိုက်ကာ မထိတထိရင်ခွင်လွှာနှစ်ခု၏ ရှိန်းမြွှေးထွေးသောအငွေ့အသက်မှာ ခဏတစ်ဖြုတ်မေ့မူးခဲ့လျက် ..၊

"ကျွန်တော် အဲ့ဒီလို ဘယ်တော့မှဆုံးဖြတ်မှာမဟုတ်ဘူး .."



မျက်ဝန်းတို့ဆုံဆည်းခဲ့ကြ၏။ ရွာထဲမှာဘာတွေဖြစ်ပျက်နေတာကို ဥဒေါင်း သိသည်။ သူ ဘာပြောနေတယ်ဆိုတာလည်းသိ၏။

လှိုက်ဟာပူလောင်နေသည့် ကိုယ့်ရင်ထဲက တစ်စုံတစ်ရာသောကြေကွဲခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် မကျေနပ်နိုင် ..။ သူမ ဒီလိုခံစားမှုမျိုးကို လက်မခံနိုင်ပေ ..။

အားလုံး သို့မဟုတ် တစ်စုံတစ်ယောက်ကို မုန်းတီးနေရသည့်ခံစားချက်မျိုးက မဆန်းပေမယ့် ဘာမှန်းမသိပူလောင်နေရခြင်းကိုမုန်းသည်။

တရားခံမဲ့ ပစ်မှတ်မရှိသော ပူလောင်ရခြင်းကြောင့် ဒါကို ဘယ်လိုဖြေရှင်းရမည်မှန်းလည်းမသိရခြင်းနှင့် ပတ်သက်၍ ..၊

"ကျွန်တော့်အတွက် ခင်ဗျားရင်ထဲမှာ ဘာခံစားချက်မှမရှိဘူးဆိုရင်လည်း ကျွန်တော့်ဘက်က တစ်ဖက်သတ်ခံစားခွင့်နဲ့ပဲ ကျေနပ်သွားနိုင်တယ်၊ အဲ့ဒါ ခင်ဗျားကို ကျွန်တော်ချစ်လို့၊ မြတ်မြတ်နိုးနိုးချစ်တယ်၊ တစ်သက်လုံး အရိပ်တကြည့်ကြည့်နဲ့ ကြင်နာမြတ်နိုးသွားမယ် .."

သူမထံမှ မောင်းထုတ်အော်လွှတ်သည့်စကားသံတွေ တိတ်ဆိတ်ပျောက်ဆုံးနေခဲ့သည်။ မျက်နှာလွှဲ၍ ကျောခိုင်းသွားခြင်းလည်းမပြုခဲ့ဘဲ လုလင် မျက်နှာကိုပဲ စူးစိုက်ကြည့်နေခဲ့၏။

"ဒီနေ့ပြောမှဖြစ်မှာမို့ ကျွန်တော့်ခံစားချက်ကိုပြောပြတာပါ .. အခု ထပ်ပြောချင်တာက သူတို့က ကျွန်တော့်အတွက်လာတဲ့ ညီအစ်ကိုတွေပါ၊ ဒီရွာသားဖြစ်တဲ့ ကျွန်တော့်မျက်နှာကို နည်းနည်းငဲ့ပြီး .."

"ငါ လူသတ်သမားမဟုတ်ဘူး .."

ဥဒေါင်း က မျက်နှာလွှဲပစ်လိုက်ပြီး ..၊

"ဒါပေမယ့် သတ်ပစ်ချင်စိတ်ပေါက်လာတဲ့ ငါ့ရဲ့စိတ်အလိုကိုလည်း ငါ ဘယ်တော့မှချုပ်ထိန်းမှာမဟုတ်ဘူး၊ မင်း ငါ့ကို တောင်းပန်နေမယ့်အစား အဲ့ဒီလူတွေကိုပဲ သတိပေးလိုက် .."

www.burmeseclassic.com

www.burmeseclassic.com



"ဥဒေါင်း ..."

သူမက လှည့်ထွက်သွားသည်။ သူက နောက်ထပ်ခြေလှမ်းရွေ့ပြီး ကာဆီးထား၏။ ဥဒေါင်း ၏ လက်တစ်ဖက် ဖျတ်ခနဲဆန့်ထွက်သွားကာ သူ့လည်မျိုမှာ လက်ချောင်းထိပ်တို့ဖြင့် ဖိထောက်ကုပ်ထားလိုက်ပြီး ...၊

"ငါ့ကိုတားဆီးရအောင် မင်းက ဘာမို့လို့လဲ .."

"ဘာမှမဟုတ်တဲ့အပြင် ခင်ဗျား ကြိုက်သလိုစီရင်ဖို့ ဒူးထောက်အရှုံးပေးထားခဲ့တဲ့ကောင်ပါ .."

လုလင် က လက်နှစ်ဖက်စုံချထားကာ နည်းနည်းမှလည်းမလှုပ်၊ ရုန်းလည်းမရုန်းဘဲ ကြောက်လန့်သွားပုံလည်းမရှိ ...။

"လုပ်လိုက်ပါ .. ခင်ဗျားပေးထားတဲ့ဒဏ်ရာ အလတ်ကြီးရှိသေးတယ်၊ လက်နည်းနည်းရွှေ့ပြီး ဒဏ်ရာပေါ်ကိုထိဖိစိုက်လိုက်ရင်ပြီးပြီ.."

ဥဒေါင်း မျက်နှာလေးကွက်ခနဲပျက်သွားသည်။ ပြီးတော့ ဖိစိုက်ထားသည့် လက်အားက သိသာစွာလျော့ကျသွားလျက် ...၊

"တောက် ..."

လက်ကိုလွှတ်လိုက်ပြီး တက်ခေါက်၍ ...၊

"အဲဒီဒဏ်ရာကို ငါ လိုက်ပေးတာမဟုတ်ဘူး၊ ဖြစ်လာတော့ ငါက ရက်စက်တယ် .. မင်းကို .."

"ကျွန်တော် အဲ့ဒီလိုမပြောခဲ့ဘူး ဥဒေါင်း .. ကျွန်တော့်အတွက် ဘာခံစားချက်မှမရှိဖြစ်နေတဲ့ မျက်နှာကို မြင်နေရတာထက် ဒေါသထွက်နေတာ မုန်းနေတာက ကောင်းပါတယ် .."

"ဘာပြောတယ် .."

"အဲ့ဒီလိုဖြစ်အောင် တမင်ဖန်တီးနေတာမဟုတ်ပါဘူး၊ ခင်ဗျားရင်ထဲက ဖြစ်လာတာတွေပါ၊ ဒါကို ကျွန်တော်က ကျေနပ်ခဲ့ရတာ၊



ခင်ဗျားဒေါသကို ကျွန်တော်မကြောက်ဘူး ဥဒေါင်း၊ မုန်းနေတာကိုလည်း ချစ်လာအောင် မကြိုးစားဘူး၊ သေသွားခဲ့ရင် ကျွန်တော်က သေလောက်အောင်ချစ်ခဲ့တဲ့ကောင်ပဲ .. ခင်ဗျားရဲ့အချစ်ကိုရခဲ့ရင်တော့ ကျွန်တော့်အချစ်က စစ်မှန်ခဲ့လို့ပေါ့ .."

သူ့စကားတွေက ပြန်လည်ထိုးနှက်ဖို့မလွယ်အောင် တိကျခိုင်မာနေခဲ့သည်။ ပြီးတော့ ပတ်တီးဖြူဖြူစည်းထားသည့် လည်ပင်းကို လက်ဖြင့် ပြန်ကိုင်လိုက်ပြီး သူမကိုစိုက်ကြည့်၍ ...၊

"ကျွန်တော့် တောင်းဆိုချက်ကို ခင်ဗျားသိစေချင်ရုံပါ၊ သူတို့ကို ကျွန်တော် တားဆီးမှာပါ .."

ပြီးတော့ ခဏရပ်နေသေးသည်။ သူ ထွက်သွားမှ သတိထားမိလိုက်တော့ လည်ပင်းကပတ်တီးစမှာ သွေးစတို့စွန်းထင်းနေ၏။

ဥဒေါင်း ဆံနွယ်တို့တလွင့်လွင့်နှင့် လူကတော့ ကြောက်ဆစ်ရပ်လေးလို ဒီတိုင်းရပ်ကျန်ခဲ့လေသည်။ တောထဲမှာ ပတ်တီးဖြူဖြူကို မသုံးကြပါ။

ညွှန့်သည်တွေ သူ့ကိုဂရုစိုက်ထားကြတာကို တွေးမိလိုက်သည်။ ဒီဒဏ်ရာ ဘာကြောင့်ရလာတယ်ဆိုတာလည်း သိနေကြပြီထင်သည်။

တာရာကြီး ညကလာပြောသွားသည့်စကားတွေထဲမှာ လုလင်အတွက် နှမြောလွမ်းဆွတ်ဟန်တွေနှင့် ...။

"သူ ပြန်လိုက်သွားမယ်ဆိုရင် ငါတို့နစ်နာတယ် ဥဒေါင်း .. သူက လူကောင်းပေမယ့် ငါတို့ရွာမှာ ရတနာတွေရှိနေတာ၊ တခြားတန်ဖိုးကြီးတဲ့ တောတွင်းရတနာတွေရှိနေတာရော အကုန်လုံးပေါက်ကြားကုန်မှာပဲ၊ အထူးသဖြင့် နှင့်ရဲ့သတင်းတွေကို မြို့ကလူတွေ စိတ်ဝင်စားကြမှာ.."

"သူကိုယ်တိုင် နှင့်ကိုစွဲလမ်းပြီး ဒီမှာနေဖို့ဖြစ်သွားတာလေ၊ အဲဒါကို တခြားလူတွေယုံအောင်သူပြောမှာ၊ ငါတို့က မကြိုက်ပါနဲ့လို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ခွဲထားလို့မဖြစ်ဘူး၊ မပြောပါနဲ့လို့တားလည်း ကွယ်ရာမှာ ငါတို့ဘာ တတ်နိုင်မှာလဲ၊ နင့်ကို မပြောချင်ပေမယ့် လုလင် ပြန်မသွားသင့်ဘူးဆို တာ နားလည်ရင် နင် ဘာလုပ်သင့်တယ်ဆိုတာလည်း တွေးမိမှာပဲ ..”

“သူ့လူတွေက တော်တော်ရိုင်းစိုင်းတယ်၊ ငါတို့ကို တောတွင်း သားလူရိုင်းတွေလို့ပြောပြီး .. သူတို့ကျတော့ ငါတို့ထက်အများကြီးပို ရိုင်းသေးတယ် .. ဟို အကြီးတစ်ကောင် အငယ်တစ်ကောင်ကို မာဝဲ တို့ကလည်း မကျေနပ်ကြဘူး ..”

ပြောသွားသမျှကိုတွေးရင်း မျက်နှာလေးမှောင်၍ ခေါင်းခါပစ်မိ သည်။ လုလင် ပဲ ဖြစ်ဖြစ် ဘယ်ယောကျ်ားဖြစ်ဖြစ် သူတို့နဲ့ပတ်သက် သောအကြောင်းအရာတွေကို သူမ စိတ်မဝင်စားပေ ..။

စိတ်ဝင်စားဖို့တွေးကြည့်လိုက်ပေမယ့်လည်း ဝင်စားလို့မရ ..။ ငှဲညာ သည့်အတွက် ပူလောင်ရခြင်းထက် မှန်းတီးနေရသည်က ချိမြိန်၏။

တကယ်တော့ သံယောဇဉ်ဆိုတာ မှန်စာတိုက်ထားသည့်ကြိုး ..။



အခန်း (၁၅)

“ဘာ!...”

မယုံနိုင်သည့် ဘာသံက တော်တော်ကျယ်သွားခဲ့သည်။

“သံယောဇဉ်ဖြစ်နေလို့မဟုတ်လား .. ဒီရွာကိုသံယောဇဉ်ဖြစ်နေ ဘယ် ..”

ရဲမာန် က ထပ်ခါထပ်ခါမေးပြီး ရဲရန်အောင် ကို လှမ်းကြည့်သည်။ ရဲရန်အောင် ကလည်း စိတ်ညစ်နေသည့်မျက်နှာနှင့်ပါ။ ဒါပေမယ့် လူကြီး ဒီဝီ နားလည်ဖို့ကြိုးစားနေရသည့်အပြုံးနှင့် ..၊

“အေးပါ .. သံယောဇဉ်ဆိုတာ ဘယ်နေရာမှာချည်မယ် နှောင်မယ် ဆိုပြီး ရွေးချယ်ထားလို့ရတာမျိုးမှမဟုတ်တာ၊ မင်း စိတ်သာယာတဲ့နေရာ မှာ နေချင်တယ်ဆိုတာ ကိုကြီး နားလည်ပါတယ်၊ ဒါပေမယ့် လူဆိုတာ ဓါတ်အသိုင်းအဝိုင်းနဲ့ ယုံကြည်ကိုးကွယ်မှုနဲ့ ရပ်တည်ရှင်သန်ရတာ သည် ..၊ ဆုံးဖြတ်ချက်တိုင်းက မှန်တာဖို့လိုတယ် ..”

“ဟုတ်တယ် ထည် .. မင်း မိဘကိုငဲ့သင့်တယ် ..”

“ဘာကိုမှ မငဲ့ချင်ဘူးဆိုရင်လည်း မင်းဘဝကို အကောင်းဆုံးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အောင် မင်းပဲဖန်တီးရမှာ၊ အဲ့ဒါ ဒီတောထဲမှာ မဟုတ်ဘူး ..."

"ဘဝဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် နှစ်သက်သာယာမှ အဓိပ္ပာယ် ရှိတာ ကိုရဲ .. အကောင်းဆုံးဖြစ်နေခြင်းမနေခြင်းကို ဘယ်သူက ဆုံးဖြတ် မှာလဲ .. ကျွန်တော် ထူထောင်ချင်တဲ့ အကောင်းဆုံးဘဝက ဒီတောထဲ မှာပဲ .."

ရဲရန်အောင် ငိုင်သွားသည်။ ရဲမာန် က လက်မခံနိုင်သလို ခေါင်းခါ ၏။ မိုးလင်းတည်းက ထွက်သွားကြသည့် အသေးလေး နဲ့ ဝေလ တို့ဖ အနားမှာရှိလျှင် ဘယ်လောက်ကဲ့ရယ်လိုက်မလဲ ..။

ဒါတောင် သူတို့ရောက်လာတာကို ဝမ်းသာအားရမဖြစ်သည့် ထည် ပုံစံကြောင့် ညတည်းက ကောက်ချက်ချခဲ့သည်။

"ထည့် ကို ကြည့်ရတာ တောထဲက ပြန်ချင်ပုံမပေါ်ဘူး .." တဲ့

"ကေန္တ ကိုထည် စွဲလမ်းစရာတစ်ခုခုတွေ့နေတာထင်တယ် ကျွန်တော်မြင်သမျှတော့ အဘွားအိုတွေ ဒေါ်ကြီးတွေချည်းပဲ၊ မိန်းမငယ် ရှိတော့လည်း ချိုးကျိုးနားရွက်ပဲ့၊ အသားမည်း နှုတ်ခမ်းလန် .." ဖြ ပြောရင်း ကဲ့ရဲ့လိုက်တာ မဲ့မဲ့ရွဲ့ရွဲ့ ..။

"ကိုကြီးကို ပွင့်ပွင့်လင်းလင်းပြောပါလား ထည်၊ ငါ့ညီ မပြန်ချင် တာ ရှာကိုသံယောဇဉ်တွယ်နေတာသက်သက်နဲ့ ဟုတ်ရဲ့လား .. ဒါ့ထက် များပိုစရာတွေ့နေတာလား .."

ရဲရန်အောင် ကလည်း ရိပ်မိလာသဖြင့် ပွင့်ပွင့်လင်းလင်းဖွင့်မေး သည်။ လုလင်က မျက်လွှာတစ်ချက်ပင့်ကြည့်ပေမယ့် ခေါင်းမခါသလို ငြင်းလည်းမငြင်း ..။

"ဟုတ်နေတာလား ညီလေး .. ဒီတောထဲမှာ တွေ့နေတဲ့တော မိန်းကလေးတစ်ယောက်အတွက်နဲ့တော့ .."

"ချစ်ခြင်းမေတ္တာကို အနားသတ်မျဉ်းသားဖို့မကြိုးစားပါနဲ့ ကို မိန်းကလေးတစ်ယောက်ဖြစ်ဖြစ် တိရစ္ဆာန်လေးတစ်ကောင်ကိုဖြစ် ဘဝနဲ့ရင်းပြီးချစ်လို့ရတယ် .."



"ဟုတ်ပါတယ် မှန်ပါတယ် .. ကိုကြီးစကား မဆုံးသေးပါဘူး၊ ခုပြောပုံအရဆိုရင် ညီလေး ဘာကိုစွဲလမ်းနေသလဲဆိုတာ ကိုကြီး သိသွား ပြီ၊ မိန်းကလေးတစ်ယောက်ကို စွဲလမ်းမိတဲ့အတွက် တောထဲမှာပဲနေဖို့ ဆုံးဖြတ်စရာမလိုပါဘူး၊ မင်းပြောသလိုပဲလေ ကိုကြီးတို့ ဖေဖေတို့က မင်းကိုမှ ဆုံးရှုံးမခံနိုင်တာ၊ မင်းက ချစ်နေတယ်ဆိုရင် ဘာကိုဖြစ်ဖြစ် လက်ခံပေးကြမှာပါ .."

"ကျွန်တော်တော့ သူ အဲ့လောက်ချစ်ရလောက်အောင် ဒီမှာ ဘယ် သူ့မှ .."

"မာန် ..."

ရဲရန်အောင် က ရဲမာန် ကို ဟန့်တားလိုက်ကာ လုလင် ထိုင်နေ သည့် တန်းလျားအစွန်းမှာ ပြောင်းထိုင်လိုက်၏။

"သူက ဘယ်မှာလဲ ထည် .."

"သူဘယ်မှာဖြစ်ဖြစ် ကိုရဲ တို့ စိတ်ဝင်စားလည်းအပိုပါပဲ .."

"ဘယ်လို .."

"အဲ့ဒီအကြောင်းမပြောချင်တော့ဘူး၊ ဖေဖေ့ကို ပြန်ပြောပြပေးပါ၊ ဟိုတုန်းတည်းက ကျွန်တော်တို့ ဒီလိုပဲနေလာခဲ့ကြတာ၊ ဖေဖေ့မှာလည်း စည်းစိမ်ခြွေရံနဲ့ ဇနီးကောင်းတစ်ယောက်နဲ့ ကျွန်တော့်ကိုလည်း ပျော်ရာ မှာနေခွင့်ပေးပါလို့ .."

"ညီလေးရာ .."

"ကျွန်တော့်အတွက် ဒီနေရာက ရိုးစင်းတယ်၊ နွေးထွေးတယ်၊ ကျွန်တော် သူ့အချစ်ကိုရရင် ဒီ့ထက်ပြည့်စုံသာယာတဲ့နေရာမရှိနိုင်တော့ ဘူး၊ အဲ့ဒါပါ ထည့်ပြောပေးပါ .. ကိုရဲ့တို့ အမြန်ဆုံးပြန်ဖို့ ကျွန်တော် ကူညီပေးမယ် .."

"မင်း သူ့အချစ်ကိုမရသေးဘူး ဟုတ်လား .."

မေးရပေမယ့် ဖြေသံပြန်ထွက်မလာတာကိုလည်း နားလည်ပေးနေ ရသည်။ သို့သော် သူမက ဘယ်သူလဲ ဘယ်လိုအဆင်းသဏ္ဌာန်မျိုးလဲဆို

www.burmeseclassic.com

www.burmeseclassic.com



တာ အစကထက် ပို၍စိတ်ဝင်စားလာမိသည်။

တက္ကသိုလ်မှာဆို စည်းစိမ်ထည် ဆိုတာမသိတဲ့ မိန်းကလေးမရှိတဲ့ ပေါ်ပြူလာတစ်ယောက်ပါ။ ချစ်သူရည်းစားမရှိခဲ့ဘူးတဲ့ ယောကျ်ား လည်းမဟုတ် ..၊

မြို့မှာ တကယ့်အချောအလှ ပညာတတ် လူကုံထံချင်းကျတော့ ဒီလိုအသံမထွက်ခဲ့ဘဲ တောခေါင်ခေါင်မှာ လူရိုင်းသာသာနေကြတဲ့ ပတ် ဝန်းကျင်က မိန်းကလေးကိုမှ ..၊

"ကိုရဲ ထူးဆန်းသွားတယ်မို့လား .."

"ဟုတ်တယ် .. မင်းပြောတဲ့ .."

"ကိုရဲတို့ နားလည်နိုင်မှာမဟုတ်ပါဘူး .."

"ဘာဖြစ်လို့ နားမလည်နိုင်ရမှာလဲ ညီရာ .. ဘယ်လိုမိန်းကလေး မျိုးလဲဆိုတာသာ ပြောစမ်းပါ၊ မင်းက မြတ်နိုးတယ်ဆိုရင် ကိုကြီးတို့ဘ လက်ခံပေးနိုင်ရမှာပေါ့၊ နားလည်မပေးနိုင်ဘူးဆိုတာလည်းမရှိစေရဘူး"

"သူ့ကိုယ်တိုင်က သူ့ကို သူများတွေနားလည်ဖို့ကြိုးစားမှာမဟုတ် လို့ပါ .."

"ညီလေး .. မင်းရဲ့ မိန်းကလေးက .."

သူ ဘာဆက်မေးရမယ်မှန်းမသိ၊ မေးခွန်းက ဒီနားမှာပဲရပ်သွား မယ် .."

"ညှိုသည် .. ဟေး .. ညှိုသည်ခေါင်းဆောင် .."

အိမ်ပြင်ကနေခေါ်သံက အိမ်ရှင်က ညှိုသည်ကို ပျူငှာတာမျိုး ဟုတ်ဘဲ ဒေါသတကြီးစိန်ခေါ်သံပေါက်နေခဲ့လျက် ..၊

"လုလင် .. မင်းရဲ့ညှိုသည် အဲ့ဒီထဲမှာလားဟေ့ .."

"နေ .. နေ .. ကိုကြီး သွားလိုက်မယ် .."

သူ့ဒဏ်ရာတွေက ရင်းတဲ့နေရာတွေမှာရင်းနေသဖြင့် ရုတ်တရ ထိုင်ရထရတာမလွယ် ..။ ထို့ကြောင့် ရဲရန်အောင် က ကမန်းကတ ထထွက်သွား၏။ အပြင်မှာ ရွာကလူတွေအုပ်စုလိုက်ကြီးရှိနေကာ သူ



သက်ထဲမှာ ကိုးရို့ကားရား ရှန်းကန်နေတာ အသေးလေး နဲ့ ဝေလ ..။

"ဝေလ ..."

"ကျွန်တော်တို့ ဘာမှမလုပ်ဘူး .."

"ကိုယ့်ခြေထောက်နဲ့ကိုယ် တောထဲသွားတာ ဘာဖြစ်လို့လဲ ခင်ဗျား ကို့ ရွာထဲကိုဝင်တာမို့လို့လား .."

ဝေလ က တစ်မျိုး၊ အသေးလေး က တစ်မျိုး ..။

မာဝဲ ဆိုသူက အသေးလေး ရဲ့ ကိုယ်လုံးခပ်ညှပ်ညှပ်ကို သူ့ဗလကြီး နဲ့ ချုပ်ကိုင်ထားကာ စိတ်မရှည်ဖြစ်လာတော့ လက်ဝါးကြီးဖြန့်ပြီး မြှောက် ယူလျက် ..၊

"နင် သေတော့မယ် .. လူက မျောက်လောက်လေးနဲ့ .."

"နေပါဦးခင်ဗျာ .. နေကြပါဦး သူတို့က ဘာဖြစ်လို့လဲ .. ဘာလုပ် ခဲ့လို့ ဖမ်းချုပ်လာကြတာလဲ .."

"တောထဲကိုသွားတာပါ .. သူတို့ရွာထဲသွားရင် ရှော့ခ်ရှိတယ်ဆို ပြီး တမင်တကာ ဆေးဖထဲသွားတာ ကျားကိုက်သေလည်း ဘယ်သူ့အပူ ပါသလဲ .."

"ဟော့ .. တိတ်လိုက်စမ်း .."

တာရာကြီး က လက်နှစ်ဖက်နောက်ပစ်လျက် ရှေ့ထွက်လာပြီး အောင်မြင်သည့်အသံကြီးနှင့် အော်ငေါက်ပစ်၍ ..၊

"နင်တို့ကိုပူစရာမလိုဘူး .. ငါ့ရွာသူကို ဒုက္ခပေးတဲ့အတွက် နင် တို့ကိုဖမ်းခေါ်လာတာ .."

ဟင်!...

ရဲရန်အောင် က မျက်လုံးပြူးသွားသည်။ ထိုပြဿနာမျိုးပေါ်ပြီလို့ ကြားလိုက်တာနှင့် မျက်လုံးက ဝေလ ဆီ တန်းခနဲရောက်သွား၏။

အသေးလေး က စိတ်ဆတ်ပြီး ဗရုတ်သုတ်ခတွေလုပ်တတ်ပေ မယ့် ဒီလောက်ထိပွေရှုပ်တဲ့ ကောင်လေးမဟုတ် ..။

ထို့ပြင် ခုမှ ဒုတိယနှစ်ဆယ်တန်းဖြေထားပြီးအောင်ဖို့လည်း မသေချာ

www.burmeseclassic.com

www.burmeseclassic.com



တာကို ထိုင်စောင့်နေသည့် ချာတိတ်သာသာအရွယ်ပါ။

"ငါဘာလုပ်လို့လဲ .."

ဝေလ က သူ့ကိုယ်သူ ရဲဆေးတင်သလိုပြောပြီးမှ ရဲရန်အောင်ကို ကြည့်ကာ ....

"ကျွန်တော်တို့က လူလား သရဲလားမသိလို့လိုက်ကြတာ .."

"လိုက်တာ ..."

"ဟုတ်တယ် .. သူက ထွက်ပြေးတာကိုး .."

"တိတ်စမ်း .."

တာရာကြီး မျက်နှာမှာ ဒေါသတွေဆထက်ထမ်းပိုးတိုးလျက် ...၊

"ပြေးပြီဆိုတာကိုလိုက်ပြီး ကျောက်ခဲနဲ့ ထုရသလား .."

ဟင်!...၊

နောက်ထပ် တစ်ပြစ်တိုးလာတော့ ရဲရန်အောင် ထိတ်လန့်လာခဲ့၏။ ဒီမှာ ကိုယ့်ညီရဲ့မျက်နှာလည်းရှိသေးသည်။ ဒီလူတွေကလည်း အစတည်းက လက်ခံချင်ခဲ့တာမဟုတ် ...။

"ငါတို့ မိန်းကလေး ခေါင်းထိသွားတယ်၊ သွေးတွေထွက်တာမနည်းဘူး .."

"ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်၊ တကယ်ကို စိတ်မကောင်းပါဘူးဗျာ .. အဲဒီမိန်းကလေးကိုလည်း ကျွန်တော်ကိုယ်တိုင်သွားတောင်းပန်ပါ့မယ် .."

"နင်တို့ပြန်ကြတော့ .."

"ဗျာ ..."

"နင်တို့လူကို ငါတို့ဘာမှမလုပ်မီခင် ပြန်ကြတော့ .."

"ပြန်မယ်ဗျာ .."

အသေးလေး က အော်ပြောရင်း ဆောင့်ရုန်းသည်။

"ဖြန်း ...."

မာဝဲ လက်ကို ဒီတစ်ခါ ဘယ်သူမှတားဆီးချိန်မရလိုက် ...၊



"ခင်ဗျားကြီး ..."

အသေးလေး နှာခေါင်းထဲက သွေးတွေချက်ချင်းကျလာသည်။ အဆမတန်နာကျင်သွားသည့်ဝေဒနာနှင့် ပို၍ရိုင်းစိုင်းလာခဲ့ပြီး ...၊

"လူလား .. သရဲလားသိရအောင် ကျောက်ခဲနဲ့ထုတာ ဘာဖြစ်လဲ၊ ဆံပင်တွေ ဖိုရို့ဖားရားနဲ့ တောထဲမှာ တစ်ယောက်တည်းသွားနေတာ လူလို ဘယ်သူကထင်မှာလဲ၊ ထင်ထင် မထင်ထင် ရွာထဲမှာလည်း မဟုတ်ဘူး ဘယ်သူ့ပိုက်နက်မှလည်းမဟုတ်ဘဲနဲ့ ဘာလုပ်လုပ် ဘာဖြစ်လဲ .."

"ဝေလ .. မင်း တော်လိုက်တော့ .."

"မဟုတ်ဘူးလေ .. ကိုကြီးပဲ စဉ်းစားကြည့်ဦး၊ ကိုကြီးကိုယ်တိုင် ဥဒေဘက်တော်သားပါ၊ တောထဲမှာ ကျွန်တော်တို့ဘာသာ .."

"ဝေလ .. မင်းကို ငါပြောနေတယ်ကွာ၊ ဒါ မြို့ပေါ်မှာမဟုတ်ဘူး .."

"ဘယ်မှာဖြစ်ဖြစ် ဥပဒေရှိတယ် .."

"နင်တို့လူ ဘာတွေပြောနေသလဲ ငါမသိဘူး၊ ဒီည ဒီမှာအိပ်ချင်အိပ်၊ မိုးမလင်းခင် ထွက်သွားကြတော့ .."

ပြောပြီး ဝေလ နဲ့ အသေးလေး ကို တွန်းလွှတ်လိုက်ရင်း ရဲရန်အောင်ကို ကြည့်၍ ...

"ငါတို့ ဒီရွာသက်တမ်းတစ်လျှောက်မှာ ငါတို့ကို ဒုက္ခပေးလာရင် ခွင့်လွှတ်ပေးခဲ့တာ ထုံးစံမရှိဘူး .."

"ဟုတ်ပါတယ် .. ကျွန်တော်ယုံပါတယ် ဦးလေးရယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် ထည့် ကိုလည်း ကျန်းမာစေချင်သေးလို့ပါ .."

ခေါ်လို့မရသေးတာကိုမပြောချင်သောကြောင့် မုသားသုံးလိုက်ရသည်။

"ရာသီဥတုမကောင်းသေးတော့ တောထဲမှာပဲ အနာရောဂါတွေ ဖြစ်တတ်မှာလို့ ဦးတို့ပဲပြောပြခဲ့တာပါ၊ အနည်းဆုံးနှစ်ရက်လောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ..”

“ဘာမှမထူးဘူးလေ .. ငါတို့က နင်တို့ကို ရာသီဥတုကောင်းလာတဲ့အထိ မထားနိုင်တော့ဘူး ..”

“ဟုတ်တယ် .. လုလင် ကို ငဲ့လို့ ငါတို့ဒီလောက်ထိခွင့်လွှတ်လိုက်တယ်မှတ် ..”

“သွားမယ် မာဝဲ ထားလိုက်တော့၊ ဥဒေါင်း ကို သွားကြည့်ဖို့ မယ်တာနီကို လွှတ်ထားလိုက်၊ ငါ ဆေးဆရာလွှတ်လိုက်မယ် ..”

“ဆေးဆရာမရှိဘူးလေ .. လုလင် အတွက် ဆေးတစ်မျိုးလိုလို့ တောထဲဝင်သွားတယ် ..”

သူတို့စကားတွေထဲမှာ လုလင် ကို ဘယ်လောက်ထိသံယောဇဉ်ရှိနေကြသလဲဆိုတာ ပေါ်လွင်နေသဖြင့် ကိုယ့်ဘက်က မသိတတ်ဆိုးရွားခဲ့တာတွေအတွက် ရဲရန်အောင် စိတ်မကောင်းဖြစ်နေမိလေသည်။

ဒါနဲ့တောင် လုလင် ကို ပြန်လိုက်မသွားနဲ့လို့လည်း တားသံမကြားပြန်သွားမှာစိုးသည့်အမူအရာလည်း သိသာအောင်မပြခဲ့ပေ ..။

ရိုးသားစွာနေထိုင်ကြသည့် လူတစ်စု၏ စရိုက်သဘာဝတို့အပေါ်နားလည်လာခဲ့ရင်း ရိုင်းသည်ဆိုသောလူတွေရဲ့ ခွင့်လွှတ်ခြင်းကိုရယူနေရသည့် ကိုယ့်အဖြစ်ကို ရှက်လည်းရှက်မိပါ၏။

“ဟော့ .. နေကြပါဦး ...”

အိမ်ထဲကို ခြေဦးလှည့်လိုက်တာနှင့် တားမြစ်သံထွက်ပေါ်လာကာ..

“နင်တို့အတွက်ပေးထားတဲ့အိမ်ကိုသွားကြ .. ဒီထဲ မဝင်နဲ့တော့”

နှစ်ယောက်က သွေးထားသည့်ကျောက်ပုဆိန်ကြီးတွေကိုင်လျက်ကြမ်းပုံကြမ်းတမ်းနှင့် ..၊

“နင်တို့နှစ်ယောက် ဒီမှာစောင့်ကြ ညွှန်သည်တွေကို လုလင်အိမ်ထဲမဝင်စေနဲ့ ..”

အချင်းချင်းတာဝန်တွေပေးပြီး လူတွေကိုတော့ အဖက်မတန်သလိုလုပ်နေသဖြင့် ဒေါသအခံစိတ်ရှိနေသော အသေးလေး က မဲ့လိုက်ကာ..



“ကျွန်တော်တို့က လုလင် ရဲ့ ဆွေမျိုးတွေပါ ကိုယ့်လူနာကို မကြည့်ရဘူးလား ..”

“မကြည့်ရဘူး ..”

ကတုံးနဲ့လူကလည်း မျက်နှာကြီးတင်းနေသလောက် ပြောတော့လည်း ပြတ်သည်။

“အသေးလေး .. မင်း ..”

“ကိုကြီးကလည်းဗျာ လုလင် က ကိုကြီးရဲ့ညီပဲ၊ ပြောရရင် အတူတူပြန်ကြမှာ .. ညွှန်သည်ချင်းအတူတူပဲကို ..”

“တော်တော့ .. တော်တော့ ..”

အိမ်ထဲကိုလှမ်းကြည့်လိုက်ပြီးမှ ဆေလ တို့ကိုခေါ်ကာ ရဲရန်အောင်ပြန်လာခဲ့သည်။ ရွာကြီးက ကြီးမားကျယ်ဝန်းကာ လူတွေရှိသမျှ ယောက်ျားတွေချည်းများနေလျက် အမျိုးသမီးငယ်တွေရှိပေမယ့် ခေါင်းပြူကြည့်ရုံလှစ်ခနဲမြင်လိုက်ရုံသာ အပြင်မထွက်ကြပေ ..။

လူကြောက်သည့်ပုံတွေလည်းမပေါ်ပါ။ ရွာကိုက တောကြိုအုံကြားမှာပေမယ့် သစ်ခက်တွေ သစ်ရွက်တွေနဲ့ ဆောက်ထားတာမဟုတ်ဘဲ သစ်လုံးသစ်ပြားတွေနဲ့ အခိုင်အမာတွေဖြစ်သည်။

ပြီးတော့ ခြံဝင်းကျယ်ကြီးတွေရော အိမ်ပုံစံ တံခါးပေါက်ထားတာတွေကအစ တူနေတာတစ်ပုံစံတည်းပင် ..။

“တော်တော်လှတဲ့ရွာကြီး နာမည်နဲ့လိုက်တယ် ..”

နောက်ပြန်ကြည့်လိုက်တာနှင့် ကိုယ်ထွက်လာတာ ဘယ်အိမ်ထဲကဆိုတာတောင် ရုတ်တရက်မသိတော့အောင် ဆင်တူနေတာအံ့သြစရာကောင်းနေ၏။

ရဲရန်အောင် က ပတ်ဝန်းကျင်ကိုစိတ်ရောက်သွားပေမယ့် ဆေလတို့က ခေါင်းချင်းရိုက်၍ ဘာတွေတိုင်ပင်နေကြမှန်းမသိ .. ထို့ပြင် ..၊

“ငါတို့လည်း လူသူမနီးတဲ့တောထဲရောက်နေကာမှ အချုပ်သားဘဝရောက်ရတော့တယ် ..”

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ .."

"ကိုကြီး မမြင်ဘူးလား နောက်မှာ ကျွန်တော်တို့ စောင့်ကြည့်ဖို့ ပါလာတာ .."

ရဲရန်အောင် က လှည့်ကြည့်လိုက်ပြီးမှ ...

"ငါတို့မျက်စိလည်နေမှာစိုးလို့ဖြစ်မှာပါ၊ မင်းတို့ပြောဆိုဆက်ဆံပုံနဲ့ သူတို့ရွာမှာ သူတို့သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်းဆိုရင် သတ်ပစ်လိုက်ရင်တောင် ဘယ်သူမှသိလိုက်မှာမဟုတ်ဘူး .."

"ကျွန်တော်တို့ကိုလား .."

"ဟုတ်တယ် ..."

"ကျွန်တော်တို့က သတ်ရင်ရော .."

"ဟာ .. ဟိတ်ကောင် .."

ရဲရန်အောင် မျက်နှာပျက်သွားပြီး တားလိုက်တော့ ဝေလ က ပခုံးတွန့်၍ ...

"ဟုတ်တယ်လေ .. အသေးလေးပြောတာမှန်တာပဲဟာ၊ ကျွန်တော်တို့မှာ ပစ္စတို .."

"ဝေလ မင်းတို့ပါးစပ်ပေါ့လွန်းတယ်နော် .. ဒါတော့ ငါတားမှဖြစ်မယ် .."

"သူတို့ ဘာမှနားမလည်ပါဘူး .."

"နားမလည်တဲ့ အဖြူထည်က တစ်ခုခုကိုစွဲလမ်းသွားရင် ဖျက်ရပိုခက်တယ်ကွ .. ပြီးတော့ ရိုးသားတာကို 'အ' တယ်ထင်ပြီး မစော်ကားပါနဲ့၊ ငါ မင်းတို့ကို မှားတယ်လို့မပြောချင်ပါဘူး၊ ဒါပေမယ့် သူတို့နေရာမှာ သူတို့ မူဝါဒအတိုင်း လိုက်နာတတ်အောင်နေပါ၊ ငါက ဒုရဲအုပ်ပေမယ့် ဒီနေရာမှာ ငါ့ဘက်ကမှားရင် ထိပ်တုံးခတ်လာလည်း ခံရမှာပဲ .."

"သူတို့အဆင့်က ထိပ်တုံးခတ် အပြစ်ပေးတဲ့ကျေးရွာအဆင့်မျိုးတောင်မရှိပါဘူး .."



ပြောနေရင်း ဝေလ က ထပ်ကဲ့ရယ်သည်။ ပြီးမှ မလုံမလဲမျက်နှာငံ့၍ ...

"စိတ်မထင်ရင် သတ်ပစ်မယ့်လူတွေလို့ပြောချင်တာပါ၊ ဒီလိုနေရာမျိုးမှာ လာနေကြတည်းက ကိုယ့်မင်းကိုယ့်ချင်းလုပ်ချင်လို့ဥစ္စာ .."

"အဲဒါကြောင့် သူတို့ဒီလောက်ထိယဉ်ကျေးမှုရှိနေတာကို မစော်ကားဖို့ပြောချင်တာ၊ မြို့ကိုမသွားတတ်လို့မဟုတ်ဘူး မသွားဘူးတာလည်းမဟုတ်ဘူး၊ ရွာမကြီးတွေမှာ ဈေးရောင်းဈေးဝယ်တွေတောင်လုပ်နေကြတဲ့ရွာ .."

"ဒါလည်း ကိုကြီးသိသားနဲ့ သက်သက်အရူးကွက်နင်းနေတာကို ဆွဲစိပစ်လိုက်စမ်းပါ .."

"သူတို့က တောကြီးတစ်ခုလုံးကို သူတို့အိမ်လုပ်ထားနိုင်တယ်၊ ငါပြောချင်တာ အဲဒါပဲ .. ငါတို့ကတော့ သူတို့မကူညီရင် မြို့ကို အကောင်းတိုင်းပြန်နိုင်ဖို့မလွယ်ဘူးလေ .."

"နေကြပါဦး .."

အသေးလေး က ဘာကိုသတိရသွားမှန်းမသိဘဲ တုံ့ခနဲရပ်လိုက်ကာ ..။

"ကိုမာန် ရော .."

မာန် ...၊

ရဲရန်အောင် မာန့် ကို သတိရသွားသည်။ ပျောက်သွားလိုက်တုန်းက သတိထားမိပေမယ့် မေ့သွားခဲ့၏။

"သူ့အရင်ပြန်နှင့်တာထင်တယ် .."

"ကိုကြီးနဲ့အတူထူ ကျန်ခဲ့တာလေ .."

ဟုတ်ပေမယ့် ထည့် ရှေ့မှာ စကားပြောမဆင်ခြင်သဖြင့် သူ့အော်လိုက်မိသည်။ မာန် က ညီအရင်းဆိုပေမယ့် သူ့ထက်အသက်များကြီးငယ်သီည်။ ဒီကိုလာခဲ့ကြသည့်ထဲမှာတော့ ...

မာန် နဲ့ ဝေလ က အသက်မတိမ်းမယိမ်းရှိတဲ့ အငယ်လေး က

www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်သာသာပါ။

ထည် ကတော့ ဝေလ တို့နဲ့ သိပ်မကွာပေမယ့် ...၊

"ထည့် ကို သူပြောတာတွေလွန်ကုန်မှာစိုးလို့ ငါ တားလိုက်သေးတယ်၊ သူ ထွက်သွားတာကြာပြီ .."

နောက်ကိုကြည့်လိုက်တော့ ပါလာသည့်ရွာသားက လိုက်ပါလာဆဲဖြစ်ကာ ...၊

"မာန် ထွက်သွားတာကို သူတို့မမြင်လိုက်တာထင်တယ် .."

"မြင်လို့ မမေးတာဖြစ်မှာပေါ့ .."

ဒါလည်းဖြစ်နိုင်သည်။ သို့သော် မာန် က ကိုယ့်နေရာရောက်အောင် တန်းတန်းမတ်မတ်ပြန်သွားနိုင်လို့လား ...။ သူတို့ဒီမှာနစ်ညပဲရှိသေးသည်။

ရွာထဲမှာ လှည့်လည်ကြည့်ရှုပြီး အမှတ်အသားလုပ်ချိန်လည်းမရှိခဲ့ပေ ...။ ထိုစဉ် ...

"ဟေး ..."

နောက်က ရွာသားကလှမ်းခေါ်ကာ ဘယ်ဘက်ကိုလက်ပြ၍ ...

"အဲ့ဒီအိမ် .."

သူတို့တကယ်မသိဘဲ ကျော်သွားခဲ့ကြတာဖြစ်သည်။

"ဟုတ်ကဲ့ သိပြီ ဦးလေး .. ကျေးဇူးပဲနော် .."

လူကြီးက ဆံပင်ပွပွကျိုးတို့ကျဲတဲနှင့် ပါးရိုးမေးရိုးတွေ ထောင်ကားနေကာ အသက်ခြောက်ဆယ်လောက်တော့ရှိမည်ထင်သည်။

ဒီရွာသားတော်တော်များများက ကျောက်ခေတ်လူသားတွေကဲ့သို့ တုတ်ခိုင်မြင့်မားကြကာ မျက်နှာပုံတွေလည်းကြမ်းကြ၏။ လုလင် က လူကြမ်းကြီးတွေလက်ထဲရောက်နေသော မင်းသားတစ်ပါးလိုဖြစ်နေသဖြင့် သူတို့အားလုံးတန်ဖိုးထားနေကြတာဖြစ်နိုင်သည်။

"တွေ့လား .. သူ သစ်ပင်ခွပေါ်တက်တော့မှာ၊ ငါတို့ကိုစောင့်ကြည့်မှာသေချာတယ် .."



"ကဲပါကွာ .. ကိုယ်ကမဟုတ်တာလုပ်မှာမှမဟုတ်ဘဲ .. စောင့်ကြည့်ကြည့်မကြည့်ကြည့်ပေါ့ .."

ထိုစဉ် မိုးတွေညို့လာ၏။ ညနေခင်းမရောက်သေးဘဲ အုံ့ဆိုင်းညှို့မှောင်လာလျှင် ...

"ဟော .. ဟော .. အဘိုးကြီးလစ်တော့မယ်၊ ကောင်းတယ် မြန်မြန်သွား .."

"ကြည့်ပါဦး အသက်သာကြီးတာ သစ်ပင်ပေါ်တက်တာ ဆင်းတာမျောက်မှုးလဲပဲ .."

"ဝေလ နဲ့ အသေးလေး .."

"ဟုတ်ပါပြီ .. မပြောတော့ပါဘူး .."

"ပြဿနာတွေ ဒီလောက်တက်နေကြတာ မင်းတို့ပါးစပ်တွေ စည်းကမ်းရှိကြစမ်းပါ၊ ငါတို့သိထားရမှာက ဒီမှာပဲအချိန်မရွေးသေနိုင်သလို သူတို့နဲ့မှန်းရရင် မြို့ကိုပြန်မရောက်ဘဲ ဒုက္ခအကြီးအကျယ်ရောက်ဖို့လည်းရှိတယ်ဆိုတာပဲ .."

အိမ်တံခါးဝထိ ခပ်သုတ်သုတ်လျှောက်သွားခဲ့ပြီးမှ ရဲရန်အောင်က ရပ်လိုက်ပြီး ...၊

"ငါပြောတာ မင်းတို့နားလည်တယ်ဆိုရင် .."

သူ့စကားရပ်သွားသည်။

ပြီးတော့ အိမ်ထဲကိုတစ်ချက်နားစွင့်ကာ ဘာမှမပြောတော့ဘဲ အထဲလှည့်ဝင်သွား၏။ ဝေလ တို့ နောက်ကပါသွားကြလျှင် အထဲမှာ ရဲမာန်က ငုတ်တုတ်ထိုင်နေလျက် ...၊

သူငယ်အိမ်လေးကျုံ့နေသည့် မျက်လုံးတွေက မျက်တောင်မခတ်ဘဲ လှုပ်ရှားနေကာ အသံက တုန်ယင်နေ၏။

"မာန် .. မင်း ဘာဖြစ်တာလဲ .."

"ကျွန်တော် ..."

ရဲမာန် က ပြောဖို့ကြိုးစားသည့်မျက်နှာနှင့် လျှာတစ်ချက်သပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဝေလ တို့ကို ဖျတ်ခနဲကြည့်၏။ ပြီးတော့ ရဲရန်အောင် ကို ပြန်ကြည့်ပြီး မျက်နှာကို လက်နဲ့ပွတ်သည်။

"ဟော့ ..."

"ကျွန်တော် တစ်ယောက်တည်းထွက်လာပြီးမှ .."

"အင့် .. ဘာဖြစ်လဲ .."

"မင်း .. မျက်စိလည်နေတာလား .."

ဟင်!...

ဝေလ ကိုကြည့်ပြီး မျက်လုံးအပြူးသားနှင့် ဘာမှမဖြေ ... ထို့ပြင် အသေးလေး မျက်နှာကြီးယောင်နေတာကို စိုက်ကြည့်ကာ ...၊

"မင်း ..."

"ဒီမှာ မာန် .. ကိုကြီးကိုကြည့်စမ်း၊ သူများတွေကို စိတ်မဝင်စားနဲ့ မင်း တစ်ခုခုဖြစ်လာတာလား .."

"ဖြစ် .. မဖြစ်ပါဘူး .."

"မဟုတ်ဘူး .. မင်းကို ကိုကြီးသိတယ် .."

ဒုရဲအုပ်ပိုပို အကဲခတ်ကောင်းတာမျိုးထက် ကိုယ်တိုင်ဂရုစိုက် ထိန်းကျောင်းခဲ့ရသည့် ညီလေးမို့ ဒီမျက်နှာကို မြင်လိုက်တာနဲ့ ထူးခြား နေရင် တန်းသိသည်။

ရဲမာန် တစ်ခုခုကိုအကြောက်ကြီး ကြောက်နေခဲ့သည်။ ဒါမှမဟုတ် ကြီးမားသော အံ့ဖွယ်တစ်ခုခုကို မပြောဘဲ မျိုသိပ်ပြီး မလုံမခြုံထိတ်လန့် နေတာမျိုး ...။

"မင်း ဘယ်ထွက်သွားတာလဲ .."

"ကျွန်တော် .. ဟို .."

"ပြောလေကွာ .. မင်းကလည်း ငါတို့တောင် တောထဲလေးဝင် ပတ်မိပါတယ်၊ သားရဲတိရစ္ဆာန်မတွေ့ဘဲ သရဲမနဲ့တွေ့လာလို့ .."

"သရဲမလို့မပြောစမ်းပါနဲ့ အသေးလေး ရာ၊ ဥစ္စာစောင့်မလား ဒါမှမဟုတ် သူယောင်မယ်လေးလား .."



ဝေလ ရဲ့အသံက ရွာသားတွေရှေ့မှာတုန်းကနဲ့ တခြားစီ ...။

"ကိုကြီးမသိလို့ အဲ့ဒီမိန်းကလေးပြေးသွားတာ တိမ်မျှင်ခိုးလေး ရွေ့လျားသွားသလိုပဲ၊ ပြီးတော့ ဆံပင်ကြီးကလည်း ရှည်လိုက်တာ သူ့ အရပ်တောင်ကျော်မလားမသိဘူး .."

"ဟုတ်တယ် .. သူ့ဖျတ်ခနဲလှည့်လိုက်တာကို ကျွန်တော်က သေချာမြင်လိုက်ရတာ .."

အသေးလေး က သူ့နှာခေါင်းကိုတော့ ပြန်စမ်းကြည့်ဖော်ရသေး သည်။ ဒါပေမယ့် နှာကျင်တာကိုတော့ မေ့ပျောက်သွားသလိုရှိကာ...၊

"မျက်နှာမှာ ပါးလေးတွေ နှုတ်ခမ်းလေးတွေ နီရဲနေတာ မြို့သူတွေ ခြယ်ထားတဲ့ မျက်နှာနဲ့ ဘာမှကိုမဆိုင်ဘူး သောက်ရမ်းလှတာ၊ သူ့ဆံပင် တွေက သူပြေးနေတော့ သူ့ရဲ့နောက်မှာ ကြောင်လှေကားလိုဝေ့ပတ်ပြီး ဘာနဲ့မှမငြိဘူးဗျာ .. ဒီလောက်အံ့သြဖို့ကောင်းအောင် ပက်ပက်စက် စက်လှတာ မြင်ကိုမမြင်ဖူးဘူး .."

ဒါနဲ့တောင် သရဲမချင်းထပ်အောင်ပြော၍ ကျောက်ခဲနဲ့လည်း ထု ပစ်ခဲ့သေးသည်။ ရဲရန်အောင် ထူးဆန်းနေပေမယ့် ဘာမှမမေးဘဲနေလိုက် ၏။

"နည်းနည်းလောက်သာ ဝတ်စုံလေးပြောင်းလိုက်ရင် ဒဏ္ဍာရီထဲ က မင်းသမီးလား ဥစ္စာစောင့်လား လုံးဝကို ထင်မိမှာသေချာတယ် .."

"ဒါနဲ့တောင် ဘာကိစ္စ ခဲ(ဂဲ)နဲ့ သွားပေါက်ရတာလဲ .."

ရဲရန်အောင် မေးမည့်မေးခွန်းကို ဝေလ ကပဲ မေးလိုက်ရာ ...၊

"တအားကိုသိချင်သွားတာလေ .. သူက ရွာသားတွေလိုပဲ ဖျင် ထမိန့် ရိုးရိုးအင်္ကျီပဲဝတ်ထားတော့ ဥစ္စာစောင့်နဲ့လည်းမတူ၊ သရဲလည်း ဖြစ်မှမဖြစ်နိုင်တာ၊ အဲဒါကို သေချာသိချင်သွားတာ .. နောက်ပြီးခုလို တကယ်ကြီးထိသွားမယ်မှန်းမှ မသိဘဲ .."

ဒီဘက်ကပြောနေကြတာကို နားထောင်ရင်း ရဲမာန် မျက်နှာကို လည်း အကဲခတ်နေမိသည်။ ရဲရန်အောင် မျက်ခုံးတွေ စုကျုံ့သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲမာန် ၏ အမူအရာတွေက ဝေလ တို့ပြောနေတာကို သူလည်း သိနေတာပဲဖြစ်ဖို့ရှိလေသည်။

"မာန် ..."

"ဟင် .. ဗျာ .."

"မင်း ဘာဖြစ်နေတာလဲ .."

"မဖြစ်ပါဘူး .."

"မဖြစ်ပေမယ့် ခုနေ ငါ မင်းလက်ကို ကိုင်ကြည့်ရင် အေးစက်နေမှာသေချာတယ် .."

ဟင် ...၊

ရဲမာန် ဖျတ်ခနဲမော့ကြည့်သည်။ ထိုအခါကျမှ ဝေလ နဲ့ အသေးလေးတို့က ရဲမာန် တုန်လှုပ်နေသည့် မလုံမလဲအမူအရာတွေကို သတိထားမိသွားကြ၏။

ဒါပေမယ့် ရဲရန်အောင် က အိမ်တွင်းပိုင်းထိဝင်သွားပြီမို့ ဆက်မမေးဖြစ်ပေ ..။

ခဏအတွင်းမှာ တိတ်ဆိတ်သွားခဲ့သော်လည်း ရဲမာန် က သူတို့ကို ကြည့်လိုက်သည့်မျက်ဝန်းတွေက စကားပြောနေလျှင် ...

ဒီကောင် ဘာလဲ ဟ ..။



## အခန်း (၁၆)

"ဥဒေါင်း ..."

နှုတ်ဖျားမှ တိုးတိတ်သောခေါ်သံသည် ရင်ထဲမှာတော့ ကမ္ဘာတုန်သွားသကဲ့သို့ပင် ..။

"ဥဒေါင်း .."

နောက်ထပ်ချောက်ချားစွာခေါ်လိုက်ရင်း အိမ်ထဲကိုပြေးလွှားဝင်ခဲ့မိသည်။ မီးရောင်လည်းမရှိ အနီးအနားမှာလည်း ဘာသံမှမကြားရ ..။

ကျောနဲ့ရင်မှာ အကင်းမသေသေးသည့် ဒဏ်ရာတွေက တဆစ်ဆစ်နာကျင်နေသည်။ တံတွေးမျိုချတာတောင် မျက်ရည်လည်အောင်နာသည့် လည်ပင်းကလည်း ဒုက္ခပေးနေဆဲ ..။

သို့သော် ဒဏ်ရာတွေ နာကျင်တာတွေကို ဂရုမထားနိုင်ဘဲ သူ့ရဲ့ ပူလောင်မှုတွေက ငယ်ထိပ်ကနေ အခိုးထွက်နေပြီလားသောင်မသိ ..။

ကိုရဲတို့ အိမ်ထဲကို သူ ဝင်ကြည့်ခဲ့ပြီးပြီ ..၊

အဲထဲမှာ ကိုရဲ တစ်ယောက်ပဲအိပ်နေတာတွေ့သည်။ ဟိုသုံးယောက် ဘယ်ရောက်သွားပြီမှန်းမသိ ..၊

ဒီလို ညဥ့်နက်ချိန်ကြီးမှာ သုံးယောက်စလုံး ပျောက်နေခြင်းက

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲကို မီးစတစ်စကျသွားခဲ့၏။ ထို့ကြောင့် ဥဒေါင်း ဆီကို ပြေးလာကြည့်ကာဖြစ်သည်။

သွားပြီ ..၊

တစ်ခုခုတော့မှားပြီဆိုတာ လုံးဝသေချာသွားပြီ ..၊

ရင်ခုန်သံတွေ တဒိန်းဒိန်းဆောင့်ခါလာခြင်းက အားနည်းနေသည့်ကိုယ်ကို ခွေကျမတတ်ဖြစ်စေခဲ့၏။ ဘယ်ရောက်ကုန်ကြတာလဲ သူဘာဖြစ်လို့ ဒီအခြေအနေကိုပစ္စုပ်မဲ့ အိပ်ပျော်သွားခဲ့မိတာလဲ ..။

တာရာကြီးတို့ ကိုရဲကို လာခေါ်ကြတော့ သူစိတ်တင်သွားခဲ့သည်၊ ဒါပေမယ့် အဖျားကျပြီးမှ ဒဏ်ရာတွေနဲ့ ပေါ့ပေါ့ပါးပါး ထထိုင်ချင်စိတ်မရှိဘဲဖြစ်နေသဖြင့် လှဲနေလိုက်မိတာဖြစ်သည်။

ကိုရဲ ပြန်ဝင်လာပြီး အကျိုးအကြောင်းပြောမှာပဲထင်ခဲ့ပေမယ့် စကားသံတွေကို မသဲမကွဲနားဖွံ့ရင်း၊ စောင့်နေရင်းနဲ့ သူ အိပ်ပျော်သွားခဲ့သည်။

ဘယ်လောက်တောင် အိပ်ပျော်သွားခဲ့တာလဲ ..၊

မှောင်နဲ့မည်းမည်း တောကြီးကို တံခါးဝကရပ်ငေးနေရင်း မတွေ့ချင်တာတွေကိုပဲ တွေးမိနေသည်။ မဖြစ်စေချင်တာတွေဖြစ်နေပြီလို့ထင်လာခဲ့သည်။

ထိုစဉ် မည်းမည်းအရိပ်ကြီး လှုပ်ရှားနေတာကို သူ လှမ်းမြင်လိုက်ကာ ..၊

"ပွက် .. ပွက် .."

အသံပြုလိုက်တော့ ထိုသတ္တဝါနက သူ့ဘက်ကိုဦးတည်လာ

"တာဇံ .."

"ကွီ ..."

တာဇံ ဥဒေါင်း ရဲ့ ခြံဝင်းထဲကို ဝင်လာရတာ တံခါးပေါက်ပေါက်ပဲရှိသည်။ ထိုတံခါးပေါက်ကပဲ ဥဒေါင်း မွေးမြူထားသည့်အ အပါတွေရဲ့ရန်က ကြောက်သည်ဆိုတာ တစ်ရွာလုံးက သိထားကြ



ထို့ကြောင့် သူ့ပဲ ခြံတံခါးတွေနားထိလျှောက်သွားရကာ ..၊

"အဲ့ဒီနေရာမှာ ဥဒေါင်း ကို တွေ့လား .."

"ဟွိ .. ကွီ .. ကွီ .. ဒီး ..."

လှုပ်ရှားပြနေသည့် ပုံရိပ်သဏ္ဌာန်နှင့် အသံထွက်နေတာကိုကြည့်လျှင် ဥဒေါင်း ကို ဘယ်မှာမှ မတွေ့ဘူးလို့ တာဇံ ဖြေနေတာမှန်း သူ သိလိုက်သည်။

သူ့ဆီကို လူစိမ်းတွေရောက်လာတည်းက တာဇံ အနားသိပ်မကပ်တော့တာဖြစ်သည်။ အပြင်ထွက်ပြီး အသံပေးခေါ်လိုက်မှရောက်လာတတ်၏။

နိုင်းတာကိုလုပ်ပေးပေမယ့် အိမ်မှာမနေပေ ..။

"မင်းလည်း ငါလိုအပ်ရင် ဘယ်တော့မှ အနားမှာမရှိဘူး၊ သွားတော့ .. သွား .. သွား .."

ရင်ထဲမှာ မောဟိုက်ပူလောင်နေသမျှ တာဇံ အပေါ်မှာ ပုံချပြစ်တင်မိ၏။

ဥဒေါင်း ဘယ်ရောက်နေနိုင်သလဲဆိုတာ ခန့်မှန်းမိသည့်နေရာတွေရှိသည်။ ဒါပေမယ့် သူမ ပျောက်ဆုံးနေတာက တစ်စုံတစ်ယောက်ရဲ့လက်ချက်လား၊ သူမကိုယ်တိုင် ကိုယ်ယောင်ဖျောက်လိုက်တာလားဆိုတာမသိရပေ ..။

ခြေလှမ်းပြင်လိုက်တိုင်း 'ယုန်တောင်ပြေး ခွေးမြောက်လိုက်' ဖြစ်နေမှာစိုးသည့် ပူပန်စိတ်ကြောင့် ကြီးမားစွာ တွန့်ဆုတ်ခဲ့၏။

သူ ဘာလုပ်ရမလဲ ..၊

တွေဝေနေခြင်းဖြင့် နောက်ကျဆုံးရှုံးရမှာတွေဖြစ်နိုင်တာသိပေမယ့် ခုတ်ရာတခြား ရှရာတခြားဖြစ်နေလို့ ဆုံးရှုံးရမှာလည်း ကြောက်မိပြန်သည်။

သူမ အိမ်ကထွက်သွားတာလား ပြန်မလာနိုင်တာလား ..၊

"သွား .. မင်း သူ့ကိုရှာမယ့်နေရာတော့သိတယ်မို့လား .. သွားရှာ"

www.burmeseclassic.com

www.burmeseclassic.com



တာခံ က သခင့်သောကကို နားလည်နေသလို ချက်ချင်းပြေးထွက်သွားသည်။ သူ ဘယ်ကိုသွားရမည်ဆိုတာ ဆုံးဖြတ်ဖို့ ရွေးချယ်နေစဉ် …၊

ဟင်!…

မီးရောင်ကို လှမ်းမြင်လိုက်သဖြင့် ထိတ်ခနဲဖြစ်သွားကာ ပြင်ထားသည့်ခြေလှမ်းကို ပြန်ဆုတ်လိုက်မိသည်။ မီးတုတ်နဲ့ လူနှစ်ယောက်လာနေတာဖြစ်ကာ တစ်ယောက်က မာဝဲ ဖြစ်နေသဖြင့် ပို၍စိုးရိမ်သွား၏။

မာဝဲ က ဒေါသကြီးသလောက် နေရာတကာ စိတ်မြန်လက်မြန်ဖြစ်တတ်သူ …။

"ဥဒေါင်း … နင့်ဒဏ်ရာကိုလာကြည့်တာလေ၊ မသက်သာလို့ ထမလာတာလား … ငါတို့လာခဲ့မယ် …"

ရှေ့ကနေ အသံပေးကာ ဒီဘက်တံခါးဆီပြန်ပတ်လာလျှင် …

"ဟင် … နင် … ဒီရောက်နေတယ် …"

လုလင် ကို တွေ့လိုက်တော့ တအံ့တသြမေး၏။ ပြီးတော့ မီးတုတ်ကို မြှောက်ကြည့်ကာ …၊

"နင့်ဒဏ်ရာ အကင်းမသေလို့ အဖျားပြန်ဝင်နေတယ်ဆို ဆေး[illegible]နေတဲ့လူတွေတောင် ပြန်မရောက်သေးဘူး …"

"ကျွန်တော် သက်သာလို့ထလာတာပါ …"

"ဘယ်လိုလဲ … ဥဒေါင်း သက်သာရဲ့လား၊ ဘယ်မှာလဲ …"

"ဗျာ …"

"ဥဒေါင်း ကို နင့်ဇည့်သည်နှစ်ကောင် ကျောက်ခဲနဲ့ ထုလိုက်[illegible]နဖူးကွဲသွားတယ်ထင်တယ် …"

ဟင်!…

ရုတ်တရက် ဟန်မဆောင်နိုင်သည့်မျက်နှာကို အကဲခတ်[illegible]ကြကာ …၊

"နင် မသိဘူးလား … သူ ဘာဖြစ်လို့ ဒဏ်ရာရတာလဲ၊ ဘာ[illegible]



ပြဘူးလား …"

သူ ဘယ်လိုဖြေရမလဲ …၊

အထဲမှာ ဥဒေါင်း ရှိမနေတာသိလျှင် …

"သွေးတွေချင်းချင်းနီနေတာပဲ … ပိနန်း တို့ လင်မယား မျှစ်ချိုး[illegible]စုန်း သူပြေးသွားတာကိုမြင်လိုက်တာလေ၊ တာရာကြီးတို့ လာတော့[illegible]သည်း ထွက်မတွေ့ဘူးတဲ့၊ သူက နေမကောင်းဖြစ်လည်း တရားထိုင်[illegible]ိုက်ရင် ပျောက်တဲ့သူဆိုတော့ တရားထိုင်နေတယ်ဆိုပြီး …"

"ဟုတ်တယ် … ခုထိ မထသေးဘူး …"

ရုတ်တရက် အကောင်းဆုံးဖြစ်နိုင်မည့်အခြေအနေကို ချော်လဲရော[illegible]ိုင်ဖြေလိုက်ရင်း …၊

"အေး … တရားထိုင်တာက ဘာပျောက်မှာလဲတော့မသိဘူး၊ ဒဏ်ရာ[illegible] သွေးတိတ်အောင်မလုပ်ရင် တရားထိုင်တာနဲ့ သွေးကတိတ်မှာမဟုတ်[illegible]၊ ရော့ … ရော့ … ဒီမှာ ဆရာမလာသေးလို့ သွေးတိတ်ဆေးယူခဲ့တယ်၊ [illegible]လူးမခံဘူးဆိုရင်တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ …"

တောထဲမှာ ဘုရားမမြင် တရားမမြင်နေကြပေမယ့် ရှေးဟောင်း[illegible]နည်းတစ်ချို့တွေကြတဲ့ထဲမှာ ဗုဒ္ဓရုပ်ပွားတော်တွေ ရထားတာရှိသည်။ [illegible]အွယ်ဆည်းကပ်မှုတွေလည်းရှိကြ၏။

လူကြီးသူမ ဆိုဆုံးမစကားတို့နှင့် ကံကံ၏အကျိုးတို့တော့ ယုံကြည်[illegible]သူတွေဖြစ်သည်။ မာဝဲ က ဥဒေါင်းနေထိုင်ပုံကို အစကတည်းက ကြည့်[illegible]ဖြစ်နေတာမို့ ဒုက္ခတွေပြီဆို စေတနာရှေ့ရောက်ဖြစ်သွားတာတော့ရှိ[illegible]သည်။

ပြောမကောင်းဆိုမကောင်းဖြစ်လာတာမျိုးကို နည်းနည်းသည်းခံ[illegible]င်တာမဟုတ် …။ ဆေးတွေပေးပြီးတာနှင့် ချက်ချင်း ပြန်လှည့်သွား[illegible]သည့်အပြင် …၊

"အဲဒါကြောင့် ဒီမိန်းကလေးမျိုး ရှာပြင်ထွက်နေရတာ … ဟွန်း"

သူ့ရဲ့ မျက်စောင်းတစ်ချက်မှာ မိုးခြိမ်းသံသဲ့သဲ့ပါပါလာသဖြင့် …၊

www.burmeseclassic.com

www.burmeseclassic.com



"မိုးရွာတော့မယ် နင်လည်း သတိထားဦး၊ လူမမာချင်းချင်း .."

လို့ပြောသွားသေးသည်။ လုလင် ဘာကိုမှ ကြာကြာတွေးနေချိန် မရပေ ..။ ဥဒေါင်း ဒုက္ခရောက်နေပြီဆိုတာသိလိုက်သည်နှင့် သူ အမြဲ တမ်းတွေးပူနေခဲ့သော အဖြစ်မျိုးနဲ့ သူမ ဗိတ်မိနေပြီကို သဘောပေါက် သွား၏။

ဘယ်သူလဲ ရဲမာန် .. ဝေလ နဲ့ အသေးလေး ..၊

ဘယ်သူကြောင့်လဲ ဒါမှမဟုတ် သုံးယောက်စလုံးပဲလား ..။

ထိုအချိန်မတိုင်မီမှာ ရဲရန်အောင် ကလည်း ဆန္ဒမအောရှ်၏ နှိုးဆော် ချက်ဖြင့် ဖျတ်ခနဲနိုးလာကာ ..၊

ဟင်!...

တိတ်ဆိတ်နေခြင်းကို အာရုံစိုက်ကြည့်လိုက်တာနှင့် အနားမှာ ဘယ်သူမှမရှိမှန်း ရိပ်မိလိုက်သည်။ ထို့ကြောင့် ချက်ချင်းထထိုင်လိုက် ကာ အပေါ်ဂျာကင်အိတ်ထဲကို လက်နှိုက်လိုက်မိ၏။

လက်ထဲမှာ ခတ်မီးအသေးစားလေးပါလာသည်။ ဒါပေမယ့် မထိုး ဖြစ်ဘဲ တစ်အိမ်လုံးကို နားစွင့်ကြည့်လိုက်ကာ ..၊

"မာန် ..."

ခပ်တိုးတိုးခေါ်လိုက်သည်။ ရဲမာန် က သူနဲ့တစ်တန်းတည်းမှာ အိပ်ကာ ဟိုနှစ်ယောက်က ခြေရင်းကတန်းလျားမှာ ပူးကပ်အိပ်ကြ၏။

အိမ်ထဲပိုင်းကို ဝင်လည်းမအိပ်ကြ၊ ဝင်လည်း မဝင်ဖြစ်ကြပေ ..။

"ကြောက်တော့ မကြောက်ပါဘူး၊ ဒါပေမယ့် ဒီလိုနေရာကြီးမှာ လူခွဲနေတာ မကောင်းလို့ပါ .."

အသေးလေး က ကြောက်နေတာကို ဖုံးဖိပြောခဲ့သေးသည်။ အမှောင် ထဲမှာ ကျင့်သားရလာသည့်မျက်လုံးက သူ့ဘေးဖတ်ဝန်းကျင်မှာ တစ် ယောက်မှမရှိတာကို မြင်လာခဲ့၏။

ဘယ်ရောက်ကုန်တာလဲ ..၊

သုံးယောက်ပူးပြီး ဒုက္ခရောက်သွားတာတော့ မဖြစ်နိုင်ပါ။ သူ့ကို



ပြောချိန်မရရင်တောင် အော်ဖို့တော့ မေ့ကြမှာမဟုတ်ပေ ..။

ဘာကိုမှ မသိလိုက်တဲ့အထိလည်း သူ ပစ်ပလက်ခတ်အိပ်မပျော် ခဲ့ဘူးပါ။

ထိုစဉ် တံခါးဘက်ကအရိပ်နှင့် လှုပ်ရှားသံကိုသိလိုက်သဖြင့် သူ ချက်ချင်းထသွားမိ၏။ ဘာမှမတွေ့တော့ဘဲ ဘာသံမှမကြားတော့လျှင်...

"မဟုတ်သေးဘူး .."

ရဲမာန် ကြောက်ဒူးတုန်၍ မျက်စိမျက်နှာပျက်နေတာကိုသတိရ တာ စိုးရိမ်စိတ်တွေကြီးမားလာခဲ့၏။ အပြင်ကို အရဲစွန့်၍ထွက်လာခဲ့ လျှင် သူ့ရှေ့တော်တော်လှမ်းကနေ လှုပ်ရှားသွားသည့်အရိပ်ကြီးကို လှမ်း မြင်လိုက်၏။

တာခ ဆိုတဲ့ကောင်ကြီးပဲ ..၊

အနားကိုမလာခဲ့ပေမယ့် ထည် က ပြထားသဖြင့် တာခ ဆိုသည့် မျောက်ကြီးရဲ့အရွယ်နဲ့ ပုံသဏ္ဌာန်ကို သူ သေချာမှတ်မိသည်။

လှုပ်ရှားသွားပုံကလည်း မျောက် ဆိုတာသေချာတာမို့ သူ့ခြေလှမ်း တွေပိုမြန်သွားသည်။

တာခ သွားသည့်ဘက်ကို ရဲဝံ့စွာလိုက်ခဲ့ရင်း ..၊

'ဒီကောင်ကြီးကို ထည် မွေးထားတာ ငါ့အတွက် အန္တရာယ်မဖြစ် နိုင်ဘူး ..' လို့ တွေးမိသည်။ ထို့ပြင် ဘယ်လိုက်ရမှန်းမသိသည့်အတူတူ တာခ နောက်ကလိုက်ဖို့ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍..၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

မီးရောင်က ယိမ်းထိုးနွဲ့ခါနေသည်။ ရေကျသံ 'ကလောက် .. ကလောက်' က မိုးခြိမ်းသံတွေကြားကနေ စည်းချက်ညီစွာကြားနေရ၏။

ညဦးနက်ခြင်းသဏ်ဌာန်တာသည် အကျည်းတန်သောအဆင်တန်ဆာတို့ဖြင့် တဖြည်းဖြည်းသက်တမ်းရင့်နေခဲ့လျက် ..။

"သေချာကြည့်ထားစမ်း .."

လုပချောမွေ့သောမျက်နှာလှလှလေးက မျက်နှာချင်းထိကပ်မတတ်တိုးလာပြီး မျက်ဝန်းလေးတွေ ပိုရှုံ့ဝိုင်းစက်သွားတဲ့အထိ စူးစူးရဲရဲစိုက်ကြည့်၏။

"နင့်ကို နောက်ဆုံးမှသတ်မှာ မသေခင် ကြောက်လန့်ပြီး အကြိမ်ကြိမ်အခါခါသေရမယ် .."

သူမက ကပ်ကြိမ်းသည်။ သွေးသံရဲရဲဖြစ်နေသော အသေးလေးနဲ့ ဝေလ တို့အဖြစ်ကြောင့် ရဲမာန် အသံလည်းမထွက်နိုင်ဘဲ ဝမ်းထဲကနေလှိုက်ခါတုန်ယင်လာ၏။

သုံးယောက်စလုံးကို ပါးစပ်ထဲမှာ အဝတ်စတွေထည့်သိပ်ထားတာ



အာခေါင်ရင်းထိအကျပ်အသိပ် ..။ အသေးလေး က လူငယ်ဖြစ်သလောက်မခံချင်စိတ်ကြီးမားသည်။ ပါးစပ်ကိုဘယ်လောက်ပိတ်ဆို့ထားထား အသံတစ်ခုခု မရမကထွက်အောင်အော်၏။

ထို့ကြောင့် အဖြစ်ဆိုးဆုံးက သူပဲဖြစ်ကာ နှုတ်ခမ်းဒေါင့်နှစ်ဖက်ကို ဓားဦးချွန်နဲ့သွေးထွက်အောင် ထိုးခွဲထားခြင်းခံရပြီး ..။

"အသံနည်းနည်းထွက်ရင် နည်းနည်းထပ်ခွဲမယ်၊ အော်စမ်း .."

သူမ၏ ရက်စက်မှုက အသေးလေး အသံကို လုံးဝတိတ်ကျသွားစေခဲ့၏။ ဝေလ ကံဆိုးတာက သူမကို မိုက်ရိုင်းစွာဆဲဆိုခြင်းကြောင့် အပေါ်သွားနှစ်ချောင်းနှုတ်ခံထားရပြီး ..။

"နောက်တစ်ခွန်းယောက် ထပ်ဆဲစမ်းပါ .. ဘာလုပ်မလဲသိချင်ရင် .."

သူမက စိန်ခေါ်ပေမယ့် တုတ်တုတ်သံတောင်မထွက်တော့ပေ။ အသေးလေး၏ နှုတ်ခမ်းဒေါင့်များမှ စီးကျသော သွေးတို့သည် အစွယ်နှစ်ချောင်းကဲ့သို့ရှိကာ အင်္ကျီရင်ဘတ်ပေါ်မှာ ချင်းချင်းနီ၏။

သွားနှုတ်ခံရခြင်းကြောင့် ထိုးသိပ်ထည့်ထားသော အဝတ်စမှာ သွေးတွေစိုရွှဲကာ မီးရောင်နီနီမှာ နှစ်ယောက်စလုံး သရဲတစ္ဆေတွေလိုကြည့်ရဆိုးနေလေသည်။

ရဲမာန် အသံလည်းမထွက် လှုပ်လည်းမလှုပ်ရဲတော့တဲ့ ဒီမိန်းမနောက်ကို နောက်ယောင်ခံလိုက်ခဲ့မိသည့်အမှားအတွက် နောင်တအထပ်ထပ်နှင့် လူးလိမ့်အော်ချင်စိတ်တွေဖြစ်နေမိသည်။

သူမ သူတို့ကို သတ်ပစ်မှာမှန်းသိနေသည်။ သို့သော် သေမည့်အတူတူဆိုပြီး သူတို့ဘာမှမလှုပ်ရှားရဲပေ။ လှုပ်ရှားဖို့အခွင့်အရေးလည်းဘာမှမရှိတော့အောင် ကြိုးတို့ဖြင့်အထပ်ထပ်ကုပ်နှောင်ထားခဲ့၏။

မှားပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှတစ်ယောက်၏ အံ့ဖွယ်အလှတရားတို့ကို တပ်မက်စိတ်နှင့် ကော်ကောက်ပါအောင်လိုက်ခဲ့မိသည့်အမှားအတွက် ပေးဆပ်ရမှာကာ မတန်တဆ …၊

"အီး …"

ခြေသလုံး ညို့သကျည်းပေါ်ကို ကျောက်တုံးကြီး 'မ' လာပြီး ပစ်ချလိုက်သဖြင့် ရဲမာန် ဝမ်းတွင်းသံကြီးလှိုက်ခါလျက် နာကျင်မှုကြောင့် ဆတ်ဆတ်ခါသွားသည်။

"နင့်လိုသတ္တဝါက ခြေထောက်တွေကကောင်းနေရင် တိရစ္ဆာန်တစ်ကောင်လို အနှံ့ခံလိုက်နေမှာဆိုတော့ ခြေထောက်ကိုအရင်ဆုံးမရမှာ …"

သူမ စကားပြောလိုက်တိုင်း အသံဘယ်ကလာမှန်းမသိလောက်အောင် မျက်နှာတစ်ပြင်လုံးက တည်ငြိမ်အေးစက်နေ၏။

နှုတ်ခမ်းသားတို့က လှုပ်ရှားမှုနည်းလွန်းကာ အံကြိတ်ထားသည့်သွားကြားနေသံကြောင့် ပြောသလိုတကယ်လုပ်မယ့်မိန်းမဆိုတာလည်း ယုံမှားဖွယ်မရှိ …။

သူမ နဖူးကနေ ယိုစီးနေသည့်သွေးစီးကြောင်းတို့က ပါးရိုးတစ်ခြမ်းလုံးမှာ ယှက်ဖြာကျနေကာ သွေးသည် သူ့အလိုလိုက်တဲ့နှေးစေးကပ်ခြင်းသို့ရောက်၏။

လူကတော့ သရဲတစ္ဆေဝင်ပူးနေသကဲ့သို့ နည်းနည်းလေးမှ ပြုံးလဲဟန်မရှိခဲ့ …။

ထို့ပြင် သူမဝတ်ထားသော အဝါနုရောင်ရင်စေ့အင်္ကျီလက်ရှည်လေးများမှာ အပေါ်ကြယ်သီးနှစ်လုံးပြုတ်ထွက်နေလျက် အတွင်းခံအင်္ကျီအစွန်းအစတို့ကိုတောင် မြင်နေရလေသည်။

ပခုံးတစ်ဖက်ပြုကျနေခြင်းနှင့် ကြယ်သီးတွေပြုတ်နေသည့် မြင်ကွင်းက မိန်းမလှလေးတစ်ယောက်၏ ကိုယ်ခန္ဓာပေါ်မှာ အကျည်းတန်ရုပ်



ဆိုးစွာရှိနေခဲ့၏။

ဒါကို သူမ အနည်းငယ်မှ အပြေအပြစ်မပြောဘဲ ဒီတိုင်းနေ၏။ ဆံပင်တွေပို၍ ပွနေခဲ့လျက် ယောကျ်ားသားသုံးယောက်ကို လက်မလည်အောင် ဒုက္ခပေးနေရခြင်းကြောင့် မျက်နှာပေါ်မှာ ပြိုကျကပ်တွယ်ကျန်သော ဆံစတစ်ချို့ကလည်း သိပ်သည်းသည့်စိတ္တဇကို ဖော်ပြနေကြ၏။

အပြင်မှာ မိုးသံလေသံတွေကြားလာရတော့ 'ကလောက်ကလောက်' ရေကျသံက ပို၍ကျယ်လောင်လာသည်။

ရှုံးသွပ်နေသော စိတ္တဇမောယာနှင့် ဆိုးဝါးသောတောတောင်ရာသီဥတုကြားမှာ သူဟို့သုံးယောက် ကယ်သူဝေးပြီထင်၏။

"သိပ်ကြောက်နေသလား .. နင်တို့လိုယောကျ်ားတွေကို ငါသတ်ခဲ့တာ ခြင်တွေဖြုတ်တွေ ခါချခဲ့ရသလိုပဲ၊ ဒါပေမယ့် ငါ့လက်နဲ့ သေချာသတ်ဖို့ဖြစ်လာရင်တော့ .."

သူမက စကားကိုဒီမှာတင်ရပ်၍ အံကြိတ်နေသည်။ ပြီးတော့ သူမ ပခုံးစွန်းက အင်္ကျီစပြေကျနေတာကို မျက်တောင်ဖျားလေးတွေစင်းချပြီး ငုံ့ကြည့်သည်။

ဒီယောကျ်ားတွေကို သူမ ဥပေက္ခာထားလိုက်ဖို့ဆုံးဖြတ်ခဲ့သည်။ ဒဏ်ရာတွေနဲ့ ရောက်လာခဲ့သည့် လုလင် မျက်နှာကို ငဲ့ညှာလိုက်ဖို့ ပထမဆုံးဖြစ်ခဲ့သည့် ဆုံးဖြတ်ချက်ပင် …။

ဒါပေမယ့် ကိုယ်ရှိရာကို ရောက်လာခဲ့ကြသည်။ ထိုယောကျ်ားနှစ်ယောက်ကိုလည်း သူမ ဒဏ်ရာရနေခဲ့သည်အထိ ဥပေက္ခာထား၍ ကျော်နိုင်းပြေးခဲ့မိသေးသည်။

ဥပေက္ခာထားဖို့ လွယ်ကူစွာဆုံးဖြတ်ခဲ့တာမဟုတ်သလို ထိုဆုံးဖြတ်ချက်ကို အလွယ်တကူမဖျက်နိုင်ခဲ့ပေ …။

ဒါပေမယ့် သွေးသံရဲရဲနှင့် တရားထိုင်ပြီးကုစားဖို့ ကြိုးစားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်တစ်ယောက်ရောက်လာခဲ့၏။

အစက ရှောင်းကြည့်သည်။ ပြီးတော့ မရဲတရဲဝင်လာခဲ့၏။

နောက်ထပ် သူမကိုရှေ့က နောက်က အမျိုးမျိုးထိုင်ကြည့်နေပြီး ဟိုထိဒီထိ ကိုင်တွယ်လာခဲ့၏။

သူမ အာရုံပျက်မခံဘဲ ဒဏ်ရာကိုပဲကုစားဖို့ကြိုးစားရင်း ထို ယောကျာ်းကို ဥပေက္ခာထားခဲ့ရသည်။

ထိုယောကျာ်းသည် ရဲမာန် ဆိုသူမှန်းလည်း သူမ မသိပေ။ တောထဲ မှာ ကျောက်ခဲနဲ့ ထုလွှတ်လိုက်သည့်နှစ်ယောက်ကိုလည်း မသိခဲ့ ...။

သူမ သိတာတစ်ခုပဲရှိသည်။ ထိုသူတွေကို သူမ ခွင့်မလွှတ်နိုင်...။

"ဟော့ .. မင်းက လူလား ဥစ္စာစောင့်မလေးလား ငါသိချင်တယ် မင်း ဖြေမလား .."

အိမ်ထဲထိ ကျူးကျော်ပါလာသူက နားနားကပ်ပြောသည်။ ပြီး တော့ ...၊

အသံကိုဥပေက္ခာထားဖို့ကြိုးစားနေရရင်း ပါးပြင်ကို ထိကပ်လာ သည့် လေငွေ့နွေးကြောင့် တစ်ကိုယ်လုံးမှာရှိသည့် ဒေါသတွေပွက်ပွက် ဆူထ၏။ သွေးလျှံထားသည့်ဒဏ်ရာအရှိန်နှင့် ဒေါသစိတ်ကြောင့် သူမ တင်ပလ္လင်ခွေထိုင်နေရာကနေ ခွေခနဲလဲကျသွားခဲ့သည်။

သူမ သတိမလစ်သေးပါ။ ဒါပေမယ့် မူးဝေနောက်ကျိကာ ခန္ဓာ ကိုယ်တစ်ခုလုံးက ဒန်းစီးသလို ယိမ်းထိုးနေ၏။ ထို့ပြင် ...၊

"ပွတာပဲ .. မင်းက ငါ့အတွက်ဆိုတာသေချာသွားပြီ၊ လှလိုက် တာ .. ဟား .. ဟား .. ဟား .."

ရဲမာန် စိတ်တွေအပူလုံးကြွကာ ရူးသွပ်သလိုဖြစ်သွားခဲ့၏။ သူမကို ဆံပင်တွေ၊ နူးညံ့သည့်အသားစိုင်လေးတွေအစ အငမ်းမရ ကိုင်တွယ် ပွတ်သပ်ကြည့်ရင်း ပခုံးပေါ် ကောက်ထမ်းလိုက်သည်။



ဒီအိမ်တွေထဲမှာဆို မလွတ်လပ်ပေ ...။ တောထဲတစ်နေရာမှာ ကိုယ့်စိတ်ကြိုက် ...။

သူ့ခြေလှမ်းတွေက ဘယ်လိုစိတ်ဓာတ်ကြောင့်မှန်းမသိဘဲ လူတ ယောက်လုံးထမ်းလာရတာတောင် ပေါ့ပါးသွက်လက်နေသည်။

မိုးလည်းချုပ်တော့မည်မို့ သူမနဲ့ သူ ပျော်ပါးပြီး အိမ်ပြန်မည် ဝေလ တို့ကိုတော့ ပြောပြမှဖြစ်မှာပါ။ သူမကို လုံခြုံသည့်နေရာ မပြေးနိုင်အောင်ချုပ်ထားပြီး ဒီရွာကမပြန်မချင်းတော့ အပျင်းပြေဖို့ စားရမည်သာ ...။

ဟိုနှစ်ယောက်လည်း ပျော်ကြပါစေ။ ဘာပဲဖြစ်ဖြစ် သွားလာရ တွေ့တဲ့ဖွက်အိုင်တစ်ခုပဲမို့ ခြေဆေးလှည့်ပြန်ရုံအပြင် တခြားမက်လော စရာလည်းမဟုတ် ...။

ဒါပေမယ့် တောထဲသေချာဝင်လာတော့ မိုးသားတို့နှင့် ညနေခ က မှောင်နေခဲ့သည်။ ကိုယ်မသိသောနေရာမို့ ဘယ်ကိုသွား၍ ဘယ် ဝှက်ထားရမှန်းမသိဖြစ်နေခဲ့လျက် ...၊

"အား ..."

"ဟော .. မင်း သတိရပြီလား .. မအော်လိုက်နဲ့နော်၊ အသံထွ တာနဲ့ ငါ မင်းကို တစ်ခါတည်းသတ်ပစ်ခဲ့မှာ .."

"ရှင် .. ကျွန်မကို ရွာထဲတော့ ခေါ်မသွားပါနဲ့ .."

"ဘာ ..."

"ရွာထဲကလူတွေက ကျွန်မကို ရွာပြင်နှင်ထုတ်ထားတာ၊ ပြန် သွားရင် မသေရုံတမယ်ဝိုင်းရိုက်ကြမှာ .."

ဟင်!...

သူမက ဒီလိုလား ...၊

ကိုယ့်ဘာသာ အတွေးပေါက်ကာ ကိုယ့်လမ်းကြောင်းရှင်းနေ

www.burmeseclassic.com

www.burmeseclassic.com



ကို သဘောတွေစွတ်ကျသွားမိ၏။

"ဒီ .. ဒီကနေ ဟိုရှေ့ဘက်ကိုဆက်သွားရင် ကျွန်မ ပုန်းနေကျ လိုဏ်ဂူလေးရှိတယ် .."

သူမ ဘာတွေခြေလှမ်းပြင်လိုက်မှန်း နည်းနည်းလေးမှ မတွေးမိခဲ့ဘဲ အခွင့်အရေးကို လက်လွှတ်မခံဖို့ပဲ တက်ကြွစွာတွေး၏။ သို့သော်...

ဂူဆိုသည့် လျှိုတစ်ခုထဲကို ခဲယဉ်းစွာဆင်းလိုက်ပြီးမှ နှစ်ယောက်စလုံး လိမ့်ကျသွား၏။ ခပ်လျှောလျှောပြုတ်ကျသောကြောင့် 'နာတာကျင်တာတော့မဖြစ်ပေမယ့် ..၊

"ဟင် .."

လဲကျသွားပြီး လူးလဲပြန်ထလိုက်လျှင် သူမကို မွေ့မလို့လှမ်းကြည့်လိုက်တော့ ရဲမာန် မျက်လုံးတွေပြာမိုက်သွား၏။

သူမက သူ့နောက်မှာ ငုတ်တုတ်ထိုင်နေကာ မျက်လုံးအပြူးသားနှင့် စိုက်ကြည့်နေ၏။ မျက်နှာပေါ်မှာ တစ်ချို့ကွယ်လျက် ပခုံးနှစ်ဖက်ကနေ မြေပေါ်ပုံကျနေသော ဆံပင်တွေနဲ့ လူပုံစံက လူနဲ့လုံးဝမတူတော့ဘဲ သူ လန့်ဖျန့်နောက်ဆုတ်တော့ ခြေထောက်တွေဆီ မျက်လုံးက စိုက်ခနဲလိုက်ကြည့်၏။

"မဟုတ်ဘူး .."

ရဲမာန် ဘယ်လိုမှ တင်းမခံနိုင်တော့ဘဲ အသားကုန်လှည့်ပြေးခဲ့လေသည်။ အိမ်ထဲပြန်ရောက်တော့ လူကနတ်ပူးသလိုဆတ်ဆတ်တုန်နေ၏။

ရဲရန့်အောင် လစ်ကာမှ ဝေလ တို့ကိုပြောပြလိုက်လျှင် ..၊

"လုံးဝ သရဲမဟုတ်ဘူး၊ ဥစ္စာစောင့်လည်းမဟုတ်ဘူး၊ အဲဒါ [illegible] စစ်စစ်ပဲ .. နာမည်တောင် ငါကြားခဲ့သေးတယ် ဥဒေါင်း တဲ့ .."

ဝေလ က ဒေါသတွေနဲ့ထပြောသည်။ ခုနတင်ပဲ ရွာသား[illegible]



ကြိမ်းမောင်းထိုးကြိတ်သွားတာခံရထားသဖြင့် အသေးလေး က လက်သီးလက်မောင်းတန်း၏။

"အဲဒါ ကျွန်တော် ကျောက်ခဲနဲ့ထုလိုက်တာ၊ ဒဏ်ရာကြီးရှိနေတာတောင် ဥစ္စာစောင့်လို့ထင်နေရသလား ကိုမာန် ရာ .."

"ဒဏ်ရာက သွေးထွက်လွန်ပြီး ငါ့ပခုံးပေါ်မှာသေနေတာလို့ထင်လိုက်တာ၊ ငါ့ကို သရဲပူးပြီးစကားတွေပြောနေတယ်လို့ .."

"မဟုတ်ဘူး .. လာ .. သွားမယ် .. ကျွန်တော်တို့မှာ ရာတ်မီးတွေပါတယ်၊ ဒီမိန်းမ တမင်ခြောက်လှတ်လိုက်တာ .."

"မသေရင်လည်း ပြေးပြီပေါ့ကွာ .."

"ပြေးသွားပြီဆို မိအောင်ပြန်ဖမ်းမယ်ဗျာ .. ပြီးရင် အရေခွံနွှာပစ်မယ်၊ တောထဲမှာ အလောင်းဖျောက်ရတာလွယ်လွယ်လေးရယ်၊ ဒီလောက်ဝေးလံသီခေါင်တဲ့နေရာ ဘယ်ရဲမှလည်း ဖမ်းဖို့မရှိဘူး၊ ကိုကြီးမသိရင်ပြီးပြီ .."

ဤနည်းလမ်းဖြင့် သူတို့က ဒုတိယတစ်ခေါက်ပြန်သွားခဲ့ကြ၏။ ဥဒေါင်း ကလည်း ဒီလိုဖြစ်လာမှာကိုသိပြီးသားပင် ..။

ထို့ကြောင့် ဒီတစ်ယောက်လက်ထဲမှာ လောလောဆယ် ဘဝပျက်ရမည့်အရေးအတွက် ကာကွယ်ဖို့ကြိုးစားခဲ့ရတာဖြစ်သည်။

စိတ်ကဆောင်၍အောင်မြင်ခဲ့ပေမယ့် ကိုယ့်ရဲ့ လိုဏ်ဂူထဲရောက်သည်နှင့်လူက ပုံလဲလေသည်။

မဖြစ်ဘူး ..၊

နှင် သတိလစ်သွားလို့မဖြစ်ဘူး ဥဒေါင်း ..၊

နှင် လုပ်စရာရှိတာလုပ်ရမယ်၊ ဒါမှ ကာမဘီလူးတွေလက်ကလွတ်မှာ ..။

သူတို့ပြန်ရောက်လာလိမ့်မယ်၊ နှင် ကာကွယ်မထားရင် နှင့်ကို

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်စစီဖျက်ဆီးကြမှာပဲ ..၊ လဲကျမသွားနဲ့ .. သတိလစ်မလစ်နဲ့ ..။

ရိပ်ခနဲ ပြာခနဲဖြစ်နေသည့် အသိတရားတို့ကို ကြိုးစားစုစည်းရင်း သူမ မီးတုတ်ကို မီးတို့လိုက်သည်။ ဘေးမှာ အဆင်သင့်ရှိနေသော သူမ ကိုယ်တိုင်ဖော်စပ်ထားသည့် မေ့မွှားစေသည့်ဆေးမှုန့်တို့နှင့် ဝါးသဲတုတ်ကို ရေနဲ့တို့ပြီး မီးနဲ့ကပ်ထားလိုက်၏။

ထို့နောက် လိုဏ်ဂူတွင်းမှာရှိနေသော ပတ်ကြားအက်ကြားထဲက အရွက်နည်းသောတစ်တောင်လောက် သစ်ပင်လေးဆီက အရွက်လေး နှစ်ရွက်လောက် ဖြုတ်ယူပြီး ပါးစပ်ထဲထည့်လိုက်သည်။

ထိုအရွက်ကမေ့ဆေးငွေ့ကို တုံ့ပြန်အံတုနိုင်၏။ အရွက်ကို ဝါးနေရင်း သူမနောက်ပြန်နှစ်လှမ်းသုံးလှမ်းလောက် သတိတရပြန်ဆုတ်လိုက်သည်။

မဟုတ်လျှင် ကြီးမားသောပတ်ကြားအက်ထဲထိုးကျသွားပါက ဘယ်လောက်နက်သလဲဆိုတာ မသိသလို အောက်မှာ ရေလား၊ မြေလား ကျောက်သားလား ..။

ငုံ့ကြည့်လိုက်တိုင်း ရေတံခွန်လိုစီးကျနေသည့် ရေသံကိုကြားရင်း မှောင်မိုက်နေသဖြင့် စပ်စုဖို့လည်းမကြိုးစားခဲ့ဘူးပေ ..။

ဒါပေမယ့် ဒီဂူလေးက သူမငယ်ငယ်တည်းက ရောက်ဖူးကစားခဲ့သည့် လိုဏ်ဂူဖြစ်သည်။ တောထဲမှာ ဆေးမြစ်ရှာဖို့ သူမလိုက်မသွား ရသည့်အခါတိုင်း အမေ့ကို ဒီဂူထဲမှာကစားရင်း စောင့်ခဲ့ဖူးသည်။ အပြင် က လျှိုပေါ်မှာ နွယ်ကိုဒန်းစီးပြီးစောင့်ခဲ့၏။ တစ်ခါတစ်လေ မျောက် တွေနဲ့ဆော့သလို တစ်ခါတစ်ခါ ယုန်တွေနဲ့ပြေး၊ လိပ်ပြာဖမ်းနှင့် ဒီဂူ ပတ်လည်မှာပဲဖြစ်သည်။

ဂူထဲမှာ ချောက်ကမ်းပါးထိပ်ဝတစ်ခုဖြစ်နေသည်လို့ သူမ မြင်ခဲ့ ကို ပြောပြလိုက်လျှင် လူကြီးတွေစိုးရိမ်ပြီး နောက်ထပ်သွားခွင့်မ



ဆော့မှာစိုး၍ မျိုသိပ်ခဲ့ရ၏။ ခုတော့ ..၊

နောင်တစ်ချိန်မှာ ဒီနေရာဟာ ပုရိသတို့ရဲ့ သချိုင်းကြီးတစ်ခုဖြစ် လာခဲ့မည်ဆိုတာကိုယ်တိုင်နိမိတ်ရေးခဲ့သလို ..။

"အား ..."

ကိုယ့်အသံကိုယ်တော့ ဘဝင်ညံသွားပြီထင်ခဲ့ပေမယ့် ပါးစပ်ထဲမှာ ငုံ့ထားသည့်အဝတ်တွေကြောင့် တိရစ္ဆာန်လိုအသံတစ်မျိုးသာထွက် ခဲ့၏။

ဥဒေါင်း ၏ ပေါက်ကွဲသွားခဲ့သော ဒေါသက ကျောက်တုံးပေါ် ကျောက်တစ်ဖက်နဲ့ ဖိနင်းလိုက်ခြင်းကိုဖြစ်စေလျက် ရဲမာန် အသည်း ကွဲသွား၏။

အသားနာ သွေးကျအောင်ကျူးလွန်ခဲ့သူတွေကိုလည်း ခွင့်မလွှတ် ထုတ်မာအောက်တန်းကျသော ဒီသတ္တဝါကိုလည်းရွံမိသည်။

သုံးယောက်စလုံးရောက်လာကြတော့ သူမ ကိုယ့်ရောဂါကိုယ်ကု ငြိမ်သက်နေခဲ့၏။ ထို့နောက်မှာ သင်းတို့ဘယ်လောက်တောင် ကြသလဲ ..၊

ကိုယ့်ကိုယ်မှာ ဖရိုဖရဲစုတ်ပြဲနေသော အဝတ်အစားတွေကသက်သေ..။

"တော်တော်လှတဲ့ မိန်းကလေးကွာ .."

"ဆိုလိုက်ကိုင်လိုက်တာတောင် ဆုပ်ကိုင်မိရဲ့လားထင်ရတယ်၊ တဲ့အသားအရေ၊ အဲဒါမျိုးလေးကို ခုလို အားပါးတရ .."

"ဟော့ .. ဟော့ .. အပြောတွေလျှော့၊ အလုပ်နဲ့ သက်သေပြရမယ်၊ ဒေါင်းဆောင်ဆိုတော့ လူငယ်တွေကို အလျှော့ပေးမှာပါ၊ ရွာသား တ်ခံထားရတဲ့ အသေးလေး က နံပါတ်တစ် .."

"အေးပါ .. အေးပါ .. မင်းကရှာတွေ့ထားတော့ ပြောပေါ့၊ ရုပ် ဒါတော့ မျက်စိအစာကျွေးရမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ .."

"အဝတ်စားတွေ အကုန်ချွတ်ပ  ာ် .."

"ကိုဝေ ကလည်း အလုပ်ရှုပ်အော  မိန်းမကြောင့် ကျွန်တော်တို့ အရှက်ကွဲရတာ၊ ဒီလို .. ဒီလို လုပ်ချလိုက် .."

"ဗြီး ..."

"ဟာ .. အသေးလေး .."

"လုပ်မနေစမ်းပါနဲ့ နရှုနေဖို့မလိုပါဘူး၊ တစ်ခါတလေ ဖက်ဆစ်လိုကျင့်တာ ပိုရင်ခုန်ရတယ် .."

"အံမာ လူလေးကသာ အကောင်ငယ်တာ .. ဟား .. ဟား ..ဟား"

"နေဦး .. စီတီတီ .. စိမ်းရွှေရွှေနဲ့ ဘာနံကြီးလဲ .. ခေါင်းတောင်မူးတယ် .."

"ငါလည်း .."

"ငါ့လက်တွေလည်း ဆုပ်ကိုင်ရတာ မဆုပ်မိသလိုပဲ၊ အားယုတ်နေတာလား .. ထုံနေတာလား .."

သံသယတွေစတင်ဖြစ်လာချိန်မှာ ဒူးတွေခွေယိုင်ကျကုန်၏။ သူမအဖြစ်ဆိုးဖို့နည်းနည်းလေးပဲလိုပါတော့သည်။

တစ်ပြန်တစ်လှည့် မုဆိုးလုပ်တမ်းကစားခဲ့ကြသည့်နောက် ..၊

ဟင် ...၊

ကိုယ့်အဖြစ်ဆိုးကို ကြိုတွေးမထားခဲ့သော်လည်း ဥဒေါင်း ကိုင်လာသည့်ပစ္စည်းတွေကြောင့် ကယောင်ကတမ်းချောက်ချားဖြစ်နေသည့် ဝေလ တို့ မျက်လုံးပြူးကျယ်သွားကြ၏။

ဥဒေါင်း က တူတစ်ဖက်နှင့် ခြောက်လက်မနီးပါးရှည်သော နို့လို သံချောင်းတစ်ချောင်းကို ကိုင်ထားပြီး အသေးလေးနား လျှောက်လာတာတစ်လှမ်းချင်း ...၊



သို့သော် ...၊

အသေးလေး ရှေ့မှာရပ်ပြီးမှ ဝေလ ဘက်ကို ခပ်ဖြည်းဖြည်းလှည့်လိုက်ကာ ..၊

"နင်က မျက်စိအစာကျွေးချင်တယ်ဆိုလို့ ငါဒီတိုင်းနေခဲ့တာ၊ ဘယ်လိုလဲ .. အစာမိသေးဘူးမို့လား .."

ဝေလ မျက်လုံးပြူးကြီးနှင့် ခေါင်းတွင်တွင်ခါရှာ၏။ ဥဒေါင်း က လူသေကောင်လိုအကြည့်နှင့် စိုက်ကြည့်နေပြီးမှ ..၊

"နင့်ကိုမသတ်သေးဘူး .. အားရအောင်ကြည့်ထား .."

ပြောပြီး အသေးလေးဘက် ပြန်လှည့်၏။ ထို့နောက် အသေးလေး ရှေ့မှာပဲ ခွေးခြေခုံဆွဲပြီးသေချာထိုင်ချလိုက်ကာ ...၊

"နင်က လူငယ်ပေမယ့် စိတ်များလွန်းတယ် .."

သံချောင်းကိုကိုင်၍ ခေါင်းပေါ်တင်လျှင် အသေးလေး အကြောက်အကန်ရုန်းလေသည်။ ဥဒေါင်း က လက်ကိုပြန်ရုတ်လိုက်ပြီး အေးစက်သောမျက်နှာနှင့် ..၊

"မနာမကျင် သေးတစ်စက်မှမထွက်ဘဲ ခေါက်ခနဲသေရမှာ မသေချင်ဘူးလား .. ဒါဆိုရတယ် နင့်ကိုယ်က ငါအမုန်းဆုံးအပိုပစ္စည်းတွေကို ဓားတုံးတုံးနဲ့ လှီးပစ်မယ်၊ ပြီးရင် စိုက်ခွဲပြီး အူတွေထုတ်မယ် .."

ပြောလိုက်ပြီး ယမ်းပြလိုက်လျှင် အသေးလေး ခေါင်းခါရင်း တောင်းပန်သလိုမော့ကြည့်၏။

သူမက အေးစက်စွာပြုံး၍ ...

"နားလည်သွားပြီလား .."

ရဲမာန် နဲ့ ဝေလ တို့ မကြည့်ရဲတော့ပေ ...။ မျက်လုံးတွေမှိတ်ထားလိုက်ပြီး ဘုရားတရင်းငိုကြွေးမိကြလေသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးတွေ ခုဖွင့်လိုက်စမ်း .. မဖွင့်ရင် ထိုးဖောက်မှာနော်၊ ပြန်မှိတ်ပစ်ရင်လည်း ဖောက်ပစ်မှာ .."

သူမ ချက်ချင်းအမိန့်ပေးလာသဖြင့် မျက်လုံးတွေကို ပြိုင်တူပြန်ဖွင့်မိကြ၏။

ထိုအခါ ...၊

"ဘုရား .."

"ဟာ ..."

သူမသည် သံချောင်း ကို အသေးလေး ရဲ့ ငယ်ထိပ်ပေါ်မှာ စိုက်ထောင်ထားလျက် တူကိုသံတံစို့နဲ့ထိ၍ တစ်ချက် 'ဆ' လိုက်၏။ ထို့နောက်မှာ နောက်ဆုံးရိုက်ချက်အတွက် ပင့်တက်သွားသော လက်ကို ဘယ်လိုမှ မကြည့်ရဲတော့ဘဲ မျက်လုံးတွေကို မှိတ်ပစ်လိုက်ရလေသည်။

"ဥဒေါင်း .. မလုပ်ပါနဲ့ .."

လုလင် ရဲ့ တားဆီးသံက ချောက်ချားစွာပေါ်လာ၏။ ရဲမာန် တို့ကယ်တင်ရှင်ပေါ်လာတာကို ဝမ်းသာအားရဖြစ်သွားကြသော်လည်း ဥဒေါင်း မျက်နှာလေး နီရဲခက်ထန်သွား၏။

"ဥဒေါင်း .. ဥဒေါင်း မလုပ်ပါနဲ့၊ သူတို့လုပ်ထားတဲ့အပြစ်အတွက်"

"နင့်ကိုသတ်ပစ်ဦးမယ်ဆိုရင်တောင် ငါစိတ်ကျေနပ်မှာမဟုတ်ဘူး .."

သူမက နောက်ထပ်လက်တင်လိုက်လျှင် ..၊

"ဟေ့ .. ရပ်လိုက်စမ်း .."

လုလင် ရဲ့ နောက်မှာ ထပ်ရောက်လာသည့် ရဲရန်အောင် သည် လက်ထဲမှာ ပစ္စတိုကို ကိုင်ထားလျက် ဥဒေါင်း ကို ချိန်၍ ..၊

"မင်းလက်ကို မချရင် ငါပစ်လိုက်မှာ .. ဒါ ဘာလဲ မင်းသိလား"

"ဟွန်း ..."

ဥဒေါင်း က သေနတ်ကိုကြည့်၍မဲ့လိုက်၏။



"သိကြားမင်းရဲ့ မိုးကြိုးလက်နက်နဲ့ ခြိမ်းခြောက်လာရင်တောင် ငါ ဂရုမစိုက်ဘူး .."

"ဟော့ ..."

"ဒိုင်း ..."

သိပ်မကျယ်သော လိုက်ဂ္ဂသည် ကျယ်လောင်စွာပေါက်ကွဲသွားသည့် ယမ်းအားကြောင့် ပဲ့တင်လှိုင်းက သိမ့်သိမ့်တုန်သွား၏။

"ကိုရဲ ဘာလာလုပ်တာလဲ .. သူ့ကို ကျွန်တော်တားနေတာ .."

"ငါ သူ့ကိုမပစ်သေးဘူး ထည် .. ဒါပေမယ့် သတိပေးနေတာ မရရင်တော့ ပစ်ရမှာပဲ .."

"ဥဒေါင်း .."

"မင်း ပါးစပ်ပိတ်ထားစမ်း လုလင် .. ဒီလိုဏ်ဂူထဲက ဟောဟို ချောက်ထဲမှာ အလောင်းတွေအများကြီးပဲ၊ အခု လေးလောင်းထပ်ရောက်လာမယ်၊ ငါးလောင်းဖြစ်မသွားချင်ရင် မင်းပါးစပ်ပိတ်ထားလိုက် .."

"ဟော့ .. ဒီမှာ လူသတ်နေတာ အပျင်းပြေကစားစရာမဟုတ်ဘူး"

"မိန်းမတစ်ယောက်ကို အပျင်းပြေဖျက်ဆီးဖို့ကြိုးစားတာကျတော့ရော .."

ပြောပြီး သူမက ဒီဘက်ကိုတည့်တည့်လှည့်ရပ်လိုက်၏။

ဟင်!...

လုလင် မျက်နှာရဲခနဲဖြစ်သွားကာ မျက်နှာပါလွှဲပစ်လိုက်မိ၏။ ရဲရန်အောင် သေနတ်နဲ့တန်းမတ်စွာချိန်ထားသောလက်က ညွှတ်ခနဲလျှော့ကျသွားလေသည်။

မျက်နှာတစ်ခြမ်းမှာ သွေးစီးကြောင်းတို့နှင့် အဝတ်အစားတွေ စုတ်ပြဲနေသော မိန်းကလေး၏ ဖရိုဖရဲကိုယ်ခန္ဓာကြောင့် စာနာသနားသော အရှထာစိတ်က နင့်သီးစွာဖြစ်၏။ သို့သော် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒုရဲ့အုပ်တစ်ယောက်ပဲ .. ဒါပေမယ့် ငါ ဒီကိုတာဝန်နဲ့ လာတာလည်းမဟုတ်ပါဘူး၊ မင်းလုပ်ခဲ့တာတွေ မှန်မှန်မှားမှား ငါဒီမှာပဲ ထားခဲ့ပေးမယ်၊ အခု လူသတ်မယ့်ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါ၊ မင်း လက်ကိုချလိုက် .."

"နင်ကိုပါ သတ်မှာ .."

အေးဆေးစွာပြန်ပြောပြီး ဥဒေါင်း က အသေးလေးဘက် ပြန်လှည့်သည်။ စိတ္တဇဆန်ဆန်သွေးအေးလွန်းသည့် သူမပုံစံကို ရဲရန်အောင် နားလည်သွား၏။

သေနတ်နှင့် လက်သည် သူမထံ တန်းမတ်စွာပြန်ရောက်သွားကာ ..

"နေပါဦး .. ကိုရဲ မပစ်လိုက်ပါနဲ့၊ ဥဒေါင်း .. ဥဒေါင်း မလုပ်ပါနဲ့တော့၊ ငါ မင်းအတွက် ပြောနေတာပါ .."

ပြောနေရင်း သူမဆီပြေးသွားမိသည်။ သူမကလည်း သံကို အသေးလေး ရဲ့ ငယ်ထိပ်မှာမဖြစ်မနေ ရိုက်သွင်းဖို့လှုပ်ရှားလျှင် ..

"ဥဒေါင်း ..."

လုလင် သိလိုက်သည်။ ဥဒေါင်း တစ်ချက်မှ နောက်မတွန့်ဘဲ တူကိုမြှောက်လိုက်တာနှင့် သူမကို သူ့ကိုယ်နဲ့ကာကွယ်ထားလိုက်၏။

"ဒိုင်း ..."

"ဟင်!..."

"ထည် ..."

အဖြစ်အပျက်တွေက မြန်သည်။ လုလင် သေနတ်မှန်သွားကာ ဘေးကို ခြေသုံးလှမ်းလောက် စောင်းထွက်ယိုင်ကျသွားသည်။ ချောက်ကမ်းပါးသည် တဖျောဖျောပဲ့ကျသွားလျက် ..

"လုလင် ..."

တုန်လှုပ်သည့် ဥဒေါင်း ရဲ့ ခေါ်သံက တိုးသဲ့နေ၏။ သို့သော်



သူမလက်ထဲက လက်နက်တွေ တခေါက်ခေါက်လွတ်ကျသွားလေသည်။ ပြီးနောက် ...

"လုလင် .. ဟင့်အင်း .. မသွားရဘူး .."

ကမ်းပါး ပဲ့ခြင်းနှင့်အတူ ပြုတ်ကျသွားသည့် လုလင် ဆီ ပြေးသည်။ ပြီးတော့ အောက်ကိုလေးဘက်ထောက်လေး ငုံ့ကြည့်လျက် ..

"လုလင် .. လုလင် .. ပြန်တက်လာခဲ့ပါ၊ မသွားပါနဲ့ .."

သူမ အရူးတစ်ယောက်လိုအော်ရင်း ကမ်းပါးပေါ်မှာ ဝမ်းလျား မှောက်လေးဖြစ်သွားသည်။ ပြီးတော့ လျှောဆင်းဖို့ကြိုးစားရင်း ...

"လာ .. လာပါ .. ငါ့လက်ကိုဆွဲ .. ဆွဲလိုက်စမ်းပါ .."

"ထည် ..."

ဘယ်လိုမှ မယုံနိုင်သလို မှင်တက်မိနေသဖြင့် ရဲရန်အောင် ပြေး သွားပေမယ့် နောက်ကျသွား၏။

"အား ..."

သူပြေးငုံ့ကြည့်တော့ ဥဒေါင်း ၏ အော်သံလေးသာ ပဲ့ဟင်ထပ် ကျန်ရစ်ခဲ့ပြီး ..

"ဒုတ် .. ဒုတ် .."

ဟင်!...

ဝူက သိမ့်ခနဲဖြစ်သွား၏။ ထိတ်လန့်တကြား ပြန်ကြည့်လိုက် လျှင် ..

"ဒိန်း .. ဒုတ် .. ဒုန်း .."

"ဟာ!..."

ကျောက်ခဲတွေ မြေစိုင်ခဲတွေ ဝူရဲ့နောက်ကြောကြားထဲက တဖျော ဖျောပြိုကျလာ၏။ ကျောက်ဝူစစ်စစ်မဟုတ်သောကြောင့် အကျည်သာ သော်လည်း သေနတ်သံ၏ ပဲ့တင်ရိုက်ခတ်မှုကြောင့် တစ်ခြမ်းလုံးပြိုကျ သည့်အခါတွင် ..

www.burmeseclassic.com

www.burmeseclassic.com



"အား ..."

ကျောက်စိုင်ခဲမြလုံးကြီးတွေက သူ့ကိုရိုက်ထုတ်ပစ်လိုက်သလို ဖြစ်သွား၏။ ရဲရန်အောင် ဗူပေါက်သေးသေးလေးဆီ ဒိုင်ဗင်ထိုးလိုက်သဖြင့် ရင်ဘတ်ကနေ ခေါင်းထိ အပြင်ရောက်သွားခဲ့သည်။

ခါးအောက်တစ်ပိုင်းလုံးသည် ဗူအောက်ထဲမှာ ပိမိလျက် ...၊

"ငါမှားခဲ့လို့လား ..."

ဓာတ်လမ်းတွေထဲမှာတော့ ရှေးဟောင်းရတနာတွေအပေါ် မတော်လောဘတက်မိသဖြင့် အသေဆိုးနဲ့သေရတာတွေကြားဖူးခဲ့သည်။

သူကတော့ ဘာမှားခဲ့လို့လဲ၊ ခေါင်းကိုထိခိုက်မိသည့်ဒဏ်ရာကြောင့် မူးဝေလာကာ ချာချာလည်နေသည့် အာရုံထဲမှာ ထည် နဲ့ ဥဒေါင်း တို့၏ သံယောဇဉ်ကြိုးတို့ကရောသော လည်ပတ်နေ၏။

ပြီးတော့ ...၊

"ဥဒေါင်း ..."

"ဟင့်အင်း ... မသွားနဲ့ ... လုလင် ပြန်တက်ခဲ့ပါ ..."

"အား ..."

သတိလစ်မေ့မျောလုလုအာရုံထဲမှာ သေနတ်သံတွေရှုည်သွားသည်။ ဗူကြီး သိမ့်သိမ့်တုန်လာ၏။

ပြီးတော့ ...

"ငါ ... ငါမှားခဲ့လို့လား ..."

ရဲရန်အောင် ဘာမှမသိတော့ဘဲ ...၊



## အခန်း (၁၈)

"လုလင် ... လုလင် မလုပ်ပါနဲ့ ... မသွားပါနဲ့ ..."

ဥဒေါင်း တအားအော်ကာ ရုန်းကန်ထလိုက်မိ၏။ သို့သော် လူက မထနိုင်ခဲ့ဘဲ မျက်လုံးတွေသာပွင့်သွားခဲ့ပြီး ...၊

ဟင် ...၊

နေရောင်ခြည်ဖျော့ဖျော့နှင့်အတူ ရေတံခွန်က ရေကျသံကို ခပ်ညက်ညက်ကြားလိုက်ရ၏။

လှည့်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းမှာ ရေတံခွန်တစ်ခုရှိနေကာ မြင့်မားသော ခပ်လျှော့လျှော့ရေတံခွန်သည် တောင်ခါးပန်းတစ်နေရာကနေ ဖောက်ထွက်ကျဆင်းနေ၏။

သူမ မသေသေးဘူးလား ...၊

လုလင် ရော ...၊

လူက မထနိုင်သော်လည်း မျက်နှာပတ်ဝန်းကျင်မှာ လှည့်ပတ်ရှာဖွေကြည့်ရင်း ...၊

"လုလင် ..."

www.burmeseclassic.com

www.burmeseclassic.com



"ကွဲ .. ကွဲ .."

ဟင် .. ဒါ .. တာစံ့ အသံ ..။

ဉဒေါင်း ကိုယ်ကိုအားယူလှည့်လိုက်ပြီး အသံကြားသည့်ဆီကို ကြည့်လိုက်မိ၏။ သူမနဲ့ လက်တစ်ကမ်းသာသာအကွာမှာ တာစံ သည် လုလင် ကို ဆေးရွက်တွေကြိတ်ချေပြီး ပါးစပ်ထဲညှစ်ထည့်ပေးနေ၏။

သူမတို့ ရေတံခွန်ကနေ ကျလာခဲ့တာလား ..။

အားလုံးကိုသိနေသည့် တာစံ က ဒီမှာလာကောက်ထားပြီး ကယ်တင်ခဲ့တာဖြစ်သည်။

"လုလင် ဘာမှမဖြစ်ဘူးမို့လားဟင် .. တာစံ ငါ့ကိုပြောစမ်းပါ.."

"ကွဲ .. ကွဲ .."

တာစံ က သွားဖြီးပြလိုက် ခေါင်းခါလိုက်လုပ်နေကာ ကျောက်ခွက်တစ်ခုထဲက သူသွေးထားသည့် ဆေးရည်တွေကို လုလင် ဒဏ်ရာတွေပေါ် လိမ်းပေးသည်။

"သူ သေသွားနိုင်တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် သူ သေလို့မဖြစ်ဘူး .."

ဉဒေါင်း မရမက ကျူးထကာ လက်နဲ့ထောက်ပြီး လုလင် ဆီကို လာသည်။ မဟာနဖူးပြေပြေနှင့် ဖြူနုချောမွေ့သော နိုင်ကြည်သည့် မျက်နှာသည် အသိမဲ့နေပေမယ့် ကော့ထင်းနေသည့် နှာတံနှင့် ပုံကျသေသပ်သော နှုတ်ခမ်းလွှာတို့က သောကဝေဒနာကင်းစွာ အိပ်စက်နေသည့်နှယ် ..။

"လုလင် ရယ် .."

သူမ မျက်ဝန်းမှ မျက်ရည်စက်တွေက ရေတံလျှောက်လို အားကောင်းစွာပြိုဆင်းလာကြ၏။ ယောကျ်ားတစ်ယောက်အတွက် သူမ အလူးအလိမ့် ငိုကြွေးရလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့ဘူးပါ။



လုလင် ရဲ့ နဖူးပြေပြေကို တယုတယပွတ်သပ်နေရင်း ကိုယ်ပေးခဲ့သည့် လည်ပင်းဒဏ်ရာကို မျက်လုံးရောက်သွားခဲ့၏။

ထို့နောက် ရှိုက်သံတို့နှင့်အတူ ထိုဒဏ်ရာပေါ်သို့ သူမရဲ့ မျက်ရည်စက်တို့ တပေါက်ပေါက်ခုန်ဆင်းကြ၏။

"လုလင် ရယ် .. ငါက .. ငါက တောမြိုင်လယ်က အညတြ မိန်းမတစ်ယောက်ပါ၊ မင်းက မျက်စိလည်လမ်းမှားပြီးရောက်လာတဲ့ မင်းသား၊ မင်းကို ငါ စိတ်မဝင်စားချင်ဘူး၊ မင်း တောင်းဆိုနေတဲ့ဘဝမျိုးကိုလည်း ငါ စိတ်မကူးခဲ့ဖူးဘူး၊ အဲဒါ .. အဲ့ဒါ မင်း နစ်မွန်းမှာစိုးလို့ပါ လုလင် ရယ် .."

ဉဒေါင်း လုလင် ရဲ့ ရင်ဘတ်ပေါ်မှာ မျက်နှာလေးဖေးတင်၍ တရှိုက်ရှိုက်ငိုသည်။ တာစံ က အကြာကြီးထိုင်ကြည့်နေပြီးမှ ကုန်းကွကုန်းကွနဲ့ ထထွက်သွား၏။

သူမ ဘာကိုမှဂရုမစိုက်မိပေ။ ကိုယ့်စိတ်ကိုလည်း တင်းမထားနိုင်တော့ပါ။ ထားခဲ့ဖူးသော ဒေါသမာနတွေဟာ လုလင် ကို သေနတ်မှန်သွားသည့်အသံနောက်မှာ ဘာဆိုဘာမှတင်မကျန်ခဲ့တော့ဘဲ ..။

"မင်း ငါ့ကိုပဲ ဘာဖြစ်လို့ဖွဲ့လမ်းနေရတာလဲ .. ဟင် .. ငါက မင်းကို အမျိုးမျိုးဒုက္ခပေးခဲ့တဲ့မိန်းမ .."

လုလင် ကို သူမ စတွေ့ဖူးတည်းက တခြားယောကျ်ားတွေကို မြင်လိုက်ရချိန်မှာဖြစ်ရသည့် ခံစားမှုမျိုးကို အလျှင်းမဖြစ်ခဲ့တာ တရေးရေးတွေးမှသိခဲ့ရသည်။

ချစ်ပါ သနားပါလို့ တစာစာတောင်းခံလာပါမှ 'သူ့ကိုသတ်ပစ်ချင်ရိုးထိ မမုန်းခဲ့တာ ဘာကြောင့်လဲ' လို့ တွေးမိခဲ့တာ သူမ မာနကြီးခဲ့တာလား ..။

"မဟုတ်ဘူး .. ငါလေ .. ငါ နင့်ကို ဒေါသဘယ်လောက်ထွက်

www.burmeseclassic.com

www.burmeseclassic.com



ထွက် ..”

သူ့ကိုမှ ပိုနှိပ်စက်ချင်သည်။ ဒူးထောက်နေတာကိုပဲ ဒေါသကြီးဖို့တွေဖြစ်ခဲ့ရ၏။ တကယ်တော့ သူ့ကို တခြားယောကျ်ားတွေနဲ့ ဆင်ဆင်တူတဲ့ အပြုအမူမျိုးတွေ ဖြစ်မလာစေချင်တာပါ။

ကိုယ့်နားက မခွာနိုင်ဘူးဆိုတာကို မသာယာဘဲ စိတ်ဆိုးခဲ့သည်။ ကိုယ့်ကို ငေးမောကြည့်နေတိုင်း ကုတ်ဖဲ့ရိုက်နှက်ပစ်ချင်၏။

‘နင်လည်း ဟိုလိုယောကျ်ားတွေအတိုင်းပဲ’ လို့ ရင်ထဲမှာ ရေရွတ်ရင်းဖြစ်ရသည့် တနုံ့နုံ့စိတ်ဟာ သူ့ကိုတော့ ဘယ်သူနဲ့မှ မတူစေချင်တာတွေပါ။

“ငါ့ကိုယ်ငါတောင် ဘာဖြစ်နေမှန်းမသိခဲ့ပါဘူး၊ ငါ့ရဲ့အမုန်းတွေကြောင့် ငါ နာကြည်းတဲ့ယောကျ်ားတွေကို မရမနေသတ်ပစ်ချင်တဲ့ ငါ့ရဲ့အစွဲအလန်းကြောင့် နင် ခုလိုဖြစ်ရတာ၊ ငါ့ကို ထားမသွားပါနဲ့ လုလင် ရယ်၊ ငါ့ကို ဒီလိုနောင်တတွေနဲ့ မထားခဲ့ပါနဲ့ ..”

သူ့ဗိုက်မှာ သေနတ်ထိထားသည့်ဒဏ်ရာကို ကိုင်လိုက်မိတော့ သွေးစတွေလက်မှာပေလာ၏။ ကိုယ့်လက်ကို ပြန်ထောင်ကြည့်ရင်း မျက်ရည်စတွေ တလိမ့်လိမ့်ကျလာကြသည်။

“ငါ .. နင့်ကိုချစ်တယ်၊ အခုဒါကို နင့်ကိုဆုံးရှုံးရတော့မယ်ဆိုမှ သိတာ၊ ငါ နင့်ကိုအရမ်းချစ်ပါတယ် .. အခုဒါကြောင့် နင် ထွက်မသွားပါနဲ့၊ သွားမယ်ဆိုလည်း ငါ့ကိုခေါ်သွားပါ၊ ငါလေ .. နင်နဲ့မထိုက်တန်ပေမယ့် နင့်ကို ငါပြောချင်တဲ့စကားတွေတော့ ပြောချင်သေးတယ် သိလား ..၊ နင့်ကို ငါ့အသက်နဲ့ထပ်တူချစ်တယ်လို့ ..”

“ဥဒေါင်း ..”

ဟင်!...

တိုးသဲ့သည့်ခေါ်သံကြောင့် ဥဒေါင်း အသံလေးတိတ်သွား၏။ ပြီး



တော့ ခေါင်းထောင်ကြည့်လိုက်လျှင် လုလင် ၏ ဖြူဖျော့ဖျော့မျက်နှာမှာ မျက်ဝန်းတို့ ခပ်မှေးမှေးပွင့်လျက် ..။

“မင်း တကယ်ပြောနေတာလားဟင် ..”

“လုလင် ..”

ဥဒေါင်း ဝမ်းသာအားရထထိုင်လိုက်မိကာ လုလင် ရဲ့ မျက်နှာကို လက်ဖဝါးတို့နှင့် ကတုန်ကယင်ပွတ်သပ်ရင်း ..၊

“မင်း .. မင်း သက်သာရဲ့လားဟင်၊ ငါ့ကိုနှုတ်ဆက်ပြီးထွက်သွားမလို့လား .. မလုပ်ပါနဲ့၊ ဒီတိုင်းပဲကြည့်နေပါ၊ ငါ့ကိုအရင်တုန်းကအတိုင်းပဲချစ်နေစမ်းပါ .. ငါ .. ငါ မင်းကို ပြုစုမယ်လေ၊ ငါတို့ဘယ်သူ့မှ မရှိတဲ့ ဒီလိုနေရာမှာပဲ အေးအေးချမ်းချမ်းနေကြမယ် ..”

“ဥဒေါင်း ရယ် ..”

လုလင် ခပ်ယဲ့ယဲ့ပြုံးရင်း ထထိုင်ဖို့ကြိုးစား၏။ သို့သော် လှုပ်ရှားလိုက်သည်နှင့် မခံရပ်နိုင်အောင် နာကျင်ခြင်းက နှိပ်စက်နေကာ ..၊

“အား .. ကျွတ် .. ကျွတ် ..”

“လုလင် .. အဲ့ဒါ .. ငါ့ကြောင့်ပါ ..”

“မဟုတ်ပါဘူး .. မင်းမှာလည်း ဒဏ်ရာကြီးနဲ့ ..”

“ဟင့်အင်း .. ငါက မင်းအတွက်အသက်ရှင်ဦးမှာ၊ မင်းသာ အသက်ရှင်မယ်ဆိုရင် ..”

“ကျွန်တော် သိပါတယ်၊ ကျွန်တော်သာ အသက်ကြီးပြီး အဘိုးကြီးဖြစ်သွားမှာ ခင်ဗျားက ဒီတိုင်းလှမြဲလှနေမယ့် နတ်သမီးလေးပဲ..”

“မင်း စကားပြောနိုင်နေတယ် သက်သာလို့ပေါ့နော် .. ဟုတ်တယ်နော်သား .. ဘာမှမဖြစ်ဘူးမို့လား ..”

လုလင့် ရဲ့ လက်တစ်ဖက် သူမလက်ခုံနုနုလေးပေါ် ထပ်အုပ်ကိုင်[illegible]။ ပြီးတော့ သူ့ဘေးမှာ ဖြန့်လှန်းထားသည့်အပေါ် အင်္ကျီကြီးကို

www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ လှမ်းဆွဲယူကာ ..။

"ဒါ .. ခြုံထား .."

သူ့အတွက် စိတ်ပူရလွန်းသဖြင့် ဥဒေါင်း ဘာဆိုဘာမှသတိမထား နိုင်ခဲ့သော်လည်း သူက ဥဒေါင်း ရဲ့ ရုတ်ပြဲနေသည့်အင်္ကျီရင်ဘတ်လေး ပေါ်မှာ သူ့အင်္ကျီကိုကပ်တင်ပေး၍ ..။

"ကျွန်တော်ကလည်း ခင်ဗျားကို ကာကွယ်စောင့်ရှောက်ဖို့အတွက် အသက်ရှင်ရဦးမှာပဲ .."

ဟု တိုးတိုးလေးပြောသည်။ ပြီးတော့ မှဲ့သွား၏။ ပြီးမှ ..။

"ခုနပြောနေတာတွေက မပြောင်းလဲဘူးဆိုရင် တစ်ခုခုနဲ့ သက်သေ ပြပါလားဟင် .."

"ဟင် .. မင်း ဘာပြောလိုက်တာလဲ .."

"အခုမဟုတ်ပါဘူး .. ကျွန်တော်တို့တစ်ယောက်ကိုတစ်ယောက် စိတ်ချမ်းသာမှုပေးဖို့ကြိုးစားကြတဲ့အခါ ဘယ်သူ့အတွက် ဘယ်သူက လိုက်လျောနိုင်ဆုံးလဲဆိုတာမျိုး .."

"ငါမသိဘူး .. ဒါပေမယ့် ခုချိန်မှာ မင်းသာ အသက်ရှင်မယ်ဆိုရင် ငါ ဘာဖြစ်ဖြစ်ပေးနိုင်တယ် .."

လုလင် မျက်ဝန်းတွေ ကြည်လင်တောက်ပလာခဲ့၏။ နေရောင်ခြည် ကို ထူးဆန်းစွာမြင်ရသည့်နေ့ဖြစ်ကာ သူ့ဘဝပဥ္စလတ်က အလင်းရောင် တွေဖြာလို့ပါလား ..။

သူ့ကိုဖက်၍ ပါးလေးကပ်ထားသည့် ဥဒေါင်း ရဲ့ ဆံနွယ်ရှည်တွေ ကို ယုယစွာ ပွတ်သပ်မိရင်း ..။

"မင်း ကြားဖူးလားမသိဘူး၊ ပုံပြင်ထဲမှာဆို မင်းသားလေးအဆိပ် မိပြီး သေခံ့မှုမှုဖြစ်နေတော့ မင်းသမီးက ငိုကြွေးရင်း အနမ်းတစ်ချက် ပေးလိုက်တယ်တဲ့၊ အဲဒါနဲ့ မင်းသားလေးက အသက်ရှင်လာတယ် .."



"ဒါဆို .. အခု .."

"ကျွန်တော့်ကို ဥဒေါင်း နမ်းပေးမလားဟင် .."

ရှက်သည့်စိတ်က ထိုအခါကျမှ အတိအကျဝင်လာခဲ့သည်။ သို့သော် မျက်ဝန်းချင်းဆုံနေခဲ့လျက် သူ့မျက်နှာကိုပဲ မြတ်နိုးမက်မောစွာငေးကြည့် နေမိကာ ..။

"မျက်လုံးမှိတ်ထားပေး .."

"မှိ [illegible] .."

[illegible] က ဥဒေါင်း ရဲ့ ခါးလေးကို ဖွဖွလေးဖက်ထားလိုက်ပြီး [illegible]ျနေသော ချေပြင်ကဲ့သို့ တလက်လက်တောက်နေသော သူမ [illegible]းလေးတွေကို စိုက်ကြည့်၏။ ပြီးတော့ ..။

"ကျွန်တော့်အတွက် မျက်ရည်တွေပြည့်နေတဲ့ ဒီမျက်ဝန်းတွေကို ကြည့်ပြီး ခုနေ သေရမယ်ဆိုရင်တောင် ကျွန်တော် ပြုံးပြုံးလေးသေသွား မှာ .."

"ဟင့်အင်း .. မသေရဘူး .."

"မင်း မျက်ဝန်းတွေကိုကြည့်နေပါရစေ .. ကိုယ်အိပ်မက်မက်နေ တာမဟုတ်မှန်း သေချာချင်လို့ပါ .."

"အင်း .."

ဥဒေါင်း နှုတ်ခမ်းလေးတွေပြုံးယောင်သမ်းသွားသည်။ ပါးပြင်လေး နှစ်ဖက်က နီမြန်းသွားခဲ့ပြီး ကော့နက်သောမျက်တောင်ဖျားလေးတွေ ဘို ခပ်လှဲ့လှဲ့တိမ်းလိုက်၏။

မမြင်ဘူးခဲ့သော ရက်ပြုံးလေးတစ်ချက်ကြောင့် လုလင် ရင်ထဲမှာ သိမ့်ခနဲခါသွားသည်။ ခံစားနေရသမျှဝေဒနာတွေကို ဘာမှမသိတော့ဘဲ ပါးပြင်မှာ ဖွဖွလေးထိကပ်လာသည့် သူမရဲ့မျက်နှာလေးကို ကိုယ့်မျက်နှာ ဘက်ကို ဆွဲယူလိုက်ပြီး ..။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အရင်နမ်းမယ် ..."

"ဟာ .. မင်း .."

သူမ ငြင်းဖို့တော့ပြင်လိုက်သေးမယ့် နွေးသိမ့်သောအနမ်းတို့မှာ သူမ ရင်ခုန်သံတွေစီးမျောသွားခဲ့လျက် သူ့ရင်ခွင်ထဲမှာ ကြည်ဖြူစွာခိုဝင်နေမိ၏။

သွေးဖြင့်လွှမ်းခဲ့သော အတိတ်နာရီတို့သည် ကြည်နူးစရာအနာဂတ်ဆီသို့ မျှော်ရင်း သာယာမှုတို့ဖြင့်အတိပြီး၏။

ဘယ်လိုဆိုးရွားပြင်းထန်သည့် ဒဏ်ရာတွေရှိပါစေ၊ သူတည်ဆောက်မယ့်ကမ္ဘာမှာ သူကိုယ်တိုင်မရှိလို့ မဖြစ်။ သူမရယ် သားတွေသမီးတွေရယ်၊ သူရယ် မြို့ကြီးပေါ်မှာ တင့်တင့်တယ်တယ်ပျော်ရွှင်စွာရှိကြလိမ့်မည်။

အချစ်ဟာ ရေရှည်ကိုယ်ရှိနေရာမှာ ပြည့်စုံပျော်ရွှင်နိုင်သေးမယ့် ကိုယ့်ရဲ့သားသမီးတွေကိုတော့ တောထဲမှာပဲကြီးပြင်းစေလို့မဖြစ်ပါ။

ဒါတွေကို သူမ မိဘဖြစ်လာတဲ့တစ်ချိန်မှာ မော်ရုံသခင်မလေး နားလည်လာပါလိမ့်မည်။ ကိုယ်ကလည်း ဒီလိုဖြစ်ဖို့ပဲ ကြိုးစားရမှာမို့ ...။

သူမရဲ့ အရာရာကို အချစ်ဖြင့် သိမ်းပိုက်လွှမ်းမိုးနိုင်ဖို့ သူ ဆုံးဖြတ်မိရင်း ...

အချစ်သည် အတိတ် ..

အချစ်သည် ပစ္စုပ္ပန် ..

အချစ်ဖြင့်သာ အနာဂတ်သို့ ...၊

လရောင်ကျူးရင့်

www.burmeseclassic.com